# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကိုလည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၀)


၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၁၈၆)


# လူသားချင်းစာနာမှုအကူအညီပေးရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များနှင့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနည်းလမ်းများ ပွင့်လင်းစွာဆွေးနွေး

**နေပြည်တော် မေ ၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းရေးရုံး (OCHA)၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး Ms. Ursula Mueller ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့ တွေ့ဆုံရာတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်မည့်အစီအစဉ်များအား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ချိတ်ဆက်ဆောင်ရွက်ရန်ကိစ္စ အပါအဝင် လူသားချင်းစာနာမှု အကူအညီပေးရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များ၊ ပညာရေး၊ အမျိုးသမီးများ၏ အခန်းကဏ္ဍ မြှင့်တင်ရေးနှင့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနည်းလမ်းများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်လည်း တက်ရောက်သည်။

**သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းရေးရုံး (OCHA) ၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး Ms. Ursula Mueller အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

သတင်းစဉ်

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာအဖြစ် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ဒုတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

## ထူးခြားသည့် နေ့အပူချိန်များ

| | |
|---|---|
| ချောက်မြို့ | ၄၀ ဒီဂရီစင်တီဂရိတ် |
| ရမည်းသင်းမြို့ | ၃၉ ဒီဂရီစင်တီဂရိတ် |
| မကွေးမြို့ | ၃၉ ဒီဂရီစင်တီဂရိတ် |
| အောင်လံမြို့ | ၃၉ ဒီဂရီစင်တီဂရိတ် |
| တောင်တွင်းကြီးမြို့ | ၃၉ ဒီဂရီစင်တီဂရိတ် |
| ပေါက်မြို့ | ၃၉ ဒီဂရီစင်တီဂရိတ် |
| ဟင်္သာတမြို့ | ၃၉ ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲမြို့ | ၃၉ ဒီဂရီစင်တီဂရိတ် |

## မြန်မာနိုင်ငံ၏ ပြည်တွင်း ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ ဆွေးနွေး

စာမျက်နှာ » ၃

## တာသကြံ့န်ပြောင်းကူး လတန်ခူး

ဆောင်းပါး၊ စာမျက်နှာ » ၆

## ပါလက်စတိုင်း၏အခွင့်အရေးကို ကာကွယ်ရန် အီဂျစ်နှင့် ဂျော်ဒန် နှိုးဆော်

စာမျက်နှာ » ၁၄




မြန်မာ့အလင်း

# လမ်းပန်းဆက်သွယ်ရေး ပြည်သူ့လုံခြုံရေး

နိုင်ငံတစ်ခု တိုးတက်ဖွံ့ဖြိုးရန် လမ်းပန်းဆက်သွယ်ရေးက အလွန်အရေးကြီးပါသည်။

ဖွံ့ဖြိုးတိုးတက်နေသည့်နိုင်ငံများ၊ ဖွံ့ဖြိုးတိုးတက်ဖို့ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည့် နိုင်ငံများကိုကြည့်လျှင် ဝေးလံသီခေါင်လှသော နယ်စွန်နယ်ဖျားတို့အထိ လမ်းပန်းဆက်သွယ်ရေး ချောမွေ့ကောင်းမွန်သည်ကို တွေ့ရပါမည်။

နယ်မြေဒေသအသီးသီးမှ နယ်မြေဒေသအသီးသီးသို့ ကုန်စည်စီးဆင်းမှု ချောမွေ့လွယ်ကူခြင်းက ကုန်ဈေးနှုန်းကျဆင်းရေးနှင့် တိုက်ရိုက်ဆက်စပ်နေသည်။ သွားလာရေးခက်ခဲသည်နှင့်အမျှ၊ သွားလာစရိတ်ကြီးမြင့်သည်နှင့်အမျှ ကုန်ဈေးနှုန်း အလိုအလျောက် ကြီးမြင့်လာမည်ပဲဖြစ်သည်။

ဒါနှင့်ပတ်သက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က "ပြည်သူတွေအတွက် အများကြီး ဆောင်ရွက်ပေးချင်တာတွေ ရှိပါတယ်။ အစိုးရသက်တမ်း နှစ်နှစ်တာအတွင်းမှာ ရထားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် အများကြီးလုပ်ဆောင်ထားပါတယ်။ အားလုံးကို ပြည့်စုံသွားအောင်လုပ်ဆောင်ဖို့အတွက်တော့ အခက်အခဲတွေရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အတတ်နိုင်ဆုံး ဆောင်ရွက်ပေးထားတယ်" ဟု ပြောကြားသည်ကို သတင်းစာမှာ ဖတ်ရပါသည်။

တိုင်းပြည်က အဘက်ဘက်က နိမ့်ကျနေရာမှ ပြန်လည်ထူထောင်ရတာဖြစ်သည့်အတွက် အင်တိုက်အားတိုက် ကြိုးပမ်းလုပ်ဆောင်ရန် လိုပါမည်။ ကားလမ်း၊ ရထားလမ်းသာမက လေကြောင်းလမ်း၊ ရေကြောင်းလမ်းတို့ကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ပြင်ဆင်မွမ်းမံ တည်ဆောက်ရမည်မှာ အရေးကြီးသော လိုအပ်ချက်များဟု ယူဆပါသည်။

ကားလမ်းများ ချောမွေ့ကောင်းမွန်ရေး၊ သွားလာရေးစရိတ်များ လျော့ကျရေးတို့သာမက လုံခြုံစိတ်ချရေးသည်လည်း ဦးစားပေး လုပ်ဆောင်ရမည်ဟု ထင်မြင်ပါသည်။

ခေတ်အဆက်ဆက်လမ်းများ၊ တံတားများ ဖောက်ခဲ့ဆောက်ခဲ့သော်လည်း မြင်ရသမျှလမ်းတိုင်းလိုလို ကောင်းမွန်ချောမွေ့နေသည်ကို တွေ့ရခဲလှပါသည်။ စတင်ဆောက်လုပ်စဉ်ကတည်းက စနစ်တကျ အရည်အသွေးမီမီဖြစ်ရန်လိုပြီး ပုံမှန်စစ်ဆေးထိန်းသိမ်းရန်လည်း လိုမည်ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်က ဧရာဝတီတိုင်းဒေသကြီးက မြောင်းမြကြိုးတံတား ကျိုးပျက်ကျသည်ကို သိရသည့်အခါ ပြည်သူတို့၏ စိုးရိမ်ပူပန်မှုမှာ ငယ်ထိပ်ရောက်ခဲ့ရပါသည်။

အသစ်တည်ဆောက်မှု၊ ချဲ့ထွင်မှုတို့သာမကဘဲ တစ်နိုင်ငံလုံးရှိ တံတားများ၊ လမ်းများအရည်အသွေးကို အမြန်ဆုံးစစ်ဆေးရန် လိုအပ်လာပြီဟု ယူဆပါသည်။

စနစ်တကျ စစ်ဆေးပြီး၊ ပြုပြင်တန်ပြုပြင်၊ ထိန်းသိမ်းတန်ထိန်းသိမ်းရန် လိုအပ်ပါမည်။ ထို့အတူ အန္တရာယ်အဆင့်အလိုက် ချက်ချင်းအရေးတယူဆောင်ရွက်ရန်ရှိလာလျှင် ပြည်သူကိုအသိပေးကာ ဆောင်ရွက်ကြရမည်ဟု မြင်ပါသည်။

ပြည်သူတို့၏ရုပ်ပိုင်း စိတ်ပိုင်းလုံခြုံစိတ်ချရရေး၊ ချောမွေ့အဆင်ပြေရေး၊ အေးချမ်းသာယာရေးသည် ပြည်သူ့အစိုးရ၏တာဝန်ဟု ခံယူကြရမည် မဟုတ်ပါလား။ ။

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၃

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## ပါဠိပထမပြန်စာမေးပွဲ သတ္တမနေ့ကျင်းပ

နေပြည်တော် မေ ၃

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၁၈ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို မတ် ၂၈ ရက်မှ မေ ၃ ရက်အထိ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၄၂ ဌာနတို့၌ (သတ္တမနေ့)အဖြစ် ဖြေဆိုကြသည်။

ပါဠိပထမပြန်စာမေးပွဲ( ပထမကြီး၊ ပထမလတ်) သတ္တမနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၁၂၀၂၃ ပါး အနက် ၁၀၀၁၂ ပါး ဖြေဆိုကြပြီး ၈၃ ဒသမ ၂၇ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## မော်လမြိုင်ကျွန်းတွင် ၁၀ မြို့နယ်မှ အဘိဓမ္မာတောင်သာ သမားတော်များ မွမ်းမံသင်တန်းဆင်း

မော်လမြိုင်ကျွန်း မေ ၃

ဧရာဝတီတိုင်းဒေသကြီး အဘိဓမ္မာတောင်သာ ဆေးပညာသမားတော်များအဖွဲ့ နှစ် ၁၀၀ ပြည့်အကြို နှစ်အလိုက်ဆေးပညာမွမ်းမံသင်တန်းဆင်းပွဲကို မေ ၃ ရက်က မော်လမြိုင်ကျွန်းမြို့ အဘိဓမ္မာတောင်သာဆေးပညာသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး အဘိဓမ္မာတောင်သာ ဆေးပညာသမားတော်များအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေက မြန်မာ့ဆေးပညာဖြင့် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးအတွင်းရှိ သင်တန်းဆင်း ၁၀ မြို့နယ်မှ အဘိဓမ္မာတောင်သာ သမားတော်များက ဆေးပညာဘာသာရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့နောက် အဘိဓမ္မာတောင်သာ သမားတော်များဖြစ်သော ဖျာပုံမြို့နယ်မှ ဦးဝင်းမြင့်၊ လပွတ္တာမြို့နယ်မှ ဦးသိန်းအေးနှင့် မော်လမြိုင်ကျွန်းမြို့နယ်မှ ဦးအောင်ကျော်နှင့် ဦးသန်းထွန်းတို့က ဆေးပညာအတွေ့အကြုံများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး အဘိဓမ္မာတောင်သာ ဆေးပညာသမားတော်များအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေက သင်တန်းဆင်းလက်မှတ်များကို တစ်ဦးချင်း ပေးအပ်သည်။



သင်တန်းသို့ မြို့နယ် ၁၀ မြို့နယ်မှ သင်တန်းသား ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ခုနစ်ရက် ကြာမြင့်ခဲ့သည်။ **မော်ကျွန်း-မြင့်အောင်**

*ထင်သာမြင်သာ ပြုပြင်စရာ*

## ကျောက်တံခါးမြို့ အမဲဒိုင်မှ အနံ့ဆိုးများမခံနိုင်၍ ပြောင်းရွှေ့ပေးနိုင်ရေး ဒေသခံများလိုလား



ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါးမြို့၏ မြောက်ဘက် ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် ၁၁၆/၃ နှင့် ၄ အကြား ကျွန်းကုန်းတောရကျောင်းအနီးရှိ နွားသတ်ရုံ အမဲဒိုင်မှ စွန့်ပစ်နွားချိုများ၊ ခေါင်းခွံများ၊ အဆီခဲများ၊ သားရေများနှင့် အမဲရိုးများအား စည်းကမ်းမဲ့ စုပုံထားရှိခြင်းကြောင့် လမ်းမပေါ်ရှိ ခရီးသွားပြည်သူများ၊ ရဟန်းသံဃာတော်နှင့် ကျောင်းသား ကျောင်းသူများမှာ အလွန်ဆိုးရွားသော အနံ့အသက်ကို ရှူရှိုက်နေရပါသဖြင့် ကျန်းမာရေးထိခိုက်လာနိုင်ပြီး ကျောက်တံခါးမြို့၏ ဂုဏ်ကျက်သရေကိုလည်း ကျဆင်းစေ၍ အဆိုပါအမဲဒိုင်အား လမ်းမကြီးနှင့် လူသူမနီးသောအရပ်သို့ ပြောင်းရွှေ့ပေးနိုင်ရေး ဒေသခံပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၃-၄-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၇၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၁၅/၈၂၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၀/၇၉၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၃၀/၈၄၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၃၀/၈၄၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၂ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၈ ·၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၅ ·၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၅၈ ·၈ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၆ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၄ |
| တရုတ် | တစ်ယွမ် | ၂၁၂ ·၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၄ ·၃ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

## ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားမည်

**ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲ ဖြစ်တာကြောင့် နေရာ၊ ကဏ္ဍအသီးသီးမှာ အများကြီး ဆက်လက်ရုန်းကန် ကြိုးပမ်းကြရဦးမှာဖြစ်ပါတယ်။ နိုင်ငံတကာ မျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာတွေလည်း ရင်ဆိုင် နေရပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ပြည်သူတွေ ဒီကနေ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ အရာရာတိုင်းကို လွယ်လင့်တကူ ဖြေရှင်းနိုင်မှာ မဟုတ်ပေမယ့်လည်း ကျွန်တော့်အနေနဲ့ အစွမ်းကုန်ကြိုးပမ်းအားထုတ်ပြီး ဦးစားပေးကဏ္ဍ အလိုက် ဖြေရှင်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

**ကျွန်မတို့ လွတ်လပ်ရေးဖခင်ကြီးများရဲ့ အိပ်မက်၊ ကျွန်မတို့ ပြည်သူတွေရဲ့ လိုအပ်ချက်ဖြစ်တဲ့ ငြိမ်းချမ်း၊ တိုးတက်၊ သာယာတဲ့၊ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို မနေးအမြန် စုပေါင်းအင်အားနဲ့ အကောင်အထည်ဖော်နိုင်ကြပါစေ။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ ဆွေးနွေး


**နေပြည်တော် မေ ၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. LEE Sang-hwa အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြား စီးပွားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. LEE Sang-hwa အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်အား
## လူသားချင်းစာနာထောက်ထားမှုရေးရာ လက်ထောက်အတွင်းရေးမှူးချုပ် လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်အား လူသားချင်းစာနာထောက်ထားမှုရေးရာ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး မစ္စ အူဆူလာ မူလာ သည် ယနေ့ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ (ဓါတ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနက နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ နိုင်ငံတော်အစိုးရက ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ NGO, INGOs အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုဆိုင်ရာ ကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးဆိုင်ရာကိစ္စရပ်များ၊ မြေမြှုပ်မိုင်းရှင်းလင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာတိမ်းရှောင်နေသူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီ ထောက်ပံ့ပေးရေးနှင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်နေရာချထားရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရှေ့ဆက်လက်ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၃**

ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းသည် Ooredoo Myanmar Limited မှ Chief Executive Officer Mr.VikramSinha အဖွဲ့အား ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ Telenor Myanmar Limited မှ အမှုဆောင်အရာရှိချုပ် Mr. SigveBrekke အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-9) အစည်းအဝေးခန်းမ၌ သီးခြားစီတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ့ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ Universal Service Fund (USF) သုံးစွဲမှု အခြေအနေများနှင့် မြန်မာ့ဆက်သွယ်ရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း Telenor Myanmar Limited မှ အမှုဆောင်အရာရှိချုပ် Mr. SigveBrekke အဖွဲ့အား တွေ့ဆုံစဉ်။**

# ဆောမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ နွေရာသီသင်တန်းတွင် အရုပ်ခေါက်နည်း သင်ကြားပို့ချ

**ဆော မေ ၃**

ဂန့်ဂေါခရိုင် ဆောမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ဆောမြို့ အမှတ်(၁) မူလတန်း(လွန်)ကျောင်းတွင် နွေရာသီသင်တန်း SUMMER SCHOOL ကို မတ်လနောက်ဆုံးပတ်မှ စတင်ဖွင့်လှစ်ထားရာ ကျောင်းသား ကျောင်းသူ ၉၇ ဦးတို့ တက်ရောက်လျက်ရှိသည်။

အဆိုပါသင်တန်း၌ ဘာသာရေး၊ ဂီတ၊ အင်္ဂလိပ်စာ၊ ပန်းချီ၊ အိမ်တွင်းမှု စသည်ဖြင့် သင်ကြားပေးလျက်ရှိရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက အရုပ်ခေါက်နည်း၊ ဂိမ်းကစားနည်းများကို စနေနေ့များ၌ အပတ်စဉ် ပို့ချပေးလျက်ရှိကြောင်း သိရသည်။

"ရောင်စုံစက္ကူတွေနဲ့ ပန်းအလှပြုလုပ်နည်း၊ ဖော့ပြားတွေနဲ့ အရုပ်ပြုလုပ်နည်းများကို သင်ကြားလေ့ကျင့်ပေးတာပါ၊ နယ်က စာသင်ကျောင်းတွေက တောင်းဆိုလာရင်လည်း ကွင်းဆင်းပို့ချပေးပါတယ်"ဟု ပြန်/ဆက် ဝန်ထမ်းတစ်ဦးက ပြောသည်။

**၁၀၁**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ထိုင်းနိုင်ငံရှိ မြန်မာငါးဖမ်းလုပ်သားများအတွက် ဘေးအန္တရာယ်ကင်းဝေးရေး အလေးထားလုပ်ဆောင်မည်

**နေပြည်တော် မေ ၃**

ထိုင်းနိုင်ငံအတွင်း ပင်လယ်ပြင်ကမ်းနီးကမ်းဝေးဒေသများတွင် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်နေကြသည့် ရွှေ့ပြောင်းအလုပ်သမားများ ကြုံတွေ့နေကြရသော ဘေးအန္တရာယ်များကို သိရှိနားလည်ကြပြီး ကာကွယ်တားဆီးရေးလုပ်ငန်းများအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက မိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှုကို အလေးထားလုပ်ဆောင်မည် ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲအတွင်း ပြောကြားသည်။ **(ယာပုံ)**

နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ မေ ၃ရက် နံနက်က ထိုင်းနိုင်ငံရှိ ငါးဖမ်းလုပ်ငန်းများတွင် လုပ်ကိုင်နေသော ရွှေ့ပြောင်းအလုပ်သမားများ ကြုံတွေ့နေရသည့် ဘေးအန္တရာယ်များကို သိရှိနားလည်၍ ကာကွယ်တားဆီးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ တက်ရောက်၍ အမှာစကားပြောကြားခြင်း ဖြစ်သည်။

အဆိုပါအခမ်းအနားကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအောက်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် Issara Institute တို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး အခမ်းအနားသို့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှကိုယ်စားလှယ်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၅၀ ခန့် တက်ရောက်ခဲ့ကြသည်။




### ပြန်လည်ဆွေးနွေးမျှဝေရန်

ဆွေးနွေးပွဲကို ထိုင်းနိုင်ငံတွင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေသည့် ရွှေ့ပြောင်းအလုပ်သမားများနှင့် သက်ဆိုင်သော သုတေသနပြုမှုရလဒ်များနှင့် ထိုင်းနိုင်ငံရှိ ငါးဖမ်းလှေလုပ်သားများနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ခဲ့သည့် မြေပြင်အတွေ့အကြုံများမှ လေ့လာသိရှိခဲ့ရသည်များကို ပြန်လည်ဆွေးနွေးမျှဝေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ Issara Institute သည် လူကုန်ကူးမှုနှင့် လုပ်အားခေါင်းပုံဖြတ်မှုတို့နှင့် စပ်လျဉ်းပြီး သတင်းအချက်အလက်စုဆောင်းခြင်း၊ သုတေသနလုပ်ငန်း ဆောင်ရွက်ခြင်း၊ လူကုန်ကူးခံရခြင်းနှင့် အဓမ္မစေခိုင်းခံရခြင်းကို လျော့နည်းပပျောက်စေရန် ကူညီဆောင်ရွက်ပေးခြင်း၊ အစ်ဆာရာမြန်မာ Facebook Page တွင် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် သိသင့်သိထိုက်သည့် သတင်းအချက်အလက်များမျှဝေခြင်း၊ အတွေ့အကြုံများဖလှယ်ပေးခြင်းနှင့် အလုပ်သမားရေးရာကိစ္စရပ်များ ကူညီဖြေရှင်းပေးနေခြင်းတို့အတွက် အသိအမှတ်ပြုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အစ်ဆာရာမြန်မာ Facebook Page တွင် အလုပ်သမားများအတွက် သိသင့်သိထိုက်သည့် အချက်အလက်များ အချိန်နှင့်တစ်ပြေးညီ လွှင့်ထုတ်နိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရေ လုပ်ငန်းတွင် လုပ်ကိုင်နေကြသည့် အလုပ်သမားများသည် ဘေးအန္တရာယ်များပြားသည့် လုပ်ငန်းခွင်တွင် လုပ်ကိုင်နေရခြင်း၊ အလုပ်ရှင်များ၏ မတရားခိုင်းစေမှု၊ ညှဉ်းပန်းနှိပ်စက်အချိန်ကြာမြင့်စွာ အလုပ်လုပ်ကိုင်ရမှု၊ လုပ်အားခေါင်းပုံဖြတ်ခံရမှု၊ လုပ်ခလစာမရရှိမှုတို့အပြင် လူကုန်ကူးခံရခြင်းဖြစ်စဉ်များပါ ကြုံတွေ့နေရသည်ကို စိတ်မကောင်းဖွယ် ကြားသိနေရပါကြောင်း ပြောကြားသည်။

ရေလုပ်ငန်းတွင် လုပ်ကိုင်သော အလုပ်သမားများအနေဖြင့် ထိလွယ်ရှလွယ်သူများဖြစ်ခြင်းကြောင့် စဉ်ဆက်မပြတ် စောင့်ကြည့်ခြင်း၊ ပုံမှန်မဟုတ်သည့် လုပ်ငန်းများဖြစ်၍ အကျိုးခံစားခွင့် အပြည့်အဝမရရှိနိုင်ခြင်းတို့ကြောင့် လုပ်ငန်းခွင်အကြိုသင်တန်းပေးခြင်း၊ မိသားစုနှင့် ဆက်သွယ်နိုင်ရေး၊ လုပ်ခလစာ အပြည့်အဝရရှိရေး၊ ကျန်းမာရေး စောင့်ရှောက်မှုအပါအဝင် ရေလုပ်သားများ၏ လူမှုဘဝလုံခြုံစိတ်ချမှုရှိစေမည့် လုပ်ငန်းခွင်ထိခိုက်မှုအာမခံနှင့် အသက်အာမခံထားရှိနိုင်ရေး ဆောင်ရွက်ပေးရန် ဆွေးနွေးညှိနှိုင်းလျက်ရှိပါကြောင်း၊ လူကုန်ကူးခံရသူ ရေလုပ်သားများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးခြင်း၊ မိသားစုပြန်လည်ပေါင်းစည်းခြင်း၊ ကျွမ်းကျင်မှု အပေါ်အခြေခံ၍ သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိစေရေး၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းတို့အပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက အလေးထားပြောကြားသည်။

### ကာကွယ်စောင့်ရှောက်နိုင်ရေး

ဆက်လက်၍ သုတေသနစာတမ်းများ၏တွေ့ရှိချက်များအား Issara Institute မှ ရှင်းလင်းတင်ပြ ဆွေးနွေးပြီး တက်ရောက်လာသူများက ထိုင်းနိုင်ငံတွင် ရောက်ရှိနေသော ရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက်နိုင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-သော်တာဝင်း**

# နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၃**

၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီများနှင့် ဆပ်ကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမျိုးအောင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်နှင့် ဦးအေးမောင်စိန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များဖြစ်ကြသည့် ဦးအေးမြင့်၊ ဦးမင်းသူ၊ ဒေါ်စံပယ်ထွေးနှင့် ဦးမင်းသိမ်း၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး၊ နေပြည်တော်ကောင်စီ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ယဉ်ကျေးမှုဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရခိုင်တိုင်းရင်းသား လူမှုရေးအဖွဲ့ဝင်များ၊ နေပြည်တော်မီးသတ်တပ်ဖွဲ့မှူး၊ နေပြည်တော်မှုခင်းတပ်ဖွဲ့မှူး၊ နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့မှူးနှင့် ရွှေသံလွင်ကုမ္ပဏီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမျိုးအောင်က နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် အောင်မြင်စွာကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ဆပ်ကော်မတီများဖြစ်ကြသည့် လုံခြုံရေး ဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး၊ ရေရရှိရေးနှင့် ရေပက်ကစားရေးဆပ်ကော်မတီ၊ ဖျော်ဖြေရေးနှင့် ပြန်ကြားရေး ဆပ်ကော်မတီ၊ ကျန်းမာရေးနှင့် သန့်ရှင်းရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် တက်ရောက်လာကြသူများမှ ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ယခုနှစ် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တေးသံရှင်များနှင့် ယိမ်းအဖွဲ့များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ ငြိမ်းချမ်းရေးဂီတပွဲတော်မှ အနုပညာရှင်များ၊ နိုင်ငံကျော် ခေတ်ပေါ်တေးသံရှင်များနှင့် ဌာနဆိုင်ရာများမှ ယိမ်းအဖွဲ့ဝင်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ နေပြည်တော်တွင် မြို့တော်ဝန်မဟာသင်္ကြန် မဏ္ဍပ်အပါအဝင် မဏ္ဍပ်ပေါင်း ၂၂ ခု ဆောက်လုပ်သွားမည်ဖြစ်ပြီး လမ်းလျှောက် သင်္ကြန်များလည်း ပါဝင်မည်ဖြစ်သည်။ မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကိုလည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့် ပြသသွားမည် ဖြစ်ပြီး ရခိုင်ရိုးရာသင်္ကြန်မဏ္ဍပ်တွင်လည်း နေပြည်တော်ရှိ ရခိုင်တိုင်းရင်းသားများဖြင့် ရိုးရာနှင့်အညီ ရခိုင်သင်္ကြန်ပွဲတော်ကိုလည်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

❀ ***ကျောဖုံးမှ***

ယခုလာမည့် မေ ၂၉ ရက်တွင် ကွာတားပွဲစဉ်-၁ကို စတင်ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို တစ်လခြား ကျင်းပသွားမည်ဖြစ်ပြီး မေ ၁၃ ရက်တွင် ကွာတားပွဲစဉ်-၂ ကို လည်းကောင်း၊ ဇွန် ၃ ရက်တွင် ဆီမီးဖိုင်နယ်ပွဲစဉ်များကို လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲစဉ်များကို ဇူလိုင်တစ်လ နားပြီး ဩဂုတ် ၁၂ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

"မြန်မာ့ရိုးရာ လက်ဝှေ့လောကအနေမှာ ခုနောက်ပိုင်း ပထမတန်းလက်ဝှေ့သမားပေါ်ထွန်းလာမှုက နှေးကွေးနေပါတယ်၊ ဒီပြိုင်ပွဲကြီး ကျင်းပရတဲ့ ရည်ရွယ်ချက်ကလည်း ရှားပါးလာတဲ့ ပထမတန်း လက်ဝှေ့မောင်တွေ ပေါ်ထွက်လာဖို့ပါ၊ အခု ကျင်းပမယ့် Lethwei Nation 50 Media Championship 2018 ပြိုင်ပွဲကြီးမှာ နာမည်မရသေးသော်လည်း နောင်အလားအလာရှိမယ့် လက်ဝှေ့သမားလေးတွေကို ထည့်သွင်းထားပါတယ်"ဟု အဆိုပါပြိုင်ပွဲကြီးအား ဦးဆောင်စီစဉ်သူ ကိုစိုင်းဇော်ဇော်က ပြောသည်။

ယင်း Lethwei Nation 50 Media Championship 2018 ပြိုင်ပွဲကြီးတွင် ၆၇-၇၁ ကီလိုတန်း၊ ၆၂-၆၆ ကီလိုတန်းနှင့် ၅၇-၆၁ ကီလိုတန်း သုံးတန်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး အိမ်ရှင်မြန်မာ၊ ထိုင်း၊ လာအို၊ ဘရာဇီး၊ ပြင်သစ်နှင့် တရုတ်နိုင်ငံတို့မှ နာမည်ကြီး မွေထိုင်းလက်ဝှေ့ကျော်များ လာရောက်ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်သည်။ ပြိုင်ပွဲ၌ ၅၇-၆၁ ကီလိုတန်းတွင် ထိုးသတ်ကြေး ကွာတားဖိုင်နယ်ပွဲစဉ်တွင် ငွေကျပ် ခုနစ်သိန်း၊ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ငွေကျပ် ၁၀ သိန်း၊ ဖိုင်နယ်တွင် ချန်ပီယံရရှိသူက ငွေကျပ် ၂၅ သိန်းနှင့် ဒုတိယဆုရရှိသူက ငွေကျပ် ၁၅ သိန်းရရှိမည်ဖြစ်သည်။ ၆၁-၆၆ ကီလိုတန်းပြိုင်ပွဲတွင် ကွာတားဖိုင်နယ်၌ ထိုးသတ်ကြေး ငွေကျပ်ရှစ်သိန်း၊ ဆီမီး ဖိုင်နယ်တွင် ငွေကျပ် ၁၂ သိန်းနှင့် ဒုတိယရရှိသူသည် ငွေကျပ် သိန်း ၂၀ ရရှိမည် ဖြစ်ကာ ဗိုလ်စွဲအနိုင်ရသူသည် ငွေကျပ် သိန်း ၃၀ ရရှိမည်ဖြစ်သည်။ အလားတူ ၆၇ ကီလိုမှ ၇၁ ကီလိုတန်းပြိုင်ပွဲတွင် ကွာတားဖိုင်နယ်၌ ငွေကျပ် ၁၀ သိန်း၊ ဆီမီးဖိုင်နယ်၌ ငွေကျပ် ၁၅ သိန်းနှင့် ဒုတိယဆုရရှိသူမှာ ငွေကျပ် ၂၅ သိန်း ရရှိမည်ဖြစ်ကာ ဗိုလ်စွဲအနိုင်ရသူသည် ငွေကျပ် သိန်း ၄၀ ရရှိမည်ဖြစ်သည်။

Lethwei Nation 50 Media Championship 2018 ပြိုင်ပွဲကြီးကို H & S Group နှင့်အတူ ပါဝင်ပူးပေါင်းဆောင်ရွက်မည့် 50 Media သည် ကနဦးရိုးရာ လက်ဝှေ့လောကထဲသို့ ဝင်ရောက်လာသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ယင်းပြိုင်ပွဲ ယှဉ်ပြိုင်ထိုးသတ်ကြမည့် တွဲဆိုင်းကို ယနေ့မဲနှိုက်ခွဲဝေခဲ့သော်လည်း ယှဉ်ပြိုင်ထိုးသတ်ရမည့် တွဲဆိုင်းရက်လများကို ထပ်မံကြေညာပေးမည်ဖြစ်ကြောင်းနှင့် ရုံဝင်ကြေးများကိုလည်း ဝါသနာရှင်ပြည်သူများ ကြည့်ရှုနိုင်ရန် သင့်တင့်လျောက်ပတ်သော ဈေးနှုန်းများ သတ်မှတ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

## သစ်ကြီးတောကျေးရွာ မီးဘေးသင့်သမဝါယမအသင်းသား ၇၅ ဦးတို့အား ထောက်ပံ့ငွေများ လှူဒါန်း

**ရေစကြို မေ ၃**

ရေစကြိုမြို့နယ် သစ်ကြီးတောကျေးရွာ မီးလောင်မှုဖြစ်စဉ်တွင် မီးဘေးဒုက္ခကြုံတွေ့ခဲ့ရသော ထိပ်တန်းလယ်/ထွေ သမဝါယမအသင်းသားများနှင့် ကြယ်စင်သန့်မွေး/ထွေ သမဝါယမ အသင်းသားများအား ရေစကြိုမြို့နယ် သမဝါယမဦးစီးဌာနဝန်ထမ်းများ၊ ရေစကြိုမြို့နယ် သမဝါယမအသင်းစုချုပ်လီမိတက်နှင့် အခြေခံသမဝါယမအသင်းများမှ ထောက်ပံ့လှူဒါန်းငွေပေးအပ်ပွဲကို မေ ၃ ရက် နံနက် ၉ နာရီက သစ်ကြီးတောကျေးရွာ အထက(ခွဲ)ကယ်ဆယ်ရေးစခန်း၌ ပြုလုပ်သည်။

ထောက်ပံ့လှူဒါန်းပွဲတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်နွဲ့က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုချုပ် လီမိတက်ဥက္ကဋ္ဌ ဦးကျော်ဇင်ထွန်းက ထောက်ပံ့လှူဒါန်းရခြင်း ရှင်းလင်းပြောကြားကာ သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်နွဲ့က အသင်းသား ၇၅ ဦးအတွက် ထောက်ပံ့လှူဒါန်းငွေကျပ် ၁၅ သိန်းကို အသင်းဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းပြီး အသင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# နွားထိုးကြီးမြို့နယ်တွင် ရေစင်၊ ရေစက်ရုံနှင့် အိမ်တိုင်ရာရောက် ရေပိုက်လိုင်းများ ဖွင့်လှစ်

**နွားထိုးကြီး မေ ၃**
မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ကျွန်းဒေါင်ကျေးရွာ၌ ရေစင်၊ ရေစက်ရုံနှင့် အိမ်တိုင်ရာရောက် ရေပိုက်လိုင်း များ ဖွင့်လှစ်ပွဲကို မေ ၁ ရက်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင် တက်ရောက် ဖွင့်လှစ်ပေးခဲ့ ကြောင်း သိရသည်။

အဆိုပါ ရေစင်၊ ရေစက်ရုံနှင့် အိမ်တိုင်ရာရောက် ရေပိုက်လိုင်းများ ဖွင့်ပွဲကို တိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ယူနီဆက်၊ လူထုဗဟိုစီမံကိန်းနှင့် ကျေးရွာလူထုတို့ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။

ရှေးဦးစွာ ရေပေးဝေရေး လုပ်ငန်း ဆိုင်ရာ မှန်ဦးကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ လုံခြုံရေး နှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ စိုးသန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမျိုးသစ်၊ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဇာနည်အောင်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူး အောင်နှင့် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ငြိမ်းသက် နွယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြား ပြီး ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြား ရေးမှူး ဦးကျုံးလျန်ဗွိုင်းက ကျေးရွာသား တစ်ဦးထံသို့ ရေစင်၊ ရေစက်ရုံ၊ ရေပိုက် လိုင်းသွယ်တန်းခြင်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်း ပေးအပ်ပြီး ကျေးရွာလူထု ဗဟိုပြုစီမံကိန်း ကော်မတီဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းက ကျေးရွာလူထုကိုယ်စား ကျေးဇူးတင် စကား ပြောကြားသည်။



အဆိုပါရေပေးဝေရေး လုပ်ငန်းများ တွင် ယူနီဆက်ပံ့ပိုးငွေကျပ် ၁၂ ဒသမ ၉၅ သန်းနှင့် ကျေးရွာလူထုထည့်ဝင် ငွေကျပ် ၅ ဒသမ ၅၅ သန်းတို့ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေစက်ရုံ၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်း၊ အင်ဂျင်၊ ဒိုင်နမို၊ ပန့် တပ်ဆင်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းတို့ ဆောင်ရွက်ခဲ့ပြီး လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်း ပံ့ပိုးငွေကျပ် ၂၂ သန်းနှင့် ကျေးရွာလူထု ထည့်ဝင် ငွေကျပ် ၀ ဒသမ ၅ သန်းတို့ဖြင့် ကျေးရွာအတွင်း အိမ်တိုင်ရာရောက် ရေပိုက်သွယ်တန်းခြင်းတို့ ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။ **ဘိုဘို(မလှိုင်)**

# ဘဏ်နှင့် ငွေကြေးဆိုင်ရာလုပ်ငန်းများအတွက် အဖြူရောင်အဆင့် ဝန်ဆောင်မှု နည်းပညာသုံး ဝန်ဆောင်မှုပေးခြင်း ဖွင့်ပွဲကျင်းပ



**ရန်ကုန် မေ ၃**
ဘဏ်နှင့် ငွေကြေးဆိုင်ရာလုပ်ငန်းများ အတွက် အဖြူရောင်အဆင့်ဝန်ဆောင်မှု နည်းပညာသုံး ဝန်ဆောင်မှုပေးခြင်း ဖွင့်ပွဲ အခမ်းအနားကို မတ်လဒုတိယပတ်က မြန်မာနိုင်ငံဘဏ်များအသင်း ဗဟိုရုံးစုံ ရွှေစင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဘဏ်နှင့် ငွေကြေး ဆိုင်ရာလုပ်ငန်းများအတွက် GTMH ကုမ္ပဏီက ငွေကြေးလုပ်ငန်းနှင့် သက်ဆိုင် သော မြန်မာနိုင်ငံ၏ ပထမဆုံး အများ ပြည်သူသုံး cloud ဝန်ဆောင်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ GTMH သည် မြန်မာနိုင်ငံရှိ မိတ်ဖက် ဒေတာစင်တာနှစ်ခုနှင့် ချိတ်ဆက် ပူးပေါင်းကာ နိုင်ငံတကာမှ လုံခြုံရေး ဆိုင်ရာ ကျွမ်းကျင်အဖွဲ့အစည်းများနှင့် လက်တွဲပြီး ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အကြံပေးမှုလုပ်ငန်းများ၊ ဆက်သွယ်ရေး ကွန်ရက်များလုံခြုံမှု ရှိ မရှိ စမ်းသပ် စစ်ဆေးခြင်း၊ အင်တာနက်တိုက်ခိုက်မှု များကို ကာကွယ်နိုင်ရန် ဆောင်ရွက်ခြင်း တို့ ပြုလုပ်ပေးမည်ဖြစ်သည်။ GTM ကုမ္ပဏီသည် မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီတစ်ခုဖြစ်ပြီး မြန်မာများဦးစီးကာ အဆင့်မြင့်နည်းပညာများ ဝန်ဆောင်မှု ပေးလျက်ရှိသည်။ ထို့အပြင် ပြည်သူ့ ဆက်သွယ်ရေးလုပ်ငန်း လိုင်စင်နှင့် အပြည်ပြည်ဆိုင်ရာသို့ ချိတ်ဆက်ခွင့် လိုင်စင်များ ရရှိထားသည်။ ဖိုင်ဘာ ဝိုင်ယာလက်နှင့် ဂြိုဟ်တုဆက်သွယ်ရေး စနစ်များကို အသုံးချပြီးသုံးစွဲသူများကို တစ်စုတစ်ဝေးတည်း ဝန်ဆောင်မှုပေး သွားမည်ဖြစ်ကြောင်း သိရသည်။

**သဲနိုင်ဦး (မြန်မာစာ)**

# ဇလွန်မြို့နယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်သို့ ငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်း

**ဇလွန် မေ ၃**
မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်း(ရန်ကုန်)တို့မှ ဝန်ထမ်းများနှင့် စေတနာရှင်များ စုပေါင်းဖွဲ့စည်းထားသည့် စေတနာအလင်းတန်း ပရဟိတအဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် အနောက်ဇင်ပြွန်းကုန်း ကျေးရွာဘုန်း တော်ကြီးသင် ပညာရေးကျောင်းတိုက် တွင် မေ ၁ ရက် နံနက်ပိုင်းက သတ္တမ အကြိမ်မြောက်အဖြစ် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ သွားရောက်လှူဒါန်း ခဲ့ကြသည်။

အဆိုပါ လှူဒါန်းပွဲတွင် ယင်း ကျောင်းတိုက်ရှိ သံဃာတော်အရှင် သူမြတ်များအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းခဲ့ကြပြီးနောက် ကလေးများ၏ တစ်နေ့တာ အာဟာရဒါန အလှူငွေကျပ် သုံးသိန်း၊ ရာသက်ပန် ငွေပဒေသာပင် ငွေကျပ် ၂၁၀၀၀၀၊ ငွေကျပ် ၄၄၇၉၀၀ တန်ဖိုးရှိလှူဖွယ်ပစ္စည်း များ စုစုပေါင်းငွေကျပ် ၂၅၅၇၉၀၀ ကို စေတနာအလင်းအဖွဲ့နာယက ဦးကိုကို နိုင်နှင့် တာဝန်ရှိသူများက ကျောင်းတိုက် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းခဲ့ ကြောင်း သိရသည်။ **သန်းဌေး(ဒလ)**

# ကသာမြို့ လမ်းမပေါ် လုံခြုံရေးကင်မရာတပ်ဆင်ရေးနှင့် မီးပွိုင့်တပ်ဆင်ခြင်း ဆောင်ရွက်ရန် ကွင်းဆင်းကြည့်ရှု

**ကသာ မေ ၃**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် အများပြည်သူသွားလမ်း ပေါ်လုံခြုံရေး ကင်မရာတပ်ဆင်ရေးနှင့် မီးပွိုင့်တပ်ဆင်ခြင်း ဆောင်ရွက်ရန် သက်ဆိုင်ရာများ၊ မြို့မိမြို့ဖများ ကွင်းဆင်း ကြည့်ရှုကြခြင်းကို မေ ၂ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



ကသာမြို့တွင် လူငယ်များ ပျက်စီးမှု ရှိလာရာမှ လုယက်မှု၊ ခိုးမှု၊ လူသတ်မှုနှင့် မှုခင်းကျဆင်းရေး အထောက်အကူ ဖြစ်စေရန်အတွက် ကသာမြို့နယ် အများ ပြည်သူခရီးသွားလုပ်ငန်းကို အနှောင့် အယှက်မဖြစ်စေရေး မြို့နယ်စီမံခန့်ခွဲရေး ဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်အောင်၊ ကသာယာဉ်ထိန်းတပ်ဖွဲ့ စုမှူး ဒုရဲမှူး ကျော်ဦး၊ ကုံကော်လျှပ်စစ်နှင့် စီစီတီဗွီ တပ်ဆင်ရေးဆိုင်မှ ဦးသိုက်စိုး၊ ဦးသီဟတို့နှင့်အတူ ကသာမြို့ လူစည် ကားရာ နေရာများတွင် လုံခြုံရေးကင်မရာ များ တပ်ဆင်နိုင်ရန် မြေနေရာရွေးချယ် ကွင်းဆင်းကြည့်ရှုခဲ့ကြပြီး ဗိုလ်ချုပ်ရုပ်တု နေရာ၊ မြစေတီနှင့် ကမ်းနားလမ်းထောင့် နေရာ၊ ညဈေးတန်းနှင့် လမ်းမတော် လမ်းဆုံ ထရန်စဖော်မာနေရာ၊ မြို့ထွက် ဗန်းမော်လမ်းဆုံနေရာများအား ၂၀၁၇-၂၀၁၈ ခုနှစ် တိုင်းဒေသကြီးအစိုးရ ဘတ်ဂျက် ရန်ပုံငွေကျပ်သိန်း ၃၀၀ ခန့်ဖြင့် မှုခင်းကျဆင်းရေးနှင့် စည်းကမ်း မဲ့ ယာဉ်ကြီး ယာဉ်ငယ်များ အရှိန် မြှင့်တင် မောင်းနှင်နိုင်ရေး မရှိစေရန် ညဈေးတန်း လမ်းဆုံ၊ လမ်းမတော် လမ်းမကြီးလမ်း၊ ဓမ္မပါလကျောင်းတိုက် ရှေ့လမ်းများ မီးပွိုင့် တပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရ သည်။

**ငွေအိုး(ကသာ)**

# တီးတိန်မြို့နှင့် ရိခေါဒါရ်မြို့အကြား ဆက်သွယ်သည့်လမ်းအား အဆင့်မြှင့်တင်ရန် လမ်းအူကြောင်းရှာဖွေခြင်းနှင့် လမ်းနယ်နိမိတ်တိုင်းတာမှုလုပ်ငန်း စတင်ဆောင်ရွက်

**ရိခေါဒါရ် မေ ၃**
ချင်းပြည်နယ် တီးတိန်မြို့နှင့် ရိခေါဒါရ်မြို့အကြား ဆက်သွယ် သည့်လမ်းကြောင်းအား မြန်မာ-အိန္ဒိယ နားလည်မှုစာချွန်လွှာ MoU ရေးထိုးထားသော လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း အတွက် လမ်းအူကြောင်းရှာဖွေခြင်းနှင့် လမ်းနယ်နိမိတ် တိုင်းတာမှု Service လုပ်ငန်းများကို မတ် ၂၈ ရက်မှစတင်၍ လမ်းဦးစီးဌာန(ရုံးချုပ်)မှ လမ်းကြောင်း ရှာဖွေရေး Service အဖွဲ့နှင့် အိန္ဒိယနိုင်ငံ Service အဖွဲ့တို့မှ ပူးပေါင်းဆောင်ရွက် ခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းအူကြောင်း ရှာဖွေခြင်းနှင့် လမ်းနယ်နိမိတ် တိုင်းတာမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းအူကြောင်း အတွင်း အိမ်မြေ၊ ခြံမြေ၊ လယ်ယာမြေ၊ ဥယျာဉ်ခြံမြေများ ထိစပ်မှု အခြေအနေများကိုပါ စိစစ်ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုနှစ် သင်္ကြန်ကာလ မတိုင်မီ မြို့ပေါ်ရပ်ကွက်အတွင်း တိုင်းတာမှုများ အပြီးဆောင်ရွက်ရန်နှင့် သင်္ကြန်ပွဲတော်နောက်ပိုင်းတွင် တီးတိန်-ရိခေါဒါရ်မြို့အကြား တိုင်းတာမှုများကို အပြီးဆောင်ရွက်သွားရန် စီစဉ်ထားရှိကြောင်း သိရသည်။

လမ်းအူကြောင်းရှာဖွေခြင်းနှင့် လမ်းနယ်နိမိတ် သတ်မှတ် တိုင်းတာရာတွင် ရိရေကန်မှအစပြု၍ လဲင်တန်တောင်ကိုဖြတ်ကာ ကပ်တဲလ်ကျေးရွာဘက်မှ တီးတိန်မြို့အထိ တိုင်းတာမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ချင်းပြည်နယ် လမ်းဦးစီးဌာနမှ ညွှန်ကြား ရေးမှူး ဦးကျော်မျိုးထွဋ်၏ ကြီးကြပ်မှုဖြင့် Service အဖွဲ့များ၊ သက်ဆိုင်ရာဌာနများ၊ မြို့နယ်တန်ဖိုးစိစစ်ရေးအဖွဲ့များနှင့်အတူ ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း ချင်းပြည်နယ် လမ်းဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တာသင်္ကြန်ပြောင်းကူး လတန်ခူး

**ရွှေဘိုသီရိမာလာ**



**အတာသင်္ကြန်ဆိုသည်မှာ မြန်မာပြက္ခဒိန်အရ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသော အချိန်အခါဖြစ်သည်။ နှစ်ဟောင်း၏ အညစ်အကြေးများကို သန့်စင်ဆေးကြော၍ နှစ်သစ်ကို ပျော်ရွှင်စွာကြိုဆိုသည့် အထိမ်းအမှတ်အဖြစ် တစ်ဦးနှင့်တစ်ဦး ရေစင်ရေမွှေး ပက်ဖျန်းလေ့ရှိကြသည်။ ယင်းသို့ ရေပက်ကစားသည့်ပွဲတော်ကို သင်္ကြန်ပွဲတော်ဟု ခေါ်ကြသည်။**

တစ်နှစ်တာပတ်လုံးဘဝအတွက် ရုန်းကန်လှုပ်ရှားခဲ့သမျှ စိတ်ဒုက္ခနှင့် လုပ်အားများကြားမှ အနားရပျော်ရွှင်ရသော အချိန်သည် ခါသင်္ကြန်ဟုလည်း ဆို၍ရပေသည်။

အခြားမြန်မာ့ရိုးရာပွဲများတွင် ဤသင်္ကြန်ပွဲတော်သည် ဘဝ၏ဖြေဖျော်ပျော်ရွှင်စိုပြည်သာယာစရာ အချိန်လေးဟူ၍ မှတ်ယူမိသည်။ တန်ခူးလသည် မြန်မာလများ၏ ပထမဆုံးလဖြစ်သည်။ နွေရာသီကျရောက်သဖြင့် ပူပြင်းခြောက်သွေ့သည်။ "တန်ခူးရေကုန် ကဆုန်ရေခန်း" ဆိုသည်နှင့်အညီ အင်းအိုင်ချောင်းမြောင်းများ ရေခန်းခြောက်စပြုကြသည်။ မြန်မာတို့သည် နွေရာသီကို ဆန့်ကျင်၍ ရေပက်ကစားသည့် နှစ်သစ်ကူးပွဲတော်ကို ကျင်းပကြသည်။

### ရွက်နုရွက်သစ်ကလေးများထွက်ပေါ်လာ

တန်ခူးလသည် ပူပြင်းသော လတစ်လဖြစ်သော်လည်း လွမ်းဆွတ်ဖွယ်၊ ဆွေးမြည့်ဖွယ် သဘာဝရှိသည်။ သစ်ရွက်များ ပူပြင်းသောနေပူအရှိန်ကြောင့် မြစိမ်းရောင်မှ ရွှေဝါရောင်သို့ပြောင်းလျော့ချိန်၊ တောင်လေရူးကလည်း "ရွှေတန်ခူး လေရူးဆော့ဆော့"ဟု ဖွဲ့ဆိုရလောက်အောင် ကလူဆော့ကစားနေချိန်ဖြစ်သည်။ "နေကိုဦးခိုက်လေများတိုက်" ဟူ၍လည်း အဆိုရှိသည်။ အပူရှိန်ပြင်းထန်လာပြီ ဖြစ်သော်လည်း တန်ခူးလမှာ မိုးနှင့်မကင်းသေးပါချေ။ နှစ်သစ်ကူးသင်္ကြန်ကာလဝန်းကျင်တွင် "သင်္ကြန်လက်ဆေးမိုး" စသော မိုး "တန်ခူးမိုးဦး" စသောမိုးများ ရွာသွန်းတတ်သည်။ ထိုအခါ ခြောက်သယောင်းနေသော မြေပြင်သည် မိုးရေကြောင့် မြေသင်းနံ့လေးများဖြင့် ကြိုင်လှောင်သင်းပျံ့လာသည်။ ဤမြေသင်းနံ့လေးသည် လတန်ခူးရောက်ပြီဟု ကြွေးကြော်လိုက်သည်နှယ်။ သင်္ကြန်မိုးသည် တောတောင်အဝန်းမြေပြင်များတွင် ပျံ့လွင့်နေသော သစ်ရွက်ခြောက်များကို တိုက်တိုးသယ်ဆောင်သွားသည့်အတွက် "တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတို၊ သင်္ကြန်မိုး"ဟု ခေါ်စမှတ်ပြုကြသည်။ သင်္ကြန်မိုးရွာလိုက်သောအခါ အရိုးပြိုင်းပြိုင်းဖြစ်နေသော သစ်ကိုင်းသစ်ခက်များသည် ရွက်နုရွက်သစ်ကလေးများ ထွက်ပြူလာကြသည်။ တန်ခူးလ နေပူရှိန်ကြောင့် ခြောက်သယောင်းနေသည့် မြေသည် မြေသင်းရနံ့များဖြင့် ပျံ့သင်းလာသည်။ ယင်းသို့မြေသင်းရနံ့သင်းပျံ့ပျံ့ကို ရှင်အဂ္ဂသမာဓိဆရာတော်က ဘုံခန်းပျို့တွင် ဖွဲ့ဆိုထားသည်မှာ "ခါလည်လုလု၊ ရတုသစ်သစ်၊ သရစ်ပေါ်ပေါ်၊ သာပျော်ရွှန်းရွှန်း၊ ကိန်းခန်းသင့်မော၊ ရွက်ရင့်လျှော၍၊ ရွက်ကျောနုလုန်၊ ရွက်သစ်ပြန်တည့်၊ ပန်းမာလာ ငုံကင်း၊ သုတ်လေညင်းနှင့်၊ မြေသင်းနံ့နံ့၊ တပျံ့ပျူးပျူး၊ မင်းလွင်မြူးလျက်၊ တန်ခူး သည်းကုန်၊ လကဆုန်သည်၊ ပဇ္ဇုန်ရိုက်မြည်၊ ချုန်းချုန်းတည်း"ဟူ၍ မြေသင်းနံ့ကို တင်စား၍ ဖွဲ့ဆိုခဲ့လေသည်။ တန်ခူးလသည် မြန်မာမှုအရ မိဿရာသီ ခေါ်၍ ထိုလကို စန်းပြည့်နက္ခတ်မှာ စိတြနက္ခတ်ဖြစ်သည်။ ယှဉ်သောတာရာမှာ တံငါတာရာဖြစ်၍ ရာသီရုပ်မှာ ဆိတ်ရုပ်ဖြစ်သည်။ ရာသီပန်းများမှာ ကံ့ကော်ပန်း၊ ပိတောက်ပန်း၊ ရင်ခတ်ပန်း၊ သရဖီ စသည်တို့ဖြစ်၍ ရာသီပွဲမှာ အတာနှစ်သစ်ကူး သင်္ကြန်ရေသဘင်ပွဲတော်ဖြစ်သည်။

### နှစ်သစ်ကိုကြိုဆိုကြ

ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းမှာပင် နှစ်သစ်ကူးပွဲတော်များ ခမ်းခမ်းနားနား ကျင်းပသော ဓလေ့ထုံးစံများရှိသည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်ကို အမြတ်တနိုး ကျင်းပပြုလုပ်ကြသည်။ နှစ်သစ်ကို ကြိုဆိုကြသည်။ မြန်မာတို့၏ နှစ်သစ်ကူးအခါသဘင်ကို "သင်္ကြန်" ဟု ခေါ်ကြသည်။ သင်္ကြန်ဟူသော ဝေါဟာရသည် "သင်္ကန္တ" ဟူသည့် သက္ကတစကားမှ ဆင်းသက်လာသည်ဟု ဝေါဟာရလီနတ္ထဒီပနီ နှင့် ဝေါဟာရတ္ထပကာသနီတို့တွင် ဖော်ပြထားပေသည်။ ပညာရှင်အချို့ကမူကား "ပါဠိစကား" "သင်္ကန္တ" မှ ဆင်းသက်လာသည်ဟု ယူဆကြသည်။ မည်သို့ပင်ဖြစ်စေကာမူ အဓိပ္ပာယ်မှာ "ကူးပြောင်းခြင်း၊ ရွှေ့ပြောင်းခြင်း" ဟူ၍ ချည်းဖြစ်ကြသည်။

### ရေသဘင် အကမဏ္ဍပ်များ စတင်ဖွင့်လှစ်

သင်္ကြန်ပွဲတော်တွင် နှစ်ဟောင်းမှ အညစ်အကြေးများကို သီတာရေဖြင့် ဆေးကြောသန့်စင်ကာ နှစ်သစ်တွင် လူသစ်စိတ်သစ်ဖြင့် ဘဝခရီးသစ်ဖြင့် စတင်လိုသော ရည်ရွယ်ချက်ဆန္ဒဖြင့် တစ်ဦးနှင့်တစ်ဦး ရေလောင်းပက်၍ ရေကစားကြသည်။ ရေသဘင်ပွဲတော်တွင် များသောအားဖြင့် သင်္ကြန်အကြိုနေ့၊ အကျနေ့၊ အကြတ်နေ့၊ အတက်နေ့နှင့် နှစ်ဆန်းတစ်ရက်နေ့ဟူ၍ ရှိလေသည်။ သင်္ကြန်အကြိုနေ့တွင် ကြာဆန်ဟင်းခါး၊ မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ ရွှေရင်အေး စသည်တို့ဖြင့် ဧည့်ခံကျွေးမွေး အလှူဒါနပြုကြသည်။ သင်္ကြန်အကြိုနေ့တွင် ရေပက်ခံမဏ္ဍပ်များနှင့် ရေသဘင် အကမဏ္ဍပ်များ စတင်ဖွင့်လှစ်ကြသည်။

### ဥပုသ်သီတင်းဆောက်တည်

သင်္ကြန်ပွဲတော်တွင် အချို့သက်ကြီးရွယ်အိုများကို ခေါင်းလျှော်ပေးခြင်း၊ ရေချိုးပေးခြင်း၊ ခြေသည်းလက်သည်း လှီးဖြတ်ပေးခြင်းမျိုးဖြင့် ကုသိုလ်ကောင်းမှုယူကြသည်။ နှစ်ဟောင်းမှ အညစ်အကြေးများကို ကင်းစင်လိုသည့် စိတ်ထားအရင်းခံရှိကြသည်။ ကျွဲ၊ နွား၊ ငါးများကို ဘေးမဲ့လွှတ်ခြင်းဖြင့်လည်း ဇီဝိတဒါနပြုကြသည်။ သင်္ကြန်ချိန်ခါတွင် ရဟန်းသံဃာတော်များအား ဆွမ်းဘောဇဉ်ကပ်လှူခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ စေတီပုထိုးများ ထုံးသင်္ကန်းများ ကပ်လှူခြင်း၊ ဘုရားကျောင်းကန်ဇရပ်၌ သန့်ရှင်းလုပ်အားပေးခြင်း၊ ရေတွင်းရေကန်တူးဖော်ခြင်းကို တွေ့ရသည်။ တံတားဆောက်ခြင်း၊ လမ်းဖောက်ခြင်းများကို လူငယ်များက စုပေါင်းလုပ်ဆောင်ကြသည်။ သက်ကြီးရွယ်အိုများက ဥပုသ်သီတင်းဆောက်တည်ရန် ဘုရားကျောင်းကန်များသို့ သွားရောက်ကြသည်။

### ခေါင်းဆေးသင်္ကြန်

သင်္ကြန်ဟူသော ဝေါဟာရသည် မြန်မာစကားသက်သက် ဖြစ်သည်ဟု ယူဆကြသည်။ ထိုပညာရှင်ကြီးများက "ခေါင်းဆေး သင်္ကြန်၊ ကျောင်းညွှန့်လှန်၊ မကျန်စေ့စုံစွာ" ဟူသော ကဝိလက္ခဏာသတ်ပုံ လင်္ကာနှင့်အညီ ကောင်းကျိုးမင်္ဂလာ ကြန်အင်လက္ခဏာတို့ တိုးပွားလာရန် သုတ်သင်ဆေးကြောခြင်း(ဝါ) ခေါင်းဆေးမင်္ဂလာပြုခြင်းကိုပင် သင်္ကြန်ဟုခေါ်ကြောင်း ရေးသားကြသည်။ ကျွန်ုပ်၏ ဘွားဘွားသည် သင်္ကြန်တွင် မြေရေအိုးများ ရေကန်တော့ရန် ဝယ်သလို တရော်ကင်ပွန်း ခေါင်းလျှော်ရည်ကို တစ်ရပ်ကွက်လုံး ဝေငှလေ့ရှိသည်မှာ ခေါင်းဆေးသင်္ကြန်ကြောင့် ဖြစ်ဟန်တူသည်။ သင်္ကြန်ကို အစွဲပြု၍ "သင်္ကြန်စာ" ဟူ၍လည်း ရှိသေးသည်။

### သင်္ကြန်စာ

မြန်မာဘုရင်များလက်ထက်ကမူ နှစ်သစ်သို့ ကူးပြောင်းရမည့် သင်္ကြန်ကျချိန်ကို ရဟန်းပညာရှိ လူပညာရှိများက တွက်ချက်ပြီး ဘုရင်မင်းမြတ်ထံ ဆက်သကြသည်။ ထိုသင်္ကြန်တွက်ကိန်းကို ရွှေမြို့တော်ပတ်ဝန်းကျင်လောက်ကသာ သိနိုင်ခွင့်ရှိသည်။ သင်္ကြန်စာတွင် တိုင်းပြည်၏ အရေးအခင်းများ နေကြတ်မည်၊ လကြတ်မည်၊ ငလျင်လှုပ်မည်၊ တော်လည်းမည်၊ စစ်ဖြစ်မည်မို့ မည်မျှကောင်းမည် မကောင်းမည် စသည်ဖြင့် ပါရှိသည်။ တိုင်းပြည်အတွက် တစ်နှစ်တာဟောစာတမ်းကို ဘုရင်က သာသနာပိုင်ဆရာတော်အား ပြသရသည်။ သာသနာပိုင်ဆရာတော်ကလည်း ပညာရှိများ တွက်ချက်ယူဆပုံနှင့် ကိုက်ညီ မကိုက်ညီကို တစ်ဖန်စိစစ်၍ သင့်မြတ်လျှင် ယင်းဟောစာတမ်းကို ဘုရင်အား ထုတ်ဝေရန် အကြံပေးရသည်။ တောင်သူလယ်သမားသည် မိုးလေဝသမှအစ သင်္ကြန်စာကို အားထားရသည်။

သင်္ကြန်တွင် တစ်ဦးနှင့်တစ်ဦး ရေပက်ကစားသော ဓလေ့သည် ရှေးပဝေသဏီကပင် ရှိခဲ့သည်။ ရှေးထုံးစဉ်လာ တာသင်္ကြန်ဆင်နွှဲပုံမှာ သန့်စင်အေးမြသောရေဖြင့် အချင်းချင်းပက်ဖျန်း ပျော်ရွှင်ကြ သည်။ မိန်းမပျိုလေးများကို အမွှေးနံ့သာရည်ဖြင့် ပက်လိုလျှင် မိဘထံခွင့်ပန်ပြီး ယဉ်ကျေးသိမ်မွေ့စွာ သပြေခက်ဖြင့် ပက်ကြသည်။ ချစ်စရာ့မြန်မာတို့ ဓလေ့ပင်တည်း။

နှစ်ဟောင်းမှ အညစ်အကြေးများရေဖြင့် ဆေးကြောခြင်းထက် မကောင်းမှုများကို ဆေးကြောခြင်းသည်သာ ပို၍သင့်မြတ်သော စကားဖြစ်သည်။ ချစ်ခင်စေရန် ရေပက်ကစားသော်လည်း အလွန်အကျွံဖြစ်လာလျှင် အမုန်းဘက်သို့ ရောက်သွားပြီး အကျီစားသန်က ရန်ဖြစ်တတ်သည်။ ပမာဆိုသော် ပုဂံခေတ်တွင် နရသီဟပတေ့ဘုရင်နှင့် မိဖုရားစောလုံတို့၏ ဇာတ်လမ်းက ထင်ရှားစွာသတိပေးထားလေသည်။

ယနေ့သည် တစ်ခေတ်တွင်မူ ယဉ်ကျေးသော သိမ်မွေ့သော ဦးတည်မှန်ကန်သော အတာသင်္ကြန်ပွဲတော်အဖြစ်သို့ စံတင်နိုင်ရန် ထိန်းမတ်နေပြီဖြစ်သဖြင့် ပိတောက်နှင့်အတူ ပျော်ရွှင်ကြနူးစွာ ကြိုဆိုလိုက်ကြပါစို့လို့ ဆန္ဒပြုလိုက်ရပါသတည်း။ ။

> **နှစ်ဟောင်းမှ အညစ်အကြေးများရေဖြင့် ဆေးကြောခြင်းထက် မကောင်းမှုများကို ဆေးကြောခြင်းသည်သာ ပို၍သင့်မြတ်သော စကားဖြစ်သည်။ ချစ်ခင်စေရန် ရေပက်ကစားသော်လည်း အလွန်အကျွံဖြစ်လာလျှင် အမုန်းဘက်သို့ ရောက်သွားပြီး အကျီစားသန်က ရန်ဖြစ်တတ်သည်။ ပမာဆိုသော် ပုဂံခေတ်တွင် နရသီဟပတေ့ဘုရင်နှင့် မိဖုရားစောလုံတို့၏ ဇာတ်လမ်းက ထင်ရှားစွာ သတိပေးထားလေသည်။**

# သင်္ကြန်ကာလ အရက်၊ ဘီယာ အလွန်အကျွံမသောက်ရန် အသိပညာပေး

**ရန်ကုန် ဧပြီ ၃**

မကြာမီ မြန်မာ့နှစ်သစ်ကူးကာလ သင်္ကြန်အချိန်အခါသို့ ရောက်ရှိလာတော့မည်ဖြစ်၍ အရက်နှင့်ဘီယာများကို အလွန်အကျွံသောက်သုံးခြင်းမပြုကြရန် အသိပညာပေး အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဆူးလေရှန်ဂရီလာ၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံတွင် ဘီယာထုတ်လုပ်နေသော ကုမ္ပဏီသုံးခုဖြစ်သည့် HEINEKEN Myanmar၊ Carlsberg Myanmar နှင့် Myanmar Brewery တို့ ပါဝင်သည့် မြန်မာနိုင်ငံ ဘီယာထုတ်လုပ်သူများအသင်းကကြီးမှူး၍ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် အသိပညာပေးအစီအစဉ်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ၎င်းအသိပညာပေးအစီအစဉ်ကို"ပြောင်းပြန်လှန်အကျိုးဆက်" ဟု အမည်ပေးထားကြောင်း ၊ အရက်ဘီယာများကို မိမိသောက်သုံးနိုင်သော ပမာဏထက်ကျော်လွန်သောက်သုံးပါက ကိုယ်အမူအရာ၊ စိတ်အမူအရာများပြောင်းလဲကာ စကားများခြင်း၊ ခိုက်ရန်ဒေါသများဖြစ်ခြင်း'၊ က "ခုန်" မြူးထူးခြင်းစသော ပြောင်းပြန်လှန်အကျိုးဆက်များ ဖြစ်ပွားနိုင်ကြောင်း အသိပညာပေးထားသည်။

အဆိုပါ အသိပညာပေးအစီအစဉ်တွင် သရုပ်ဆောင် ကျော်ကျော်ဗိုက ရန်သမား၊ ကျော်ထက်အောင်က ဖိုး "က" ချင်၊ အဆိုတော် ဖြိုးပြည်စုံက အကြွားသမား၊ ဆိုဖီယာအဲဗရက်စ်က"မ"ချင်အဖြစ် သရုပ်ဆောင်ထားပြီး ဘီယာကိုလိုအပ်သည်ထက် ပိုမိုသောက်သုံးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များကို ဗွီဒီယိုခွေဖြင့် အသိပညာပေးထားသည်။

### ဇွန်လလယ်အထိဝေမျှသွားမည်

"ပြောင်းပြန်လှန်အကျိုးဆက်" အစီအစဉ်သည် လူမှုကွန်ရက်မီဒီယာမှ လုပ်ဆောင်မည်ဖြစ်ပြီး နာမည်ကျော်အနုပညာရှင်များဖြစ်သည့် ကျော်ကျော်ဗို ၊ ဆိုဖီယာအဲဗရက်စ်၊ ဖြိုးပြည့်စုံနှင့် ကျော်ထက်အောင်တို့က ပါဝင်အားဖြည့်ထားသည်။ ပညာပေးသတင်းများ၊ အနုပညာရှင်များ၏ ပညာပေးဗီဒီယိုများကို facebook စာမျက်နှာ https;/ /www.facebook.com/upsidedowneffect/ မှတစ်ဆင့် ဧပြီလဆန်းမှ ဇွန်လလယ်အထိ ဝေမျှသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**

# သန်လျင်ရိုးရာ သင်္ကြန်ယိမ်းနှင့် သံချပ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဧပြီ ၃**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို မြို့နယ်စည်ပင်ရုံးအနီးတွင် ဗဟိုမဏ္ဍပ်ဆောက်လုပ်၍ သင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ ယိမ်းပြိုင်ပွဲ၊ သံချပ်ပြိုင်ပွဲနှင့် အနုပညာရှင်များ၏ တေးဂီတဖျော်ဖြေမှု၊ မြန်မာ့ဆိုင်းဝိုင်း၏ ဖျော်ဖြေတင်ဆက်မှုများအပြင် စတုဒိသာကျွေးမွေးလှူဒါန်းပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်ပြိုင်ပွဲဝင်ယိမ်းအဖွဲ့ ၁၂ ဖွဲ့အတွက် တစ်ဖွဲ့လျှင်ငွေကျပ်သုံးသိန်း၊ သံချပ်ပြိုင်ပွဲငါးဖွဲ့အတွက် တစ်ဖွဲ့လျှင် ငွေကျပ် ၁၀ သိန်းစီကို ကျင်းပရေးကော်မတီက ထောက်ပံ့ကူညီထားပြီး မြို့ခံတီးဝိုင်းအဖွဲ့များကလည်း အလှည့်ကျ အားဖြည့်သီဆိုမှုအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းဝင်း (သန်လျင်)**

# ကန်ပက်လက်မြို့နယ် ဥပဒေရုံးသစ်ဖွင့်ပွဲ ကျင်းပ



**ကန်ပက်လက် ဧပြီ ၃**

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ဥပဒေရုံးသစ်ဖွင့်ပွဲကို မတ်လနောက်ဆုံးပတ်ကအဆိုပါ ရုံးရှေ့မျက်နှာစာ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်၊ ပြည်နယ်ဥပဒေချုပ် ဦးထန်ကျုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဆွေတို့က အဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။


ယင်းနောက် မြို့နယ်ရုံးဆိုင်းဘုတ်အား အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

ထို့နောက် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၏ ထပ်ဆင့်ရှင်းလင်းပွဲကို ကန်ပက်လက်မြို့နယ် ဥပဒေရုံး၌ကျင်းပရာ မင်းတပ်ခရိုင်နှင့်ခရိုင်အတွင်း မြို့နယ်များမှ ဥပဒေအရာရှိများ၊ ဝန်ထမ်းများတက်ရောက်ကြသည်။

ရှင်းလင်းပွဲတွင် ပြည်နယ်ဥပဒေချုပ် ဦးထန်ကျုံးက လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှအတွေ့အကြုံများကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး ပြည်နယ်ဥပဒေအရာရှိက ရုံးလုပ်ငန်း၊ အမှုလိုက်လုပ်ငန်းနှင့် စပ်လျဉ်း၍ အဂတိတရားကင်းရှင်းရေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သတင်းမီဒီယာ သုတအဖြာဖြာစာအုပ်ထွက်ရှိ




**နေပြည်တော် ဧပြီ ၃**

စာရေးဆရာ၊ သတင်းစာဆရာ ဦးဟန်ညွန့်(ဥပဒေ)ရေးသားပြုစုသော'' သတင်းမီဒီယာသုတအဖြဖြာ'' စာအုပ်ကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ၂၀၁၈ ခုနှစ် မတ်လကုန်တွင် ပထမအကြိမ် ပုံနှိပ်ဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

အဆိုပါစာအုပ်သည် သတင်းမီဒီယာသမားတိုင်း လေ့လာဖတ်ရှုသင့်၍ သတင်းမီဒီယာဆိုင်ရာ ဗဟုသုတ သိရှိရရှိပြီး တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ကြောင်း မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁)ဟံသာဝတီ ဦးအုန်းကြိုင်က အမှာစာရေးသားမိတ်ဆက်ထားပါသည်။

ဥပဒေနှင့်ပြည်သူ၊ သတင်းမီဒီယာသမားများ သိသင့်သည့် ဥပဒေများဆွေးနွေးခန်း၊ ဝန်ကြီးဌာနများနှင့် သတင်းမီဒီယာ၊ သတင်းသမားစဉ်းစားဝေဖန်၊ သတင်းမီဒီယာကျင့်ဝတ်နှင့်ဥပဒေ၊ မမှန်သတင်း၊ အကြမ်းဖက်မှုစသည့် ဆောင်းပါးများအပါအဝင် သတင်းမီဒီယာဆိုင်ရာ ဆောင်းပါး ၇၃ ပုဒ်ဖော်ပြပါရှိကြောင်း သိရသည်။ **မြန်မာ့အလင်း**

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

**နေပြည်တော် ဧပြီ ၃**

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၁၄ ဖြင့် ၂၀၁၄ ခုနှစ်အောက်တိုဘာလ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၃၀ ရက်က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၉ ရက်အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ၆ ဦးကို လည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် ၄ ဦး၊ မဂ္ဂဇင်း ၂ ဦးနှင့် အထွေထွေ ၄ ဦး ပေါင်း ၁၀ ဦးကို လည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့သည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၀၃ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၃၃၈ ဦးနှင့်သတင်းအေဂျင်စီလုပ်ငန်း ၉၈ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၉၃၉ ဦးအား အသိအမှတ်ပြုလက်မှတ်များကို ပြန်ကြားရေးဝန်ကြီးဌာနက စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။ **မြန်မာ့အလင်း**



# ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးသူများအား ငါးဖမ်းပိုက်(လက်ပစ်ကွန်)ပေးအပ်

**ကော့မှူး ဧပြီ ၃**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် တရားမဝင်ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးနေသူများအား ငါးဖမ်းပိုက်(လက်ပစ်ကွန်) များပေးအပ်ပွဲအခမ်းအနားကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ဧပြီ ၃ ရက်ညနေ ၃ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦဂထွန်းဝင်းမြင့်၊ အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းအောင်တို့က ဘက်ထရီရှော့တိုက် ငါးဖမ်းရေလုပ်သားများအား ယခုလို တာဝန်သိရှိစွာဖြင့် ဘက်ထရီရှော့တိုက်ပစ္စည်းများ လာရောက်အပ်နှံပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးများကလည်း ရေချိုငါးလုပ်ငန်းဥပဒေများအား အကြံပြုဆွေးနွေးပေးကြရန် ပြောကြားပြီး ရေလုပ်သားများကလည်း ဘက်ထရီရှော့တိုက်ခြင်းကို မလုပ်ကြပါရန်နှင့် ရေချိုငါးလုပ်ငန်းဥပဒေများအား ရှင်းလင်းပြောကြားခဲ့သည်။

**ကျော်သူရ(ကော့မှူး)**

# သင်္ကြန်အတွင်း ၃၅ အဆန်ရထားနှင့် ၃၆ အစုန် အထူးအမြန်လူစီးရထားနှစ်စင်း ယာယီရပ်နားထားမည်

**မော်လမြိုင် ဧပြီ ၃**

မော်လမြိုင်ဘူတာကြီးမှ ရန်ကုန်ဘူတာ ကြီးသို့ပြေးဆွဲလျက်ရှိသောအမှတ် ၃၆ အစုန်အထူးအမြန်လူစီးရထားနှင့်အမှတ် ၃၅ အဆန်အထူးအမြန်လူစီးရထားနှစ်စင်းကို သင်္ကြန်ပွဲတော် ဧပြီ ၁၄ ရက်မှ ၁၆ ရက်အထိကာလအတွင်း ယာယီရပ်နားထားမည်ဖြစ်ပြီး ကျန်ရထားများ ဖြစ်သောအမှတ် ၈၉ အဆန်ရန်ကုန်-မော်လမြိုင်အမြန်လူစီးရထား၊အမှတ် ၉၀ အစုန်အမြန် လူစီးရထား၊ အမှတ် ၁၇၅ အဆန် ရန်ကုန်-ထားဝယ်အမြန်လူစီးရထား၊ အမှတ် ၁၇၆ အစုန်ထားဝယ် -ရန်ကုန်အမြန်လူစီးရထား၊ အမှတ် ၁၇၁ အဆန်မော်လမြိုင်- ရေးလူစီးလော်ကယ်ရထား၊ အမှတ်၁၇၂ အစုန် ရေး- မော်လ မြိုင်လူစီးလော်ကယ်ရထား၊ အမှတ် ၈၅ အဆန် ပဲခူး- မော်လမြိုင်လူစီးရထားနှင့် အမှတ် ၈၆ အစုန် မော်လမြိုင်- ပဲခူးလော်ကယ်လူစီးရထားတို့ကို နေ့စဉ်ပုံမှန်အချိန်အတိုင်း ပြေးဆွဲပေးသွားမည် ဖြစ်ပြီး လက်မှတ်ခများကိုယခင် ဈေးနှုန်းအတိုင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် သင်္ကြန်ပွဲတော်ကာလပြီးဆုံးပါက မော်လမြိုင်ဘူတာကြီး၌ ရထားစီး ခရီးသွားပြည်သူများများပြားလာမည် ဖြစ်၍ ရထားလက်မှတ်များဝယ်ယူရာတွင် အခက်အခဲမရှိအောင် ခရီးသွားပြည်သူများကို ကူညီပေးသွားမည်ဖြစ်ကြောင်း မော်လမြိုင်ဘူတာကြီးမှ ဦးတင်စိုးဝင်း ရုံပိုင်ကြီး(အထူးတန်း)က ပြောသည်။

**တင်ထွဋ် (မော်လမြိုင်)**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ။

❈ *ကျောဖုံးမှ*

''ကျွန်တော် အိမ်မှာနေတုန်း ဝုန်းဆိုတဲ့အသံကြီးကြားလိုက်ရတာ အပြင်ထွက်ကြည့်လိုက်တော့ လေယာဉ်တစ်စင်း အရှေ့ဇီးကုန်းရွာပေါ်ကနေ အနောက်ဘက်ကို ထိုးကျသွားတာမြင်လိုက်၍ ကျွန်တော်တို့ ရွာသားတွေပြေးကြည့်ကြတယ်၊ ကျွန်တော် တို့ရောက်တဲ့အချိန်မှာ လေယာဉ်ကမီးလောင်နေပြီ၊ အပိုင်းအပိုင်းတွေဖြစ်ကုန်တယ်၊ လေယာဉ်မှူးကို ကျွန်တော်တို့ ဝိုင်းပြီးဆွဲထုတ်ပေးခဲ့ပါတယ်၊ ကျွန်တော်တို့အမြင် ပြောရရင် လေယာဉ်က ဇီးကုန်းရွာထဲကို ပျက်ကျဖို့ပဲ၊ ဒါပေမယ့် လေယာဉ်မှူးက ရွာထဲပျက်ကျမှာစိုးလို့ အသက်နဲ့ရင်းပြီး လွတ်တဲ့နေရာကို ထိန်းပြီးဆွဲချသွားတာလို့ ထင်ပါတယ်'' ဟု ကိုယ်တိုင်မြင်တွေ့ခဲ့ရသူ ချင်းကုန်းကျေးရွာနေသူ ဦးမျိုးက ပြောကြားသည်။

ပျက်ကျသွားခဲ့သောနေရာ၌ လေယာဉ်၏ အစိတ်အပိုင်းများပြန့်ကျဲလျက်ရှိသည်ကို တွေ့ရှိရပြီး လေယာဉ်မှူးဗိုလ်မှူး အာကာဝင်းအား ချင်းကုန်းကျေးရွာဒေသခံရွာသူရွာသားများ၊ ကျွန်းကုန်းကျေးရွာ မေတ္တာရှင်ပရဟိတအဖွဲ့တို့က မဆရ(၃) တပ်မတော်ဆေးရုံသို့ အရေးပေါ်ကူညီပို့ဆောင်စဉ် လမ်း၌ရရှိသော ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း ကိုယ်တိုင်လိုက်ပါပို့ဆောင်ပေးသူ မေတ္တာရှင်ပရဟိတအဖွဲ့မှ ကိုမိုးကျော်က ပြောကြားသည်။ လေယာဉ်ပျက်ကျရာနေရာသို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်များ၊ တောင်ငူလေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများ၊ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းထွန်းနှင့်တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ လာရောက်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ လေယာဉ်ပျက်ကျခြင်း၏ အသေးစိတ်အခြေအနေကို ဆက်လက်စုံစမ်းစိစစ်လျက်ရှိကြောင်း သိရသည်။



**ကိုလွင်(ဆွာ)၊ သူရ(တောင်ငူ)**

# အလေးမနှင့် ကာယကြံ့ခိုင်မှုအားကစားရုံ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဧပြီ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် အလေးမနှင့် ကာယကြံ့ခိုင်မှုကော်မတီမှ ဆောက်လုပ်ထားသည့် အားကစားခန်းမနှင့် စာရင်းဇယားများအား ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းကို ဧပြီ ၂ ရက် နံနက် ၈ နာရီက ပျဉ်းမနားမြို့ပေါင်းလောင်းပြည်သူ့အားကစားကွင်းအတွင်းရှိ အဆိုပါအားကစားရုံသစ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့နယ် အလေးမနှင့် ကာယကြံ့ခိုင်မှုကော်မတီနာယက(ပညာရေးဌာန-ငြိမ်း) ဆရာကြီး ဦးတိုက်စိုးက အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းထံသို့ အားကစားခန်းမနှင့်ပတ်သက်သည့် အဆောက်အအုံ စာရင်းဇယားများကို ပေးအပ်ကာ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ ဖွဲ့စည်းရေးကော်မတီအဖွဲ့ဝင်၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အဖွဲ့ချုပ်နာယက တက္ကသိုလ်စိုးဝင်းတို့က အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ပျဉ်းမနားမြို့နယ်ကိုယ်စားပြု နေပြည်တော် ပြည်ထောင်စုနယ်မြေကိုယ်စားပြု အားကစားအဖွဲ့များနှင့် အားကစားရုံဆောက် လုပ်ရာတွင် ကဏ္ဍအလိုက်လှူဒါန်းကြသည့် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# မန္တလေးလမ်းလျှောက်သင်္ကြန်၌ နိုင်ငံခြားခရီးသွားလုပ်ငန်းမြှင့်တင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

**မန္တလေး ဧပြီ ၃**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း(မန္တလေး)၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (မန္တလေး)၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(မန္တလေး)၊ မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း(မန္တလေး)၊ အမျိုးသမီးစီးပွားရေးအသင်း (မန္တလေး)တို့ ပူးပေါင်း၍ ၂၀၁၈ ခုနှစ် မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်၊ လမ်းလျှောက်သင်္ကြန်တွင် နိုင်ငံခြားခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း ဧပြီ ၂ ရက်မွန်းလွဲ ၁၂နာရီခွဲက မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် (၂၇×၆၈)လမ်းထောင့်ရှိ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန (အထက်မြန်မာပြည်) ရုံး၌ ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

"မန္တလေးမြို့ပုံရိပ်ကို ကမ္ဘာ့အလယ်မှာထင်ဟပ်စေဖို့၊ ယဉ်ကျေးမှုအမွေအနှစ် ရိုးရာဓလေ့တွေကို ဖော်ထုတ်ဖို့၊ ခရီးသွားလုပ်ငန်းကနေ ဝင်ငွေရရှိစေဖို့ ရည်ရွယ်ချက်တွေနဲ့ ခရီးသွားလုပ်ငန်းမှာပါဝင်တဲ့ အစုအဖွဲ့တွေ အားလုံးပါဝင်တဲ့ လုပ်ငန်းကော်မတီတွေကို ဖွဲ့စည်းထားပြီး သက်ဆိုင်ရာ ကော်မတီအလိုက် လုပ်ငန်းတာဝန်တွေ ခွဲဝေဆောင်ရွက်လျက်ရှိပါတယ်၊ အဲဒီလိုဆောင်ရွက်ရာမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ညွှန်ကြားမှုနဲ့အတူ သက်ဆိုင်ရာဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်၊ နိုင်ငံတကာခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက်မန္တလေးသင်္ကြန်ပုံရိပ်တွေ မြန်မာ့ရိုးရာဝတ်စုံ၊ ရိုးရာဓလေ့တွေ မြန်မာ့သနပ်ခါးသွေးခြင်းစတဲ့ အစီအစဉ်တွေ ပါဝင်မှာဖြစ်ပြီး နိုင်ငံခြားခရီးသွားတွေ ကျန်းမာရေးစောင့်ရှောက်မှုများ အပါအဝင် ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ လုံခြုံရေးအတွက်လည်း ဌာနဆိုင်ရာများနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်" ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန(အထက်မြန်မာပြည်) လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောသည်။



ထို့ပြင် ယခင်နှစ်မှ အတွေ့အကြုံများကို သင်ခန်းစာယူ၍ တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ကားသိုက်မြိုက်အောင် ဆောင်ရွက်လျက်ရှိရာ လာရောက်လည်ပတ်သူများကို စိတ်ချမ်းမြေ့ပျော်ရွှင်စေရေး၊ အစီအစဉ်များအပေါ် ငြီးငွေ့မှုမရှိစေရေးအတွက် Foam Party၊ Information Counter ၊ ဧည့်ခံကြိုဆိုရေးမဏ္ဍပ်၊ ဖျော်ဖြေရေးမဏ္ဍပ်၊ ရေကစားမဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်၊ စားသောက်ဆိုင်ခန်းများ ပါဝင်မည်ဖြစ်ပြီး ဆံရစ်ဝိုင်းအမျိုးသမီးများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကူးနိုင်မည့် အစီအစဉ်များလည်း ဆောင်ရွက်ထားကြောင်း သိရသည်။

မန္တလေးလမ်းလျှောက် သင်္ကြန်သို့ ထိုင်းနိုင်ငံနှင့် အခြားနိုင်ငံများမှ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုရှိရာ တရုတ်နိုင်ငံမှ ခရီးသွားဧည့်သည် အများဆုံးလာရောက်လည်ပတ်ကြောင်းလည်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သင်္ကြန်အတွင်း မှုခင်းမဖြစ်ပွားစေရေး နေပြည်တော်၌ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**နေပြည်တော် ဧပြီ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ခရိုင်နှစ်ခုရှိပြီး ခရိုင်တစ်ခုလျှင် မြို့နယ်လေးမြို့နယ်ဖြင့် နေပြည်တော်တွင် မြို့နယ်ရှစ်မြို့နယ်ရှိရာ အဆိုပါမြို့နယ်များတွင် သင်္ကြန် အတွင်း မှုခင်းမဖြစ်ပွားစေရေး အသိပညာပေးမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဧပြီ ၁ ရက်နံနက် ၉ နာရီခွဲက ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးအောင်၏ ဦးဆောင်မှုဖြင့် ပတ္တာနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းရွှင်၊ မူးယစ်တပ်ဖွဲ့စု ၁၀၁ မှ ဒုရဲအုပ် အောင်ဖြိုးဝေ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ် ယွန်းမီမီထွန်းနှင့် နေပြည်တော်တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူများပါဝင်၍ ကိုးရွာသပြေကုန်းရွာတွင် မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေးဆောင်ရွက်ရာ ဒေသခံ ၁၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

ထို့အတူ မတ် ၃၀ ရက် နံနက် ၉ နာရီခွဲက ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်ဝင်း ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူးရဲနိုင်နှင့် တပ်ဖွဲ့ဝင်များသည် ဘောဂဝတီရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးညွန့်အောင်နှင့် ရပ်မိရပ်ဖများပါဝင်၍ ဘောဂဝတီရပ်ကွက်၊ မြို့ရှောင်လမ်းနှင့် ကျောက်ချက်လမ်းဆုံ အနီးတွင် လမ်းသွားလမ်းလာ မော်တော်ဆိုင်ကယ်မောင်းနှင်သူများကို ရပ်တန့်၍ မှုခင်းမဖြစ်ပွားစေရေး၊ မှုခင်းဖြစ်ပွားတတ်သည့် အကြောင်းအရာများကို အသေးစိတ် ရှင်းလင်းဟောပြောအသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ် (မန်းတက္ကသိုလ်)**



# သင်္ကြန်တွင်းကာလ မှုခင်းများမဖြစ်ပေါ်စေရေးအရောင်းဆိုင်များတွင် မျက်နှာဖုံးများ လိုက်လံသိမ်းဆည်း

**ကော့သောင်း ဧပြီ ၃**

သင်္ကြန်တွင်းကာလ မှုခင်းများမဖြစ်ပေါ်ရေး ကော့သောင်းဈေးများအတွင်းနှင့် မြို့ပေါ်ရပ်ကွက် ကလေးကစားစရာ အရောင်းဆိုင်များရှိ သင်္ကြန်ကာလ အတွင်းအသုံးပြုသည့်သားရေမျက်နှာဖုံးအရောင်းဆိုင်များမှ မျက်နှာဖုံးရောင်းချနေမှုအား ကော့သောင်းမြို့နယ်ရဲတပ်ဖွဲ့က ဧပြီ၂ ရက်နံနက်ပိုင်းက လိုက်လံသိမ်းဆည်းခဲ့ကြောင်း သိရသည်။

မြန်မာ့ရိုးရာသင်္ကြန်ကာလအတွင်း မြို့နေလူငယ်တချို့သည် အပျော်သဘောဖြင့် မျက်နှာဖုံးပုံစံမျိုးစုံတပ်ဆင်၍ ရေပက်ခံထွက်ခြင်း၊ ဆိုင်ကယ်ဖြင့်မြို့တွင်း လှည့်လည်ရေကစားခြင်းများ ပြုလုပ်လေ့ရှိပြီး မသမာသူတချို့က အဆိုပါ မျက်နှာဖုံးများအသုံးပြုကာ ရာဇဝတ်မှုများကျူးလွန်တတ်ကြသဖြင့် အများပြည်သူဘေးအန္တရာယ်မဖြစ်ပေါ်ရေး၊ ဒုစရိုက်မှုများ မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်သည့်အနေဖြင့် ယခုကဲ့သို့ အရောင်းဆိုင်များမှ လိုက်လံသိမ်းဆည်းခြင်းဖြစ်ပြီး အရောင်းဆိုင်များအား အရေးယူခြင်းမရှိကြောင်း၊ သိမ်းဆည်းထားသည့် မျက်နှာဖုံးများအား သင်္ကြန်ကာလပြီးဆုံးချိန်တွင် မူလပိုင်ရှင်များသို့ ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ပြောကြားချက်အရ သိရသည်။

**လိုက်လံသိမ်းဆည်း**

အဆိုပါ မျက်နှာဖုံးများအား ကော့သောင်းမြို့ရှိ ဈေးများအားလုံး ၊ အိမ်ဈေးဆိုင်များ၊ ကလေးကစားစရာအရောင်းဆိုင်များအပြင် တခြားမြို့များတွင်လည်း လိုက်လံသိမ်းဆည်းခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီမျက်နှာဖုံးတွေကိုမရောင်းဖို့လာသိမ်းတယ်၊ ဒီလိုလာသိမ်းမယ်ဆိုတာ ကျွန်တော်တို့ကိုလည်း ဘာမှအကြောင်းမကြားဘူး၊ ကျွန်တော်တို့က ဒီပစ္စည်းတွေကို တစ်လလောက်ကကြိုပြီး မှာရတာ၊ အရင်နှစ်တွေကလည်း မသိမ်းဘူး၊ ဒီနှစ်မှာ လည်းရောင်းလို့ရတယ်ထင်လို့ တင်ရောင်းတာ၊ အကြောင်းမကြားဘဲလာသိမ်းတာဖြစ်တယ်၊ ဒီပစ္စည်းတွေက အချိန်အခါနဲ့ ရောင်းရတဲ့ပစ္စည်းတွေဖြစ်ပြီး သင်္ကြန်ပြီးမှပြန်ပေးတော့ ဒီပစ္စည်းတွေကရောင်းလို့ မရတော့ဘူး၊ ကျွန်တော်တို့ ဆိုင်ရှင်တွေမှာ နစ်နာမှုတွေဖြစ်တယ်" ဟု ကော့သောင်းဈေးအတွင်း ကလေးကစားစရာ အရောင်းဆိုင်ရှင်တစ်ဦးထံမှ သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် ဧပြီ ၃**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ထားဝယ်မြို့တွင် ၂ ဒသမ ၀၅လက်မ၊ ရေးမြို့တွင် ၁ ဒသမ ၆၁ လက်မ၊ လောင်းလုံးမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ နေပြည်တော် လေဆိပ်(ဧလာ)နှင့် လှိုင်းတက်မြို့တို့တွင် ၀ ဒသမ ၉၁ လက်မစီ၊ တောင်ကြီးမြို့တွင် ၀ ဒသမ ၈၇ လက်မနှင့်မြိတ်မြို့တွင် ၀ ဒသမ ၆၄ လက်မ တို့ဖြစ်ကြသည်။

**မိုး/ဇလ**

# တနင်္သာရီမြို့နယ်၌ မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် လူနေအိမ်ပြိုကျမှုဖြစ်ပွား

**တနင်္သာရီ ဧပြီ ၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် သာရဖုံကျေးရွာအုပ်စု အရှေ့သာရဖုံကျေးရွာရှိ တနင်္သာရီမြစ်ကမ်းနံဘေးတွင်ရှိသော လူနေအိမ်တစ်လုံး ဧပြီ ၂ ရက် ညနေ ၅နာရီခန့်က ရုတ်တရက်မိုးသက်လေပြင်းကျရောက်ကာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြိုကျမှုဖြစ်ပွားခဲ့ရာ လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တနင်္သာရီမြို့နယ် သာရဖုံကျေးရွာအုပ်စုအရှေ့သာရဖုံကျေးရွာ မြစ်ကမ်းနံဘေးရှိ ဦးမျိုးညွန့် ပိုင်ဆိုင်သော မျောတိုင်ဖြင့် ဆောက်လုပ်ထားသည့် အလျား ပေ ၃၀၊ အနံပေ ၂၀ ၊ အမြင့် ၁၂ ပေရှိ ထရံကာ၊ ဓနိမိုး၊ ပျဉ်ခင်းနေအိမ်သည် ဧပြီ ၂ ရက် ညနေ ၅ နာရီခန့်က ရုတ်တရက်မိုးသည်းထန်စွာရွာသွန်းပြီး မိုးသက်လေပြင်းများကျရောက်သဖြင့် ပြိုကျပျက်စီးခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

ယင်းနေအိမ်၌ မိသားစုဝင် အမျိုးသားလေးဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်းငါးဦးနေထိုင်ကြပြီး နေအိမ်ပြိုကျမှုကြောင့် လူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**နေအိမ်သို့ ရွှေ့ပြောင်းနေထိုင်**

အဆိုပါ နေအိမ်ပြိုကျမှုဖြစ်ပွားရာသို့ သာရဖုံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဌေးအောင်၊ အရန်မီးသတ်တပ်ဖွဲ့မှ ဦးမောင်သိန်းနှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများက စုပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြပြီးနေအိမ်ပြိုကျမှုကြောင့် ဦးမျိုးညွန့်နှင့်မိသားစုဝင်များသည် တစ်ရွာတည်းနေဆွေမျိုးတော်စပ်သူ ဒေါ်ခင်နွယ်၏ နေအိမ်သို့ရွှေ့ပြောင်းနေထိုင်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**



# ကနီမြို့နယ်၌ မိုးသည်းထန်စွာရွာမှုကြောင့် နေအိမ်အချို့ပျက်စီး

**ကနီ ဧပြီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် နတ်လာပို့တောင်ကျေးရွာအုပ်စုတွင် ဧပြီ ၃ ရက် ညနေ ၅ နာရီခန့်က မိုးများသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နတ်လာပို့တောင်ကျေးရွာအုပ်စုအတွင်းမှ ကျေးရွာများရှိ လူနေအိမ်၊ စာသင်ကျောင်းဆောင်နှင့် သာသနိကအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။



အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အလုံး ၈၀၊ စာသင်ကျောင်းနှစ်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း အမိုးလန်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# ကျိုင်းလပ်၌ မိုးသက်လေပြင်းတိုက်၊ မိုးသီးများကြွေ၍ အဆောက်အအုံအချို့ပျက်စီး

**ကျိုင်းလပ် ဧပြီ ၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းလပ်မြို့နယ် မိုင်းပါလျှိုးအုပ်စု နမ့်ဆီးရွာနှင့် ကျိုင်းလပ်မြို့ မြန်မာ- လာအိုချစ်ကြည်ရေး တံတားတို့၌ ဧပြီ ၂ ရက် ညပိုင်းက လေပြင်းတိုက်ခတ်မှုဖြစ်ပွားပြီး လူနေအိမ်နှင့် စစ်ဆေးရေးကောင်တာများ ပျက်စီးခဲ့သည်။

ဧပြီ ၂ ရက် ည ၁၀ နာရီကျော်ခန့်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မိုးသီးကြွေခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်ခဲ့ပြီး ကျိုင်းလပ်မြို့ မိုင်းပါလျှိုးအုပ်စု နမ့်ဆီး (လားဟူ)ရွာတွင် ခြေတံရှည်၊ ပျဉ်ထောင်၊ သွပ်မိုးလူနေအိမ်သုံးလုံးသည် အိမ်ခေါင်းမိုး၊ ဒိုင်း၊ မြားတန်းနှင့် သွပ်များပျက်စီးခဲ့သည်။

ထို့ပြင် ကျိုင်းလပ်မြို့ရှိ မြန်မာ-လာအိုချစ်ကြည်ရေးတံတားနယ်စပ်ဖြတ်သန်းခွင့် စစ်ဆေးရေးအဆောက်အအုံအတွင်း အလူမီနီယံမှန်လုံဖြင့် တည်ဆောက်ထားသော စစ်ဆေးရေးကောင်တာနှစ်လုံး ပျက်စီးသွားသည်။

"ညက လေရော၊ မိုးရော အလွန်တိုက်တယ်၊ လမ်းဘေးမှာ မိုးသီးတွေလည်းဖွေးနေတယ်၊ ကျွန်တော်နေလာတဲ့ တစ်လျှောက်အခုလို မိုးသီးတွေကြွေတာ တစ်ခါမှ မတွေ့ဖူးပါဘူး" ဟု ကျိုင်းလပ်မှဒေသခံ ကိုခင်မောင်ဇော်က ပြောသည်။

မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိသော်လည်း ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၃၅ သိန်းခန့်ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ၂၀၁၇- ၂၀၁၈ ပညာသင်နှစ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
နေပြည်တော်

၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်
၂၀၁၇-၂၀၁၈ ပညာသင်နှစ်
အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း
ကြေညာခြင်း

၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ အခြေခံပညာအဆင့် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

*(ယမန်နေ့မှအဆက်)*

### အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ ဒသမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၂၆ | မသီရိရွှေစင် | အထက(၁)ခရမ်း | ခရမ်း | တောင်ပိုင်း |
| ၁၂၇ | မောင်ရောင်နီလင်းလက် | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၂၈ | မောင်မျိုးသီဟချစ် | အထက-အင်းတိုင် | လှည်းကူး | မြောက်ပိုင်း |
| ၁၂၉ | မကြယ်စင်ရွှန်းလက်ရည် | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၃၀ | မဇွန်ပွင့်ဖြူ | အထက-မြို့မ | လှည်းကူး | မြောက်ပိုင်း |
| ၁၃၁ | စိုင်းစင့်စွမ်လှိုင်း | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၂ | ခွန်ဟန်သာစိုး | အထက(၁)ပင်လောင်း | ပင်လောင်း | တောင်ကြီး |
| ၁၃၃ | မခွန်းချိုသာ | ရွှေပန်းတိုင်(ကပက) | ပင်းတယ | တောင်ကြီး |
| ၁၃၄ | မယိမ်းရွှေလွှာ | အထက-ခေါင်တိုင် | ညောင်ရွှေ | တောင်ကြီး |
| ၁၃၅ | ခွန်ခန့်စည်သူထွန်း | အထက(၂)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၃၆ | စိုင်းအံ့ဖုန်းမော် | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၇ | မလုလုဆိုင်း | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၈ | မဆောင်းနှင်းဝေဝေ | အထက(၁)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၃၉ | မောင်ခွန်ဝင်းကျော် | အထက-ဥယာစန်း | မောက်မယ် | လင်းခေး |
| ၁၄၀ | မဆုနန္ဒာဝင့် | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၁ | မောင်ခွန်ဆိုင် | အထက(၁)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၂ | မောင်ကျော်မြင့်လှိုင် | အထက(၂)သိန္နီ | သိန္နီ | လားရှိုး |
| ၁၄၃ | မသင်းရနံ့အေး | အထက(၁)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၄ | မခိုင်မျိုးကြည် | အထက(၂)သိန္နီ | သိန္နီ | လားရှိုး |
| ၁၄၅ | စိုင်းထက်ရှိန်လင်း | အထက(၁)ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ |
| ၁၄၆ | မောင်အောင်လွင်ဦး | အမေ့အိမ်(ကပက) | နမ့်ဆန် | ကျောက်မဲ |
| ၁၄၇ | မမေမုဒ္ဒြာမိုး | အမေ့အိမ်(ကပက) | နမ့်ဆန် | ကျောက်မဲ |
| ၁၄၈ | မမြင့်မော်ဦး | အထက-နောင်ချို | နောင်ချို | ကျောက်မဲ |
| ၁၄၉ | မောင်အိုက်ခမ်းပွဲ | အထက(၂)မူဆယ် | မူဆယ် | မူဆယ် |
| ၁၅၀ | မရွှေသဇင် | အထက(၁)မူဆယ် | မူဆယ် | မူဆယ် |
| ၁၅၁ | မောင်ဇေဇေဒဲ | ရတနာ(ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၂ | မစုယွန်းရွှေရည် | အထက(၂)ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၃ | မောင်ပိုင်ထက်မင်း | အထက-တာချီလိတ် | တာချီလိတ် | မိုင်းဖြတ် |
| ၁၅၄ | မောင်အောင်မြင့်မြတ် | အထက-ဟိုနား | မိုင်းဖြတ် | မိုင်းဖြတ် |
| ၁၅၅ | မစုရီထွန်း | အထက-တာချီလိတ် | တာချီလိတ် | မိုင်းဖြတ် |
| ၁၅၆ | မအေးမြတ်မွန် | အထက-မိုင်းတုံ | မိုင်းတုံ | မိုင်းဖြတ် |
| ၁၅၇ | မောင်အောင်မြတ်မင်း | အထက(၉)ပုသိမ် | ပုသိမ် | ပုသိမ် |

*ဆက်လက်ဖော်ပြပါမည်*

### အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ နဝမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၂၉ | မချိုချိုနှင်းအောင် | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၃၀ | မခိုင်ဖူးပွင့်ဝေ | အထက(၃)လှိုင်သာယာ | လှိုင်သာယာ | မြောက်ပိုင်း |
| ၁၃၁ | နန်းရွှေဝတ်ရည်ဖူး | အထက-ဆီဆိုင် | ဆီဆိုင် | တောင်ကြီး |
| ၁၃၂ | မနှင်းဖြူဖြူအေး | အထက(၅)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၃ | မောင်ကောင်းစည်သူ | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၄ | မောင်ရှင်းခန့်မာန် | အထက-ပင်းတယ | ပင်းတယ | တောင်ကြီး |
| ၁၃၅ | စိုင်းဆိုင်မှိုင်း | အထက(ခွဲ)(၂) လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၆ | မောင်ဝေယံဖြိုး | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၇ | မဖြူစင်ရွှန်းသွယ် | အထက(၁)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၈ | မနှင်းလဲ့လဲ့ | အထက-ဝမ်ကန် | မိုင်းရှူး | လွိုင်လင် |
| ၁၃၉ | စိုင်းပင်ခမ်း | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၀ | မအိပိုပိုဖြိုး | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၁ | မောင်ကောင်းဆက်လင်း | အထက(၈)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၂ | မောင်စိုင်းဖြိုးဝေမိုး | အထက-ဟိုပန် | ဟိုပန် | လားရှိုး |
| ၁၄၃ | မမေသက်ထားကို | အထက(၉)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၄ | မနန်းစံဖော်း | အကယ်ဒမီ(ကပက) | တန့်ယန်း | လားရှိုး |
| ၁၄၅ | မောင်နော်ခမ်း | ကျော်(ကပက) | မူဆယ် | မူဆယ် |
| ၁၄၆ | မအိမ့်ဖြူပြာကို | အထက(၁)မူဆယ် | မူဆယ် | မူဆယ် |
| ၁၄၇ | စိုင်းအောင်ကျော်ထက် | အထက(၁)သီပေါ | သီပေါ | ကျောက်မဲ |
| ၁၄၈ | မောင်စိုင်းခွန်ဆိုင်ဖ | အထက(၂)နမ္မတူ | နမ္မတူ | ကျောက်မဲ |
| ၁၄၉ | မခင်ရတနာမြင့် | အထက(၄)ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ |
| ၁၅၀ | မသန်းသန်းအေး | အထက(၂)နမ္မတူ | နမ္မတူ | ကျောက်မဲ |
| ၁၅၁ | မောင်စိုင်းထွန်းမြတ် | ရတနာ(ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၂ | မနန်းစမ်ဆီဖောင်း | ရတနာ(ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၃ | မောင်ပြုံးချို | အထက-တာချီလိတ် | တာချီလိတ် | မိုင်းဖြတ် |
| ၁၅၄ | မောင်ထက်ရှိုင်းအောင်အောင် | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဖြတ် |
| ၁၅၅ | မခိုင်ဇင်ဇင်လင်း | ရွှေမဟာ(ကပက) | တာချီလိတ် | မိုင်းဖြတ် |
| ၁၅၆ | မနာနိုးလှိုင် | အထက(ခွဲ)ပန်တားလေ | မိုင်းပျဉ်း | မိုင်းဖြတ် |
| ၁၅၇ | မောင်မိုးမင်းဟန် | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၅၈ | မောင်သက်မှူးအောင် | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၅၉ | နမ့်နွေးပိုးအိမ် | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၆၀ | မခိုင်ရင်မွန်သန့် | အထက(၂)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၆၁ | မောင်ပြည့်ဘုန်းပိုင် | အထက(၅)ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ |

*ဆက်လက်ဖော်ပြပါမည်*

### အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ အဋ္ဌမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၂၀ | မောင်မြတ်ဘုန်းသော် | အလက(၁)ဒဂုံ | ဒဂုံ | အနောက်ပိုင်း |
| ၁၂၁ | မအင်ကြင်းဖြူ | Great Light(ကပက) | မရမ်းကုန်း | အနောက်ပိုင်း |
| ၁၂၂ | မခိုင်သက်ဆုမိုး | အလက(၁)ဒဂုံ | ဒဂုံ | အနောက်ပိုင်း |
| ၁၂၃ | မောင်ဘုန်းသန့်လွင် | အထက(၂)ကွမ်းခြံကုန်း | ကွမ်းခြံကုန်း | တောင်ပိုင်း |
| ၁၂၄ | မောင်ဖုန်းမြတ်ပိုင် | အထက(၂)သန်လျင် | သန်လျင် | တောင်ပိုင်း |
| ၁၂၅ | မမြတ်သီရိသူ | အထက(၂)သန်လျင် | သန်လျင် | တောင်ပိုင်း |
| ၁၂၆ | မခိုင်ဆုယဉ် | အထက-မောင်းမ | ခရမ်း | တောင်ပိုင်း |
| ၁၂၇ | မောင်မင်းထက်ကျော် | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၂၈ | မောင်ဇော်လင်းထက် | အထက-ဝါးနက်ချောင်း | မှော်ဘီ | မြောက်ပိုင်း |
| ၁၂၉ | မဆွေဇင်အောင်သင်း | ကောင်းစုစံ(ကပက) | ရွှေပြည်သာ | မြောက်ပိုင်း |
| ၁၃၀ | မဇင်မီမီကျော် | အထက(၁)အင်းစိန် | အင်းစိန် | မြောက်ပိုင်း |
| ၁၃၁ | နန်းနောင့်ကေရီ | အထက(၁)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၂ | မအေးချမ်းပြည့် | အထက-ဆီဆိုင် | ဆီဆိုင် | တောင်ကြီး |
| ၁၃၃ | စိုင်းနော်ဝမ်း | အထက-ဆီဆိုင် | ဆီဆိုင် | တောင်ကြီး |
| ၁၃၄ | မောင်မင်းဇော်ဦး | အထက-ရပ်စောက် | ရပ်စောက် | တောင်ကြီး |
| ၁၃၅ | မောင်ဝေယံအောင် | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၆ | စိုင်းတေဇာထွဋ်မြတ် | အထက(၁)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၇ | မအိသန္တာခင် | အထက(၂)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၈ | မနှင်းအဥ္ဇလီ | အထက-မြို့မ | နမ့်စန် | လွိုင်လင် |
| ၁၃၉ | မောင်ကောင်းမင်းသန့် | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၀ | မနန်းဟွမ်နွံ | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၁ | မောင်သော်တာဟိန်း | အထက(ခွဲ)အလက(၅) | လားရှိုး | လားရှိုး |
| ၁၄၂ | မောင်ဖြိုးစည်သူကို | အလက(ခွဲ)ရွှေဝါ | ဟိုပန် | လားရှိုး |
| ၁၄၃ | မခိုင်ခိုင်မင်းဦး | အထက(၇)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၄ | မနှင်းထက်ဝေ | အထက-ဟိုပန် | ဟိုပန် | လားရှိုး |
| ၁၄၅ | မောင်ထွန်းမင်းသိန်း | အထက(၁)မူဆယ် | မူဆယ် | မူဆယ် |
| ၁၄၆ | မနန်းဖွေးဟွမ် | အထက(၁)မူဆယ် | မူဆယ် | မူဆယ် |
| ၁၄၇ | စိုင်းတိုင်းညီအောင် | အထက(၁)ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ |
| ၁၄၈ | မောင်ဇွဲထက်ဝင်း | အထက(၁)နမ့်ဆန် | နမ့်ဆန် | ကျောက်မဲ |
| ၁၄၉ | မယဉ်မိုးအေး | အထက(၁)ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ |
| ၁၅၀ | နန်းမိုးပပကို | အထက(ခွဲ)အလက(၂) | သီပေါ | ကျောက်မဲ |
| ၁၅၁ | မောင်ဝင်းမင်းအောင် | အထက(၄)ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |

*ဆက်လက်ဖော်ပြပါမည်*

## KBZ Bank Women' League ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဧပြီ ၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိက ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women' League ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် ၉ ပထမနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက အား/ကာသိပ္ပံအသင်းကို ၁၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် ဇယားထိပ်ပိုင်းမှ မြဝတီနှင့် သစ္စာအားမာန်အသင်းတို့ကို ဆက်လက်ဖိအားပေးနိုင်ရန် အနိုင်ရလဒ်အပြင် ဂိုးပြတ်သွင်းယူနိုင်ရန်ပါ ကြိုးပမ်းခဲ့ပြီး ဂိုးတစ်ဒါဇင်အထက် သွင်းယူခဲ့ခြင်းဖြစ်သည်။ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် အား/ကာသိပ္ပံအသင်းကို တစ်ဖက်သတ်ဖိကစားပြီး ပထမပိုင်းမှာပင် ခုနစ်ဂိုးပြတ်အနိုင်ရနေသည်။ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းအတွက် အနိုင်ဂိုးများကို ၄၊ ၈၊ ၂၅၊ ၅၅ မိနစ်တွင် ရီရီဦးက တစ်ဦးတည်းလေးဂိုးသွင်းယူခဲ့ပြီး ၃၊ ၁၇၊ ၂၇ မိနစ်တွင် ရွှေမိုးအေးနှင့် ၂၀၊ ၅၁၊ ၇၃ မိနစ်တွင် ခင်မာလာထွန်းတို့က သုံးဂိုးစီ၊ ၅၉၊ ၇၈ မိနစ်တွင် နုနုက နှစ်ဂိုး၊ ၆၆ မိနစ်တွင် သင်းသင်းယုက တစ်ဂိုးသွင်းယူခဲ့သည်။ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် ယခုပွဲအပြီးတွင် ခုနစ်ပွဲနိုင်၊ နှစ်ပွဲရှုံး ၂၁ မှတ်ဖြင့် တတိယနေရာတွင် ဆက်လက်ရပ်တည်လျက်ရှိသည်။

ပွဲစဉ် ၉ ဒုတိယနေ့ကို ဧပြီ ၄ ရက် **(ယနေ့)** တွင်ဆက်လက်ကျင်းပမည်ဖြစ်ပြီး YREO အသင်းနှင့် လက်ရှိချန်ပီယံ မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

## အလုံမြို့နယ်တွင် ရေဆင်းကူးသည့် ကလေးငယ်တစ်ဦး ရေနစ်သေဆုံး

**အလုံ ဧပြီ ၃**

ရန်ကုန်အနောက်ပိုင်းခရိုင် စောရန်ပိုင် အနောက်ရပ်ကွက် လှျပ်စစ်ဝင်းဟောင်း အခန်းအမှတ် (က-၁၀၅)နေ ဦးအောင်ကျော်မြင့်၏သား မောင်သူရိန်ထွန်း (၁၃ နှစ်)သည် ဧပြီ ၂ ရက် ညနေ ၄ နာရီ မိနစ် ၃၀ ခန့်က သူငယ်ချင်းများနှင့်အတူ စောရန်ပိုင် အနောက်ရပ်ကွက် ဂျောင်ဝိုင်းကြီး-ဂျောင်ဝိုင်းလေး သမ္ဗန်ဆိပ်အနီး လှိုင်မြစ်အတွင်း ရေဆင်းကူးရာမှ ရေနစ်ပျောက်ဆုံးခဲ့သည်။

အဆိုပါ ရေနစ်ပျောက်ဆုံးမှုအား အလုံမြို့နယ် မီးသတ်စခန်းမှူး ဦးပြည့်စုံ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ည ၈ နာရီခန့်တွင် ရေဆင်းကူးရာနေရာအနီး ဒိုက်များအတွင်းမှ သေဆုံးလျက်ရှာဖွေတွေ့ရှိကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် အမေရိကန်အထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီ၊ အကြီးတန်းတာဝန်ခံ ဦးဆောင်သောအဖွဲ့တွေ့ဆုံ ပြည်တွင်းပြည်ပ သတင်းမီဒီယာများ သတင်းရယူနေမှု၊ UN၊ INGOs များမှ အထောက်အပံ့ပေးနေမှုများ ဆွေးနွေး

စစ်တွေ ဧပြီ ၃

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် အမေရိကန် နိုင်ငံအထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီ၊ အကြီးတန်းတာဝန်ခံ Ms. Charlotte Oldham-Moore ဦးဆောင်သော အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်မှ နိုင်ငံခြားရေးရာကော်မတီဝင်များအဖွဲ့သည် ယနေ့ မွန်းလွဲ ၃ နာရီတွင် ပြည်နယ်အစိုးရရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ (အောက်ပုံ)**




ထိုသို့တွေ့ဆုံစဉ် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး ဆောင်ရွက်နေမှု၊ ပြန်လည်ဝင်ရောက်လာသူများအတွက် လက်ခံရေးစခန်းများနှင့် ကြားစခန်းများ တည်ဆောက်ပြီးဆောင်ရွက်နေမှု၊ နိုင်ငံတကာမှ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အကူအညီအထောက်အပံ့များပေးနေမှု၊ ပြည်တွင်းပြည်ပသတင်းမီဒီယာများ မောင်တောဒေသသို့ လစဉ်သွားရောက်သတင်းရယူနေမှု၊ IDP စခန်းများတွင် နေထိုင်သူများအတွက် ကောင်းမွန်သော နေအိမ်များ တည်ဆောက်နိုင်ရေးဆောင်ရွက်နေမှုနှင့် UN၊ INGOs များမှ ပြည်နယ်အတွင်း အကူအညီအထောက်အပံ့များ ပေးနေမှုတို့ကို ဆွေးနွေးကြသည်။

အမေရိကန်နိုင်ငံ အထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီ၊ အကြီးတန်းတာဝန်ခံ Ms.Charlotte Old-ham-Moore နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ သက်ကယ်ပြင်ကျေးရွာနှင့် အောင်မင်္ဂလာရပ်ကွက်တို့မှ အစ္စလာမ်ဘာသာဝင်များ၊ UN၊ INGOs အဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မောင်တောဒေသတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက်ကလေးငယ်များအတွက် ဒုတိယအကြိမ်နှင့် တတိယအကြိမ် ထောက်ပံ့ကြေးပေးအပ်

**မောင်တော ဧပြီ ၃**

မောင်တောဒေသတွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် နှစ်နှစ်အောက် ကလေးငယ်များအတွက် အာဟာရဖွံ့ဖြိုးစေရေး လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ကြေးငွေပေးအပ်ပွဲကို ယနေ့မှစတင်၍ မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပေးအပ်**

အဆိုပါထောက်ပံ့ငွေပေးအပ်ပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ကိုယ်ဝန်ဆောင်မိခင်များနှင့် နှစ်နှစ်အောက် ကလေးငယ်များအတွက် တစ်ဦးလျှင် ခြောက်လစာ ငွေကျပ် ၉၀၀၀၀ နှုန်းဖြင့် ပေးအပ်ခဲ့ခြင်းဖြစ်သည်။

"ကိုယ်ဝန်ဆောင်မိခင်တွေကို ပထမအကြိမ် ငွေကြေးထောက်ပံ့ပေးပြီးပါပြီ၊ ဒါကတော့ ဒုတိယအကြိမ်နဲ့ တတိယအကြိမ်အတွက် ပေးတာဖြစ်ပါတယ်၊ ပထမအကြိမ်တုန်းက ကိုယ်ဝန်ဆောင်မိခင်နဲ့ နှစ်နှစ်အောက် ကလေးငယ်တွေအတွက် တစ်လကို ငွေကျပ် ၁၅၀၀၀ နှုန်းနဲ့ သုံးလအတွက် ငွေကျပ် ၄၅၀၀၀ ပေးပါတယ်၊ ကျေးရွာအုပ်စု ၆၇ စုက ကိုယ်ဝန်ဆောင် မိခင် ၂၁၀၀ ကို စုစုပေါင်း ငွေကျပ်သိန်းပေါင်း ခုနစ်ရာကျော် ပေးခဲ့ပြီးပါပြီ၊ အခု ဒုတိယအကြိမ်နဲ့ တတိယအကြိမ်က ကျေးရွာအုပ်စု ၇၃ အုပ်စုက ကိုယ်ဝန်ဆောင်မိခင် ၃၈၇၈ ဦးအတွက် ငွေကျပ်သိန်းပေါင်း သုံးထောင်လေးရာကျော်ပေးမှာပါ၊ ထောက်ပံ့မှုပေးတာကတော့ လူမျိုး၊ ဘာသာမရွေး မောင်တောမြို့နယ်အတွင်းမှာရှိတဲ့ ကိုယ်ဝန်ဆောင်မိခင်တွေနဲ့ နှစ်နှစ်အောက် ကလေးအားလုံးကို ပေးပါတယ်၊ ကိုယ်ဝန်ဆောင်တွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကတော့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနဲ့ချိတ်ဆက်ပြီးတော့ ဆောင်ရွက်ပေးပါတယ်၊ ကျွန်တော်တို့ MCCT ငွေကြေးထောက်ပံ့တဲ့ အစီအစဉ်က ကိုယ်ဝန်ဆောင်မိခင်နဲ့ နှစ်နှစ်အောက်ကလေးငယ်တွေ ခန္ဓာကိုယ်ဖွံ့ဖြိုးစေဖို့နဲ့ ဦးနှောက်စွမ်းရည်ဖွံ့ဖြိုးမှုတွေအတွက် အဓိက ရည်ရွယ်လုပ်ဆောင်ပေးလျက်ရှိပါတယ်၊ ရှေ့ဆက်လုပ်ဆောင်မှာကတော့ ကျွန်တော်တို့ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ တစ်ဖက်နိုင်ငံက ပြန်လာမယ့်သူတွေကို ကယ်ဆယ်ရေးစခန်းတွေမှာ လက်ခံဖို့လုပ်မယ်၊ သူတို့အတွက် နေထိုင်စားသောက်ဖို့ကအစ လိုအပ်တာမှန်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု မောင်တောမြို့ မြို့မအရှေ့ရပ်ကွက်တွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် နှစ်နှစ်အောက်ကလေးငယ်များ ထောက်ပံ့ကြေးငွေပေးအပ်ပွဲ၌ လူမှုဝန်ထမ်းဦးစီးဌာနမှ ငွေကြေးထောက်ပံ့မှု တာဝန်ခံ ကိုကျော်အောင်စိန်က ပြောသည်။



တာဝန်ခံ ကိုကျော်အောင်စိန်



မခင်စိုးစိုး



လူမှုဝန်ထမ်းဦးစီးဌာနမှ ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက်ကလေးငယ်များအတွက် ထောက်ပံ့ကြေးငွေပေးအပ်နေစဉ်။

**အမှန်တကယ်အသုံးပြု**

မောင်တောမြို့ မြို့မအရှေ့ရပ်ကွက်မှ ကိုယ်ဝန်ဆောင်မိခင် မခင်စိုးစိုးက "ကျွန်မက ထောက်ပံ့ကြေးပေးတာကို လာထုတ်တာပါ၊ အခု ကိုယ်ဝန်က ကိုးလထဲရောက်နေပါပြီ၊ ပထမတစ်ကြိမ် ကိုယ်ဝန်ဆောင်မိခင်တွေအတွက် ထောက်ပံ့ကြေးပေးတာကို ရရှိခဲ့ဖူးပါတယ်၊ အခုလာပေးတဲ့အကြိမ်ကတော့ ဒုတိယအကြိမ်နဲ့ တတိယအကြိမ်ပေါင်းပြီး လာပေးတာဖြစ်တဲ့အတွက် တစ်လကို ငွေကျပ်တစ်သောင်းခွဲနဲ့ ခြောက်လစာ ငွေကျပ် ကိုးသောင်းရပါတယ်၊ ကိုယ်ဝန်ဆောင်မိခင်တွေ အာဟာရဖွံ့ဖြိုးပြီး ကျန်းမာသန်စွမ်းဖို့အတွက် လူမှုဝန်ထမ်းဦးစီးဌာနက ဝန်ထမ်းတွေရော၊ ကျန်းမာရေးဝန်ထမ်းတွေကရော ကူညီထောက်ပံ့မှုတွေ ပြုလုပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒီကရတဲ့ ထောက်ပံ့ငွေတွေနဲ့ မွေးဖွားလာမယ့် ကလေးငယ် အာဟာရဖွံ့ဖြိုးရေးအတွက် အမှန်တကယ် အသုံးပြုမှာ ဖြစ်ပါတယ်၊ ကျန်းမာရေးအတွက်လည်း ဆေးရုံဆေးခန်းတွေ အနီးအနားမှာရှိတဲ့အတွက် အဆင်ပြေပါတယ်" ဟု ပြောသည်။

**ဆောင်ရွက်ပေးလျက်ရှိ**

ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက်ကလေးငယ်များအတွက် ထောက်ပံ့ကြေးငွေပေးအပ်မှုများကို ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဆောင်ရွက်ပေးလျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက အစီအစဉ်ရှစ်ရပ်ရေးဆွဲပြီး လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်အဖြစ် ကိုယ်ဝန်ဆောင်မိခင်ဘဝမှအစ သက်ကြီးရွယ်အိုအထိ လူ့ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ကျော်သူဝင်း၊ အေးမင်းသူ**

# နေရပ်စွန့်ခွာသွားခြင်းမရှိသည့် အစ္စလာမ်ဘာသာဝင်များအတွက် နေအိမ်သစ်နှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**မောင်တော ဧပြီ ၃**

မောင်တောဒေသ ပန်းတောပြင်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာမှ နေရပ်စွန့်ခွာသွားခြင်းမရှိသည့် အစ္စလာမ်ဘာသာဝင် အိမ်ထောင်စုများအတွက် နေအိမ်သစ်နှင့် အစားအသောက် အသုံးအဆောင်များကို ယနေ့ညနေပိုင်းတွင် မောင်တောမြို့နယ်အုပ်ချုပ်ရေးမှူးက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာမှ အစ္စလာမ်ဘာသာဝင်အိမ်ထောင်စု ၂၂ စုအား နေအိမ်သစ်နှင့် လတ်တလောလိုအပ်သည့် အိမ်အသုံးအဆောင်များဖြစ်သည့် ဆန်၊ ဆီ၊ အစားအစာများ၊ အဝတ်အထည်၊ စောင်၊ ခြင်ထောင်နှင့် မီးဖိုချောင်သုံး ပစ္စည်းများဖြစ်သည့် အိုး၊ ခွက်၊ ပန်းကန်၊ ဇွန်းနှင့် ဆိုလာမီးအိမ်များကို ယနေ့ညနေပိုင်းက ပန်းတောပြင်ကျေးရွာ၌ မောင်တောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်နှင့်အဖွဲ့က ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာမိသားစုဝင်များက လက်ခံရယူခဲ့ကြသည်။ **(ယာပုံ)**

အဆိုပါ ပန်းတောပြင်ကျေးရွာသည် ယခင်အကြမ်းဖက်မှုဖြစ်စဉ်က မီးလောင်ဆုံးရှုံးခဲ့သောကြောင့် နိုင်ငံတော်အစိုးရက အဆိုပါနေရာအား ရှင်းလင်းပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က နေအိမ်သစ် ၂၂ လုံး ပြန်လည်တည်ဆောက်ပေးခဲ့သည်။ ယင်းနေအိမ်တွင် အိပ်ခန်း၊ မီးဖိုခန်း၊ ရေတုံကင်၊ ရေချိုးခန်း၊ ရေအိမ်နှင့် ခြံစည်းရိုးများကို ခိုင်မာစွာ တည်ဆောက်ပေးထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ကျော်သူဝင်း**
**အေးမင်းသူ**



## ဒလမြို့နယ်၌ လေပြင်းတိုက်ပြီး မိုးများရွာသွန်းမှုကြောင့် ကုက္ကိုပင် လျှပ်စစ်ဓာတ်ကြိုးပေါ်သို့ ယိုင်လဲမှုဖြစ်ပွား

**ဒလ မေ ၃**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် မေ ၃ ရက် မွန်းလွဲပိုင်းက စတင်ပြီး မိုးသီးများကြွေ မိုးများရွာသွန်းမှုနှင့်အတူ လေပြင်းများ တိုက်ခတ်မှုတို့ကြောင့် သစ်ပင်သစ်ကိုင်များ လျှပ်စစ်ဓာတ်ကြိုးပေါ်သို့ ယိုင်လဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးအဆက်မပြတ်ရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် စက်မြေရပ်ကွက် ရာဇသင်္ကြန်လမ်းမကြီးပေါ်တွင် ကုက္ကိုပင်ကြီး လျှပ်စစ်ဓာတ်ကြိုးပေါ်သို့ ယိုင်လဲမှုဖြစ်ပွားခြင်း၊ ဗိုလ်ရန်ပြေရပ်ကွက် ရာဇသင်္ကြန် ၃ လမ်းရှိ အမှတ် ၁၂ အခြေခံပညာမူလတန်းကျောင်းပေါ်သို့ ကုက္ကိုကိုင်းပြတ်ကျခြင်း၊ အဆိုပါလမ်းထိပ်တွင် ဖုန်းကေဘယ်ကြိုးပေါ်သို့ သစ်ကိုင်းပိမှုကြောင့် ဖုန်းဓာတ်တိုင်ယိုင်လဲမှု ထပ်မံဖြစ်ပွားခဲ့ကြောင်း သစ်ပင်သစ်ကိုင်းများ ပြိုလဲမှုကြောင့် လူနှင့်တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း သိရသည်။ ဖြစ်ပွားရာနေရာများသို့ မြို့နယ်စည်ပင်သာယာရေးကော်မတီအုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြွေနှင့် အဖွဲ့များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်မင်းနိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက လမ်းမများပေါ်တွင် ပိတ်ဆို့နေသော သစ်ပင်သစ်ကိုင်းများအား ဖယ်ရှားရှင်းလင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-နိုင်လင်းကျော်(ဒလ)**



## နေပြည်တော်ကောင်စီနယ်မြေအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်အားလိုင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဒုတိယဝန်ကြီးကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဇမ္ဗူသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်များ၌ မတ် ၃၁ ရက် ညနေ ၅ နာရီ မိနစ် ၄၀ ခန့်တွင် လေပြင်းများ ရုတ်တရက်တိုက်ခတ်မှုနှင့်အတူ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သစ်ပင်များလဲကျခြင်း၊ ဓာတ်တိုင်အချို့ လဲကျခြင်းများဖြစ်ပေါ်၍ ပြည်ထောင်စုနယ်မြေအတွင်း ဓာတ်အားဖြန့်ဖြူးပေးထားသော ၃၃ ကေဗွီ အမှတ်(၁)၊ အမှတ်(၃)၊ အမှတ်(၆)၊ အမှတ်(၈) ဓာတ်အားခွဲရုံနှင့် ပျဉ်းမနားမြို့နယ်ရှိ ခွဲရုံများ၏ ၃၃ ကေဗွီနှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်းများ ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ဓာတ်အားလိုင်းများအပေါ် သစ်ပင်လဲကျမှုများ၊ဓာတ်တိုင်များလဲကျမှုများ ဖြစ်ပေါ်ခဲ့၍ ဓာတ်အားပြတ်တောက်ခဲ့သည့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) အတွင်း ဓာတ်အားပြန်လည်ရရှိမှု အခြေအနေများ၊ ဇမ္ဗူသီရိ



မြို့နယ်အတွင်းရှိ ပညာသိဒ္ဓိရပ်ကွက်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဇေယျသိဒ္ဓိရပ်ကွက်၊ ဉာဏသိဒ္ဓိရပ်ကွက်၊ ဗလသိဒ္ဓိရပ်ကွက် စသည့်နေရာများတွင် ဓာတ်တိုင်များ အစားထိုးခြင်း၊ ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်ခြင်း၊ ဓာတ်အားလိုင်းအပေါ် သစ်ပင်ကျိုးကျမှုများအား ရှင်းလင်းခြင်းနှင့် လျှပ်စစ်ဓာတ်အား အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်သည် အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦး၊ တာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အချိန်အခါမဟုတ်မိုးရွာလေပြင်းတိုက်မှုကြောင့် ရန်ကုန်မြို့အတွင်း နေအိမ်အမိုးလန်၊ သစ်ပင်ပြိုလဲခြင်းများ ဖြစ်ပေါ်

**ရန်ကုန် မေ ၃**

ရန်ကုန်မြို့ပေါ်နှင့် မြို့နယ်အချို့တွင် မိုးရုတ်တရက်ဖွဲရာမှ သည်းလာပြီး လေပြင်းနှင့်အတူ လျှပ်စီးမိုးခြိမ်းသံတို့ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်မှစတင်ခဲ့ရာ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပြန်လည်ငြိမ်သက်သွားပြီးနောက် မြို့နယ်အချို့ရှိ ကားလမ်းများ ရေဝပ်ရေလျှံဖြစ်ပေါ်၍ သစ်ကိုင်းများကျိုးကျကာ ဓာတ်တိုင်နှင့် ဖုန်းတိုင်များလဲကျပြီး ရပ်နားထားသော ယာဉ်များပေါ်သို့ သစ်ကိုင်းများ ကျိုးကျသောကြောင့် ယာဉ်အချို့လည်းပျက်စီးမှုရှိခဲ့ကြောင်း သိရသည်။

မိုးဖွဲဖွဲရွာသွန်းနေရာမှ ရုတ်တရက်မိုးသက်လေပြင်းနှင့်အတူ မိုးသီးငယ်များ ကြွေလာပြီး သည်းထန်စွာရွာသွန်းခဲ့ရာရန်ကုန်မြို့လယ်ရှိ ဈေးဆိုင်များ ရွှေ့ပြောင်းသယ်ဆောင်သူများဖြင့် လှုပ်လှုပ်ရှားရှားဖြစ်ပေါ်ခဲ့ပြီး ယာဉ်ကြောများလည်း ပိတ်ဆို့လျက် ရန်ကုန်မြို့လယ်ရှိ



ကြော်ငြာဆိုင်းဘုတ်များ လဲကျပျက်စီးမှုများလည်း ရှိခဲ့ကြောင်း သိရသည်။

"ဗိုလ်မင်းရောင်လမ်းမကြီးနဲ့ ဦးဖိုးကျားလမ်းနဲ့ မီးရထားအိမ်ရာမှာ လေပြင်းတိုက်လို့ သစ်ကိုင်းတွေကျိုးပြီး ဓာတ်တိုင်တွေ လဲကုန်တယ်၊ မိုးသက်လေပြင်းကျကတည်းကအပြင်ကို ထွက်တဲ့သူ နည်းတော့ လူထိခိုက်မှုတော့မရှိဘူး၊ ရပ်ထားတဲ့ ကားနဲ့ အိမ်တွေ၊ ဆိုင်တွေပဲ ထိခိုက်မိတာပါ၊ ၁၀ မိနစ်ပဲ လေပြင်းတိုက်လို့ မိနစ် ၂၀ ဆိုရင် မတွေးရဲစရာပဲ၊ မိမိလမ်းနဲ့ကားလမ်းမကြီးပေါ်က သစ်ကိုင်းတွေ ဝိုင်းဝန်းပြီး ရှင်းနေကြပါပြီ" ဟု မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်လေးတောင်ပိုင်း ဦးဖိုးကျားလမ်းမှ ဦးအောင်မင်းက ပြောသည်။

မိုးရွာသွန်းမှုကြောင့် မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်းမကြီးနှင့် မန္တလေးလမ်းဆုံနေရာတွင် ကားလမ်းရေမြုပ်သည့်အတွက် ယာဉ်ကြောခေတ္တပိတ်ဆို့ခဲ့ပြီး ရွှေတိဂုံစေတီတော်တစ်ဝိုက်မှ စီးဆင်းလာသောရေများ မြောင်းမကြီးအတိုင်း ပုဇွန်တောင်ချောင်းအတွင်း စီးဆင်းရာ အဆိုပါမြောင်းကြီး ရေများပြည့်လျှံမှုကြောင့် မြန်မာ့ဂုဏ်ရည်လမ်းနှင့် မန္တလေးလမ်းဆုံနေရာတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

"မြောင်းကြီး ရေပြည့်နေတာက အမှိုက်တွေနဲ့ မြစ်ရေထောက်လို့ ကားလမ်းပေါ်ရေလျှံတာ မြန်သွားတာ၊ မိုးရာသီဆိုရင်တော့ ဒီနေရာက ရေအမြဲမြုပ်တယ်၊ ညနေ ၄ နာရီ ၄၅ မိနစ်မှာ မိုးရပ်သွားတယ်" ဟု ကန်တော်လေးတောင်ပိုင်း မန္တလေးလမ်းပေါ်တွင် နေထိုင်သော ဒေါ်အေးသူဇာက ပြောသည်။

ရန်ကုန်မြို့နှင့် မြို့နယ်အချို့တွင် မိုးသက်လေပြင်းတိုက်ခတ်၍ မိုးရွာသွန်းခဲ့မှုကြောင့် နေအိမ်အချို့ အမိုးလန်ခြင်း၊ သစ်ပင်များ လဲပြိုခြင်းနှင့် လမ်းမများ ရေလျှံမှုဖြစ်ခဲ့ပြီး ကမ္ဘာအေးနှင့်မရမ်းကုန်း၊ မြောက်ဥက္ကလာ၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ရွှေပြည်သာနှင့် လှိုင်သာယာတို့တွင် မိုးရွာသွန်းမှုမရှိဘဲ ငါးမိနစ်ခန့်သာ လေပြင်းတိုက်ခတ်ကာ မိုးခြိမ်းသံတို့ကြားရပြီး မိုးသက်လေပြင်းကြောင့် မြို့နယ်အချို့လျှပ်စစ်မီး ပြတ်တောက်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)၊ ဓာတ်ပုံ-သန်းစိုး**



မေ ၃ ရက်က ရန်ကုန်တွင် အချိန်အခါမဟုတ်မိုးရွာသွန်းသဖြင့် မြို့တော်ခန်းမအနီး ရေကြီးရေလျှံမှုကြောင့် ခရီးသွားပြည်သူများ အခက်တွေ့လျက်ရှိစဉ်။ ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း

## မိုးသည်းထန်မှုကြောင့် လမ်းမတော်မြို့နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့

**ရန်ကုန် မေ ၃**

မေ ၃ ရက် ညနေ ၃ နာရီ ၁၅ မှစ၍ တစ်နာရီအကြာရွာသွန်းခဲ့သော မိုးနှင့်လေကြောင့် လမ်းမတော်မြို့နယ်အတွင်း လမ်းသွယ်အချို့တွင် ရေလျှံခြင်း၊ ထပ်ပိုးကွန်ကရစ်အဆင့်မြှင့်ထားသော နောက်ဖေးလမ်းကြားအချို့ရေလွှမ်းခြင်း၊ မဟာဗန္ဓုလလမ်းဘေး လူသွားလမ်းအချို့ရေလွှမ်းခြင်း၊ မဟာဗန္ဓုလလမ်းအထက်ခြမ်း ယာဉ်ကြော ရေလွှမ်း၍ လမ်းဘေးရပ်ယာဉ်များ ကားဘီးတစ်ဝက်ရေမြုပ်နေခြင်း၊ ကားလမ်းပေါ်သွားယာဉ်များ ရေပြင်ဖြတ်မောင်းနေရ သည်ကို မြင်တွေ့ရသည်။



နောက်ဖေးလမ်းကြားအချို့ရေလွှမ်းသဖြင့် မြေညီထပ်အခန်းအချို့ ရေဆိုးထုတ်ပိုက်များများမှတစ်ဆင့် ရေဝင်လာသည်ဟု လမ်းသွယ်နေသူတစ်ဦးက ဆိုသည်။

လမ်းမတော်မြို့နယ် ဗိုလ်ချုပ်လမ်း သူနာပြုတက္ကသိုလ်ဝင်းရှေ့ ယာဉ်ရပ်နားရာနေရာတစ်လျှောက်ရှိ သစ်ပင်ကြီးအချို့ပြိုလဲကျိုးကျမှု ရှိသော်လည်းကားလမ်းတွင်ယာဉ်အသွားအလာမပျက်ရှိနေသည်။

သက်ဆိုင်ရာမှ သစ်ကိုင်းကြီးငယ်များကို ညနေ ၅ နာရီမှစ၍ ရှင်းလင်းဖယ်ရှားနေသည်ကိုမြင်တွေ့ရသည်။

**ခင်ဆိုင်**

# လူသတ်မှု ပြစ်မှုကျူးလွန်သူအား အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ



**နေပြည်တော် မေ ၃**

ရှမ်းပြည်နယ် ပင်လောင်းမြို့နယ်တွင် ရဲတပ်ဖွဲ့၏ကြိုးပမ်းအားထုတ်မှုကြောင့် လူသတ်မှုကျူးလွန်သူအား ၂၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် မြေထိန်းနံရံ ရေမြောင်းထဲ၌ အမျိုးသမီးတစ်ဦး ခန္ဓာကိုယ်၌ ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သတင်းအရ မြို့မရဲစခန်း ဒုတိယရဲမှူး ကျော်ကိုကို ဦးစီးသည့်တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးသည်။

စုံစမ်းချက်အရ သေဆုံးသူမှာ ပင်လောင်းမြို့ ကန်သာဦးရပ်ကွက်နေ မအုန်းရီ (၄၂ နှစ်) ဖြစ်ကြောင်း သိရပြီး အမှုမှ မသင်္ကာသူ ပင်းတလဲကျေးရွာနေ မောင်ဖြူ (ခ)အောင်ဖြူ (၂၀ နှစ်) အား စစ်ဆေးရာ ၎င်းသည် မအုန်းရီ၏ ကုန်စိမ်းကား ဟိုင်းလပ်ယာဉ်အား မောင်းနှင်ကြောင်း၊ မတ် ၂၉ ရက် ည ၁၀ နာရီခွဲတွင် မအုန်းရီနှင့် ပင်လောင်း-တုန်ဟုန်းကားလမ်းအတိုင်း ဆိုင်ကယ်ဖြင့် တောင်ကြီးသို့ ထွက်ခွာလာစဉ် အခင်းဖြစ်နေရာအရောက် မအုန်းရီနှင့် စကားများရန်ဖြစ်ရာမှ မောင်ဖြူ (ခ)အောင်ဖြူက အသင့်ယူဆောင်လာသော အရိုး အသွား ၁၀ လက်မခန့်ရှိ ဓားဦးချွန်ဖြင့် လည်ပင်းအား နှစ်ချက်ထိုးပြီး ဆိုင်ကယ်ဖြင့် ထွက်လာခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သောကြောင့် သက်သေခံအား သိမ်းဆည်း၍ စစ်ဆေးလျက်ရှိကြောင်းနှင့် အမှုအား ၂၄ နာရီအတွင်း ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။ **ကျော်လှိုင်သင်း (နေပြည်တော်)**

# ဂွမြို့နယ် ဗေဒါဂိတ်အလွန် ရိုးကျော်လမ်းတွင် ဇာတ်သဘင်ယာဉ်တစ်စီး ချောက်ထဲထိုးကျ

**စစ်တွေ မေ ၃**

ရခိုင်ပြည်နယ် ဂွမြို့နယ် ဗေဒါဂိတ်အလွန် ရိုးကျော်လမ်း၌ မေ ၂ ရက် ညနေ ၆ နာရီကျော်တွင် ဇာတ်သဘင်ယာဉ်တစ်စီး ချောက်ထဲထိုးကျသွားကြောင်း သိရသည်။

အဆိုပါဇာတ်သဘင်ယာဉ်မှာ အောင်စန်းပွင့် ဇာတ်သဘင်မှဖြစ်ပြီး ဂွမြို့နယ် ကြွေချိုင်မှ ဇာတ်ကပြီးအပြန် ညနေ ၆ နာရီကျော်တွင် ပေ ၂၀၀ အနက်ရှိသည့် ချောက်ထဲကို ထိုးကျသွားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် အမျိုးသမီးငါးဦး၊ အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူများကို ဂွမြို့နယ် ဆေးရုံ၊ ရေကြည် ဆေးရုံ၊ ငါးသိုင်းချောင်းဆေးရုံနှင့် ရန်ကုန်ဆေးရုံသို့ ပို့ဆောင်ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# တိုက်ကြီးမြို့နယ်တွင် အရေခွံခွာ၊ နှာမောင်းဖြတ်ထားသော ဆင်သေတစ်ကောင်တွေ့ရှိ

**တိုက်ကြီး မေ ၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ချင်းကုန်းအုပ်စု ဂျိုးဖြူရေလှောင်ကန် မြောက်ဖျား၌ အရေခွံခွာ၊ နှာမောင်းဖြတ်ထားသော ပုပ်ရိနေသော ဆင်သေတစ်ကောင်ကို မေ ၃ ရက် နံနက် ၁၀ နာရီခွဲက တွေ့ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ဂျိုးဖြူရေလှောင်ကန် လုံခြုံရေး တာဝန်ကျ စည်ပင်ရဲစခန်း ရဲအုပ်တင်မောင်ဆွေနှင့်အဖွဲ့ လုံခြုံရေးကင်းလှည့်စဉ် မေ ၃ ရက် နံနက် ၉ နာရီက လှိုင်ရိုးမ တောင်ပေါ်ကြိုးဝိုင်း ၂ အကွက်အမှတ် ၂၃ တွင် ဆင်သေတစ်ကောင်တွေ့ရှိ၍ သက်ဆိုင်ရာဌာနများသို့ သတင်းပို့ရာ သာယာဝတီဒေသ သစ်ထုတ်လုပ်ရေးမှ ဆင်စခန်းအုပ်ချုပ်ရေးမှူး ဦးခင်ညို၊ ဆင်ဆေးကု ဦးဖြိုးသူအောင်၊သစ်တော ဦးစီးဌာနတောအုပ် ဦးသိန်းသန်းထွန်း၊ သစ်တောရဲမှ ဒုရဲမှူးဒွေးဝင်း၊ ပါဝင်သော အဖွဲ့သည် သွားရောက်စစ်ဆေး ဆောင်ရွက်ခဲ့သည်။

ဆင်ဆေးကု ဦးဖြိုးသူအောင်၏ စစ်ဆေးချက်အရ သေဆုံးသောဆင်မှာ အမဖြစ်ပြီး အမြင့် ၈ ပေ၊လုံးပတ် ၁၂ ပေ၊ အသက် ၄၅ နှစ်ခန့်ရှိပြီး လွန်ခဲ့သော ၁၅ ရက်ခန့်က သေဆုံးနေကြောင်း ခန့်မှန်းခဲ့သည်။ ၎င်းဆင်သည် အရေခွံခွာထားခြင်း၊ အစွယ်ဖြတ်ထားခြင်းတွေ့ရှိရသဖြင့် ဆင်မုဆိုးများသတ်၍ သေဆုံးကြောင်းနှင့် သေဆုံးသောဆင်မှာအသားများပုပ်ရိနေကြောင်း သက်ဆိုင်ရာသို့ သတင်းပို့ကာ မီးရှို့ခဲ့ကြောင်း သတင်းရရှိသည်။

**ထွန်းလှိုင်(မြိုင်)**



# အမ်းမြို့၌ ဟော်လိုပိုက်များတင်ဆောင်လာသည့်ယာဉ် တိမ်းမှောက်မှုဖြစ်ပွားရာ ယာဉ်မောင်းဒဏ်ရာရ

**အမ်း မေ ၃**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်တွင် မင်းဘူး-အမ်းကားလမ်းမိုင်တိုင်အမှတ်၊ ၆၉ မိုင် ၆ ဖာလုံအနီး ပိန်းရေစမ်းကျေးရွာအနီး ကားလမ်းအဆင်းတွင် ယာဉ်မောင်းကျော်မျိုးနိုင် (၂၇ နှစ်) ရွှေလင်ပန်းတန်ဖိုးနည်း အိမ်ရာ၊ လှိုင်သာယာမြို့နေသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် စိုးသီဟ (၂၀ နှစ်) ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ၊ လှိုင်သာယာမြို့နေသူ လိုက်ပါသည့် 7B/..... ၆ဘီးယာဉ်သည် ဟော်လိုပိုက် (၁၀) တန် တင်ဆောင်မောင်းနှင်လာစဉ် ဘရိတ်ထိန်းမရတော့၍ ကားလမ်း၏ ယာဘက်ချောက်အတွင်း ထိုးကျခဲ့ရာ ယာဉ်နောက်လိုက် စိုးသီဟမှာ ယာဉ်ပေါ်မှခုန်ဆင်းကာ ကြမ်းတိုးခုသော်လည်းမရ၍ ယာဉ်မောင်းကျော်မျိုးနိုင်မှာ ယာဉ်နှင့်အတူ ပေ ၂၀၀ ခန့်ချောက်အတွင်း ထိုးကျပါသွားခဲ့ပြီး ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် မေ ၂ ရက်တွင် အမ်းမြို့ပြည်သူ့ဆေးရုံသို့ ဆေးစာဖြင့် ပို့ဆောင်ထားခဲ့ကြောင်း သိရသည်။

**ကူညီကယ်ဆယ်**

ဖြစ်စဉ်အား ဒေသခံပြည်သူတစ်ဦး၏ သတင်းပေးပို့မှုကြောင့် အမ်းမြို့နယ်ရှိ တာဝန်ရှိသူများ၊ အမ်းမြို့မရဲစခန်းမှ ရဲတပ်ကြပ် တင်ထွေးပါနှစ်ဦးတို့ သွားရောက်ကူညီကယ်ဆယ်ခဲ့ကြောင်း သိရသည်။

အဆိုပါဟော်လိုပိုက်များအား တောင်ဒဂုံစက်မှုဇုန်မှတင်ဆောင်လာခဲ့ပြီး စစ်တွေမြို့ ရေချမ်းပြင်ဆိပ်ကမ်းသို့ ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး မင်းကြီးကြိုက်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသည့် မောင်တောဒေသ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်သယ်ဆောင်လာကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



# အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကွန်ပျူတာဆက်စပ်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများ ဖမ်းမိ

**နေပြည်တော် မေ ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၅၆ စီး၊ သွင်းကုန် ၉၈၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅ စီး၊ သွင်းကုန် ၁၇၃ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၅ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၉၀၂ သန်းခန့်၊ စုစုပေါင်းတားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၇ ဒသမ ၄၀၂ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် မန္တလေးသို့သွားရောက်မည့် HINO ၆ ဘီးယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများ၊ စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၄ ဒသမ ၄၆၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မိုးမောက်မြို့နယ်တွင် ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၃**

တပ်မတော်နှင့် စိန်လုံရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂ ရက် ညနေ ၅ နာရီ ခန့်က မိုးမောက်မြို့နယ် လွယ်ဂျယ်-ဗန်းမော် ကားလမ်း စိန်လုံပူးပေါင်းစစ်ဆေးရေး ဂိတ်၌ ဘောက်နော်(ခ)ဘောက်လာ(ခ)အင်ဂေါ့နော်အောင် မောင်းနှင်လာသည့်ယာဉ်အား ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၂၈၂ ခွက် (ဘိန်းဖြူ အလေးချိန် ၂ ဒသမ ၈၂ ကီလို)၊ ငွေကျပ် ၂၄၅၀၀၀၀ နှင့် လက် ကိုင်ဖုန်းနှစ်လုံးတို့ကိုလည်းကောင်း **(အပေါ်ပုံ)**။

အလားတူ ညနေ ၅ နာရီ ၁၅ မိနစ်က ဆွတ်ရိန်အောင် မောင်းနှင်လာသည့်ယာဉ်အား ရှာဖွေရာဘိန်းဖြူ ဆပ်ပြာခွက် ၂၄၆ ခွက် (ဘိန်းဖြူ အလေးချိန် ၂ ဒသမ ၄၆ ကီလို)၊ ငွေကျပ် ၃၆၀၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း၊ စုစုပေါင်းဘိန်းဖြူဆပ်ပြာခွက် ၅၂၈ ခွက် (ဘိန်းဖြူ အလေးချိန် ၅ ဒသမ ၂၈ ကီလို) သိမ်းဆည်းရမိခဲ့သဖြင့် ဘောက်နော်(ခ)ဘောက်လာ (ခ)အင် ဂေါ့နော်အောင်(၆၇ နှစ်) နှင့် ဆွတ်ရိန်အောင် (၃၁ နှစ်) တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# မိတ္ထီလာမြို့နယ် ရှမ်းတဲ ကျေးရွာတွင် စစ်ကျန် ဗုံးသီးဟောင်း ၁၃ လုံးတွေ့ရှိ



**မိတ္ထီလာ မေ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် မြှာကျေးရွာအုပ်စု ရှမ်းတဲကျေးရွာတွင် မေ ၃ရက် မွန်းလွဲ ၁ နာရီခွဲခန့်၌ စစ်ကျန် ဗုံးသီးဟောင်း ၁၃ လုံး တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိတ္ထီလာမြို့နယ် မြှာကျေးရွာအုပ်စု ရှမ်းတဲကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းမျိုး၏ အကြောင်းကြားချက်အရ ရှမ်းတဲကျေးရွာနေ ဦးခင်မောင်ဝင်း၏ နေအိမ်အနောက်ဘက်ရှိ မကျည်းပင်ငုတ်တူးရာ စစ်ကျန်(သံချေးတက်) ဗုံးသီးဟောင်းများအား တွေ့ရှိရသဖြင့် မိတ္ထီလာမြို့မရဲစခန်းမှ ဒုရဲအုပ်အောင်သူမင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ တပ်ကြပ်ကြီး မြင့်နိုင်နှင့်အဖွဲ့တို့က သွားရောက် ကြည့်ရှုစစ်ဆေးရာ အလျား ၁၆ လက်မ လုံးပတ် ၁၂ လက်မခန့်ရှိ စစ်ကျန်ဗုံးသီး ဟောင်းခုနစ်လုံး၊ အလျား ၁၂ လက်မ လုံးပတ် ၁၀ ဒသမ ၅ လက်မ ခန့်ရှိ စစ်ကျန်ဗုံးသီးဟောင်းသုံးလုံး၊ အလျား ၅ လက်မ လုံးပတ် ၅ လက်မခန့်ရှိ စစ်ကျန်ဗုံးသီး ဟောင်းသုံးလုံး စုစုပေါင်း စစ်ကျန်ဗုံးသီးဟောင်း ၁၃ လုံး တွေ့ရှိခဲ့ကြောင်း သိရ သည်။

စစ်ကျန်ဗုံးသီးဟောင်း ၁၃ လုံးအား တပ်ကြပ်ကြီး မြင့်နိုင်နှင့်အဖွဲ့က မေ ၃ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် သက်ဆိုင်ရာနယ်မြေတပ်သို့ ယူဆောင်သွားကြောင်း သိရသည်။ **ဘိုဘို(မလှိုင်)**

# မြန်မာ့ရုပ်မြင်သံကြား

၄-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့)

| | နံနက်ပိုင်း | | လွှန်လွှန်းတယ် |
|---|---|---|---|
| ၆း၀၀ - | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် | | နေတိုး၊ သက်မွန်မြင့် ယွန်းရွှေရည် ဒါရိုက်တာ- ကျော်ဇောလင်း (အတွေးပုံရိပ်) |
| ၇း၀၀ - | **Breakfast News** | | |
| ၈း၃၅ - | **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (မြန်မာနိုင်ငံတော် ဗဟိုဘဏ်) | ၁၇း၅၀ - | **အေးချမ်းပျော်ရွှင်မဟာ သင်္ကြန်တွင်** (အပိုင်း-၃) |
| | | ၁၉း၁၅ - | မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနွံ** (အပိုင်း- ၈) |
| ၁၁း၄၀ - | ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ် | ၂၀း၀၀ - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၁၃း၀၅ - | ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-1) (ရန်ကုန်ပွဲစဉ် -၂) (ပထမပိုင်း) | ၂၀း၃၅ - | **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (ပြည်ထောင်စု တရားလွှတ်တော်ချုပ်) |
| ၁၅း၃၀ - | နိုင်ငံခြားဇာတ်လမ်းတွဲ **ကြယ်စင်ခတဲ့နှလုံးသား** (အပိုင်း-၅၃) | - | နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင်နှင့်ဓားဘုရင်** (သစ္စာတည်သောစစ်သူကြီး) (အပိုင်း-၅) |
| | **ညပိုင်း** | | |
| ၁၆း၃၅ - | **မျိုးကြွေတေးသံ NRCသင်္ကြန်** (အပိုင်း-၁)(က) | - | ဂီတသမား၊ ဂီတစကား **မြတ်ဘုရားရွှေတိဂုံသီချင်း နှစ်ပုဒ်** (က) မြတ်ဘုရား ရွှေတိဂုံ(အောင်လွင်) (ခ)ရွှေတိဂုံသမိုင်း(ခင်စိုးဝင်း) |
| ၁၇း၀၅ - | အနုပညာခန်းရိပ်သာ **ဒါရိုက်တာ ဦးမိုးသူနှင့် တွေ့ဆုံခြင်း** | - | နိုင်ငံခြားဇာတ်လမ်းတွဲ **အေးအတူပူအမျှ** (အပိုင်း-၃၃) |
| ၁၇း၂၀ - | သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် **မွှေချက်ကတော့** | | |

# ဝဏ္ဏသိဒ္ဓိရေကူးကန် နွေရာသီရေကူးသင်တန်း သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဧပြီ ၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန နှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအခြေခံ အားကစားသင်တန်းများကို နှစ်စဉ် ကျင်းပလျက်ရှိရာ နွေရာသီရေကူး သင်တန်း သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ဝဏ္ဏသိဒ္ဓိ ရေကူးကန်၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယ ပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက် ကြသည်။

ရှေးဦးစွာ အားကစားနှင့်ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ယင်းနောက် အား ကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန် ရှိသူများသည် သင်တန်းနည်းပြများအား ဂုဏ်ပြုဆုငွေများနှင့် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ၂၀၁၈ ခုနှစ် နွေရာသီ အခြေခံ ရေကူးသင်တန်းကို မတ် ၄ ရက်မှ ဧပြီ ၃ ရက်အထိ ဝဏ္ဏသိဒ္ဓိရေကူးကန် တွင် သင်တန်းသား သင်တန်းသူ ၁၂၈ ဦးဖြင့် ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဖလား အလွတ်တန်းနှင့်လူငယ် အလေးမပြိုင်ပွဲ ဗိုလ်လုပွဲပြိုင်ပွဲများကို ဧပြီ ၂ ရက်က ကျင်းပရာ အလွတ်တန်းပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော ကာကွယ်ရေး အသင်းအား မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ချစ်က ဆုချီးမြှင့် စဉ်။** တင်စိုး(မြန်မာ့အလင်း)

### ❊ ကျော့ဖုံးမှ

အပျော်တမ်းကလပ်အသင်းများအားလုံး ပါဝင်နိုင်မည့် အလွတ်တန်းပြိုင်ပွဲ ကျင်းပ ပေးခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းအရေအတွက် များပြားခဲ့သလို ခြေစွမ်းကောင်းမွန် သည့် အသင်းများပြားသောကြောင့် ပြိုင်ပွဲမှာ ပိုမိုအကြိတ်အနယ်ရှိခဲ့သည်။ ယခုပြိုင်ပွဲ ကို ဖူဆယ်ကော်မတီမှ နည်းစနစ်အဖွဲ့ဝင်များ လာရောက်ကြည့်ရှုနေပြီး မြန်မာ့ လက်ရွေးစင်အသင်းနှင့် ယူ-၁၉ အသင်းအတွက် ပဏာမလက်ရွေးစင်ကစား သမားများရွေးချယ်မည်ဖြစ်သည်။ ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက် ကျင်းပမည်ဖြစ်ပြီး ပထမမှ စတုတ္ထနေရာရသည့် အသင်းများအား ဆုကြေးငွေများ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

### ● ကျော့ဖုံးမှ

တစ်ကျော့ပြန် ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ရလဒ်ကောင်းရယူနိုင်ရန် ပြင်ဆင်မည် ဖြစ်သည်။

**ပြောကြား**

"လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲကို အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်မယ့် ယူ-၂၃ အသင်းအတွက် ရည်ရွယ်ကျင်းပ မှာပါ၊ အခုလောလောဆယ် တောင် ကိုရီးယား၊ ထိုင်းနဲ့ အင်ဒိုနီးရှားအသင်း တို့ကို ဖိတ်ထားပါတယ်၊ သူတို့ဘက်က အကြောင်းပြန်မယ့်အပေါ်မှာ မူတည်ပြီး ပြိုင်ပွဲကျင်းပမှာပါ၊ သူတို့မယှဉ်ပြိုင်ရင် တခြားအသင်းတွေကို ဖိတ်ကြားမှာ ပါ" ဟု မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း က ပြောသည်။

**ပူးတွဲတာဝန်ပေးအပ်**

အာရှအားကစား ပြိုင်ပွဲယှဉ်ပြိုင် မည့် မြန်မာ ယူ-၂၃ အသင်းသည် ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၂၂ အသင်းကို အခြေခံဖွဲ့စည်းမည် ဖြစ်ပြီး အသက်ကျော်လွန်သည့် လက် ရွေးစင်အဆင့်ကစားသမားသုံးဦး အား ဖြည့်ရွေးချယ်မည်ဖြစ်သည်။ အာရှ အားကစားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်းအား နည်းပြချုပ်အဖြစ် မြန်မာ့လက်ရွေးစင်အသင်းအား ကိုင် တွယ်မည့်နည်းပြကို ပူးတွဲတာဝန် ပေးအပ်မည်ဖြစ်သည်။

**ကြိုးပမ်းလျက်ရှိ**

မြန်မာ့လက်ရွေးစင်အသင်း နည်းပြ ချုပ်ရာထူးမှာ လစ်လပ်လျက်ရှိကာ အမြန်ဆုံးခန့်အပ်နိုင်ရန် ကြိုးပမ်းလျက် ရှိပြီး ပြည်ပနည်းပြတစ်ဦးကို တာဝန် ပေးအပ်ဖွယ်ရှိနေသည်။

မြန်မာအသင်းသည် အာရှအား ကစားပြိုင်ပွဲတွင် ယခင်က အောင်မြင် မှုများစွာရယူနိုင်ခဲ့ပြီး ရွှေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်တစ်ခု ရရှိခဲ့သည်။ မြန်မာ အသင်းသည် ၁၉၆၆ ပြိုင်ပွဲတွင် အီရန် အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ ရွှေတံဆိပ်ရခဲ့ပြီး ၁၉၇၀ ပြိုင်ပွဲတွင် တောင်ကိုရီးယားအသင်းနှင့် ဂိုးမရှိ သရေကျကာ ပူးတွဲချန်ပီယံဖြစ်ခဲ့သည်။ **ညီမြတ်သော်တာ**

## (၄၇)နှစ်မြောက် မင်္ဂလာဆုတောင်း

ကျေးဇူးရှင် ဖေဖေ ဗိုလ်ချုပ်ဝင်းမြင့်(ငြိမ်း)နှင့် မေမေ ဒေါ်နီနီတို့၏ ၄-၄-၂၀၁၈ရက်တွင် ကျရောက်သော (၄၇)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ကျန်းမာချမ်းသာပြီးချစ်သော သားသမီးများ၊ ချစ်သော မြေးများနှင့်အတူ လောကီ၊ လောကုတ္တရာနှစ်ဖြာသောအကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးနိုင်ပါစေကြောင်း ဆုမွန် ကောင်းတောင်းလျက်-

**ချစ်သားသမီးများ**

**မောင်သိန်းဆွေ-မီးမီး**
**မီးငယ်**
**အောင်စူ-ချယ်ချယ်**
**အငယ်လေး-ဖွေးအိဖြူ**

**ချစ်မြေးများ**

**သက်ထား၊ စစ်သွေး၊ ယွန်းယွန်း၊ သဲသဲ၊ ကိုဟိန်း၊ လလုံး၊ အာဒီး၊ ပေါက်စ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8H/5073 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါ သဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ်(၂၈/သုမင်္ဂလာ)၊ ဦးပိုင် အမှတ်(၉၉)၊ မြေယာအမှတ်(၈၆)၊ မြေ ဧရိယာ(၀ဒသမ၀၉၈)ဧကရှိ မြေကွက် အား မြေငှားဂရန်သစ် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးကျော်လွင် ၉/ တတဥ(နိုင်)၀၀၃၅၅၃ မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့် ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက် အထား ပြည့်စုံစွာဖြင့် လာရောက်ကန့် ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ပြင်ဦးလွင်မြို့**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

လှိုင်းဘွဲမြို့၊ (က)ရပ်ကွက်၊ ပိုင်ကျုံလမ်းနေ နန်းအိခိုင်ဝင်း၏ ဖခင် ဦးဝင်းရွှေနှင့် ဦးရွှေဝင်း ၃/လဘန(နိုင်)၀၃၅၈၃၅ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## လုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်အတွင်း ပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်ရန်ပုံငွေဖြင့် လမ်း ဦးစီးဌာနမှ ဆောင်ရွက်ရန်ရှိသော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် လမ်း/တံတား လုပ်ငန်းများအား လွိုင်ကော်ခရိုင်၊ ဘော်လခဲခရိုင်နှင့် လမ်းတည် ဆောက်ရေးအထူးအဖွဲ့(၁၃)တို့မှ လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ် သော ကြောင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ် ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်/အချိန်** - ၄-၄-၂၀၁၈ရက် နံနက် ၉း၃၀နာရီ
**တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်/အချိန်** - ၃၀-၄-၂၀၁၈ရက် ညနေ ၁၆း၃၀နာရီ
**လျှောက်လွှာရောင်း ချမည့်နေရာ** - ကယားပြည်နယ်၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လွိုင်ကော်ခရိုင်၊ ခရိုင်လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဘော်လခဲခရိုင်၊ ခရိုင်လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး

၃။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို လမ်းဦးစီးဌာန၊ ပြည်နယ် ညွှန်ကြားရေးမှူးရုံးနှင့် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဖုန်း-၀၈၃ ၂၂၂၁၄၉၄၊ ၀၈၃-၂၂၂၁၀၀၈၊ ၀၈၃-၂၂၅၀၁၀၂တို့သို့ ရုံးချိန်အတွင်း ဆက် သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**လုပ်ငန်းအိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ ကယားပြည်နယ်၊ လမ်းဦးစီးဌာန**

## ၂၀၁၈ခုနှစ်၊ မြန်မာ့ရိုးရာမဟာသင်္ကြန်ကာလအတွင်း YBS ခရီးသည်တင်ယာဉ်လိုင်းများနှင့်အဝေးပြေးခရီးသည် ပို့ဆောင်ရေးမော်တော်ယာဉ်လိုင်းများ ပြေးဆွဲမည့်အစီအစဉ် အသိပေးကြေညာခြင်း

၁။ ၂၀၁၈ခုနှစ်၊ မြန်မာ့ရိုးရာ မဟာသင်္ကြန်ကာလအတွင်းတွင် ရန်ကုန်မြို့တော်နေ ပြည်သူများနှင့်ရန်ကုန်တိုင်းဒေသကြီးပြင်ပအခြားတိုင်းဒေသကြီး၊ ပြည်နယ်များသို့ သွားရောက်လိုသည့် ခရီးသွားပြည်သူများအတွက် အောက်ပါအတိုင်းပြေးဆွဲပါမည်-

(က) ရန်ကုန်မြို့တော်နေပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ရန်ကုန် တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့စီမံမှုဖြင့် ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော YBS ယာဉ်လိုင်း(၆၁)လိုင်း၊ ယာဉ်စီးရေ (၇၆၉)စီးဖြင့် ပုံမှန်ပြေးဆွဲလမ်းကြောင်းအတိုင်း သတ်မှတ်ယာဉ်စီးခန့်နှုန်းထားဖြင့် ပြေးဆွဲသွားမည်ဖြစ်ပါသည်။

(ခ) ရန်ကုန်တိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြေးဆွဲမည့် အဝေးပြေးခရီးသည်ယာဉ်လိုင်းများသည် ၈-၄-၂၀၁၈ရက်အထိ ပုံမှန်ပြေးဆွဲပြီး ၉-၄-၂၀၁၈ရက်မှ ၁၆-၄-၂၀၁၈ရက်အထိ အောင်မင်္ဂလာအဝေးပြေး၊ ဒဂုံဧရာ အဝေး ပြေးယာဉ်ရပ်နားစခန်းများမှ ထွက်ရှိသည့် ခရီးသည်တင်ယာဉ်များအနေဖြင့် အလှည့် ကျရပ်နားခြင်း၊ ပြေးဆွဲခြင်းများပြုလုပ်ပြီး အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းမှ ရန်ကုန်တိုင်းဒေသကြီးအခြေပြုယာဉ်လိုင်း (၁၀)လိုင်း၊ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များအခြေပြုယာဉ်လိုင်း(၈)လိုင်း၊ ဒဂုံဧရာ အဝေးပြေး ယာဉ်ရပ်နားစခန်းမှ ရန်ကုန်တိုင်းဒေသကြီးအခြေပြုယာဉ်လိုင်း(၄) လိုင်း၊ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များအခြေပြု ယာဉ်လိုင်း(၃)လိုင်း ပိတ်ရက်မရှိ ပြေးဆွဲသွားပါသည်။

(ဂ) ရန်ကုန်တိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီးများသို့ သွားရောက်ကြမည့်ခရီး သွားပြည်သူများ၏ သွားလာမှုအထောက်အကူပြုရန်အတွက် ဧပြီ ၁၁ရက်မှ ၁၃ ရက်အထိ ရန်ကုန်-ပုသိမ်ခရီးစဉ်အား ဒဂုံဧရာအဝေးပြေးယာဉ်ရပ်နား စခန်းမှ လည်းကောင်း၊ ဧပြီ ၁၁ရက်မှ ၁၃ရက်အထိ ရန်ကုန်-လက်ပံတန်း- မင်းလှခရီးစဉ်နှင့် ဧပြီ ၁၁ရက်နှင့် ၁၂ရက်တို့တွင် ရန်ကုန်-ပဲခူး-ညောင်လေး ပင်-တောင်ငူ-နေပြည်တော်ခရီးစဉ်များကို အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ် နားစခန်းမှလည်းကောင်း YRTA ၏ စီမံမှုအောက်ရှိ ယာဉ်လိုင်းများမှ ခရီးသည် ယာဉ်များဖြင့် အင်အားဖြည့် ပြေးဆွဲပေးသွားပါမည်။

၂။ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တွင်းပြေးဆွဲသော YBS ခရီးသည်တင်ယာဉ် လိုင်းများနှင့် ရန်ကုန်တိုင်းဒေသကြီးနှင့်အခြားတိုင်းဒေသကြီး၊ ပြည်နယ်များမှ အဝေး ပြေးခရီးသည်ယာဉ်လိုင်းအားလုံးသည် ၁၇-၄-၂၀၁၈ရက်(နှစ်ဆန်းတစ်ရက်)တွင် ပုံမှန်အတိုင်း ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါ သည်။

**ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1G/3973 Mazda Tiom Van ယာဉ်လက်ဝယ်ရှိသူ ဦးသူရဝင်း ၁၂/သကတ(နိုင်)၁၅၉၅၃၆ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင် လုံသောအထောက်အထားများဖြင့် ကြော် ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9H/2345Toyota Crown GRS182S/L(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမြင့်(ခ)ဇော်ဝင်း ၁၂/သကတ(နိုင်)၀၉၂ ၅၄၈က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ် ပေးရန်လျှောက်ထားလာပါသည်။ ကန့် ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**

## မွန်ပြည်နယ်အစိုးရအဖွဲ့ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ မွန်ပြည်နယ် ကတ္တရာတင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်/မြို့စည် ပင်သာယာရေးအဖွဲ့များ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်(၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ)အတွင်း ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် (၈၀/၁၀၀) ကတ္တရာ(၉၈၃)တန်အား ဝယ်ယူလိုပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း တင်ဒါ တင်သွင်းနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာ ရယူနိုင်မည့်ရက် အချိန်၊ နာရီ** - ၆-၄-၂၀၁၈ ရက်(သောကြာနေ့) နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀နာရီအထိ

(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်း ရမည့်ရက်၊ အချိန်၊နာရီ** - ၁၉-၄-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၄း၃၀နာရီ

(ဂ) **နေရာ** - မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ မော်လမြိုင်မြို့

၂။ ကတ္တရာတင်ဒါတင်သွင်းလိုသူသည် လျှောက်လွှာနှင့်အတူ-

(က) တင်ဒါတင်သွင်းသည့်ကုမ္ပဏီအမည်နှင့် တရားဝင်သွင်းကုန်ခွင့်ပြု အထောက်အထား၊

(ခ) ကတ္တရာအရည်အသွေးအား MES (သို့) လမ်းဦးစီးဌာန(ရုံးချုပ်) စစ်ဆေးထောက်ခံချက်၊

(ဂ) ကတ္တရာတင်သွင်းမှုအပေါ် Custom Duty ပေးဆောင်ပြီးအထောက် အထားတို့နှင့်အတူ လျှောက်ထားရပါမည်။

၃။ အသေးစိတ် အချက်အလက်များအား သိရှိလိုပါက ဖုန်းနံပါတ် ၀၉- ၄၂၀၇၀၁၉၆၀ နှင့် ၀၉-၅၂၃၂၂၅၂တို့သို့ ရုံးချိန်အတွင်း မေးမြန်းနိုင်ပါသည်။

**မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့**

**ဖခင် အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ကန်ကြီးထောင့်မြို့နယ်၊ မြင်း ကဆိပ်တိုက်နယ်နေ မောင်ညီဘုန်းဇံ၏ ဖခင် အမည်မှန်မှာ ဦးလှိုင်ဝင်းထွန်း ၁၄/ဟသတ(နိုင်)၃၄၄၇၆၀ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ (၃၇) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းသွယ်(၁)လမ်း၊ မြေကွက်အမှတ်(၁၁၀၄)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ) ရှိ ဒေါ်မြင့်မြင့် (PMA- ၁၁၂၇၇၂)(၁၂/လမန (နိုင်) ၀၈၅၃၆၀) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို နှစ်(၆၀)ဂရန် အမည်ပေါက်သူ ဒေါ်မြင့်မြင့်ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးစင်မောင်ဦး LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးထိန်လင်းသန်း LL.B, D.B.L, D.I.L, D.M.L, တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)

**Hein Htet San Law Firm** ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

# အိန္ဒိယနိုင်ငံအနှံ့ ဆူပူလှုပ်ရှားမှုဖြစ်ပွားခဲ့ရာ သေဆုံးသူ ကိုးဦးအထိရှိလာ



**နယူးဒေလီ မေ ၃**

အိန္ဒိယနိုင်ငံ နေရာအနှံ့အပြားတွင် ဧပြီ ၃ ရက်က ဆူပူလှုပ်ရှားမှုဖြစ်ပွားခဲ့ရာ ယခုလက်ရှိ သေဆုံးသူ ကိုးဦးရှိပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဆူပူလှုပ်ရှားမှုတွင် သေဆုံးသူအများစုမှာ ရဲတပ်ဖွဲ့က သေနတ်ဖြင့်ပစ်ခတ်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း အိန္ဒိယမီဒီယာများ၏ သတင်းများအရ သိရှိရသည်။

ဥပေက္ခာပြုခံရသည့် ဇာတ်နိမ့်များကို အထင်သေးနှိပ်စက်သည့် တိုင်ကြားချက်များ လက်ခံရရှိပါက လုံခြုံရေးရဲတပ်ဖွဲ့က ချက်ချင်းဖမ်းဆီးနိုင်ခွင့် မရှိတော့ဘဲ သက်ဆိုင်ရာ အရာရှိများ၏ ခွင့်ပြုချက်ရယူပြီးမှသာ ဖမ်းဆီးနိုင်သည်ဟု အိန္ဒိယအဆင့်မြင့်ဆုံးတရားရုံးမှ ယခုရက်ပိုင်းတွင် ချမှတ်ခဲ့သောကြောင့် ယခုကဲ့သို့ ဆူပူလှုပ်ရှားမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ တရားရုံး၏ ချမှတ်မှုကို အိန္ဒိယဇာတ်နိမ့်များက မကျေမနပ်ဖြစ်နေကြကြောင်း သိရသည်။

**ဆင်ဟွာ**

# ပါလက်စတိုင်း၏အခွင့်အရေးကို ကာကွယ်ရန် အီဂျစ်နှင့် ဂျော်ဒန်နှိုးဆော်

**ကိုင်ရို မေ ၃**

ဂါဇာဒေသတွင် ဆန္ဒပြနေသော ပါလက်စတိုင်းများကို အစ္စရေးစစ်သားများက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းကို ပြစ်တင်ရှုတ်ချကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း ပါလက်စတိုင်း၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် တိုက်တွန်းနှိုးဆော်ကြောင်း၊ အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဆာမက်ရှိုခရီနှင့် ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီး အေမန်ဆာဖာဒီက မေ ၁ ရက်နေ့တွင် ကိုင်ရို၌ ကျင်းပသော ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ပါလက်စတိုင်း၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် နှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို တွန်းအားပေးဆောင်ရွက်ရန် လုပ်ဆောင်သင့်သည်ဟု ထင်မြင်မိကြောင်း၊ အီဂျစ်နိုင်ငံအနေဖြင့် နိုင်ငံတကာ စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ ပါလက်စတိုင်း၏အခွင့်အရေးနှင့် အကျိုးအမြတ်ကို အကောင်အထည်ဖော်ပေးရန် ဆက်လက် နှိုးဆော်သွားမည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးက ပြောခဲ့သည်။

ပါလက်စတိုင်းပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် ကြိုးစားရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းစွာဖြေရှင်းနိုင်သည့် အခွင့်အလမ်းကို အဆုံးသတ်အောင် လုပ်ဆောင်နေသည့် အစ္စရေး၏လုပ်ဆောင်ချက်နှင့် ပါလက်စတိုင်း-အစ္စရေးနှစ်နိုင်ငံ ညှိနှိုင်းသဘောတူညီချက်ကို ဖောက်ဖျက်သည့် လုပ်ရပ်များကို ပြစ်တင်ရှုတ်ချကြောင်း၊ အမေရိကန်က ဂျေရုဆလင်ကို အစ္စရေးမြို့တော်အဖြစ် အသိအမှတ်ပြုခြင်းသည် နိုင်ငံတကာ ဥပဒေကိုချိုးဖောက်ရာရောက်သည့်အတွက် အာရပ်နိုင်ငံများက ကန့်ကွက်ကြောင်း ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီးကလည်း ပြောကြားခဲ့သည်။

ထို့အပြင် အစ္စရေး-ပါလက်စတိုင်းပဋိပက္ခကို နိုင်ငံရေးနည်းလမ်းအရဖြေရှင်းရန် အီဂျစ်နှင့် ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီးများက အမေရိကန်အား တိုက်တွန်းခဲ့သည်။

လွန်ခဲ့သည့်နှစ် ဒီဇင်ဘာ ၆ ရက်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဂျေရုဆလင်ကို အစ္စရေးနိုင်ငံ၏မြို့တော်အဖြစ် အသိအမှတ်ပြုကြောင်း ကြေညာခဲ့သောကြောင့် ပါလက်စတိုင်းတို့အား ဒေါသထွက်စေခဲ့ပြီး အစ္စရေးပါလက်စတိုင်းအခြေအနေလည်း အဆက်မပြတ်ဆိုးရွားလာခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ထိုင်းနိုင်ငံ ဗန်ကောက်မြို့လယ်ရှိ အဆောက်အအုံမီးလောင်မှုကြောင့် သုံးဦးထက်မနည်း သေဆုံး

**ဗန်ကောက် မေ ၃**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့လယ်ရှိ ၁၄ ထပ်အဆောက်အအုံတစ်ခုတွင် မေ ၃ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ သုံးဦးထက်မနည်းသေဆုံးခဲ့ပြီး လူများစွာ ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်း မီဒီယာများတွင် ဖော်ပြခဲ့သည်။

မီးလောင်မှုကြောင့် သေဆုံးသူများထဲမှာ ထိုင်းလူမျိုးနှစ်ဦးနှင့် ဗီယက်နမ်လူမျိုးတစ်ဦးတို့ပါဝင်ကြောင်း ထိုင်းမီဒီယာ INNတွင် ဖော်ပြထားသည်။

မီးလောင်မှုဖြစ်ပွားနေစဉ် လူပေါင်းများစွာ ပိတ်မိနေခဲ့ကြောင်း၊ မီးခိုးငွေ့များကြောင့် အသက်ရှူကျပ်သူ ၃၀ ကျော်အား ဒေသတွင်း ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုသည် ဒေသစံတော်ချိန် နံနက် ၂ နာရီ ခွဲခန့်က ဆွိုင်ဖက်ချာဘူရီ ၁၈ လမ်းရှိ ၁၄ထပ်အဆောက်အအုံ၏ ငါးလွှာ လျှပ်စစ်ဝိုင်ယာကြိုး သိုလှောင်ခန်းအတွင်း စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး အလွှာအားလုံးရှိ အခန်းတိုင်းသို့ မီးခိုးငွေ့များ ဖုံးလွှမ်းသွားခဲ့သည်ဟု တာဝန်ရှိသူများက ယူဆခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**




# ၂၀၁၈ ခုနှစ် အာရှဘိုအောဖိုရမ် နှစ်ပတ်လည်ညီလာခံတွင် တရုတ်သမ္မတ မိန့်ခွန်းပြောမည်

**ပေကျင်း မေ ၃**

၂၀၁၈ခုနှစ် အာရှဘိုအောဖိုရမ် နှစ်ပတ်လည်ညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် တရုတ်နိုင်ငံ သမ္မတရှီကျင့်ဖျင်တက်ရောက်ကာ မိန့်ခွန်းပြောကြားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက မေ ၃ ရက်က ပြောခဲ့သည်။

အဆိုပါဖိုရမ်ကို တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ကျွန်းပြည်နယ် ဘိုအောမြို့တွင် ကျင်းပမည်ဖြစ်သည်။ ၂၀၁၈ခုနှစ် အာရှ ဘိုအောဖိုရမ် နှစ်ပတ်လည်ညီလာခံအတွက် ခေါင်းစဉ်မှာ " ကြွယ်ဝချမ်းသာသော ကမ္ဘာကြီးအတွက် ပွင့်လင်းပြီး ဆန်းသစ်ပြောင်းလဲတဲ့ အာရှ "ဟူသော ခေါင်းစဉ်ဖြစ်သည်။

အဆိုပါ ၂၀၁၈ခုနှစ် အာရှ ဘိုအောဖိုရမ် နှစ်ပတ်လည်ညီလာခံကို မေ ၈ ရက်မှ ၁၁ ရက်အထိ ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

**ဆင်ဟွာ**

# တောင်ဘိုလီဗီးယားငလျင် ဘရာဇီးအထိရိုက်ခတ်မှုကြောင့် လူများလမ်းများပေါ်ထွက်ကာ ငလျင်ဒဏ်ရှောင်ရှား




**ဘရာဆီးလီးယား မေ ၃**

မေ ၂ ရက်ကလှုပ်ခတ်ခဲ့သော တောင်ဘိုလီဗီးယားငလျင်သည် ဘရာဇီးမြို့တော် ဘရာဆီးလီးယားအထိ ရောက်ရှိခဲ့သောကြောင့် ဒေသခံများနှင့် ရုံးဝန်ထမ်းများသည် အဆောက်အအုံပြင်ပလမ်းများပေါ်သို့ ထွက်ကာ ငလျင်ဒဏ်ကို ရှောင်ရှားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် မေ ၃ ရက်က ဖော်ပြခဲ့သည်။

တောင်ဘိုလီဗီးယားငလျင်ကြောင့် ဘရာဇီးမြို့ဆော်ပေါလိုအထိ ငလျင်လှိုင်းများ ခံစားခဲ့ရသော်လည်း ဘရာဇီးသို့မဟုတ် ဘိုလီဗီးယားအာဏာပိုင်များက မည်သည့် အဆောက်အအုံများ ပျက်စီးခြင်း သို့မဟုတ် ငလျင်ကြောင့် ဒဏ်ရာရရှိ၊ သေဆုံးသည့် သတင်းမှ ဖော်ပြခြင်းမရှိခဲ့ကြောင်း သိရသည်။

ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်သည် ဘိုလီဗီးယားတောင်ပိုင်း ချူကွီစကာနေရာကို လှုပ်ခတ်သွားကြောင်း အမေရိကန် ဘူမိဗေဒတိုင်းတာရေးစင်တာက ပြောခဲ့သည်။

အေဂျင်စီယာဘရာဆီးအွန်လိုင်းက ထုတ်ပြန်ဖော်ပြခဲ့သော ရုပ်ပုံများတွင် ငလျင်ကြောင့် လူများ အဆောက်အအုံပြင်ပလမ်းများပေါ်၌ ရောက်ရှိနေသည်ကို တွေ့မြင်ရမည် ဖြစ်သည်။

ဘရာဆီးလီးယားမြို့သည် ၁၉၅၀ ပြည့်လွန်နှစ်များက တည်ဆောက်ခဲ့သည့် မြို့သစ်ဖြစ်ခဲ့သလို အဆိုပါမြို့ရှိ မြို့ခံများမှာ ငလျင်နှင့် ပတ်သက်ပြီး ယခုလို အင်အားပြင်းငလျင်မျိုး တစ်ကြိမ်မှ မကြုံဖူးသေးကြောင်း ပြောခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် ပညာရေးဝန်ကြီးဌာန၊ တရားရေးဌာနနှင့် စက်မှုဌာနတို့ကို ရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့ရသည်။

ထို့အတူ အခြားအစိုးရဌာနများနှင့် ပြည်သူ့ရေးရာလုံခြုံမှု အတွင်းဝန်ရုံးကိုလည်း ရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့ရကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အိုမန်လေယာဉ်တစ်စင်းလေ့ကျင့်မှု ပြုလုပ်နေစဉ် ပျက်ကျရာ လေယာဉ်မှူးသေဆုံး

**ဒိုဟာ ဧပြီ ၃**

ဧပြီ ၁ ရက်က အိုမန်စစ်လေယာဉ်တစ်စင်း ပုံမှန်လေ့ကျင့်မှု လုပ်ဆောင်နေစဉ် ပျက်ကျခဲ့ရာ လေယာဉ်မှူးသေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြခဲ့သည်။ အဆိုပါလေယာဉ်ပျက်ကျမှုသတင်းကို အိုမန်ကာကွယ်ရေးဝန်ကြီးဌာနက ဟုတ်မှန်ကြောင်း အတည်ပြုခဲ့သည်။ သို့သော်လည်း လေယာဉ်ပျက်ကျသည့်အကြောင်းရင်းနှင့် လေယာဉ်ပျက်ကျမှု ဖြစ်ပွားခဲ့သည့် လေယာဉ်အမျိုးအစားနှင့် လေယာဉ်နံပါတ်စသည်တို့ကို အသေးစိတ်ဖော်ပြ ပြောဆိုခြင်းမရှိခဲ့ကြောင်း သိရသည်။

အဆိုပါ လေယာဉ်ပျက်ကျသည့်သတင်းကို အိုမန်လူမှုမီဒီယာများက ကနဦး ထုတ်ဖော်ရေးသားခဲ့ပြီးနောက် မကြာမီ အိုမန်ကာကွယ်ရေးဝန်ကြီးဌာနက ဟုတ်မှန်ကြောင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**

### အီရန်အနောက်ပိုင်းတွင် အင်အားအသင့်အတင့်ရှိ ငလျင်လှုပ် လူ၂၃ ဦး ဒဏ်ရာရ

**တီဟီရန် ဧပြီ ၃**

အီရန်နိုင်ငံအနောက်ပိုင်း ကာမန်ရှပြည်နယ်တွင် ဧပြီ ၁ ရက်က ပြင်းအား ၅ ဒသမ ၃ အဆင့် ငလျင်လှုပ်ခတ်ခဲ့ရာ အနည်းဆုံး လူ ၂၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရန်မီဒီယာများ၏ သတင်းများတွင် ဖော်ပြခဲ့သည်။

အင်အားအသင့်အတင့်ရှိ မြေငလျင်သည် ဆာပိုးအက်ဇာဟတ်ဘ်မြို့အနီးတစ်ဝိုက်ကို ဗဟိုပြုပြီးလှုပ်ခတ်ခဲ့ရာ မြို့တွင်းနေအိမ်အချို့ ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ငလျင်လှုပ်ခတ်မှုကြောင့် ဒဏ်ရာရသူ အနည်းဆုံး ၂၃ဦးရှိခဲ့သည်။ ဒဏ်ရာရသူများကို နီးစပ်ရာဆေးရုံသို့ပို့ဆောင်ကာ ဆေးကုသပေးနေကြောင်း သိရသည်။ **ဆင်ဟွာ**

### မြောက်ကိုရီးယားခေါင်းဆောင် တောင်ကိုရီးယားအနုပညာရှင်များ၏ ဖျော်ဖြေမှုကို ချီးကျူး

**ပြုံယမ်း ဧပြီ ၂**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် ပြုံယမ်း၌ တောင်ကိုရီးယားအနုပညာရှင်များ၏ ဖျော်ဖြေမှုကိုချီးကျူးခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြခဲ့သည်။ တောင်ကိုရီးယားအနုပညာရှင် အုပ်စုတွင် ဝါရင့်အဆိုတော် ချိုယောင်ပီလ်နှင့် Girls' Generation အဖွဲ့မှနာမည်ကြီးအဆိုတော်လည်း ပါဝင်ကြောင်းသိရသည်။

မြောက်ကိုရီးယားအာဏာရပါတီ၏ ဧပြီ ၂ရက်နေ့ထုတ် သတင်းစာ ရှေ့မျက်နှာဖုံးတွင် တောင်ကိုရီးယား အနုပညာရှင်များ ပြုံယမ်းတွင် ဖျော်ဖြေခဲ့သည့်ပွဲအားဖော်ပြခဲ့သည်။ မြောက်ကိုရီးယားခေါင်းဆောင်သည် အဆိုပါ ဖျော်ဖြေပွဲသို့ ၎င်း၏ဇနီး ရီဆိုဂျူ၊ ညီမငယ် ကင်ယိုဂျုံန် တို့နှင့်အတူ တက်ရောက်ခဲ့ပြီး တောင်ကိုရီးယား အနုပညာရှင်များနှင့်လည်း ဓာတ်ပုံတွဲရိုက်ခဲ့သေးကြောင်း သိရသည်။

**ဆင်ဟွာ**

# ကလေးငယ် ၁၆ သန်းကို မိဘမဲ့မဖြစ်စေချင်ပါ

**တင်လင်းအောင်**




မကြာသေးမီကမှ အမေရိကန်နိုင်ငံသားဖြစ်ခွင့် စာရွက်စာတမ်း မတင်ပြနိုင်တဲ့ မိဘတွေနဲ့ ခွဲထားခံနေရတဲ့ အမေရိကန်နိုင်ငံသားလေးတွေအကြောင်း ဖတ်လိုက်ရတာဟာ ရင်ထဲမှာ စိတ်မကောင်းမှုကို ဖြစ်စေပါတယ်။

အဲဒီဖြစ်စဉ်က ဘာနဲ့တူသလဲ ဆိုတော့ ၁၉၈၅ ခုနှစ် တောင်အာဖရိကအခြေအနေနဲ့ ခပ်ဆင်ဆင်သွားတူနေပါတယ်။ ဂျိုဟန်နက်စ်ဘာ့ဂ်နဲ့ ကိပ်တောင်းမှာရှိတဲ့ ဘလက်ရှာ့လို့ ခေါ်တဲ့ လူဖြူအမျိုးသမီးအုပ်စုဟာ တောင်အာဖရိကလူမျိုးများ (လူမည်း) များမဲပေးမှုကို ဖယ်ရှားတဲ့ဥပဒေပြဋ္ဌာန်းမှုကို ကာကွယ်ရန် ရှေးမဆွကတည်းက (လွန်ခဲ့သော နှစ်ပေါင်း ၃၀) ကတည်းက ဖွဲ့စည်းခဲ့တာပါ။ အချိန်တွေ ကြာလာတာနဲ့အမျှ ဘလက်ရှာ့အုပ်စုဟာ ဘက်လိုက်ပြောတာတွေကို ကန့်ကွက်တဲ့အုပ်စုအဖြစ် ပြောင်းလဲဖြစ်ပေါ်လာခဲ့ပါတယ်။ အဲဒီအဖွဲ့မှာ အမျိုးသမီးထောင်ပေါင်းများစွာ စေတနာ့ဝန်ထမ်းတွေအဖြစ် ဝင်ရောက်လုပ်ကိုင်နေကြတာကို တွေ့ခဲ့ရပါတယ်။ သူတို့ဟာ ကြောက်စရာကောင်းတဲ့ ဥပဒေနဲ့ လူမျိုးရေးခွဲခြားမှုတွေနဲ့ ဆက်နွယ်နေတဲ့ လူမည်းတွေနဲ့ ရောနှော တောင်အာဖရိကလူမျိုးတွေကို စေတနာအလျောက် ကူညီနေတဲ့ အဖွဲ့ဝင်တွေပဲ ဖြစ်ပါတယ်။

ရင်နာစရာကောင်းတဲ့ အဲဒီစနစ်တစ်ခုရဲ့အကျိုးသက်ရောက်မှုတွေဟာ မိသားစုတွေရဲ့ ဘဝတွေကို ဖျက်လိုဖျက်ဆီးလုပ်နေပြီး ရှင်ကွဲကွဲစေခဲ့သလိုပါပဲ။ ဘလက်ရှာ့စေတနာရှင်တွေရဲ့ အဆိုအရ ဆယ်ကျော်သက်အရွယ်ကလေးတွေဟာ မိသားစုတွေနဲ့ ကွဲကွာနေရပြီး လူမည်းမိသားစုဝင်တွေကို ဆွေမျိုးဉာတိမရှိတဲ့ ဂျိုဟန်နက်စ်ဘာ့ဂ်နဲ့ ဝေးတဲ့နေရာတွေကို အင်အားသုံးထွက်ခွာစေမှုတွေ ရှိခဲ့တယ်ဆိုတာ သိခဲ့ရပါတယ်။

ယခုအခါမှာတော့ အမေရိကန်ပြည်ထောင်စုမှာလည်း အလားတူအဖြစ်မျိုးတွေ ဖြစ်နေသလိုပါပဲ။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ အစိုးရဟာ ရွှေ့ပြောင်းအခြေချမိဘတွေနဲ့ နေနေတဲ့ အမေရိကန်ကလေး ၁၆ သန်းရဲ့ ဘဝကို ခြိမ်းခြောက်နေသလိုပါပဲ။

ဒါဟာ မှန်ပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် အစိုးရရဲ့ အဆိုပြုချက်သစ်ဟာ အသက် ၁၈ နှစ်အောက် အမေရိကန်ဖွား ကလေးပေါင်း ၁၆ သန်းအနေနဲ့ သူတို့ရဲ့ မိဘတွေနဲ့ အတူနေရဖို့ ဝေးသထက် ဝေးကွာလာသလိုပါပဲ။ အကယ်၍ သူတို့မိဘတွေဟာ အမေရိကန်မှာ ဆက်ရှိနေဦးမယ်ဆိုရင်တော့ သူတို့ရဲ့ ဘဝဟာ မရေရာမှုတွေနဲ့ ရင်ဆိုင်ရကောင်း ရင်ဆိုင်ရနိုင်ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် အစိုးရရဲ့ အဆိုပြုချက်တွေဟာ ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ လုပ်ထုံး လုပ်နည်းတွေကို ပြောင်းလဲဖို့ တဖြည်းဖြည်း ရုပ်လုံးပေါ်လာသလိုပါပဲ။ အဲဒီ အဆိုပြုချက်အသစ်တွေမှာ တရားဝင်ရွှေ့ပြောင်းအခြေချတဲ့ သူတွေအပေါ် အစိုးရရဲ့ ထောက်ပံ့မှုတွေကို ကန့်သတ်လိုက်တာတွေ ပါဝင်လာပါတယ်။ ရွှေ့ပြောင်းအခြေချသူတွေအနေနဲ့ သူတို့ကလေးတွေက အမေရိကန်နိုင်ငံသားဖြစ်ခဲ့ရင်တောင်မှပဲ ဗီဇာအသစ်တွေ တရားဝင်နေထိုင်ခွင့်တွေ ရရှိဖို့ မလွယ်ကူလောက်ပါဘူး။

တရားရုံးက စည်းမျဉ်း စည်းကမ်းတွေနဲ့ နောက်ဆက်တွဲ အမိန့်နည်းဥပဒေတွေ ထုတ်ပြန်ပြီးတဲ့နောက်မှာ ဒုက္ခသည်တွေဟာ ယခုအခါမှာတော့ အမေရိကန်ပြည်ထောင်စုမှာ အလွန့်အလွန်နှေးကွေးတဲ့ နှုန်းနဲ့ ပြန်လည်နေရာချထားခြင်း ခံရမှာ ဖြစ်ပါတယ်။ လျှောက်ထားသူတွေကိုလည်း အသေအချာ ပြန်လည်စိစစ်သွားမှာဖြစ်ပြီးတော့ နှောင့်နှေးမှုတွေ ရှိတယ်လို့လည်း သိရပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် အစိုးရရဲ့ ပထမတစ်နှစ်မှာ အမေရိကန်ပြည်ထောင်စုထဲကို ဒုက္ခသည်တွေ အရေအတွက် ၂၉၇၂၅ ဦးသာ ဝင်ခွင့်ပြုခဲ့ပါတယ်။ အဲဒီပမာဏဟာ လွန်ခဲ့တဲ့နှစ်က အမေရိကန်ပြည်ထောင်စုကို ဝင်ရောက်ဖို့ လက်ခံခဲ့တဲ့ ဒုက္ခသည်တွေအရေအတွက် ၉၉၁၀၃ ဦးနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အလွန်ကို နည်းပါးခဲ့တာ ဖြစ်ပါတယ်။ ၁၉၈၀ ခုနှစ်တွေမှာ အမေရိကန်ပြည်ထောင်စုဟာ ဒုက္ခသည်တွေအရေအတွက် နှစ်သိန်းကျော် လက်ခံခဲ့တာဖြစ်ပါတယ်။

လွန်ခဲ့တဲ့ အောက်တိုဘာလမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် အစိုးရဟာ လက်ရှိဘဏ္ဍာနှစ်အတွက် ရောက်ရှိ ဒုက္ခသည်တွေ အရေအတွက်ပမာဏကို သမိုင်းတွင်စေမယ့် ပမာဏဖြစ်တဲ့ ၄၅၀၀၀ ထိ ကန့်သတ်လိုက်ပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ တင်းကျပ်တဲ့ လူဝင်မှုကြီးကြပ်ရေးဥပဒေအရ အမေရိကန်ပြည်ထောင်စုကို ဝင်ရောက်မယ့် ဒုက္ခသည်တွေအရေအတွက်ဟာ သိသိသာသာ တိုးတက်မှုရှိလာမှာ မဟုတ်တဲ့အတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် အစိုးရ သတ်မှတ်ကန့်သတ်ထားတဲ့ နှုန်းထိ ရောက်ဖို့ဆိုတာတောင် မလွယ်လှပါဘူး။

ယခုနှစ်မှာ အမေရိကန်ပြည်ထောင်စုဟာ ကနေဒါထက် လျော့နည်းတဲ့ ဒုက္ခသည်တွေအရေအတွက်ပမာဏကို ပြန်လည်နေရာချထားမှုတွေ လုပ်ကိုင်ဆောင်ရွက်နေပါပြီ။ ကနေဒါနိုင်ငံရဲ့ လူဦးရေဟာ အမေရိကန်ပြည်ထောင်စုမှာ ရှိတဲ့ လူဦးရေရဲ့ ဆယ်ပုံပုံတစ်ပုံလောက်ပဲ ရှိပါတယ်။

ပြန်လည်နေရာချထားခြင်းခံရတဲ့ ဒုက္ခသည်အသိုင်းအဝိုင်းနဲ့ လွန်ခဲ့တဲ့ ဆယ်စုနှစ်အတော်များများက နေထိုင်ခဲ့သူတစ်ဦးက သူ့ရဲ့ ဒုက္ခသည်မိတ်ဆွေတွေရဲ့ မိသားစုဝင်တွေဟာ နိုင်ငံခြားတိုင်းပြည်တွေမှာ နေထိုင်လျက်ရှိပြီး သူတို့ဟာ သူတို့တိုင်းပြည်တွေမှာ ဖိနှိပ်မှုတွေ ခံနေရတာကြောင့် အိမ်နီးချင်းပြည်နယ်တွေရဲ့ ဒုက္ခသည်စခန်းတွေမှာ ဒုက္ခတွေ ခံစားနေကြရတယ်လို့ ပြောပါတယ်။ သူတို့ဟာ အမေရိကန်ပြည်ထောင်စုမှာ ပိုမိုကောင်းမွန်တဲ့ ဘဝတွေ ရရှိဖို့ ပြန်လည်အခြေချမယ်လို့ မျှော်လင့်ချက်ကလေးနဲ့ နေထိုင်ခဲ့တာဖြစ်ပြီး လတ်တလောမှာ အမေရိကန်ပြည်ထောင်စုရဲ့ လူဝင်မှုကြီးကြပ်ရေးဥပဒေအရ ဒုက္ခသည်တွေဟာ အမေရိကန်ပြည်ထောင်စုအတွင်း ဝင်ရောက်ဖို့ စောင့်ဆိုင်းနေရတဲ့ ပုံစံဖြစ်နေပါတယ်။

အမေရိကန် ပြည်ထောင်စုမှာ နေထိုင်တဲ့ စုစုပေါင်း ဒုက္ခသည်အရေအတွက်ကို လျှော့ချလိုက်ခြင်းနဲ့ အီရန်နဲ့ အီရတ်ကဲ့သို့သော မွတ်ဆလင်အများစုနေထိုင်တဲ့ နိုင်ငံများကဲ့သို့သော နိုင်ငံများမှ ဒုက္ခသည်တွေ အမေရိကန်ပြည်ထောင်စုအတွင်း ဝင်ရောက်အခြေချနေထိုင်ခြင်းကိုလည်း တားမြစ်ပိတ်ပင်လိုက်ခြင်းဟာ မူဆလင်ဒုက္ခသည်များသာမက ခရစ်ယာန်ဒုက္ခသည်များကိုပါ ဒုက္ခရောက်စေခဲ့ပါတယ်။ အကြောင်းကတော့ မူဆလင်အများစုနေထိုင်တဲ့ အီရန်နဲ့ အီရတ်နိုင်ငံတွေမှာ ဖိနှိပ်ခံခရစ်ယာန်တွေက သိသိသာသာ များပြားလာတဲ့အတွက် အဲဒီဒုက္ခသည်တွေဟာ အမေရိကန်နိုင်ငံအတွင်းကို ဝင်ရောက်အခြေချတဲ့အခါ သူတို့လည်း တားမြစ်ပိတ်ပင်တဲ့ အထဲမှာ ပါနေလို့ပဲ ဖြစ်ပါတယ်။

အဲဒီတားမြစ်ပိတ်ပင်မှုဟာ အမေရိကန်နိုင်ငံမှာ အခြေချနေထိုင်ကောင်း နေထိုင်နိုင်တဲ့ သူတွေကိုလည်း ထိခိုက်နစ်နာမှုတွေ ဖြစ်စေခဲ့ပါတယ်။ ဥပမာ ကင်ညာ၊ လက်ဘနွန်နဲ့ ဂျော်ဒန် စတဲ့ နိုင်ငံတွေမှ လူထောင်ပေါင်းများစွာဟာ အိမ်နီးချင်းတိုင်းပြည်တွေရဲ့ ဖိနှိပ်မှုတွေကြောင့် ထွက်ပြေးနေရရုံသာမက ပြည်တွင်း ဖိအားတွေကြောင့်လည်း အခြားတစ်နေရာမှာ ခိုလှုံဖို့ တွန်းအားပုံစံဖြစ်လာပါတယ်။ အဲလိုဒေသက လူတွေဟာ သူတို့ဘဝ လုံခြုံတိုးတက်ဖို့ဆိုတဲ့ မျှော်လင့်ချက်နဲ့ ပိုကောင်းတဲ့ နေရာတွေ ရှာဖွေမှာ ဖြစ်ပါတယ်။ သို့သော်လည်း အလွန်တရာနည်းပါးလှတဲ့ ဒုက္ခသည်အရေအတွက်ကို လက်ခံခွင့်ပြုထားတဲ့ အမေရိကန်ပြည်ထောင်စုလို နေရာမျိုးက သူတို့ကို မျှော်လင့်ချက်တွေမဲ့စေကောင်း မဲ့စေမှာပါ။

ဒုက္ခသည် ခိုလှုံအခြေချနေထိုင်ခွင့် ကန့်သတ်မှုတွေကို ပြုလုပ်ခဲ့တာဟာ နိုင်ငံရဲ့ လုံခြုံရေးအတွက်ပါလို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မကြာသေးခင်ကမှ သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာဖြစ်တဲ့ တွစ်တာမှာ ရေးသားဖော်ပြခဲ့ပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ အမျိုးသားလုံခြုံရေးအတွက် နောက်ထပ်လည်း လူဝင်မှုကြီးကြပ်ရေးနဲ့ဆိုင်တဲ့ ကန့်သတ်မှုတွေ ပိုမိုလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်လို့ သူက ဆက်လက်ပြောခဲ့ပါတယ်။ သမ္မတကြီးက ဘယ်လိုဘယ်ပုံပဲ လူဝင်မှုတွေကို တင်းကျပ်နေပါစေ။ ဟိုးအရင် အမေရိကန်ရဲ့ သမိုင်းကြောင်းအရ ကလေးငယ်တွေကို ဆာလောင်မှုမှ ကင်းဝေးအောင်၊ မကျန်းမာတဲ့ ဘဝတွေက ကင်းဝေးအောင် ရှေးဘိုးဘေးဘီဘင်တွေက ဆောင်ရွက်ခဲ့တာကို တွေ့ရမှာ ဖြစ်ပါတယ်။ ယခုကဲ့သို့သော ခေတ်တွေ စနစ်တွေ ပြောင်းလာမှုအပေါ် မူတည်ပြီး လိုက်ပြောင်းလာတဲ့ အဆိုပြုချက်အသစ်တွေဟာ အမေရိကန်ရဲ့ တကယ့်တန်ဖိုးတွေကို လျော့နည်းစေသလို ဖြစ်ခဲ့ပါတယ်။

မည်သို့ပင်ဆိုစေ ရင်နာစရာကောင်းတဲ့ အဲဒီစနစ်တစ်ခုရဲ့ အကျိုးသက်ရောက်မှုတွေဟာ မိသားစုတွေရဲ့ ဘဝတွေကို ပိုမိုကောင်းမွန်အောင်၊ အဲလိုမျိုးတွေ မဖြစ်အောင် ကလေးငယ် ၁၆ သန်းရဲ့ ဘဝတွေကို မိသားစုနဲ့ ပြန်လည်ပေါင်းစည်းပြီး၊ အမေရိကန်ရဲ့ တကယ့်တန်ဖိုးကို ပြန်လည်ဖော်ထုတ်ပြီး ပိုကောင်းမွန်တဲ့ဘဝတွေ ဖန်တီးပေးဖို့ ဘယ်လိုရှေ့ဆက်သွားမလဲဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရှဥ့်လည်းလျှောက်သာ၊ ပျားလည်းစွဲ သာဆိုသလို အခြေအနေတွေ ဖန်တီးပေးနိုင်ဖို့ မျှော်လင့်ရမှာပဲ ဖြစ်ပါကြောင်း။ ။

**ကိုးကား - သည်ဝါရှင်တန်ပို့စ်**

# ၂၀၁၈ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

(၇) ရွေးဟောင်းပစ္စည်းတွေ့ရှိမှုအပေါ် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ငွေ။

(ခ) အောက်ဖော်ပြပါကိစ္စရပ်များအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များ ပြုနိုင်သည်-

(၁) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(၂) စတော့ရှယ်ယာဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ။

၃၂။ ဤဥပဒေအခန်း(၇) တွင်ဖော်ပြပါရှိသောစကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဤဥပဒေ၏ ပုဒ်မ ၁၊ ပုဒ်မခွဲ (ဂ)ပါ စကားရပ်များမှအပ ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

**အခန်း (၈)**

**အခြားအခွန်အကောက်ဆိုင်ရာကောက်ခံရမည့် နှုန်းထားများ**

၃၃။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါအခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့်နှုန်းထားများ၊ ကင်းလွတ်ခွင့်နှင့်သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည်-

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊

(ဂ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊

(င) ရုံးခွန်နှင့်တံဆိပ်ခေါင်းခွန်၊

(စ) မှတ်ကောင်ဝတ်ဆံသွင်းအခွန်၊

(ဆ) ခရီးလှည့်လည်ရေးလိုင်စင် / ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင် / ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင် / ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊

(ဇ) အကောက်ခွန်၊

(ဈ) မြေယာပေါ်တွင်ကောက်ခံသည့် အခွန်၊

(ည) ရေခွန်၊

(ဋ) တာတမံခွန်၊

(ဌ) သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊

(ဍ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များ မပါ)၊

(ဎ) ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊

(ဏ) ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(တ) ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊

(ထ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊

(ဒ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ။

၃၄။ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များ တူးဖော်ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာများ ထုတ်လုပ်ခြင်း၊ ဝယ်ယူရောင်းချခြင်း လုပ်ငန်းတို့သည် -

(က) ကျောက်မျက်ရတနာ သို့မဟုတ် လက်ဝတ်ရတနာများကို ကျပ်ဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ ရောင်းချရရှိသည့် ရောင်းရငွေအပေါ်တွင်-

(၁) ဤဥပဒေ ပုဒ်မ ၁၁ ပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန်ထမ်းဆောင်ရမည်။

(၂) ဤဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ ပြည်ပမှတင်သွင်းခြင်း၊ ထုတ်လုပ်ရောင်းချခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ခြင်းတို့အတွက် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည်။

(၃) ပုဒ်မခွဲငယ် (၂) ပါပြဋ္ဌာန်းချက်သည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ခ) ဝင်ငွေနှစ်အတွင်းရရှိသည့် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ်တွင် ဤဥပဒေပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန်ထမ်းဆောင်ရမည်။

**အခန်း(၉)**

**အထွေထွေ**

၃၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့် ကုန်စည်များနှင့် ပြည်ပမှတင်သွင်းသည့်ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိက မှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရေရှည်အကျိုးစီးပွားဖြစ်ထွန်းတိုးတက်လာစေရန် လည်းကောင်း နိုင်ငံတော်က ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်-

(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့် ပမာဏ၊ အကောက်ခွန်နှုန်းထားများနှင့် စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့် အာဆီယံ လွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ မူဘောင်အတွင်းမှ အာဆီယံဒေသတွင်း နိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့်များရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန်ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့် အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၇။ (က) ပြည်တွင်းအခွန်များ ဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာတာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်းနှင့် ထိုက်သင့်သော ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးရမည်။

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အခွန်စနစ်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မခွဲ (က) ပါလုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင် ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေ၌ ပြည်တွင်းအခွန်များဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။

(ဂ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ) ပါ အသုံးစရိတ်များအား အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေ ချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

၃၈။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များရရှိပိုင်ဆိုင်ထားခြင်းအတွက် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ တပ်ရိုက်သည့်ဒဏ်ငွေအဖြစ် ကောက်ခံရရှိငွေ၏ ၂၀ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအားလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသည့်အဖွဲ့အားလည်းကောင်း ဆုကြေးအဖြစ်ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူမည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းမပြုရ။

၃၉။ ဘဏ္ဍာရေးနှစ် ပြောင်းလဲခြင်းအတွက် သက်ဆိုင်ရာဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ အကူးအပြောင်းကာလအတွင်း အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်သတ်မှတ်နိုင်သည်။

၄၀။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အထူးကုန်စည်ခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ဝင်ငွေခွန်ဥပဒေတို့တွင် ပါရှိသောနှစ်၊ ဝင်ငွေနှစ် သို့မဟုတ် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရရှိသောနှစ်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအပါအဝင် အခွန်ထမ်းများအားလုံးအတွက် သက်ဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များအတိုင်းဖြစ်စေရေး ဆောင်ရွက်ရမည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။**

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**(ဇယား ၁)**

**ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်**

**(ကျပ်သန်းပေါင်း)**

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၈ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်ကောက်ခံသည့် အခွန်အကောက် | ၁၂၆၉၃၃၀.၉၄၃ |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၆၂၆.၈၄၃ |
| | ၂ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၆၉၂၀၇.၈၅၀ |
| | ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊ | ၃၀၀၀.၀၀၀ |
| | ၄ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံ အောင်ဘာလေ သိန်းဆု၊ | ၄၀၀၀၀.၀၀၀ |
| | ၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊ | ၇၃၂၅၇.၅၀၀ |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ရုံးခွန်နှင့်တံဆိပ်ခေါင်းခွန်၊ | ၂၇၉၈၇.၃၀၀ |
| | ၇ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | မှတ်ကောင်ဝတ်ဆံသွင်းအခွန်၊ | ၂၅၀.၀၀၀ |
| | ၈ | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင် / ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင် / ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင် / ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၄၃၃.၉၅၀ |
| | ၉ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၄၃၁၄၆၇.၅၀၀ |
| ၂ | | | ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ်ကောက်ခံသည့် အခွန်အကောက် | ၈၆၃၁၇၅.၅၉၈ |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၈၆၃၁၇၅.၅၉၈ |
| ၃ | | | အကောက်ခွန် | ၂၄၅၀၀၀.၀၀၀ |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန်၊ | ၂၄၅၀၀ ၀.၀၀၀ |
| ၄ | | | နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက် | ၄၁၄၃၉၀.၂၂၂ |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင်ကောက်ခံသည့် အခွန်၊ | ၂.၀၁၄ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၄၅.၈၂၄ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀.၀၂၅ |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၂၆၀၅.၄၂၈ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊(စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များ မပါ)၊ | ၃၅.၂၀၀ |
| | ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊ | ၁၀၅၃.၈၀၀ |
| | ၇ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၁၈၁၈၅၆.၈၇၉ |
| | ၈ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊ | ၁၁၆၈၉.၇၇၂ |
| | ၉ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊ | ၂၁၁၀၀၀.၀၀၀ |
| | ၁၀ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ ရရှိသည့် ဓာတ်အားခ။ | ၆၁၀၁.၂၈၀ |
| | | | စုစုပေါင်း | ၂၇၉၁၈၆၉.၇၆၃ |

# အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေကြမ်း

*ယမန်နေ့မှအဆက်*

**သက်သေပြရန်တာဝန်**

၃၆။ ပုဒ်မ ၆၄၊ ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်မှလွဲ၍ စည်းကြပ်မှုတစ်ခုသည် မှားယွင်းကြောင်း သက်သေပြရန်တာဝန်သည် စည်းကြပ်မှုကို ကန့်ကွက်သည့် အခွန်ထမ်းအပေါ်တွင် ကျရောက်သည်။

**အငြင်းပွားမှုမရှိသော အခွန်ပမာဏများအပေါ် ဆိုင်းငံ့မှုမရှိစေခြင်း**

၃၇။ အခွန်ထမ်းကစည်းကြပ်မှုအပေါ် စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ရန်လျှောက်ထားခြင်း သို့မဟုတ် အယူခံလျှောက်ထားခြင်းပြုသော်လည်း ညွှန်ကြားရေးမှူးချုပ်က ပုဒ်မ ၄၄ အရ အချိန်တိုးမြှင့်ပေးခြင်းမရှိလျှင် -

(က) အခွန်ထမ်းသည်အငြင်းပွားမှုမရှိသောအခွန်ပမာဏများကို ပေးသွင်းမြဲ ပေးသွင်းရမည်၊

(ခ) ညွှန်ကြားရေးမှူးချုပ်သည် အခွန်ထမ်းအားအငြင်းပွားမှုရှိသော အခွန်ပမာဏအတွက် အာမခံတင်သွင်းရန် တောင်းဆိုနိုင်သည်။

**အပြီးသတ်စည်းကြပ်မှုဟုမှတ်ယူခြင်း**

၃၈။ စည်းကြပ်မှုတစ်ခုသည် ပုဒ်မ ၂၈ အရ စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုကိုဆောင်ရွက်နိုင်သည့် ညွှန်ကြားရေးမှူးချုပ်၏ အခွင့်အာဏာနှင့် မဆန့်ကျင်စေဘဲ၊ ပုဒ်မ ၃၄ တွင် ခွင့်ပြုထားသည့် ကာလစည်းကမ်းသတ်အတွင်း ပြန်လည်သုံးသပ်မှုပြုလုပ်ရန် လျှောက်ထားခြင်း တစ်စုံတစ်ရာမရှိလျှင် အပြီးသတ်စည်းကြပ်မှုဖြစ်သည်ဟု မှတ်ယူရမည်။

သို့ရာတွင် အဆိုပါ စည်းကြပ်မှုနှင့်စပ်လျဉ်း၍ အခွန်ထမ်းက ပုဒ်မ ၂၂ အရ ပြင်ဆင်ထားသောအခွန်ကြေညာလွှာကို အချိန်မီတင်သွင်းပါက ပြင်ဆင်ထားသောအခွန်ကြေညာလွှာပါ အခွန်ပမာဏသည် စည်းကြပ်ပြီး အခွန်ပမာဏထက် ပိုမိုမှသာလျှင် ပြင်ဆင်တင်သွင်းသည့်အခွန်ကြေညာလွှာသည် စည်းကြပ်ခြင်းအား ပြင်ဆင်စည်းကြပ်စေရန် အကျိုးသက်ရောက်မှုရှိစေရမည်။

**အခွန်အယူခံခုံအဖွဲ့၏ဆုံးဖြတ်ချက်အပေါ်အယူခံမှု**

၃၉။ (က) အခွန်အယူခံခုံအဖွဲ့တွင် အဆုံးအဖြတ်ခံယူသည့် အယူခံတရားလိုနှင့် အယူခံတရားပြိုင် မည်သည့်ပုဂ္ဂိုလ်မဆို အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် မကျေနပ်လျှင် ဆုံးဖြတ်ချက်ရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံဝင်ရောက်နိုင်ပြီး ထိုသို့အယူခံမတင်သွင်းမီအခွန်အယူခံခုံအဖွဲ့တွင် အဆုံးအဖြတ်ခံယူစဉ်ကပါဝင်ခဲ့သော အခြားတရားပြိုင်ထံသို့ အယူခံလွှာမိတ္တူတစ်စောင်ပေးပို့အတည်ပြုရမည်။

(ခ) အခွန်အယူခံခုံအဖွဲ့သို့ ဦးစွာအယူခံလျှောက်ထားခြင်းမပြုဘဲ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ အယူခံဝင်ခြင်း မပြုနိုင်။ ထို့အပြင် အောက်ဖော်ပြပါအခြေအနေတစ်ရပ်ရပ်နှင့် ကိုက်ညီမှသာလျှင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ အယူခံလျှောက်ထားနိုင်သည်-

(၁) အခွန်အယူခံခုံအဖွဲ့မှ ဆုံးဖြတ်ချက်တစ်စုံတစ်ရာရရှိပြီး ဖြစ်ခြင်း၊

(၂) အခွန်အယူခံခုံအဖွဲ့သို့ အယူခံဝင်ရန် လျှောက်ထားခဲ့သည်မှာ ရက်ပေါင်း ၉၀ ကျော် လွန်ခဲ့သော်လည်း အခွန်အယူခံခုံအဖွဲ့ထံမှ တုံ့ပြန်မှုတစ်စုံတစ်ရာကို လက်ခံရရှိမှုမရှိခြင်း။

(ဂ) အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် ဥပဒေရေးရာပြဿနာပေါ်ပေါက်မှသာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံလျှောက်ထားနိုင်သည်။

(ဃ) အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်ခြင်းဖြစ်ပါက အခွန်အယူခံခုံအဖွဲ့သည် သက်သေအထောက်အထား၊ အကြောင်းအခြင်းအရာအပေါ် အခွန်အယူခံခုံအဖွဲ့၏ တွေ့ရှိချက်၊ ဥပဒေရေးရာ ပြဿနာပေါ်တွင် ယင်းအဖွဲ့၏ ကောက်ချက်တို့ အကျဉ်းချုပ်ပါဝင်သည့် ဆုံးဖြတ်ချက်ကို စာဖြင့်ရေးသားပေးပို့ရမည်။

## အခန်း (၆)
## အခွန်ပေးဆောင်ရန်တာဝန်နှင့် အခွန်ပေးဆောင်ခြင်း

**အခွန်ပေးဆောင်ရန်တာဝန်နှင့်ပေးဆောင်ရမည့်နောက်ဆုံးသတ်မှတ်ရက်**

၄၀။ (က) အခွန်ပေးဆောင်ရန်တာဝန်ရှိပါကဤဥပဒေနှင့်သက်ဆိုင်သည့် အခွန်ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသည့် အချိန်ကာလတွင်အခွန်ကို ပေးဆောင်ရမည်။

(ခ) ပုဒ်မခွဲ (က) နှင့်မဆန့်ကျင်စေဘဲအခွန်ပမာဏကို-

(၁) စည်းကြပ်မှုအကြောင်းကြားစာတွင် ဖော်ပြထားသည့်အတိုင်း သို့မဟုတ်

(၂) ပုဒ်မ ၂၇၊ ပုဒ်မခွဲ (င)အရသော် လည်းကောင်း၊ ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ဂ)အရသော်လည်းကောင်း စည်းကြပ်မှုအကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြထားသည့်နေ့ရက်တွင် ပေးဆောင်ရမည်။ စည်းကြပ်မှုအကြောင်းကြားစာ၌ အခွန်ပေးဆောင်ရမည့်နေ့ရက်ကို ဖော်ပြထားခြင်းမရှိလျှင် ယင်းအကြောင်းကြားစာ ထုတ်ပေးသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ပေးဆောင်ရမည်။

(ဂ) အခွန်ကိုညွှန်ကြားရေးမှူးချုပ်မှ သတ်မှတ်သည့် နေရာနှင့် နည်းလမ်းအတိုင်း ပေးဆောင်ရမည်။

**ကိုယ်စားပြုသူ၏ တာဝန်နှင့် ဝတ္တရားများ**

၄၁။ (က) ဤဥပဒေအရ ပုဂ္ဂိုလ်တစ်ဦး၏ **ကိုယ်စားပြုသူ** ဆိုသည်မှာ -

(၁) ဥပဒေအရ မစွမ်းဆောင်နိုင်သည့် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ဝင်ငွေကို ကိုယ်စား သို့မဟုတ် အဆိုပါပုဂ္ဂိုလ်၏အကျိုးအတွက် လက်ခံရရှိသည့် သို့မဟုတ် လက်ခံပိုင်ခွင့်ရှိသည့်အုပ်ထိန်းသူ သို့မဟုတ် မန်နေဂျာ၊

(၂) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏ အဓိကတာဝန်ရှိသူ၊

(၃) အစုစပ်လုပ်ငန်းဖြစ်ပါက အစုဝင်ပုဂ္ဂိုလ်၊

(၄) ယုံမှတ်အပ်နှံမှုအဖွဲ့ဖြစ်ပါက ယင်းအဖွဲ့ကို စီမံအုပ်ချုပ်သူ၊

(၅) အစုစပ်လုပ်ငန်း သို့မဟုတ် ကုမ္ပဏီမှအပ အခြားပုဂ္ဂိုလ်စုဖြစ်ပါက ယင်းပုဂ္ဂိုလ်စု၏ ကိုယ်စားရငွေပေးငွေများကို စာရင်းပြုစုရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်၊

(၆) ပြည်ထောင်စုအစိုးရဖြစ်ပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ကိုယ်စားရငွေပေးငွေများကို စာရင်းပြုစုရန်တာဝန်ရှိသည့် ပုဂ္ဂိုလ်၊

(၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ဒေသန္တရဆိုင်ရာ အာဏာပိုင်ဖြစ်ပါက ယင်း၏ကိုယ်စားရငွေပေးငွေများကို စာရင်းပြုစုရန်တာဝန်ရှိသည့် ပုဂ္ဂိုလ်၊

(၈) နိုင်ငံခြားအစိုးရ သို့မဟုတ် နိုင်ငံခြားအစိုးရတစ်ရပ်၏နိုင်ငံရေးဌာနခွဲဖြစ်ပါက ယင်း၏ ကိုယ်စားနိုင်ငံတော်အတွင်း၌ ရငွေပေးငွေများကို စာရင်းပြုစုရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်၊

(၉) နိုင်ငံသားဖြစ်စေ သို့မဟုတ် နိုင်ငံခြားသားဖြစ်စေ ပြည်ပနေသူဖြစ်ပါက နိုင်ငံတော်အတွင်းရှိ ယင်းပုဂ္ဂိုလ်ပိုင်ဆိုင်သော လုပ်ငန်းအဖွဲ့အစည်းတစ်ခု၏ မန်နေဂျာ သို့မဟုတ် ယင်းပုဂ္ဂိုလ်၏ လုပ်ငန်းကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်သူ။

(ခ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်ခြင်းခံရသော ကိုယ်စားပြုသူတစ်ဦးသည် တာဝန်များကို ထမ်းဆောင်နိုင်စွမ်းမရှိပါက ညွှန်ကြားရေးမှူးချုပ်က ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ကိုယ်စားပြုသူအဖြစ် သတ်မှတ်ကြောင်း အကြောင်းကြားစာဖြင့် ကြေညာပေးနိုင်သည်။

(ဂ) ပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်စားပြုသူတိုင်းသည် အခွန်ပေးဆောင်ခြင်း အပါအဝင် ယင်းပုဂ္ဂိုလ်အပေါ် ဤဥပဒေအရ သတ်မှတ်ထားသည့်တာဝန်များ သို့မဟုတ် ဝတ္တရားများကို ဆောင်ရွက်ရန်တာဝန်ရှိသည်။

(ဃ) ပုဒ်မခွဲ (စ) ပါ ပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်စေဘဲ ပုဒ်မခွဲ(ဂ)အရ ပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်စားပြုဆောင်ရွက်သူ ပေးဆောင်ရမည့်အခွန်ကို ယင်း၏လက်ဝယ်တွင် သို့မဟုတ် ထိန်းချုပ်ခြင်းအောက်တွင် ရှိနေသော ယင်းပုဂ္ဂိုလ်ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာမှန်သမျှ၏ တန်ဖိုးပမာဏအတိုင်းအတာအထိသာ ပေးဆောင်ရန် တာဝန်ရှိသည်။

(င) ပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်စားပြုသူသည် ယင်းပုဂ္ဂိုလ်၏ ကိုယ်စားပေးဆောင်လိုက်သည့် အခွန်ငွေပမာဏကို ယင်းပုဂ္ဂိုလ်ထံမှ ပြန်လည်ရယူရန်သော်လည်းကောင်း၊ ယင်းကိုယ်စားပြုသူ၏ လက်ဝယ်တွင် သို့မဟုတ် ထိန်းချုပ်ခြင်း အောက်တွင်ရှိနေသော ယင်းပုဂ္ဂိုလ်ပိုင်ဆိုင်သည့် ငွေကြေးများအနက်မှ အခွန်ပေးဆောင်လိုက်သည့် ပမာဏကို ထိန်းသိမ်းထားခြင်းကို သော်လည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်။

(စ) အခွန်ကိုပေးဆောင်ခြင်း မပြုရသေးမီကာလတွင် ကိုယ်စားပြုသူသည် အောက်ပါအတိုင်း ဆောင်ရွက်ခဲ့လျှင် ကိုယ်စားပြုသူ သို့မဟုတ် အခွန်ထမ်းကပေးဆောင်ရမည့် ထိုငွေကြေးပမာဏနှင့် ညီမျှသည့် အခွန်ငွေကို ပေးဆောင်ရန် ကိုယ်တိုင်တာဝန်ရှိစေရမည်-

(၁) လက်ခံရရှိသည့် သို့မဟုတ် စုဆောင်းရရှိသည့် အခွန်ပေးဆောင်ရန် ငွေကြေးကိုလွှဲပြောင်းခြင်း၊ပေးချေခြင်း သို့မဟုတ် ကုန်ခန်းအောင် ဆောင်ရွက်ခြင်းပြုလုပ်လျှင် သို့မဟုတ်

(၂) ယင်းကိုယ်စားပြုသူ၏ လက်ဝယ်တွင်ရှိနေသည့် သို့မဟုတ် အခွန်ပေးဆောင်ရမည့်အချိန်ကျရောက်ပြီးမှ ကိုယ်စားပြုသူထံရောက်ရှိလာသည့် အခွန်ထမ်းပိုင်ဆိုင်သည့်ငွေကြေး သို့မဟုတ် ရန်ပုံငွေမှ အခွန်ကို တရားဝင်ပေးဆောင်နိုင်ခဲ့စေကာမူ ပေးဆောင်ခြင်းမရှိဘဲ ယင်းငွေကြေး သို့မဟုတ် ရန်ပုံငွေအား ကုန်ခန်းအောင်ဆောင်ရွက်ခြင်း ပြုလုပ်လျှင်။

(ဆ) ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပုဂ္ဂိုလ်တစ်ဦးဦး၏ ကိုယ်စားပြုသူက ထမ်းဆောင်ရန် ပျက်ကွက်ခြင်းကြောင့် ယင်းပုဂ္ဂိုလ်ထမ်းဆောင်ရမည့် တာဝန်များမှ သက်သာခွင့်မရှိစေရ။

(ဇ) ပုဂ္ဂိုလ်တစ်ဦးဦးတွင် ကိုယ်စားပြုသူနှစ်ဦး သို့မဟုတ် ယင်းထက် ပိုမိုထားရှိပါက ဤပုဒ်မပါ တာဝန်နှင့် ဝတ္တရားများသည် ကိုယ်စားပြုသူများတွင် ပူးတွဲ၍သာမက ကိုယ်စီကိုယ်ငလည်း တာဝန်ရှိစေရမည်ဖြစ်ပြီး ယင်းတာဝန်များကို ကိုယ်စားပြုသူတစ်ဦးဦးအား ထမ်းဆောင်စေနိုင်သည်။

(ဈ) ဤဥပဒေပါ ရည်ရွယ်ချက်များအလို့ငှာ ညွှန်ကြားရေးမှူးချုပ်က အခြားနည်းအားဖြင့် ညွှန်ကြားခဲ့သည်မှလွဲ၍ အောက်ဖော်ပြပါ ဖျက်သိမ်းလိုက်သည့် အစုစပ်လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းနှင့် အသစ်ဖွဲ့စည်းလိုက်သည့် အစုစပ်လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းသည် တူညီ၍ တစ်ခုတည်းဖြစ်သည်ဟု မှတ်ယူရမည်-

(၁) အစုဝင် သို့မဟုတ် အဖွဲ့ဝင်အားလုံး မဟုတ်သော်လည်း တစ်ဦးတစ်ယောက် သို့မဟုတ် တစ်ဦးတစ်ယောက်ထက်ပို၍ အနားယူခြင်း သို့မဟုတ် နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ အစုဝင်အသစ် သို့မဟုတ် အဖွဲ့ဝင်အသစ် ဝင်ရောက်ခြင်းကြောင့်ဖြစ်စေ၊ အစုစပ်လုပ်ငန်းတစ်ခု သို့မဟုတ် အခြားတရားဝင် ဖွဲ့စည်းထားခြင်းမရှိသည့် သင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းတစ်ခုအနေဖြင့် ဖျက်သိမ်းခြင်း သို့မဟုတ် ဆက်လက်ရပ်တည်မှု မရှိတော့ခြင်း၊

(၂) ဤဥပဒေပါ ပြဋ္ဌာန်းချက်များမှလွဲ၍ အစုစပ်လုပ်ငန်း၊ အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းအသစ်တစ်ခုကို ကျန်ရှိသည့် အဖွဲ့ဝင်များဖြင့်ဖြစ်စေ၊ ကျန်ရှိသည့်အဖွဲ့ဝင်များနှင့်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသည့် အဖွဲ့ဝင်အသစ်များဖြင့်ဖြစ်စေ ဖွဲ့စည်းခြင်း၊

(၃) ဖျက်သိမ်းလိုက်သည့် အစုစပ်လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းက ဆောင်ရွက်ခဲ့သည့်လုပ်ငန်းကို အသစ်ဖွဲ့စည်းလိုက်သည့် အစုစပ်လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းက ဆက်လက်ဆောင်ရွက်လျက်ရှိခြင်း။

(ည) အခွန်ထမ်း သေဆုံးပြီးနောက်တွင်ဖြစ်စေ၊ အခွန်ထမ်း၏ ပိုင်ဆိုင်မှုကို ကြွေးမြီဖြင့်သိမ်းဆည်းခံရပြီးနောက်တွင်ဖြစ်စေ ယင်းပိုင်ဆိုင်မှုကို စီမံဆောင်ရွက်သူ သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူက ယင်းကိုယ်တိုင်သော်လည်းကောင်း၊ အခြားတစ်ဦးဖြင့်သော်လည်းကောင်း အခွန်စည်းကြပ်ထိုက်သည့်လုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျှင် သို့မဟုတ် အခွန်စည်းကြပ်ထိုက်သည့် လုပ်ငန်းကို ရပ်စဲရေးအတွက် ဆောင်ရွက်လျှင် အခွန်ထမ်း၏ ပိုင်ဆိုင်မှုကို ကိုယ်စားပြုဆောင်ရွက်သည့် စီမံဆောင်ရွက်သူ သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူသည် ဤဥပဒေပါ ကိစ္စရပ်များအလို့ငှာ ယင်းအခွန်စည်းကြပ်ထိုက်သည့်လုပ်ငန်းအတွက် အခွန်ထမ်းအဖြစ် မှတ်ယူရမည်။

(ဋ) အပေါင်ခံသူတစ်ဦးသည် ပေါင်နှံသူအခွန်ထမ်းတစ်ဦးထံမှ အပေါင်ပစ္စည်းအဖြစ် သတ်မှတ်ထားသည့် မြေယာ သို့မဟုတ် အခြားပစ္စည်းကို လက်ဝယ်ပိုင်ဆိုင်ထားရှိပြီး အပေါင်ခံသူအနေဖြင့် ယင်းမြေယာ သို့မဟုတ် အခြားပစ္စည်းကိုအသုံးပြု၍ အခွန်ကျသင့်သည့် လုပ်ငန်းဆောင်ရွက်မှုရှိပါက ယင်းမြေယာ သို့မဟုတ် ပစ္စည်းကို လက်ဝယ်ထားရှိသည့်ကာလအတွင်း အခွန်ကျသင့်သည့် လုပ်ငန်းဆောင်ရွက်မှု ပြုလုပ်နေသော အခွန်ထမ်းအဖြစ် မှတ်ယူရမည်။

(ဌ) ဤဥပဒေပါကိစ္စရပ်များအလို့ငှာ ပုဂ္ဂိုလ်တစ်ဦးသည် တစ်ခုထက်ပိုသော ကိစ္စရပ်များအတွက် ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆောင်ရွက်ပါက ယင်းသို့ ယုံမှတ်အပ်နှံမှုတစ်ခုချင်းစီအတွက် သီးခြားပုဂ္ဂိုလ်အဖြစ်မှတ်ယူဆောင်ရွက်ရမည်။

**ကုမ္ပဏီဖျက်သိမ်းပြီးနောက် အခွန်ပေးဆောင်ရမည့်တာဝန်**

၄၂။ (က) ဤပုဒ်မသည် ပင်ရင်းမှနုတ်ယူ၍ ပေးဆောင်ရမည့်အခွန်ဆိုင်ရာ တာဝန်များအပါအဝင် ပေးဆောင်ရမည့် အခွန်များကို ပေးဆောင်ခြင်းမရှိဘဲ ဖျက်သိမ်းသွားသည့် ကုမ္ပဏီများနှင့် သက်ဆိုင်သည်။

(ခ) ကုမ္ပဏီဖျက်သိမ်းချိန်တွင် အစုရှယ်ယာရှင်ဖြစ်နေသော ပုဂ္ဂိုလ်တစ်ဦးသည် ပေးဆောင်ရခြင်း မရှိသေးသည့်အခွန်ကို ဖျက်သိမ်းချိန်မတိုင်မီ တစ်နှစ်အတွင်း အစုရှယ်ယာရှင်အနေဖြင့် ကုမ္ပဏီမှ ခွဲဝေရရှိသည့် ငွေကြေး သို့မဟုတ် ပစ္စည်းပမာဏအထိပေးဆောင်ရန် ပူးတွဲ၍သာမက ကိုယ်စီကိုယ်ငလည်း တာဝန်ရှိစေရမည်။

(ဂ) ဤပုဒ်မတွင်ဖော်ပြထားသည့်ကုမ္ပဏီ၏ ပေးဆောင်ရမည့်အခွန်သည် ဖျက်သိမ်းချိန်တွင်ရှိသည့် အစုရှယ်ယာပိုင်ရှင်များနှင့် ကွဲပြားသည့် အစုရှယ်ယာပိုင်ရှင်များ၏ ပိုင်ဆိုင်မှုအောက်ရှိ အချိန်ကာလအတွင်း ပေးဆောင်ရမည့်အခွန်ဖြစ်ပါက ညွှန်ကြားရေးမှူးချုပ်အနေဖြင့် ကုမ္ပဏီက ပေးဆောင်ရမည့်အခွန်ကို အခွန်ပေးဆောင်ရမည့် အချိန်ကာလအတွင်းကုမ္ပဏီ၏ အစုရှယ်ယာရှင်ဖြစ်ခဲ့သူထံမှ ကုမ္ပဏီက ပေးဆောင်ရမည့်အခွန်ကို ကောက်ခံရမည်။

(ဃ) ဤပုဒ်မအရ ကုမ္ပဏီတစ်ခုအတွက် အခွန်ပေးဆောင်ရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်တစ်ဦးသည် ကုမ္ပဏီအနေဖြင့် ရပိုင်ခွင့်ရှိသည့် အခွင့်အရေးများကို ဦးစီးဌာနထံမှ တောင်းခံနိုင်သည်။

(င) ဖျက်သိမ်းချိန်တွင်ကုမ္ပဏီအနေဖြင့် အခွန်ကင်းရှင်းကြောင်း လက်မှတ်ရရှိထားပါက ဤပုဒ်မအရ အခွန်ပေးဆောင်ရမည့် မည်သည့်ပုဂ္ဂိုလ်မဆို အခွန်ပေးဆောင်ရန် တာဝန်မရှိစေရ။

**ပြန်အမ်းခြင်း**

၄၃။ (က) အခွန်ထမ်း ပေးဆောင်ထားသည့် အခွန်ပမာဏသည် စည်းကြပ်သည့် ပမာဏ သို့မဟုတ် ပေးဆောင်ရန်တာဝန်ရှိသည့် ပမာဏထက် ကျော်လွန်နေလျှင် ယင်းပိုငွေကို ညွှန်ကြားရေးမှူးချုပ်က ပြန်အမ်းရမည်။ ယင်းသို့ ပြန်အမ်းရာတွင် -

(၁) ဥပဒေအရ အခွန်ထမ်းပေးဆောင်ရမည့် စည်းကြပ်သည့်အခွန်၊ အတိုးနှင့်ဒဏ်ကြေးများကို ခုနှိမ်ရမည်။

(၂) ထို့အပြင်ကျန်ရှိသည့် ပြန်အမ်းငွေပမာဏမှ လာမည့် ၁၂ လ အတွင်း အခွန်ထမ်းပေးဆောင်ရမည့်အခွန်တာဝန်ကို ကြိုတင်ခွန်ပမာဏအဖြစ် ခုနှိမ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က)နှင့် မဆန့်ကျင်စေဘဲပြန်အမ်းရန်ရှိသည့် အခွန်ငွေအားလုံးကို အခွန်ထမ်းအား ပြန်အမ်းရမည်။

(ဂ) ဤပုဒ်မအရ ပြန်အမ်းငွေ သို့မဟုတ် ခုနှိမ်ခွင့်ကို အခွန်ထမ်းအနေဖြင့် သက်ဆိုင်ရာ စည်းကြပ်မှုပြုလုပ်ခဲ့သည့် အခွန်ကာလကုန်ဆုံးပြီး ခြောက်နှစ်အတွင်း လျှောက်ထားတောင်းခံမှသာ ခွင့်ပြုနိုင်သည်။

**အခွန်ပေးဆောင်ရမည့်ရက်တိုးမြှင့်ခြင်း**

၄၄။ (က) အခွန်ထမ်းသည်ညွှန်ကြားရေးမှူးချုပ်ကသတ်မှတ်ထားသည့်ပုံစံဖြင့် ပုဒ်မ ၄၀ အရ အခွန်ပေးဆောင်ရန် သတ်မှတ်ထားသည့် နေ့ရက်ထက်ကျော်လွန်၍ အခွန်ပေးဆောင်ရမည့်အချိန်ကို တိုးမြှင့်ပေးရန်လျှောက်ထားနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*



# အမေနဲ့အတူ ဘဝကိုရင်ဆိုင်

## ကျော်ဖြတ်နေသည့် အိမ့်ချစ်

ကိုလင်း

အသက် ၂၇ နှစ်ပြည့်မွေးနေ့ကို မိခင်ဖြစ်သူ၏ အားအင်များကြောင့် ပိုမိုအဓိပ္ပာယ်ရှိစွာဖြတ်သန်းနိုင်ခဲ့ပြီး ကလေးများအတွက် အချိန်ပေးရခြင်းကို ကျေနပ်မိကြောင်း အိမ့်ချစ်ကပြောကြားသည်။

မတ် ၃၁ ရက်တွင် ၂၇ နှစ်ပြည့်မြောက်ခဲ့သည့် အိမ့်ချစ်က မွေးနေ့အကြိုပွဲကို မတ် ၃၀ ရက်တွင် လှိုင်သာယာမြို့နယ်ရှိ ဝေဠုဝန်နိကာယကျောင်းမှ မိဘမဲ့ကလေးငယ် ၂၀၀ ခန့်ကို Yangon Water Boom တွင် ဆော့ကစားစေပြီး ညနေပိုင်းတွင် မွေးနေ့ကိတ်ခွဲခြင်းကိုပြုလုပ်ခဲ့ကာ အဆိုပါပွဲနှင့် လှူဒါန်းခြင်းအတွက် ငွေကျပ်သိန်း ၅၀ အကုန်အကျခံခဲ့ကြောင်း သိရသည်။

"ကိုယ်တိုင် မိဘရှိပါလျက်နဲ့ ဝေးကွာသလို နေနေရတဲ့ဘဝမို့ ကိုယ်ချင်းစာမိတာ အမှန်ပါပဲ၊ ညီမ ဒီဂီတလောကထဲကို မရောက်ခင်က အဖြစ်လေးတွေပေါ့၊ အဖေနဲ့အမေကွဲကြတဲ့အခါ ကြားကမြေစာပင်က သားသမီးတွေပါ၊ ငယ်ငယ်လေးကတည်းက ကျောင်းတက်ရင်တောင် အဖေရှိပါလျက် အဖေမဲ့ခဲ့ရသူဆိုတဲ့အဖြစ်ကို ဝမ်းနည်းတာရှိခဲ့ဖူးတယ်၊ ဒါတွေက ကိုယ်ရဲ့ အတိတ်ဘဝက ကံကြောင့်လိုပဲ သတ်မှတ်ပါတယ်၊ ၁၀ တန်းတုန်းကကျောင်းတက်ရင် သူငယ်ချင်းမိဘတွေက ကျောင်းလာကြိုကြတာပေါ့၊ သူတို့သားသမီးတွေကို ဂရုစိုက်ကြတာမျိုးမြင်ရင် ငိုချင်တဲ့စိတ်ကို ထိန်းထားရတာမျိုးလည်း ရှိခဲ့ဖူးတယ်၊ အမှန်တော့ အဲဒီတုန်းက အမေနဲ့အတူနေခဲ့တာလေ၊ အမေက ကြိုတာပို့တာ မလုပ်နိုင်ဘူး၊ သူကစျေးရောင်းရတယ်လေ၊ အမှန်တော့ အမေကိုယ်တိုင်လည်း ကြိုတာပို့တာ လုပ်ချင်မှာပေါ့၊ အမေက ဘယ်တော့မှ ကျွန်မကို စိတ်မချတတ်ဘူးလေ၊ ဒါပေမယ့် အလုပ်ကတစ်ဖက်မို့ သူကမကြိုနိုင်ဘူး၊ သူငယ်ချင်းတွေနဲ့ သူတို့မိဘတွေက ကူညီပေးကြတာကြောင့် အားရှိခဲ့ရသလို ကိုယ်အဆင်ပြေလာတော့လည်း ကိုယ်နဲ့ဘဝတူကလေးတွေကို ကူညီချင်မိတယ်၊ အခုလှူဒါန်းတာက အိမ့်ချစ်ကိုယ်တိုင်ရောင်းထားတဲ့ အဝတ်အထည်လုပ်ငန်းကရတဲ့ အကျိုး အမြတ်တွေရော၊ အနုပညာကြေးတွေရော စုပေါင်းပြီး လှူဒါန်းဖြစ်တာပါ"ဟု အိမ့်ချစ်က ပြောပြသည်။

မွေးနေ့အမှတ်တရ အလှူပွဲတွင် ကလေးငယ်များ၏ ဆုတောင်းမေတ္တာသံကြောင့် ကရုဏာအသံပိုင်ရှင် အိမ့်ချစ် မျက်ရည်မဆည်နိုင်ဖြစ်ခဲ့ပြီး ကလေးများအတွက်လည်း ပြည့်စုံတဲ့ဘဝတွေ ရရှိဖို့ ပြန်လည်ဆုတောင်းပေးခဲ့ကြောင်း သူက ပြောသည်။

"မိဘမရှိတာက အချိန်အတိုင်းအတာ တစ်ခုထိတော့ အခက်အခဲတွေရှိနိုင်ပါတယ်၊ ဒါပေမယ့် လူတိုင်းမှာ ပင်ကိုအရည်အသွေးတွေရှိပါတယ်၊ ဒါတွေကို အသုံးချပြီး ကိုယ့်ဘဝကို မြင့်မားအောင် ကြိုးစားခွင့်က လူတိုင်းမှာရှိတယ်လေ၊ မိဘမရှိပေမယ့် ချစ်တဲ့ခင်တဲ့၊ စာနာတဲ့လူတွေ ရှိတယ်ဆိုတာကို သူတို့အားလုံးကို သိစေချင်တယ်"ဟု အိမ့်ချစ်က ပြောကြားသည်။

လှိုင်သာယာမြို့နယ်ရှိ ဝေဠုဝန်နိကာယ အောင်ချမ်းသာ ဘုန်းတော်ကြီးကျောင်းတွင် မိဘမဲ့ များ၊ ဆင်းရဲနွမ်းပါးသူများ စုစုပေါင်း ၄၇၀ ခန့်ရှိပြီး အိမ့်ချစ်က ကျန်းမာသန်စွမ်းပြီး ဆော့ကစားရန် အသက်ပြည့်မီသည့် ကလေး ၂၀၀ ခန့်အား Water Boom သို့ ခေါ်ဆောင်လာခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ကလေးများအား နေ့လယ်စာ၊ ညနေစာ၊ အဆာပြေအစားအစာ၊ စာရေးကိရိယာ၊ အရုပ်များနှင့် ကျောပိုးအိတ်များ စသည်ဖြင့် ကလေးဘဝက အရုပ်များ၊ ပရိသတ်များပေးသည့် လက်ဆောင်များအား ပြန်လည်ဝေမျှခဲ့ခြင်း ဖြစ်သည်။

"ကလေးတွေဆိုတာ ဆော့ဖို့ ကစားဖို့ အာရုံအများကြီးရှိတယ်လေ၊ သူတို့အတွက် စိတ်အဝင်စားဆုံးက ဆော့ဖို့ပဲ၊ မိဘတွေ တတ်နိုင်တဲ့အခါ ကျောင်းပိတ်ရက်တွေမှာ အလည်အပတ်တွေ သွားကြတယ်၊ ကလေးတွေပျော်အောင် ကစားကွင်းတွေ ပို့ကြတယ်၊ ဒါကြောင့် အိမ့်ချစ်ကလည်း မွေးနေ့မှာ ကလေးတွေကို ပျော်အောင် စီစဉ်ပေးတာပါ၊ ကျွန်မ မွေးနေ့ပါတီတွေ သိပ်မလုပ်ဖြစ်ပါဘူး၊ အခုတော့ သူတို့အတွက် ကျွန်မရဲ့ လက်ဆောင် အင်္ကျီဆင်တူလေးတွေနဲ့ သူတို့ တစ်နေ့တာကို စိတ်လှုပ်ရှားနေကြတာ မြင်ရတော့ ကျွန်မလည်း ပျော်တယ်၊ အားလုံးလည်း ကျွန်မလို Idea လေးတွေရသွားပြီး မိဘမဲ့ကလေးတွေကို ကူညီပေးရင် ပိုပြီးဝမ်းသာစရာကောင်းမယ်" ဟု အိမ့်ချစ်က ပြောကြားသည်။

# ရွှေချည်ထိုး၊ ချည်ထည် မြန်မာဝတ်စုံများဖြင့်

## ပြည်ပတွင် မျက်နှာပွင့်ခဲ့သည့် မေမြတ်ဝါဆို

............ ကိုလင်း ............

**ဒုတိယအကြိမ်မြောက်အဖြစ် အင်ဒိုနီးရှားသံရုံး၏ ဖိတ်ကြားချက်ကြောင့် မတ် ၂၆ ရက်တွင် အမျိုးသမီးဒီဇိုင်နာ မေမြတ်ဝါဆို (Happy May Myat War Soe) သွားရောက်ခဲ့ကြောင်း သိရသည်။ အဆိုပါပြပွဲကို Indonesia Fashion Week 2018 ဟု အမည်ပေးထားပြီး မြန်မာနိုင်ငံမှ အာဆီယံဆိုင်ရာ သံအမတ်ကြီး ဦးမင်းလွင်နှင့် ဇနီးဒေါ်စံပယ် နှင့် Indonesia Fashion Week ၏ President ဖြစ်သူ Poppy Darsono တို့၏ ဖိတ်ကြားချက်အရ သွားရောက်ပြသခဲ့ကြောင်း သိရသည်။**

**မေး။ ။အင်ဒိုနီးရှားနိုင်ငံမှာ သွားရောက်ပြသတဲ့ ဒီဇိုင်းတွေ အကြောင်းကို ပြောပြပေးပါဦး။**

ဖြေ။ ။အားလုံးပေါင်း ၁၂ စုံကိုသွားရောက်ပြသ ဖြစ်ခဲ့ပါတယ်။ အမှန်က အစပိုင်းမှာ ဘယ်ရွေ့ဘယ်မျှ ပြသရမယ်ဆိုပြီး ပြောထားတာ မရှိဘူးလေ။ ဘယ်အချိန်ပြရမယ်တို့ ဘာတို့လည်း တိတိကျကျ မသိရဘူး။ ဒါပေမယ့် သူတို့ဘက်က ဝတ်စုံတွေအားလုံးကို သဘောကျကြိုက်နှစ်သက်တဲ့အတွက် အဖွင့်မှာကိုပဲ ဝတ်စုံ ၁၂ စုံစလုံး ပြသခွင့်ရခဲ့တယ်။ ဒါကတော့ ကျွန်မအတွက် အလွန်ဝမ်းသာစရာကောင်းတဲ့ ထူးခြားမှုခံရတဲ့ အရာပါ။ အဓိကပြသရတဲ့ ခေါင်းစဉ်ကတော့ Traditional Modernized Myanmar ဆိုတဲ့ ခေါင်းစဉ်နဲ့ ကိုယ်တိုင် ဖန်တီးချုပ်လုပ်ထားတဲ့ မြန်မာ့ရိုးရာ ချည်ထည်လေးတွေကို ပန်းချီဆရာမ နေခြည်ဝင်းလဲ့ရီ ကိုယ်တိုင် ရေးဆွဲပေးခဲ့တာဖြစ်ပါတယ်။ အဲဒီ ဒီဇိုင်းလေးတွေကို ချုပ်ပြီးပြသခဲ့တာပေါ့နော်၊ ဝါဆို့အနေနဲ့ကတော့ ဒီပွဲအတွက်ဘာတွေပြင်ဆင်သွားလဲဆိုရင် ကနုတ်ထွင်းထားတဲ့ သစ်သားစိုက်ဘီး၊ ဝတ်စုံနဲ့လိုက်ဖက်အောင်၊ တော်ဝင်ပုံစံဆန်တဲ့ ဖိနပ်တွေ၊ ပန်းချီဆွဲထားတဲ့ Hand Made ယပ်တောင်လေးတွေ၊ နောက် ဝတ်စုံပိုင်းကကျတော့ ရွှေချည်ထိုး၊ ပန်းချီ၊ တန်ဖိုးသင့် တွင်းထွက်ကျောက်မျက်ရတနာတွေနဲ့ ဖန်တီးပြသခဲ့တာ ဖြစ်ပါတယ်။



**မေး။ ။၂၀၁၇ ခုနှစ်တုန်းက သွားရောက်ပြသဖြစ်တာနဲ့ ဒီနှစ်မှာ သွားရောက်ပြသဖြစ်တာ ကွာခြားချက်က ဘာတွေများရှိမလဲ။**

ဖြေ။ ။ဒီတစ်ခါမှာတော့ ပန်းချီဆရာမရဲ့စိတ်ကူးလေးတွေက အင်မတန်ဆန်းသစ်ပါတယ်။ လူပုံတွေကို အဓိကထားပြီး ချည်ထည်တွေမှာ ရေးဆွဲပေးထားတယ်။ နောက်ဆုံးထွက်တဲ့ ဝတ်စုံမှာဆိုရင် လူတစ်ရပ်လောက်ရှိတဲ့ လူပုံအရုပ်ကို ရေးဆွဲပြီး ကျွန်မကချုပ်လုပ်ပြသခဲ့တာပေါ့နော်။ ကျန်တာတွေဆိုရင်လည်း ကျွန်မကိုယ်တိုင်တောင် တစ်ခါမှ မတီထွင်ဖူးတဲ့ပုံစံလေးတွေဖြစ်တာပေါ့။ ဥပမာပြောရရင် လူတွေရဲ့မျက်နှာတွေ၊ ဦးခေါင်းပိုင်းတွေကို အဓိကရေးဆွဲထားတာတွေ့ရတယ်။ ထူးထူးခြားခြား လုပ်ဖြစ်တာကတော့ ယပ်တောင်လေးတွေပါ။ ပထမတုန်းက ပုသိမ်ထီးတွေ၊ ဒုတိယအကြိမ်မှာ ယပ်တောင်လေးတွေပေါ့နော်။ ယပ်တောင်လေးတွေကို ပန်းချီ ရေးဆွဲထားတာတွေ ဖြစ်ပါတယ်။ နောက်ထပ်ကွာခြားချက်ကတော့ ဖိနပ်ပါပဲ။ မြန်မာ့ရိုးရာလည်းဆန်အောင်၊ ဆန်းသစ်ထားမှန်းလည်းသိအောင် တော်တော်ကို စိတ်ကူးပြီး ပုံဖော်ထားခဲ့ပါတယ်။

**မေး။ ။ အခုလိုစိတ်ကူးတွေ၊ ဒီဇိုင်းတွေကို မေမြတ်ဝါဆိုအနေနဲ့ ဘယ်လို ပုံဖော်ခဲ့ပါသလဲ။ ဘယ်လိုများ စိတ်ကူးမျှော်လင့်ချက်ထားပါသလဲ။**

ဖြေ။ ။ကျွန်မက ပြည်ပပွဲတွေကို သွားရောက်ပြသတဲ့အခါသူများနိုင်ငံက ကိုယ့်မြန်မာဝတ်စုံကို ထူးထူးခြားခြားလေး အသိအမှတ်ပြုစေ ချင်တယ်။ စိတ်လည်းဝင်စားစေချင်တယ်။ မေမြတ်ဝါဆိုဆိုတာထက် မြန်မာဆိုတာမျိုး၊ မြန်မာပြည်က ဒီဇိုင်နာဆိုတာမျိုး ပိုပြီးအောင်မြင်ချင်တယ်။ နောက်တစ်ခုက ကျွန်မကိုယ်တိုင်လည်း ယဉ်ကျေးမှုလက်ရာ လေးတွေဖြစ်တဲ့ ရွှေချည် ငွေချည်ထိုးတွေကို ပိုပြီး စိတ်ဝင်စားတယ်။ ပိုပြီးလည်း ဆန်းသစ်လေ့လာမှုတွေ လုပ်ဖြစ်တယ်။ နောက်တစ်ခုက နိုင်ငံခြားတိုင်းပြည်တွေမှာ ပြပွဲတွေ ပြသခွင့်ရပြီဆိုရင် သူတို့တွေအားလုံးက မြန်မာနိုင်ငံကဆိုတာနဲ့ တွင်းထွက်တွေ အကြောင်းကို စိတ်ဝင်စားကြတယ်။ ဘာကြောင့်မို့ တွင်းထွက်တွေပေါတာကို အသုံးမပြုကြ တာလဲဆိုပြီး မေးကြတယ်။ တွင်းထွက်ဆိုတာကတော့ တန်ဖိုးလည်းရှိပြီး စျေးနှုန်းကလည်း မြင့်တယ်လေ။ ဒါကြောင့် စျေးနှုန်းသင့်တင့်တဲ့ ကျောက်လေးတွေကို လက်ဝတ်ရတနာတွေအားလုံးမှာ ကိုယ်တိုင်စိတ်ကြိုက်ပြုလုပ်ပြီး ပန်းချီပညာနဲ့ ပေါင်းစပ်တယ်။ ကိုယ့်နိုင်ငံရဲ့ရိုးရာ လက်မှု ပညာတွေကိုလည်း တစ်ခါတည်းပြသခွင့်ရလို့ ကျေလည်း ကျေနပ် မိပါတယ်။

**မေး။ ။ပြည်ပကရော စိတ်ဝင်စားမှုဆိုရင် အရင်တစ်ခါထက်နှိုင်းယှဉ်ရင် ဘယ်လိုအခြေအနေရှိလဲ။**

ဖြေ။ ။ပွဲမှာပြသထားတဲ့ အနက်ရောင်ဝတ်စုံ ရွှေချည်ထိုးနဲ့ လုပ်ထားတဲ့ ဝတ်စုံလေးကို ပွဲမှာလာကြည့်တဲ့ စင်ကာပူနိုင်ငံသား ပရိသတ်တစ်ဦးကပဲ ဝယ်သွားတယ်။ သူတို့အနေနဲ့ ဒီရွှေချည်ထိုးထားတာကို အလွန်စိတ်ဝင်စားတယ်။ ဒါမျိုးကို သူတို့ဆီမှာ တွေ့ရခဲတယ်ပေါ့နော်။ အင်္ကျီအဖြစ်နဲ့ဆိုရင် ရွှေချည်ထိုး လက်ရာတွေကို သူတို့ တော်တော် သဘောကျတယ်။ နောက်တစ်ခုက ယပ်တောင်လေးတွေကို စိတ်ဝင်စားတယ်၊ ဘယ်လိုမှာယူလို့ရလဲဆိုပြီး ကျွန်မကို ဆက်သွယ်ပါတယ်။ ဒါ့အပြင် ပတ်ထဘီတွေကိုလည်း သဘောကျတယ်။ သူတို့အတွက် ဒီလိုပတ်ထဘီတွေက ဝတ်ရအဆင်ပြေလွယ်ကူတယ် ပြောတယ်။ အဲ့ဒါလေးတွေကိုလည်း မှာယူချင်တယ်လို့ ပြောပါတယ်။ သူတို့ဘက်က ဒီဇိုင်းပေးရင်ရော လုပ်ပေးလားဆိုပြီး ပြောတာတွေလည်း ရှိပါတယ်။ ညီမကတော့ ကိုယ့်နိုင်ငံအတွက် ဂုဏ်ယူရတာတော့ အမှန်ပါပဲ။





# "တောသကြၤန်"ဟု အမည်ရသည့် MTV သီချင်းတစ်ပုဒ်ကို

## အွန်လိုင်းမှဖြန့်မည့် ဒေါင်းဝေ

MRTV-4 တွင် ထုတ်လွှင့်ပြသခဲ့သည့် "ပန်းနုသွေး"၊ "ဝိညာဉ်ရှိုက်သံ" စသည့် ရုပ်သံဇာတ်လမ်းတွဲများတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး ပရိသတ်များ၏ အားပေးမှုများစွာရရှိခဲ့သူ သရုပ်ဆောင် ဒေါင်းဝေ က မကြာမီကျရောက်တော့မည့် မြန်မာနှစ်ကူးအတာသကြၤန်အတွက် သင်္ကြန်၏ အငွေ့အသက်များကို ပရိသတ်များ ခံစားရရှိစေရန် ရည်ရွယ်ကာ ဒါရိုက်တာ ဘုန်းဇော်ထူးနှင့် ပုံဖော်ရိုက်ကူးပြီး အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားသော "တောသကြၤန်" ဟု အမည်ပေးထားသည့် အမ်တီဗွီသီချင်းတစ်ပုဒ်ကို အွန်လိုင်းမှတစ်ဆင့် ဖြန့်ချိသွားရန်ရှိကြောင်း သိရှိရသည်။

"သင်္ကြန်နားနီးလာတော့ ကျွန်တော့်သီချင်းခွေလေးကို အရုပ်ပါထည့်ပြီး အသံသွင်းချင်လာတယ်၊ ဒီထဲမှာ ကျွန်တော်တို့ ဇာတ်ပို့ဇာတ်ရံတွေနဲ့ပဲ ရိုက်ကူးထားတာ ဖြစ်ပါတယ်၊ အနုပညာအတွက် လုပ်ချင်တဲ့ စိတ်ကလေးကြောင့်သာ အခုလို ဆောင်ရွက်ရတာ ဖြစ်ပါတယ်၊ အခွေတစ်ခွေ၊ သီချင်းတစ်ပုဒ် ဖြစ်လာဖို့ဆိုတာ ငွေကုန်ကြေးကျများတယ်လေ၊ အခုတော့ မန္တလေးသင်္ကြန်လိုမျိုး ပုံဖော်ရိုက်ကူးခွင့်ရပြီ၊ သင်္ကြန်မှာ ပျော်ရွှင်စွာ ရေကစားကြမယ့် ပရိသတ်ကြီးအားလုံး ကျန်းမာပျော်ရွှင်စွာနဲ့ နှစ်သစ်ကို ကြိုဆိုနိုင်ပါစေလို့လည်း ဆန္ဒပြုလိုက်ပါတယ်"ဟု ဒေါင်းဝေက ပြောကြားသည်။

ဒေါင်းဝေမှာ ကျန်းမာရေးအားနည်းသဖြင့် သင်္ကြန်တွင်း အိမ်တွင်သာ နေထိုင်ရန် ရည်ရွယ်ထားကြောင်း သင်္ကြန်ရက်တစ်ခုတွင် သူ၏မိခင်မှာ ဆုံးပါးသွားခဲ့ရခြင်းကြောင့် သင်္ကြန်ရောက်တိုင်း ဝမ်းနည်းစိတ်ဖြင့် မိခင်ကို လွမ်းဆွတ်နေတတ်ကြောင်း ဒေါင်းဝေ က ဆိုသည်။

**ကိုလင်း**

# အိုဘယ့်.....အိုဘယ့်.....ပန်နန်းဒင်

မြင့်စိုး (နတလ)

### မဂွေဇ-ရပ်ဘော့မှ ပန်နန်းဒင်သို့

ပန်နန်းဒင် (သို့မဟုတ်) ကျွန်တော့်ဘဝမှာ နောက်တစ်ခေါက် ပြန်လည်ရောက်ရှိရန် အခွင့်အရေးအလွန်နည်းပါးသွားပြီဖြစ်သော မြို့လေးတစ်မြို့သို့ ပြီးခဲ့သည့် မတ်လ ၂၉ ရက်နေ့တွင် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ရှိသွားခဲ့သည်။ ထိုနေ့က ကျွန်တော်ရောက်ရှိနေသော မဂွေဇမှ ရပ်ဘော့ကို ဖြတ်ပြီးသွားရသည့် ပန်နန်းဒင်ခရီးသည် ၃၆ မိုင်မျှသာရှိ၍ ဝေးလွန်းသည်ဟု မဆိုသာ။ ကားမောင်းချိန် ၃ နာရီခွဲ စွန်းစွန်းခန့် ကြာမြင့်ပါသည်။ တစ်ခုတော့ရှိသည်၊ ပန်နန်းဒင် မရောက်ခင်လေးမှာ ဖြတ်ကျော်ရသော ဝိုင်ဖီတောင် အတက်အဆင်းကတော့ အတန်ငယ်မြင့်မားသဖြင့် မိုးရွာသည်နှင့် ကြုံခဲ့ပါမူ ကားမောင်း၍ အဆင်ပြေမည်မဟုတ်တော့ပါ။ ဝိုင်ဖီတောင်ထိပ်တွင် တာဝန်ကျနေသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ တောအုပ် ဦးပိုင်မြင့် (ကျောက်ပန်းတောင်းဇာတိ) ထံမှ သိရသည်မှာ ဝိုင်ဖီတောင်သည် အမြင့်ပေ ၆၇၀၀ ကျော်ခန့်ရှိသည် ဆို၏။

### ဟိုအဝေးဆီက ရေခဲတောင်အလှတွေ

ကျွန်တော်တို့ခရီးစဉ်မှာ ဝိုင်ဖီတောင်ကို မကျော်မီကတည်းက တောင်ပေါ်မှ လှပစွာစီးကျနေသော ရေတံခွန်ငယ်လေးများ၏ အလှကို စတင်ကြည့်ရှုခံစားခွင့်ရခဲ့သည်။ စီးကျနေသော ရေတံခွန်အောက်တွင် သစ်ပင်သစ်ရွက်စိမ်းစိမ်းလေးများ တလှုပ်လှုပ်ဖြစ်နေခြင်းကိုက ကဗျာဆန်နေပြီဟု အတူပါလာသော ညီတော် မောင်သိန်းစိုးဦးက မှတ်ချက်ပြုခဲ့သည်။ ဝိုင်ဖီတောင်ထိပ်ကို ကျော်လိုက်သည်နှင့် ဟိုး------တောင်အောက်ဆီမှာ ပန်နန်းဒင်မြို့လေးကို လှမ်း၍မြင်နေရပြီ။ တစ်ခေါက်မက ရောက်ဖူးနေပြီဖြစ်သော ညီတော် မောင်သိန်းစိုးဦး၏ ပြသမှုကြောင့် ဟိုးဘက်အစုကတော့ ရုံးအစု၊ ဝဲဘက်ခြမ်းမှာ မြင်နေရသည်က ဆောက်လုပ်ရေးဘိုတဲ၊ အဝင်ဝမှာ မြင်နေရသော တံတားလေးက နမ့်တမိုင်ချောင်းကို ဖြတ်ကူးရသော ကြိုးတံတား၊ ညာဘက်ခြမ်းအစုက လူနေရပ်ကွက်စသည်ဖြင့် ခွဲခြားသိရှိလိုက်ရသည်။ ပန်နန်းဒင်မြို့လေးဘေးက ဖြတ်စီးသွားသော နမ့်တမိုင်ချောင်းသည် မေခမြစ်အတွင်းသို့ စီးဝင်ကြောင်း သိရသည်။ ဝိုင်ဖီတောင်ကြောပေါ်မှနေ၍ ပန်နန်းဒင်မြို့လေး၏ အလှကိုပဲ တွေ့မြင်ခံစားရသည် မဟုတ်ပါ။ သည်ကနေ့ ရာသီဥတုသာယာမှုက ကျွန်တော်တို့အတွက် သွားရေးလာရေး အဆင်ပြေစေရုံမျှမက ကံကောင်းခြင်းလက်ဆောင် တစ်ခုကိုပါ ယူဆောင်ပေးခဲ့သည်။ အခြားမဟုတ်ပါ၊ ရာသီဥတုမသာယာလျှင် တွေ့မြင်ရမည်မဟုတ်သော၊ ပန်နန်းဒင်ရောက်တိုင်းလည်း ကြုံချင်မှ ကြုံတတ်သော ဟိုးအဝေးဆီက ရေခဲတောင်များ၏ အလှကို လှမ်း၍တွေ့မြင်ကြည့်ရှု ခံစားခွင့်ရခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်တော့်အနေဖြင့် ရေခဲတောင်များ၏ အလှကို မမြင်မတွေ့ဖူးလို့တော့ မဟုတ်ပါ။ နာဂဒေသ လေရှီးမြို့သို့ ရောက်ခဲ့စဉ် စာရာမေတိတောင်ကြီး ရေခဲနေသည့် မြင်ကွင်းကို မြင်ဖူးခဲ့သည်။ ကချင်ပြည်နယ်ထဲက ဖုန်ကန်ရာဇီရေခဲတောင်များ၏ အလှကိုတော့ ဓာတ်ပုံထဲမှာပဲ တွေ့ခဲ့ဖူး၏။ ယခုမူ ပန်နန်းဒင်ဘက်က ရေခဲတောင်များကို မြင်ခွင့်ရခဲ့ပြီ။ ပန်နန်းဒင်ဒေသမှာ ထိုကဲ့သို့ ရေခဲတောင်အလှများအပြင် မြောက်ဘက်ကျေးရွာအုပ်စုတွေထဲက တဆူထုကျေးရွာအုပ်စု ခရေင်းရွာအထိ သွားလာနိုင်ရင်တော့ မြန်မာပြည်၏ ပစ်ဂမီဟု တင်စားခေါ်နေကြသည့် ထရုံတိုင်းရင်းသား တိုင်းရင်းသူနှစ်ဦးကို တွေ့နိုင်ခွင့်ရဦးမည်ဟု ဆိုကြ၏။ ထိုထရုံတိုင်းရင်းသားနှစ်ဦးသည် မောင်နှမများဖြစ်ကြသည်ဟု ပန်နန်းဒင် မြို့မရပ်ကွက် အုပ်ချုပ်ရေးမှူးဟောင်း ဦးချန်တန်မာထီး ထံမှ သိရ၏။

### ရောက်ခဲ့ပါပြီ ပန်နန်းဒင်မြို့လေးဆီ

တစ်ချိန်က မြို့နယ်ခွဲအဆင့်ဖြစ်ခဲ့ဖူးသော ပန်နန်းဒင်မြို့ကလေးမှာ မြို့မရပ်ကွက်ဟုခေါ်သော ရပ်ကွက်တစ်ခုဖြင့် ဖွဲ့စည်းထားပြီး အိမ်ခြေ ၂၂ အိမ်၊ လူဦးရေ ၁၁၉ ဦးရှိသည်။ ပတ်ဝန်းကျင်တွင် ငါ့ဝါ၊ ဒဇွန်ဒမ်း၊ တဆူထု၊ အလီအောင်၊ မခွမ်ကမ်ဟူ၍ ကျေးရွာအုပ်စု ၅ အုပ်စု၊ ကျေးရွာပေါင်း ၁၆ ရွာခန့်၌ လူဦးရေ ၁၇၀၀ ကျော် နေထိုင်ကြကြောင်း သိရသည်။ ရဝမ်တိုင်းရင်းသားအများစုဖြစ်ကြပြီး မြောက်ဖျားတွင်မူ တိဗက်လူမျိုးအနည်းငယ်ကို တွေ့နိုင်သည်ဆို၏။ ပန်နန်းဒင်မြို့နှင့် ပတ်ဝန်းကျင်မှ တိုင်းရင်းသားများ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ တောင်ယာစိုက်ပျိုးခြင်းနှင့် ရှားချီ၊ ရှိုးပတီး၊ ခန်းတောက်မြစ်နှင့် မဂျစ်ဥ စသော ဆေးဖက်ဝင် သစ်မြစ် သစ်ဥ သစ်ဖုများကို လိုက်လံရှာဖွေ ရောင်းချခြင်းဖြစ်သည်။ ရှားချီဆိုသော ဆေးမြစ်ကို အဓိကအားပြုရှာဖွေကြကြောင်းနှင့် ယင်းဆေးမြစ်ကလည်း တစ်ပိသာလျှင် သိန်းဂဏန်းအထိ ဈေးကောင်းရကြောင်း သိရသည်။ သို့သော် မိသားစုဝမ်းစာဖူလုံအောင် ရောင်းချနိုင်သည်အထိ များများစားစားကြီး ရှာဖွေတွေ့ရှိတတ်သည်မျိုးတော့ မဟုတ်ပါချေ။ ဟုတ်ပြီဗျာ- တောင်ယာလုပ်ကြမယ်၊ ဟင်းသီးဟင်းရွက်စိုက်ကြမယ်၊ ဆေးမြစ်တွေ ရှာကြမယ်၊ ပြီးရင် ဘာလုပ်သေးလဲဟု မေးကြည့်သောအခါ ကုန်ရောင်း ကုန်ဝယ်၊ ဈေးရောင်း၊ ဈေးဝယ်တို့နှင့် အထမ်းလိုက်၍ ဝင်ငွေရှာသည်ဟု ပြောပြကြ၏။ အမှန်အတိုင်း သုံးသပ်တင်ပြရလျှင် ပန်နန်းဒင်မြို့လေးမှ တိုင်းရင်းသားသွေးချင်းတို့၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးအတွက် အများကြီး၊ အများကြီး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရပါဦးမည်။ လမ်းပန်းဆက်သွယ်ရေး ဒီ့ထက် မြန်ဆန်ကောင်းမွန်အောင် လုပ်ရပါဦးမည်။ နတလ က ၂၀၀၈-၂၀၀၉ လောက်တွင် ရပ်ဘော့-ပန်နန်းဒင်လမ်းကို စတင်ဖောက်လုပ်ပေးခဲ့သည်။ ပန်နန်းဒင်အထိတော့ မရောက်ခဲ့၊ ယင်းနောက် ပဆင က ဆက်ဖောက်သည်။ ဝိုင်ဖီတောင်အတက်အဆင်းနှင့် ပန်နန်းဒင်မြို့လေးအဆင်း လမ်းအူကြောင်းမှာ တောင်ကြောမြင့်မားပြီး ပြေပြေပြစ်ပြစ်၊ ချောချောမွေ့မွေ့ရှိလှသဖြင့် ဦးဆောင်ဖောက်လုပ်သော ထိုစဉ်က ပူတာအိုခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများကို ကျေးဇူးတင်မိပါသည်။ ပန်နန်းဒင်မြို့အထိ မြေလမ်းပေါက်သည်မှာ မကြာသေးပေ။ ဆက်လက်၍ အပိုင်းလိုက် ကျောက်ခင်းလမ်းအဆင့်မြှင့်တင်မည်ဖြစ်ကြောင်း သိရသည်။

### ပန်နန်းဒင်ဒေသ ပညာရေး

မိမိတို့ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း) တို့အား လူငယ်သင်တန်းကျောင်းများမှတစ်ဆင့် တက်ရောက်သင်ယူနိုင်သော အခွင့်အလမ်းများကို အဓိကထားပြီး ရှင်းပြခဲ့သည်။ လူငယ်သင်တန်းကျောင်းတွင် တက်ရောက်ရန်အတွက် မိဘမဲ့တွေ၊ ဆင်းရဲနွမ်းပါးသူများကို ဦးစားပေး ရွေးချယ်ကြောင်း၊ အကယ်၍ သည်ဒေသမှ ဆယ်တန်းအောင်ကလေးများ ရှိပါကလည်း သတ်မှတ်ထားသော အရည်အချင်းနှင့် ကိုက်ညီလျှင် ကချင်ပြည်နယ်အတွက် ခွဲဝေလျာထားပေးထားသော လူဦးရေအချိုးအစားအရ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဒီဂရီကောလိပ်များသို့ တက်ရောက်ခွင့်အတွက် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံနိုင်ကြောင်း ပြောပြခဲ့သည်။ သို့သော် ကျွန်တော့်ဇာတိမြေကို မြတ်ဆရာပူဇော်ပွဲသွားရောက်စဉ် ပညာရေးကိစ္စဆွေးနွေးကြသကဲ့သို့ အခြေခံပညာမူလတန်း၊ အလယ်တန်းကျောင်းများက အခြေခံကောင်းကောင်းရအောင် သင်ကြားပေးလိုက်မှသာ၊ အ.ထ.ကကျောင်းသို့ ကူးပြောင်းလာသည့် ကလေးများအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားနိုင်ပေမည်။ အ.ထ.က ကျောင်းရောက်မှ ဂုဏ်ထူးအများကြီးထွက်ချင်၍ မရပါ။ အထူးသဖြင့် ဒီလိုနေရာဒေသမျိုးတွင် ဘာသာစကားပေါက်သော ဒေသခံဆရာ၊ ဆရာမများ၏ စေတနာနှင့် လုပ်အားနှုန်း အများကြီးလိုအပ်ပါသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ပထမ ၆ လ ဘတ်ဂျက်တွင် ပန်နန်းဒင်- တဟွန်ဒမ်းလမ်း မြေလမ်း ၆ မိုင် ဖောက်လုပ်ပေးမည် ဖြစ်ပါသည်။ ပန်နန်းဒင် အ.ထ.ကခွဲကျောင်း ဆရာ၊ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာနှင့် ပတ်ဝန်းကျင် အ.မ.ကကျောင်းများမှ ဆရာ၊ ဆရာမများအတွက်လည်း ဆိုလာမီးများ ထောက်ပံ့ကူညီပေးနိုင်ရေး ခရီးစဉ်မှအပြန် ပြည်ထောင်စုဝန်ကြီးထံ တင်ပြပေးပါဦးမည်။

### နှုတ်ဆက်ခဲ့ပါသည် ပန်နန်းဒင်

ပန်နန်းဒင်မြို့လေး၌ ညအိပ်ခွင့်မရခဲ့ပါ။ ပြန်ခါနီးတွင် နမ့်တမိုင်ချောင်း တစ်ဖက်ကမ်း၌ တည်ထားသော ရွှေတိဂုံပုံတူစေတီလေးကို လှမ်း၍ ဖူးမြော်ခဲ့သည်။ ထိုမှ မြို့ထဲအထိ ကြွလာသော ဆရာတော် ဘဒ္ဒန္တ သောဘန အားလည်း နဝကမ္မ ဝတ္ထုငွေများ ကပ်လှူခဲ့သည်။ ပန်နန်းဒင်ဒေသသည် ကုန်ဈေးနှုန်းကြီးမြင့်သကဲ့သို့ သွားလာရေးစရိတ်ကလည်း သိပ်တော့မလွယ်ချေ။ အကြောင်းကြီးငယ်ကိစ္စရှိ၍ တယ်လီဖုန်းဆက်သွယ်ပြောကြားလိုပါလျှင် နောင်မွန်းမြို့အထိ ဆိုင်ကယ်ကယ်ရီခ အသွား ငွေကျပ် ၅၀၀၀၀၊ အပြန် ငွေကျပ် ၅၀၀၀၀ စုစုပေါင်း ၁၀၀၀၀၀ ပေး၍ သွားပြောမှသာ အဆင်ပြေပါမည်။ ဒေသခံများ၏ ပြင်းပြသောဆန္ဒမှာ ၂၀၁၅ ခုနှစ်တွင် လာရောက်တပ်ဆင်ပေးထားသော IP Star ဖုန်းတစ်လုံးရှိနေပါသည်။ သက်ဆိုင်ရာက လာရောက်ပြင်ဆင်ဆောင်ရွက်၍ တယ်လီဖုန်းပြောကြားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးစေလိုပါသည် ဆိုခြင်းပင်။ ပန်နန်းဒင်မြို့လေးအထွက်မှာ လှူတော်ရန်ပုံငွေဖြင့် လမ်းဖောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်နေသည်ကို တွေ့ရသဖြင့် ကျွန်တော်တို့အဖွဲ့ လုပ်အားပေးခဲ့ကြသေးသည်။ ထိုနေ့က ဦးချန်တန်မာထီးနှင့် ၎င်း၏သမီးငယ် မချန်တန်နင်ဇီတို့ ကျွေးမွေးညှေ့ခံခဲ့သော တောင်ယာဆန်နီနီ၊ ဒေသထွက် ဂေါ်ဖီထုပ်သေးသေးလေးကို သုပ်ထားသော အသုပ်၊ နမ့်တမိုင်ချောင်းက ရလာသည်ဆိုသော ငါးဟင်းတို့ပါဝင်သည့် နေ့လယ်စာအတွက်လည်း ကျေးဇူးတင်ခဲ့ရပါသည်။ နေရစ်ခဲ့တော့ ပန်နန်းဒင်မြို့လေးရေ---------။ ။



> “အမှန်အတိုင်း သုံးသပ်တင်ပြရလျှင် ပန်နန်းဒင်မြို့လေးမှ တိုင်းရင်းသားသွေးချင်းတို့၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးအတွက် အများကြီး၊ အများကြီး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရပါဦးမည်။ လမ်းပန်းဆက်သွယ်ရေး ဒီ့ထက် မြန်ဆန်ကောင်းမွန်အောင် လုပ်ရပါဦးမည်”

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၁၀ ရွာ၌ မဟာဓာတ်အားလိုင်းပြင်ပစနစ်ဖြင့် အသေးစားမီးလင်းရေးများ လုပ်ဆောင်ပေးမည်

**မုံရွာ ဧပြီ ၃**

ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိရေးကို နိုင်ငံတော်မှ နည်းမျိုးစုံဖြင့် လုပ်ဆောင်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၁၀ ရွာတွင် ပြည်ထောင်စုအစိုးရနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းပြီး မဟာဓာတ်အားလိုင်းပြင်ပစနစ်ဖြင့် အသေးစားမီးလင်းရေးလုပ်ငန်းများကို ၂၀၁၈ ခုနှစ်အတွင်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

“မဟာဓာတ်အားလိုင်းပြင်ပစနစ်ဖြင့် အသေးစားမီးလင်းရေးကအသုံးပြုတဲ့ ကျေးရွာတွေက အိမ်ထောင်စုလူနေမှုအဆင့်အတန်းတွေ မြင့်မားလာမယ်၊ ကျန်းမာရေး၊ ပညာရေးတွေမှာလည်း အထောက်အကူဖြစ်စေသလို၊ ကျေးရွာရဲ့အသေးစားစီးပွားရေးလုပ်ငန်းတွေဖြစ်တဲ့ ဆန်၊ ဆီကြိတ်စက်တွေ လုပ်ဆောင်နိုင်သလို ဘာသာရေး၊ စာသင်ကျောင်း၊ လမ်းမီးတွေကိုလည်း အခမဲ့အသုံးပြုနိုင်မှာပါ၊ မဟာဓာတ်အားလိုင်း ပြင်ပစနစ်ဖြင့် အသေးစားမီးလင်းရေးကို နိုင်ငံတော်က ၆၀ ရာခိုင်နှုန်း၊ ကျေးလက်နေပြည်သူတွေက ၂၀ ရာခိုင်နှုန်းနဲ့ လုပ်ငန်းလုပ်ဆောင်ပေးမယ့် ကုမ္ပဏီက ၂၀ ရာခိုင်နှုန်း ထည့်ဝင်ပြီး မီးလင်းရေးလုပ်ဆောင်ပေးသွားမှာပါ၊ ကျေးရွာက ပြည်သူတွေ အချိုးကျငွေထည့်ဝင်ခိုင်းတာက ဒီမီးလင်းရေးစနစ်ကို တန်ဖိုးထားပြီး ရေရှည်အသုံးပြုနိုင်အောင်လို့ ထည့်ဝင်ခိုင်းတာပါ၊ လျှပ်စစ်မီးအသုံးပြုခကိုတော့ အခကြေးငွေနဲ့ သုံးရမှာပါ” ဟု တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းကျော်မျိုးက ပြောသည်။

မဟာဓာတ်အားလိုင်းပြင်ပစနစ်ဖြင့် အသေးစားမီးလင်းရေးလုပ်ငန်းအဖြစ် ကသာခရိုင်အတွင်းကျေးရွာ တစ်ရွာ၊ ကန့်ဘလူခရိုင်အတွင်း ကျေးရွာ သုံးရွာ၊ စစ်ကိုင်းခရိုင်အတွင်း ကျေးရွာ တစ်ရွာ၊ ယင်းမာပင်ခရိုင်အတွင်း ကျေးရွာ လေးရွာ၊ ရွှေဘိုခရိုင်အတွင်း ကျေးရွာ တစ်ရွာတို့တွင် လုပ်ဆောင်သွားမည်ဖြစ်ပြီး ယင်းလုပ်ငန်းများအားလုံးကို ၂၀၁၈ ခုနှစ်အတွင်း အပြီးလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး (ဧယျာတိုင်း)**

# သဘာဝအလှတရားများဖြင့် ဆန်းကြယ်လှသည့် ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်စားဖွယ် ဣစ္ဆာသယလိုဏ်ဂူ

ကရင်ပြည်နယ်အတွင်း သဘာဝထုံးကျောက်လိုဏ်ဂူများအနက် သဘာဝအလှတရားများဖြင့် ဆန်းကြယ်လှသည့် အထပ်အလွှာပေါင်း ခုနစ်လွှာရှိသော ဣစ္ဆာသယလိုဏ်ဂူတော်သည် ဘားအံမြို့နှင့် ခုနစ်မိုင်ခန့်အကွာ ဘားအံ-လှိုင်းဘွဲ့ ကားလမ်းမှတစ်ဆင့် နောင်ပလိန်ကားလမ်းအတိုင်းသွားရောက်နိုင်ပြီး ကတ္တရာလမ်းခင်းပေးထားသည့်အတွက် ယာဉ်ကြီး၊ ယာဉ်ငယ်မရွေး သွားလာနိုင်ကြောင်း သိရသည်။

ဣစ္ဆာသယလိုဏ်ဂူသည်ဂူအတွင်းပိုင်းသို့ အလျားတစ်မိုင်ခန့်ရှည်လျားပြီး နှစ်ဖက်ပေါက်ဂူဖြစ်ခြင်းကြောင့်လည်း တွေ့ရခဲသည့် ဂူအမျိုးအစားလည်းဖြစ်ကာ ဂူ၏အတွင်းပိုင်းမှာလည်း အံ့သြဖွယ်ရာ သဘာဝအလျောက် အထပ်အလွှာပေါင်းခုနစ်လွှာဖြစ်နေပေသည်။ ထို့ကြောင့် ဣစ္ဆာသယလိုဏ်ဂူသည်ကရင်ပြည်နယ်အတွင်းရှိ အခြားဂူများနှင့်မတူဘဲ တစ်မူထူးခြားစွာဖြင့်တည်ရှိနေပြီး ဂူအတွင်းမှကျယ်ဝန်းလှသည့် အခန်းများကလည်း သဘာဝအလျောက် ဖြစ်ပေါ်လျက်ရှိနေကာ ထူးဆန်းစွာ ဂူအတွင်းပိုင်း၌ အလင်းရောင်များလည်း ကောင်းစွာရရှိသဖြင့် မူလသဘာဝအတိုင်း ကျောက်စက်ပန်းဆွဲ၊ ကျောက်မိုးမျှော်များ၊ ပြုပြင်ထားခြင်းမရှိသေး၍ နှစ်သန်းချီမှ ဖြစ်ပေါ်တည်ရှိ အပ်သည့် သဘာဝအလှများကို တစ်ဝကြီးခံစားနိုင်ကြောင်း သိရသည်။

"ဒီဂူက သိပ်မသိကြသေးဘူးလေ၊ အရင်ကတော့ ဒီအတိုင်းထားတာ၊ ကျောင်းကိုလာတဲ့ ဒါယကာ ဒါယိကာမတွေက စိတ်ဝင်တစားနဲ့ ဝင်ကြည့်ကြရင်းလျှောက်တင်ကြလို့ ဆရာတော်ဦးဆောင်ပြီး လွန်ခဲ့တဲ့သုံးလလောက်ကစပြီးတော့ ဂူအတွင်းပိုင်းကို မီးတွေသွယ်တန်းတယ်၊ သာသနိကဆိုင်ရာအချို့ကိုပြုပြင်မွမ်းမံတာတွေ စလုပ်တာပါ" ဟု ဆရာတော် ဦးဆန္ဒာဓိကက မိန့်ကြားသည်။

အဆိုပါဂူကို ယခင်က လာရောက်သူနည်းပါးပြီး လူအသိနည်းခဲ့သော်လည်း ယခုအခါ လာရောက်လေ့လာကြည့်ရှုသူများ၊ အလှဓာတ်ပုံလာရောက်ရိုက်ကူးမှုများဖြင့် တစ်စတစ်စများပြားလာပြီဖြစ်ရာ လာရောက်သူများကိုလည်း ဆရာတော်က သက်သတ်လွတ်ထမင်းဟင်းဖြင့် ကျွေးမွေးကြောင်း သိရသည်။

"ဂူအတွင်းပိုင်းမှာ သမိုင်းတစ်လျှောက်က ရှေးဟောင်းလက်ရာဗုဒ္ဓရုပ်ပွားတော်တွေနဲ့ သဘာဝအတိုင်းဖြစ်ပေါ်နေတဲ့ ကျောက်စက်ပန်းဆွဲတွေ၊ သဘာဝအလှတရားတွေကခရီးသွားပြည်သူတွေကို အဓိကဆွဲဆောင်စေပါတယ်၊ ဂူထဲကို ရောက်ပြီးရင် ကြည့်လို့မဝ ဓာတ်ပုံရိုက်လို့မဝအောင် ဖြစ်စေတာက တခြားဂူတွေနဲ့မတူတဲ့ ထူးခြားချက်ပါ၊ နောက်အားသာချက်တစ်ခုကဂူအတွင်းပိုင်းက တော်တော်ကျယ်တယ်၊ လေဝင်လေထွက်ကောင်းတယ်၊ အလင်းရောင်ဝင်ပေါက်ကလည်း သဘာဝအလျောက်ဖြစ်ပေါ်နေတယ်၊ နောက်တစ်ချက်ပိုထူးတာက ဂူထဲမှာ အလင်းရောင်ဖြာကျလာရင် ရွှေရောင်အဆင်းအလင်းရောင်ပြန်ပြီး ထင်ဟပ်နေပါတယ်" ဟု ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ဣစ္ဆာသယလိုဏ်ဂူတော်သို့ လာရောက်လည်ပတ်မည်ဆိုပါက အဆိုပါဂူနှင့် ခရီးစဉ်တစ်ဆက်တည်းဖြစ်သော လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ သာယာလှပသော ကျုံထော်ရေတံခွန်သို့သွားရောက်နိုင်ပြီး ကျုံထော်မှအပြန် မြိုင်ကြီးငူအထူးဒေသရှိ စိန်ပန်းမြိုင်ဆည်ကိုလည်း အလှကြည့်ရှုနိုင်သည့်အပြင် မြိုင်ကြီးငူဆရာတော်ကြီးမြသပိတ်ဌာပနာထားသည့် နန်းဦး ဆုတောင်းပြည့်ဘုရားနှင့်ဘေသဇ္ဇမုနိကြေးသွန်းဘုရားကြီးကိုလည်း ဖူးမြော်နိုင်သည့်အပြင် သံလွင်မြစ်၏ သဘာဝအလှများအားဘုရားရင်ပြင်ပေါ်မှခံစားနိုင်ကာ ဘုရားအတွင်း ပန်းချီကားများရှိ ကမ္ဗည်းများကိုလည်း သေချာဖတ်ရှုကြည့်နိုင်ပါသည်။

ထိုမှတစ်ဖန် မြိုင်ကြီးငူအထွက်တွင် ရေပြန်ကျွန်းဆုတောင်းပြည့်ဘုရားကြီးဖူးရင်း တောတောင်သဘာဝအလှတွေ ကြည့်ရှုခံစားကာ တခင်းလုံကျေးရွာရှိ ဖဒုံဂူဘုရားနှင့်ဘားအံမြို့ တောင်ကလေးမြစေတီဘုရားကိုလည်း ဖူးမြော်နိုင်ခြင်း၊ ဖားပျံဂူကိုလည်း ဖူးမြော်လေ့လာနိုင်ခြင်း၊ တောင်ဝိုင်းတောင်သို့လည်းသွားရောက်ကာသဘာဝအလှများကို ခံစားရင်းသာယာလှပသော ရှုမျှော်ခင်းများကို မိုးပျံသံလှေကားတွင်အမှတ်တရအလှပုံများဖြင့် မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးနိုင်ကြောင်း သိရသည်။

ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များအနေဖြင့် ထူးခြားဆန်းကြယ်၍ သဘာဝအလှတရားများဖြင့် တည်ရှိနေသည့် ဣစ္ဆာသယလိုဏ်ဂူသို့ သွားရောက်လေ့လာနိုင်ပြီး အေးချမ်းစွာတရားထိုင်ဝိပဿနာပွားများလိုသူများအတွက် အထူးသင့်လျော်ရာနေရာတစ်ခုဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**



# မိတ္ထီလာမြို့နယ်၌ နှမ်းစပါးမျိုးစေ့ထုတ်စိုက်ပျိုးနိုင်ခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ



**မိတ္ထီလာ မေ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ နွေစပါးမျိုးစေ့ထုတ်စိုက်ပျိုးနိုင်ခြင်းကွင်းသရုပ်ပြပွဲကို မေ ၂ ရက်က ဇောင်းချမ်းကုန်းကျေးရွာ ကွင်းအမှတ် ၇၃၇ ၊ ဦးပိုင်အမှတ် ၁၃ တောင်သူ ဦးအောင်ကြည်စိန်၏ နွေစပါးမနောသုခမျိုးသန့် (Rs . to.Cs) မျိုးစေ့ထုတ်နှစ်ကေတွင် သိပ္ပံနည်းကျစပါးစိုက်ပျိုးနည်းစနစ်ကွင်းသရုပ်ပြပွဲကို ကျင်းပခဲ့ရာ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးသိန်း၊ ခရိုင်အဆင့် မြေအသုံးချ၊ မျိုးစေ့၊ သီးနှံကာကွယ်ရေးတာဝန်ခံများ၊ ဦးစီးအရာရှိများ၊ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာစိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ငြိမ်းက ဦးစီးဌာန၏ အဓိကတာဝန်ဖြစ်သည့် မျိုးစေ့ထုတ်လုပ်ခြင်း (Seed Production) လုပ်ငန်းကို မျိုးစေ့ထုတ်တောင်သူများမှတစ်ဆင့် သိပ္ပံနည်းကျ စပါးစိုက်ပျိုးနည်းစနစ်အတိုင်း စိုက်ပျိုးထုတ်လုပ်ပုံအဆင့်ဆင့်ကို တောင်သူများအားရှင်းလင်းပညာပေးဆွေးနွေးခဲ့ရာ သရုပ်ပြပွဲသို့ တက်ရောက်လာသည့် ဇောင်းချမ်းကုန်း၊ ကွက်ငယ်၊ ကံကောင်း၊ ရေချိုကျေးရွာအုပ်စုနှင့် မြင်းကန်ကျေးရွာအုပ်စုများမှ ဒေသခံတောင်သူများက သိလိုသည်များမေးမြန်းရာ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး သိပ္ပံနည်းကျစပါးစိုက်ပျိုးနည်းစနစ်အတိုင်း စိုက်ပျိုးနေမှုကို အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေး

**နေပြည်တော် မေ ၃**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် ခွင့်ပြုငွေထုတ်ပေးခြင်းအား မတ်လနောက်ဆုံးပတ်က ပျဉ်းမနားမြို့နယ် လူမှုဖူလုံရေးရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော် လူမှုဖူလုံရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်အောင်က အာမခံမှတ်ပုံတင်ထားသည့် ဇေယျာသီရိမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးဌာနမှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းဇော်ဦးသည် အသက်ရှူမဝ၍ နှလုံးသွေးကြောပိတ်ရောဂါခံစားနေရသဖြင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ တက်ရောက်ခဲ့စိတ်ကုသသည့် အတွက် ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၂၀ ထုတ်ပေးခြင်းနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် အာမခံမှတ်ပုံတင်ထားသူ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးဝင်းဇော်ဦးထံသို့ အကျိုးခံစားခွင့် ခွင့်ပြုငွေကျပ်သိန်း ၂၀ ကို ပေးအပ်ခဲ့ပြီး အကျိုးခံစားခွင့်ရရှိသူ ဦးဝင်းဇော်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်လှိုင်သင်း(နေပြည်တော်)**

# ပြင်ဦးလွင် ပရဟိတမျက်မမြင် ဘက်စုံပညာသင်ကျောင်း ငွေရတုသဘင်ပွဲကျင်းပ

**ပြင်ဦးလွင် မေ ၃**- ပြင်ဦးလွင်မြို့ဆရာတော် ဦးဥေယျ (မျက်မမြင်) ဦးစီးတည်ထောင်ဖွင့်လှစ်ခဲ့သည့် ပရဟိတမျက်မမြင် ဘက်စုံပညာသင်ကျောင်း၏ (၂၅)နှစ်မြောက် ငွေရတုသဘင်မင်္ဂလာပွဲကို အဆိုပါကျောင်း၌ မတ် ၂၈ ရက်မှ မေ ၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ငွေရတုသဘင်ပွဲတွင် မျက်မမြင်ကျောင်းသား ကျောင်းသူလေးများ၏ စွမ်းရည်ပြပွဲများ၊ အနုန်းသီးခွာ၊ အကျီဝတ်၊ အာလူးကိုက်၊ သံပုံးရိုက်၊ မုန့်စား၊ ချောတိုင်တက်၊ ဘောလုံးစသည့် ကာယစွမ်းရည်ပြိုင်ပွဲများ၊ ကဗျာရွတ်၊ ကျပန်း၊ သံချပ်၊ ပုံပြော၊ စကားရည်လု၊ ဗုံတောက်၊ ပုံပြင်ဆက်စသည့် ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပခဲ့ပြီး တရားပွဲအဖြစ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသက နှစ်ညတိုင်တိုင် တရားရေအေး တိုက်ကျွေးခဲ့ကြောင်း သိရသည်။ ညစဉ်စာပေဟောပြောပွဲများအဖြစ် ချစ်နိုင် (စိတ်ပညာ)၊ အကြည်တော်၊ ကိုလေး(အင်းဝဂုဏ်ရည်)၊ ညီပုလေး၊ ချစ်စရာတို့မှ စာပေရေးရာများကို ဟောပြောခဲ့ကြပြီး ရုပ်သေးမမနိုင် ရုပ်သေးပြဇာတ် ကကွက်ဖြင့်လည်း ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။ ငွေရတုပွဲတော်တွင် ပင့်သံဃာ ၂၅ ပါးကိုဆွမ်းကပ်ခြင်းနှင့် လှူဖွယ်ပစ္စည်း အစုစုတို့ကို ရေစက်ချလှူဒါန်းခဲ့ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# သီပေါဒေသရှိ ချောင်းဆုံအပန်းဖြေစခန်း ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်လျက်ရှိ

**သီပေါ မေ ၃**

ရှမ်းပြည်နယ် မြောက်ပိုင်းရှိ သီပေါဒေသသည် ရှေးယခင်ကပင် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များပေါများခဲ့သဖြင့် ကမ္ဘာလှည့်ခရီးသည်များ နှစ်သက်မြတ်နိုးစွာလာရောက်လည်ပတ်လေ့ရှိသည်။ ယခုအခါ အဆိုပါ သီပေါဒေသရှိ ချောင်းဆုံအပန်းဖြေစခန်းသည်လည်း ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်သည့် ခရီးစဉ်သစ် တစ်ခုအဖြစ် ပါဝင်လာပြီဖြစ်သဖြင့် ခရီးသည်များ လာရောက်လေ့လာလျက်ရှိကြောင်း သိရသည်။

ချောင်းဆုံအပန်းဖြေစခန်းသည် သီပေါမြို့မှတစ်ဆင့် ဒုဋ္ဌဝတီမြစ်အတိုင်း အချိန်တစ်နာရီခန့်အကြာ မော်တော်ဖြင့် ဆန်တက်ရပြီး မော်တော်စီးခမှာ လူတစ်ဦး လျှင်ငွေကျပ် ၂၅၀၀၀ ကျမည်ဖြစ်ကာ မော်တော်တစ်စင်းလျှင် ခရီးသည် ၁၀ ဦးခန့် စီးနင်းနိုင်ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**



# မှုခင်းကျဆင်းရေးအသိပညာပေး

**စဉ့်ကူး မေ ၃**

စဉ့်ကူးမြို့နယ်တွင် မဟာသင်္ကြန်ကာလအတွင်း မှုခင်းများ လျော့နည်းကျဆင်းရေးနှင့် မြို့နယ်အတွင်း သက်ငယ်မုဒိမ်းမှု ပပျောက်ရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီ ရဲမှူးစန်းနိုင်ထွန်း ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက မတ် ၃၁ ရက်က ကျေးရွာများသို့ ကွင်းဆင်းသွားရောက်၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့သည် ခတက်ချဉ်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ဒေသခံကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ မဟာသင်္ကြန်ကာလ မှုခင်းကျဆင်းရေး ဟောပြောခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ပျဉ်းမနားမြို့နယ် လူထုဗဟိုပြဇာတ်ရုံ၌ အခမဲ့ အခြေခံကွန်ပျူတာသင်တန်းဖွင့်

**ပျဉ်းမနား ဧပြီ ၃**

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း(နေပြည်တော်)နှင့် ပျဉ်းမနားလူငယ်ကွန်ရက်တို့ ပူပေါင်းဖွင့်လှစ်သည့် အခြေခံကွန်ပျူတာသင်တန်း ဖွင့်ပွဲကို ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဧပြီ ၁ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အမှာစကားပြောကြားပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း(နေပြည်တော်) တာဝန်ခံ ဦးစည်သူဝင်းက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက တက်ရောက်လာသည့် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းနှင့်ပတ်သက်သည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းများတွင် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း(နေပြည်တော်)နှင့် ပျဉ်းမနားလူငယ်ကွန်ရက် အဖွဲ့တို့မှ ဆရာများက စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် မနက် ၉ နာရီမှ ၁၂ နာရီနှင့် ညနေ ၃ နာရီမှ ၅ နာရီအထိ တစ်နေ့လျှင် နှစ်ချိန်နှုန်းဖြင့် သင်တန်းသား၊ သင်တန်းသူ ၄၀ ဦးအား သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ သုံးလကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**



## ဖလမ်းမြို့နယ် တာရွှန်းရွာ လူထုအခြေပြုခရီးသွားလုပ်ငန်း ဖွင့်ပွဲကျင်းပ

**ဖလမ်း ဧပြီ ၃**

ချင်းပြည်နယ်အတွင်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ခရီးသွားလုပ်ငန်းမှတစ်ဆင့် ဒေသခံပြည်သူများဝင်ငွေရရှိရေး၊ ချင်းတိုင်းရင်းသား ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း အစဉ်အလာများကို ခရီးသွားဧည့်သည်များ သိရှိနိုင်ရေးအတွက် ဖလမ်းမြို့နယ် တာရွှန်းကျေးရွာ၌ ဆောင်ရွက်မည့် လူထုအခြေပြုခရီးသွားလုပ်ငန်းဖွင့်ပွဲကို မတ် ၃၁ ရက်က တာရွှန်းကျေးရွာအဝင်မုခ်ဦးတွင် ကျင်းပခဲ့ သည်။



ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်နှင့် The Backyard ခရီးသွားလုပ်ငန်းကုမ္ပဏီ တာဝန်ခံ ဆလိုင်းငွန်ဇာမှုန်းတို့က လူထုအခြေပြုခရီးသွားလုပ်ငန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဗိုလ်ကြွန်ဘိခ်ခန်းမ၌ လူထုအခြေပြုခရီးသွားလုပ်ငန်းဖွင့်ပွဲကို ဆက်လက်ကျင်းပကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးတို့က အမှာစကားပြောကြားသည်။

ထို့နောက် လူထုအခြေပြုခရီးသွားလုပ်ငန်း အသိအမှတ်ပြုလက်မှတ်၊ ယဉ်ကျေးမှုအဖွဲ့များနှင့် ခရီးသွားလုပ်ငန်းများအတွက် အလှူငွေများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ကြပြီး ဒေသခံပြည်သူများက လက်ခံရယူကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခရီးသွားဧည့်သည်များအတွက် တည်းခိုမည့်အိမ်များ ပြင်ဆင်ထားမှုနှင့် ရိုးရာပစ္စည်းများ ပြသထားမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

တာရွှန်း လူထုအခြေပြု ခရီးသွားလုပ်ငန်းသည် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှု၊ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်မှုတို့ဖြင့် The Backyard ခရီးသွားလုပ်ငန်းကုမ္ပဏီတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သည့် လုပ်ငန်းဖြစ်သည်။

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်အရ ၂၀၁၇ ခုနှစ် ဇန်နဝါရီလက ကန်ပက်လက်မြို့နယ် ဆောလောင်းကျေးရွာတွင် ပြည်နယ်၏ ပထမဆုံး လူထုအခြေပြုခရီးသွားလုပ်ငန်းကို ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုဖွင့်လှစ်သည့် တာရွှန်း လူထုအခြေပြုခရီးသွားလုပ်ငန်းမှာ ဒုတိယမြောက် ဖွင့်လှစ်နိုင်ခဲ့သည့် လုပ်ငန်းဖြစ်သည်။ အဆိုပါတာရွှန်းရွာသည် ဖလမ်းမြို့မှ လေးမိုင်ခန့်ဝေးကာ နယ်ချဲ့တော်လှန်ရေးခေါင်းဆောင် ဗိုလ်ကြွန်ဘိခ်(ဗိုလ်ဆွန်ပက်)၏ရွာ ဖြစ်သည်နှင့်အညီ ချင်းပြည်နယ်၏ သမိုင်းဝင်ကျေးရွာလည်းဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မြင်းခြံမြို့နယ်တွင် ရွှေဘုန်းကံ စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲကျင်းပ

**မြင်းခြံ ဧပြီ ၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကန်ရွာကျေးရွာတွင် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ခဲ့သော ရွှေဘုန်းကံ စာကြည့်တိုက် ဖွင့်ပွဲကို ဧပြီ ၁ ရက်က ကျင်းပခဲ့သည်။



စာကြည့်တိုက်ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ဝေဝေဖြိုး၊ ခရိုင်ဦးစီးအရာရှိ ဒေါ်နှင်းရည်၊ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးလှမော်မြင့်၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသိန်းသဏ်းအောင်(မြင်းခြံ)နှင့် စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဝင် ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းဒေသကြီးဦးစီးမှူးနှင့် အဖွဲ့က စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များ ခင်းကျင်းထားရှိမှုကို လိုက်လံကြည့်ရှုခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ခြင်းအတွက် အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်လက်ထောက်ပညာရေးမှူးက ကျေးရွာနေပြည်သူများ အသိပညာ ဗဟုသုတ တိုးပွားစေရန်အတွက် စာများများဖတ်ကြရန်လည်းကောင်း တိုက်တွန်းဟောပြောခဲ့ကာ တိုင်းဒေသကြီးဦးစီးမှူးနှင့် ခရိုင်ဦးစီးအရာရှိတို့က စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်များနှင့် ရုပ်မြင်သံကြားဖမ်းစက်ကို လှူဒါန်းခဲ့သည်။

အဆိုပါ ရွှေဘုန်းကံစာကြည့်တိုက်ကို ကန်ရွာကျေးရွာရှိ ရွာပိုင်မြေပေါ်တွင် အမြင့် ကိုးပေ၊ အလျား ၂၅ ပေ ၊ အနံ ၁၄ ပေရှိ အုတ်စီ၊ သွပ်မိုး အဆောက်အအုံအဖြစ် တည်ဆောက်ခဲ့ပြီး တိုင်းဒေသကြီးခွင့်ပြုငွေကျပ် ၃၅ သိန်းနှင့် ပြည်သူများထည့်ဝင်ငွေ ကျပ် ၁၀ သိန်း စုစုပေါင်း ၄၅ သိန်း အကုန်အကျခံ၍ ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## သင်္ကြန်အကြို ယာဉ်စည်းကမ်းပညာပေးလုပ်ငန်းများ သံတွဲမြို့အတွင်း၌ လှည့်လည်ဆောင်ရွက်လျက်ရှိ

**သံတွဲ ဧပြီ ၃**

ရခိုင်ပြည်နယ် သံတွဲမြို့၌ မဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများ၊ ခရီးသည်များ၊ ဆိုင်ကယ်မောင်းနှင်သူများအားလုံး ယာဉ်အန္တရာယ်ကင်းဝေးစေရန် ရည်ရွယ်ပြီး ယာဉ်မောင်းသူများနှင့် လမ်းအသုံးပြုသူ ပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်း လုပ်ငန်းများကို ယာဉ်ထိန်းတာဝန်ရှိသူများက မတ် ၂၆ ရက်မှစ၍ သံတွဲမြို့အတွင်းလှည့်လည်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမှတ်(၂၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(သံတွဲ)မှ ရဲအုပ်သန်းစိုးအောင် ဦးဆောင်သည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဆိုင်ကယ်မောင်းနှင်စီးနင်းသူများအနေဖြင့် ဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ မောင်းနှင်ကြရန်၊ ပါဝါအိတ်ဇောများ တပ်ဆင်မောင်းနှင်ခြင်း မပြုရန်၊ အရက်သေစာသောက်စား၍ ယာဉ်မောင်းနှင်ခြင်းမပြုရန်နှင့် အခြားယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောကာ လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သန်လျင်မြို့နယ်ရှိ ရေထိန်းတံခါးများကြောင့် နွေစပါးများ အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်း

**ရန်ကုန် ဧပြီ ၃**

ရန်ကုန်တိုင်းဒေသကြီး (တောင်ပိုင်းခရိုင်)သန်လျင်မြို့နယ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနက တာတမံများတည်ဆောက်ပြီး တာပေါ်ရှိ ရေထိန်းတံခါးများမှ တစ်ဆင့်ဖြည့်တင်းရေပေးသွင်း သိုလှောင်ထားပေးခြင်းကြောင့် ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါးစိုက်ရာသီအတွက် နွေစပါးဧက ၃၀၀၀ ခန့်ကို အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့ကာ ယခုအခါ စပါးများ ရိတ်သိမ်းနေကြပြီဖြစ်ကြောင်း သန်လျင်မြို့နယ်ရှိ ဒေသခံတောင်သူများထံမှ သိရသည်။

သန်လျင်မြို့နယ် ညောင်သုံးပင်ကျေးရွာမှ တောင်သူဦးကြာဝင်းက "ဒီနှစ် နွေစပါး ၁၃၀ ဧက စိုက်ပျိုးပါတယ်၊ ဘော့ချောင်းရေထိန်းတံခါးကနေ နွေစပါးစိုက်ဖို့ ရေချိုပေးတဲ့အတွက် စိုက်ပျိုးရေးအတွက် မပူပင်ရတော့ဘူး၊ ထွက်နှုန်းလည်း တိုးပါတယ်၊ တစ်ဧကတင်း ၉၀ ကျော် ရရှိပါတယ်၊ ချောင်းမြောင်းတွေကောင်းလာတော့ မိုးတွင်းရေကြီးနစ်မြုပ်မှုလည်း မရှိပါဘူး"ဟု ပြောသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ၁၉၈၆ ခုနှစ်တွင် အလျား ၂၄ မိုင်ရှိ ပဲခူးမြစ်ရေငန်တားဘော့ချောင်းကမ်းပတ်တာကို တည်ဆောက်ခဲ့ပြီး တာပေါ်တွင် ဘော့ချောင်းရေထိန်းတံခါး၊ ထော်သွန်ရေထိန်းတံခါးနှင့် ပုဂံတောင်ရေထိန်းတံခါး တို့ကိုလည်းကောင်း၊ မှော်ဝန်းချောင်းမှ ရေငန်ဝင်ရောက်မှုကို တားဆီးနိုင်ရန် ဆေးလုံးကြီးချောင်းစောက် ရေငန်တားတာနှင့် တာပေါ်တွင် ဆေးလုံးကြီးရေတံခါးကိုလည်းကောင်း တည်ဆောက်ခဲ့ကြောင်း သိရသည်။

သန်လျင်မြို့နယ် ဘယက်ကျေးရွာအုပ်စုမှ ဦးစိန်နွဲ့က "တစ်နှစ်ထက်တစ်နှစ် ကျွန်တော်တို့ကျေးရွာအုပ်စုမှာ နွေစပါးစိုက်ပျိုးတဲ့သူ ပိုမိုတိုးတက်များပြားလာပါတယ်၊ ကွင်းအတွင်းမှာ ရေသွင်းရေနုတ်မြောင်းတွေကို ထပ်မံတူးဖော်ပေးတဲ့အတွက် မိုးရာသီ ရေကြီးနစ်မြုပ်မှုကို မပူပင်ရတော့သလို နောင်နှစ်မှာ နွေစပါး ဧကတိုးချဲ့စိုက်ပျိုးလာကြမှာဖြစ်ပါတယ်" ဟုပြောသည်။

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်သည် ရှေးယခင်က ပဲခူးမြစ်နှင့် မှော်ဝန်းချောင်းတို့အကြား ရေငန်ဝင်ရောက်ရာ မြစ်ဝကျွန်းပေါ် မြေနိမ့်လွင်ပြင် ရေကြီးကွင်းဒေသ ဖြစ်ခဲ့သဖြင့် မိုးရာသီ၌ ရေကြီးနစ်မြုပ်မှုကို ခံစားကြရပြီး နွေရာသီတွင် ရေချိုရရှိမှုခက်ခဲသော ရေငန်ဖုံးလွှမ်းရာဒေသဖြစ်၍ စိုက်ပျိုးရေးတွင် သီးနှံအောင်မြင်ဖြစ်ထွန်းမှု လျော့နည်းခဲ့ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ယခုအချိန်တွင် ရေငန်တားတာများနှင့် ရေထိန်းတံခါးများ တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် သန်လျင်မြို့နယ်အတွင်းမှ



**သန်လျင်မြို့နယ်မှ ခရမ်းရေထိန်းတံခါး**

ဧက ၄၁၈၈၀ ရှိ ရေငန်ဖုံးလွှမ်းနေသည့် ဘော့ချောင်းရေကြီးကွင်းကို စိုက်ပျိုးမြေများအဖြစ် ဖော်ထုတ်ပေးနိုင်ခဲ့ရာ ယခုအခါ မိုးစပါး ၅၉၇၀၁ ဧကနှင့် အခြားသီးနှံ ၄၃၂၀၉ ဧက စိုက်ပျိုးနိုင်ခဲ့သည့်အပြင် နွေစပါး ဧက ၃၀၀၀ ခန့်ကိုလည်း အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# မြန်မာ့ရိုးရာ စွန်အလှနှင့် စွန်ဖြတ်ပြိုင်ပွဲကျင်းပ

**ရန်ကုန် မေ ၃**

မြန်မာ့ရိုးရာအားကစားနည်းများကို ဖော်ထုတ်ကာ နိုင်ငံတကာ ရိုးရာအားကစားနည်းများနှင့် ရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်ရန်နှင့် နိုင်ငံတကာ ရိုးရာအားကစားသရုပ်ပြပွဲတော်များတွင် မြန်မာ့ရိုးရာအားကစားနည်းကို ပြသခွင့်ရရှိစေရေးအတွက် ရည်ရွယ်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးကြပ်စီစဉ်မှုဖြင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ဦးစီးကျင်းပသော (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ စွန်အလှနှင့်စွန်ဖြတ်ပြိုင်ပွဲ ဖွင့်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း မြင်းစီးအားကစားကွင်း၌ မေ ၁ရက်က ကျင်းပသည်။



ပြိုင်ပွဲ ဖွင့်ပွဲတွင် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းလင်းသောင်းက အမှာစကားပြောကြားပြီး အဖွဲ့ချုပ်နာယက မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ ပြန်လည်ဖွဲ့စည်းရေးအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးအောင်ဒင်၊ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်၊ မြန်မာ့ရိုးရာအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ စွန်ဝါသနာရှင်များက ပထမနေ့ပွဲစဉ် တစ်ဦးချင်း စွန်ဖြတ်ပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။

ယင်းပြိုင်ပွဲတွင် တစ်ဦးချင်းစွန်ဖြတ်ပြိုင်ပွဲနှင့် အသင်းလိုက် စွန်ဖြတ်ပြိုင်ပွဲတို့ ပါဝင်ပြီး ပြိုင်ပွဲဝင် အသင်းပေါင်း ၂၂ သင်းနှင့် ပြိုင်ပွဲဝင်အားကစားသမား ၁၄၂ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြကာ ပြိုင်ပွဲကို မေ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

တစ်ဦးချင်း စွန်ဖြတ်ပြိုင်ပွဲတွင် ပထမဆု ကျပ်နှစ်သိန်း၊ ဒုတိယဆု ကျပ် ၁၇၀၀၀၀၊ တတိယဆု ကျပ်တစ်သိန်းခွဲနှင့် နှစ်သိမ့်ဆု ငါးဆုကို တစ်ဆုလျှင် ကျပ်သုံးသောင်းခွဲစီ ချီးမြှင့်ကာ အသင်းလိုက်စွန်ဖြတ်ပြိုင်ပွဲတွင် ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်းခွဲ၊ တတိယဆု ကျပ် ၂၂၀၀၀၀ နှင့် စတုတ္ထဆု ကျပ်နှစ်သိန်း အသီးသီး ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# မိုးကောင်းမြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်နယ်ဝန်ကြီး လာရောက်စစ်ဆေး

**မိုးကောင်း မေ ၃**

ကချင်ပြည်နယ် မိုးကောင်းမြို့တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လုပ်ကိုင်ခွင့်ရရှိထားသော ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ပြည်နယ် ဘဏ္ဍာအခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းက မတ် ၃၁ ရက်က လာရောက်စစ်ဆေးပြီး လုပ်ငန်းများကို လုပ်ကိုင်ခွင့်ရရှိထားသော ကုမ္ပဏီများ၏ မန်နေဂျင်းဒါရိုက်တာများနှင့်လည်း တွေ့ဆုံခဲ့သည်။

မိုးကောင်းမြို့တွင်းလမ်းသွယ်များတွင် ၂၄ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြို့ခံကုမ္ပဏီများဖြစ်သော နန့်ကောင်းသစ္စာကုမ္ပဏီက အရှည်ပေ ၃၀၀၀၊ ဇော်မော်ကုမ္ပဏီက အရှည်ပေ ၂၆၅၀၊ ချမ်းမြေ့ဦးကုမ္ပဏီက အရှည်ပေ ၂၂၄၀၊ မနောဧကရီကုမ္ပဏီက အရှည်ပေ ၃၈၀၀ တို့ အသီးသီး လုပ်ကိုင်ခွင့်ရရှိထားရာ လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးအတွက် စစ်ဆေးလမ်းညွှန်မှာကြားခဲ့သည်။ နန့်ကောင်းသစ္စာကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးတင်လင်းက "ကိုယ်မြို့တိုးတက်သာယာဖွံ့ဖြိုးဖို့ ကုမ္ပဏီရဲ့အကျိုးစီးပွားကို ပဓာနမထားဘဲ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သွားမှာပါ"ဟု ပြောသည်။

ဆက်လက်၍ ဝန်ကြီးသည် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်း၊ မိုးညှင်းခရိုင် ကျေးလက်လမ်းဦးစီးဌာန၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် လမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း တည်ဆောက်နေသော လေးခန်းတွဲ လေးထပ်ဆောင် တည်ဆောက်နေမှုကို သွားရောက်စစ်ဆေးကြည့်ရှုခဲ့သည်။

**မင်းမင်းဦး**

# မြောက်ယမား တိုးချဲ့ရေသောက်စနစ်မှရေဖြင့် နွေသီးနှံ ဧက ၅၀၀ ကျော် ပို၍စိုက်ပျိုးနိုင်မည်

**ပုလဲ မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ မြောက်ယမားဆည်၏ လက်ယာတိုးချဲ့ ရေသောက်စနစ်မှ မိုးစပါးနှင့် နွေသီးနှံ စိုက်ပျိုးရေကို ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်မှစတင်၍ ပေးခဲ့ရာ ယခု ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေ လုံလောက်စွာရှိနေသဖြင့် ဒေသခံတောင်သူများအနေဖြင့် နွေစပါးနှင့် နွေသီးနှံကို ယခင်နှစ်ကထက် ဧက ၅၀၀ ကျော် ပို၍စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၄)မှ သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၄)မှ ဦးစီးအရာရှိ ဒေါ်နန်းငြိမ်းငြိမ်းထိုက်က "ပုလဲမြို့နယ်အတွင်းရှိ မြောက်ယမားရေလှောင်တမံနှင့် မြောက်ယမားရေကူတမံမှာ ရေကို ပြည့်ဝစွာ သိုလှောင်ထားနိုင်တဲ့အတွက် မူလမြောက်ယမားမြောင်း၊ လက်ယာတိုးချဲ့မြောင်းနှင့် လက်ဝဲတိုးချဲ့မြောင်းများရဲ့ လျာထားစိုက်ကေအတွက် တစ်နှစ်ပတ်လုံး ရေလုံလောက်စွာ ပေးဝေနိုင်ခဲ့ပါတယ်၊ မြောက်ယမား လက်ယာတိုးချဲ့ ရေသောက်စနစ် ဧရိယာအတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ မိုးစပါး ၁၇၄၇ ဧက၊ နွေစပါး ၁၀၃ ဧကနှင့် နွေသီးနှံ ၆၆၈ ဧက၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ မိုးစပါး ၂၁၈၆ ဧက၊ နွေစပါး ၁၂၀ ဧကနှင့် နွေသီးနှံ ၉၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ မိုးစပါး ၄၇၄၀ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်၊ အခု ဘဏ္ဍာနှစ်မှာ မြောက်ယမားဆည် လက်ယာတိုးချဲ့ရေသောက်စနစ် ဧရိယာအတွင်းက တူးမြောင်းများနဲ့ တူးမြောင်းအဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့တဲ့အတွက် တောင်သူကြီးများအနေနဲ့ နွေစပါး ဧက ၁၀၀၀ နဲ့ နွေသီးနှံ ၆၈၀ ဧက စုစုပေါင်း ၁၆၈၀ ဧကကို စိုက်ပျိုးရေလုံလောက်စွာဖြင့် စိုက်ပျိုးနိုင်အောင် စီမံဆောင်ရွက်လျက်ရှိပြီး နွေစပါးနဲ့ နွေသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေကို ဖေဖော်ဝါရီ ၁၅ ရက်မှစပြီး ပေးဝေထားရှိပြီးဖြစ်ပါတယ်"ဟု ပြောသည်။



ပုလဲမြို့နယ် မြောက်ယမားလက်ယာတိုးချဲ့ရေသောက်စနစ်ဧရိယာအတွင်းရှိ ရေပေးမြောင်း

ပုလဲမြို့နယ် မြောက်ယမားလက်ယာတိုးချဲ့ရေသောက်စနစ် ဧရိယာအတွင်းရှိ တောင်သူများအနေဖြင့် ယခင်နှစ်က နွေစပါး ၁၂၀ ဧကနှင့် နွေသီးနှံ ၉၉၃ ဧက စုစုပေါင်း ၁၁၁၃ ဧကကိုသာ စိုက်ပျိုးနိုင်ခဲ့ရာမှ ယခုနှစ်တွင် နွေစပါး ဧက ၁၀၀၀ နှင့် နွေသီးနှံ ၆၈၀ ဧကအထိ စိုက်ပျိုးရေလုံလောက်စွာဖြင့် စိုက်ပျိုးနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိပြီးဖြစ်၍ ယခင်နှစ်ကထက် ၅၆၇ ဧက ပိုမိုစိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**




# မကွေးတိုင်းဒေသကြီးတရားလွှတ်တော် မီဒီယာကျွမ်းကျင်မှု သင်တန်းဖွင့်

**မကွေး မေ ၃**

မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားရေးဝန်ထမ်းများအား မီဒီယာကျွမ်းကျင်မှုဆိုင်ရာ ဆင့်ပွားသင်တန်း အမှတ်စဉ် ၁/၂၀၁၈ ဖွင့်ပွဲကို မတ် ၃၁ ရက်က တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဒေါ်နုယဉ်၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးတင်မောင်လတ်နှင့် သင်တန်းနည်းပြဆရာများ၊ တိုင်းဒေသကြီးတရားလွှတ်တော်နှင့် တိုင်းဒေသကြီးအတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများ တက်ရောက်ကာ တရားသူကြီးချုပ်က အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးလှိုင်နှင့် USAID-PRLP မှ ဦးမြင့်မောင်မောင်တို့က တရားရေး ဝန်ထမ်းများ၏ မီဒီယာကျွမ်းကျင်မှုဆိုင်ရာများနှင့် ပတ်သက်သည့် သင်ခန်းစာများကို မေ ၁ ရက်အထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ရတနာပုံတက္ကသိုလ် ဝန်ထမ်းများသမဂ္ဂ စတင်ဖွဲ့စည်း

**မန္တလေး မေ ၃**

အဆင့်မြင့်ပညာရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်ကြသည့် သင်ကြားရေးဝန်ထမ်းများ၊ စီမံဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၏ အကျိုးစီးပွား၊ ရာထူးနှင့်အညီ တာဝန်ထမ်းဆောင်မှု၊ ဝန်ထမ်းများ၏ အခွင့်အရေးများကို နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်ရန်၊ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်စွမ်း မြင့်မားလာစေရန်၊ နိုင်ငံတော်နှင့် တက္ကသိုလ်များ၏ ကောင်းကျိုး၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ရတနာပုံတက္ကသိုလ် ဝန်ထမ်းများသမဂ္ဂကို မတ် ၃၀ ရက်က အဆိုပါတက္ကသိုလ် အမရပူရခန်းမ၌ စတင်ဖွဲ့စည်းခဲ့ပြီး အလုပ်အမှုဆောင်သစ်များ ရွေးခြယ်ပွဲကိုလည်း ကျင်းပခဲ့သည်။

ရတနာပုံတက္ကသိုလ် ဝန်ထမ်းများသမဂ္ဂ စတင်ဖွဲ့စည်းသည့် အခမ်းအနားတွင် တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်မောင်နိုင်က အမှာစကားပြောကြားပြီး ရွေးခြယ်ခံကိုယ်စားလှယ်များက ရတနာပုံတက္ကသိုလ် ဝန်ထမ်းများသမဂ္ဂ ဖွဲ့စည်းရသည့် ရည်ရွယ်ချက်များ၊ အလုပ်အမှုဆောင် ရွေးခြယ်ခြင်းပုံစံနှင့် ရွေးခြယ်ပွဲဆိုင်ရာ စည်းမျဉ်းဥပဒေများကို တက်ရောက်လာသူများအား ရှင်းလင်းပြောကြားသည်။

သမဂ္ဂဖွဲ့စည်းပြီးနောက် အလုပ်အမှုဆောင် ရွေးချယ်ရာတွင် အဖွဲ့ ၁ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် အဖွဲ့ဝင် လေးဦး၊ အဖွဲ့ ၂ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် အဖွဲ့ဝင် လေးဦး စုစုပေါင်း အလုပ်အမှုဆောင် ၁၄ ဦးကို ရွေးချယ်ခဲ့ပြီး ရတနာပုံတက္ကသိုလ် ဝန်ထမ်းများသမဂ္ဂ တရားဝင်ဖွဲ့စည်းနိုင်ရေးအတွက် အလုပ်အမှုဆောင်စာရင်းနှင့် သမဂ္ဂအဖွဲ့ဝင်များစာရင်းကို အမရပူရမြို့နယ် အလုပ်သမားဦးစီးဌာနရုံးသို့ ဆက်လက်ပေးပို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်စံမောင်**

# တာချီလိတ်ခရိုင်၌ စိုက်ပျိုးရေးနှင့် နယ်လှည့်အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မိုင်းယု မေ ၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးလက်နေပြည်သူများ၏ အသိပညာနှင့် လူမှုဘဝ တိုးတက်လာစေရန် ရည်ရွယ်လျက် ပြည်သူ့အသိပညာပေးလုပ်ငန်းနှင့် စိုက်ပျိုးရေးဆိုင်ရာ တောင်သူအသိပညာပေး ဟောပြောပွဲကို မေ ၁ ရက်က ဝမ်တာကြန့်ကျေးရွာအုပ်စု ခါဆမ်မိန်ကျေးရွာရှိ ခရစ်ယာန်ဘုရားကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မိုင်းယုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်အေးအေးစိုးက ကျေးလက်နေပြည်သူများ၏ ကလေးငယ်များ၊ အမျိုးသမီးငယ်လေးများ လူကုန်ကူးသူတို့၏ ကျေးကျွန်အဖြစ်သို့ မရောက်ရှိစေရန်အတွက် လူကုန်ကူးမှုဆိုင်ရာအကြောင်း ဆက်စပ်ဖြစ်ပေါ်လာပုံ အခြေနေများ၊ သတိပြုကာကွယ် လူကုန်ကူးမှုအန္တရာယ်၊ လူငယ်နှင့် မူးယစ်ဆေးဝါးအကြောင်း စသည်တို့ကို အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုးမင်းဦးကျော်က ကျေးလက်တောင်သူတို့၏ မြေယာများတွင် နှစ်ရှည်ပင်များ စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးပင်နှင့် မျိုးစေ့များကိုလည်း မျိုးကောင်းမျိုးသန့်များ ရွေးချယ်သုံးစွဲရန်၊ ပိုးသတ်ဆေးများကို စနစ်တကျကိုင်တွယ်သုံးစွဲနည်းများနှင့် ဆေးများဖျန်းရာတွင် ဆောင်ရန်ရှောင်ရန် နည်းလမ်းများကို အသိပညာပေးဟောပြောခဲ့ပြီး လက်တွေ့သရုပ်ပြသမှုများလည်း ပြုလုပ်ခဲ့သည်။

ထို့နောက် ဟောပြောပွဲလာရောက်သည့် ကျေးရွာနေပြည်သူများထံသို့ ဒို့ကျေးရွာဂျာနယ်နှင့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အေးချမ်းသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံများ၊ မူးယစ်ဆေးဝါးဆိုင်ရာနှင့် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့သည်။

**ကိုကိုနိုင်(ပြန်/ဆက်)**



# စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်သည့်လူငယ်များ ဖြစ်လာစေရန် သင်ရိုးညွှန်းတမ်းသစ်များပြုစု၍ လေ့ကျင့်သင်ကြားပေးနေ

**မန္တလေး မေ ၃**

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် စတင်သင်ကြားမည့် အခြေခံပညာမူလတန်းအဆင့် ဒုတိယတန်း (Grade-2) သင်ရိုးသစ်နှင့် ပတ်သက်သည့် တိုင်းဒေသကြီးအဆင့် သင်တန်းဆွေးနွေးပွဲကို မန္တလေး ချမ်းအေးသာစံမြို့နယ် အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်း၌ မတ် ၃၀ ရက်မှစ၍ ပြုလုပ်လျက်ရှိပြီး မေ ၁၂ ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် တိုင်းဒေသကြီးပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ ကိုယ်စားပြုတက်ရောက်လာကြသော အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် သင်တန်းတွင် ဆွေးနွေးပို့ချမည့် နည်းပြဆရာများက အဆိုပါ သင်ရိုးသစ်အပေါ် ၎င်းတို့၏ သဘောထားအမြင်များကို ယခုလို ပြောကြားခဲ့သည်။

**ဒေါ်စန်းစန်းရီ(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး)**

ဆရာမကြီးတို့မှာ NESP ဆိုတဲ့ အမျိုးသားပညာရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းအရ ကလေးတွေကို သင်ရိုးသစ်နဲ့ ပြောင်းလဲပြီး သင်ကြားနေပါတယ်။ အဲ့လိုသင်ကြားနေတဲ့အတွက် လာမယ့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ Grade 2 လို့ခေါ်တဲ့ ဒုတိယတန်းကို နောက်နှစ်မှာ အဲ့ဒီသင်ရိုးနဲ့ ကလေးတွေကို မိတ်ဆက်မှာဖြစ်ပါတယ်။ အဲလို မိတ်မဆက်ခင် အဲဒီကလေးတွေကို သင်ကြားရမယ့် မူလတန်းအဆင့်သင်တဲ့ ဆရာ၊ ဆရာမအားလုံးကို ကြိုတင်ပြီးတော့ လေ့ကျင့်သင်ကြားပေးခြင်း ဖြစ်ပါတယ်။

သင်ရိုးသစ်ကို ပြောင်းလဲသင်ကြားရတဲ့ ရည်ရွယ်ချက်က ဆရာမကြီးတို့ရဲ့ ကလေးတွေဟာ ၂၁ ရာစုရဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်တဲ့၊ စိန်ခေါ်နိုင်တဲ့ ၂၁ ရာစု ကမ္ဘာ့သူ ကမ္ဘာ့သားကောင်းများဖြစ်လာစေဖို့ အခုကတည်းက လေ့ကျင့်သင်ကြားပေးမယ်ဆိုတဲ့ ရည်ရွယ်ချက် ဖြစ်ပါတယ်။

အခုသင်တန်းက တိုင်းဒေသကြီးအဆင့်ဖြစ်တာကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်အသီးသီးက သင်တန်းသားပေါင်း ၂၄၀ လာတက်ပါတယ်။ သင်တန်းကာလ ၁၄ ရက်ပါ။ ဒီသင်တန်းကို မန္တလေးတိုင်းဒေသကြီးအနေနဲ့ဆိုရင် မန္တလေးပညာရေးကောလိပ်နဲ့ မိတ္ထီလာပညာရေးကောလိပ်က ဆရာ၊ ဆရာမ ၂၈ ဦးက လာပြီးတော့ ပို့ချပါတယ်။ ကလေးတွေက KG ကတည်းက ပြောင်းလဲလာတဲ့အတွက် အရင်ကထက်ပိုပြီးတော့ ပြောရဲ၊ ဆိုရဲ၊ လုပ်ရဲ၊ ကိုင်ရဲပြီးတော့ သူတို့ရဲ့ထင်မြင်ချက်ကို ဆရာ၊ ဆရာမတွေကို အရင်က ကလေးတွေထက် တင်ပြရဲတဲ့ စွမ်းရည်တွေရရှိလာတာကို တွေ့ရတယ်။ သင်တန်းသား၊ သင်တန်းသူတွေကလည်း သင်တန်းကာလမှာ ဆရာ၊ ဆရာမတွေ ဆွေးနွေးပို့ချတာကို အကုန်ရအောင်ယူပြီး ကိုယ့်ရဲ့ခရိုင်အဆင့်မှာ သင်တန်းနည်းပြ ပြန်လုပ်ရမှာဖြစ်တဲ့အတွက် ကိုယ်ရတာအကုန်လုံးကို ဆက်လက်ပြီး မခြွင်းမချန် ပြန်သင်ပေးမယ်၊ ကျောင်းကိုရောက်လာတဲ့အချိန်မှာလည်း ဒီသင်တန်းမှာပါတဲ့အတိုင်း၊ ဆရာလမ်းညွှန်မှာပါတဲ့အတိုင်း ကလေးတွေကို လေ့ကျင့်ပြုစုပေးမယ် ဆိုရင်တော့ မျှော်မှန်းထားတဲ့ မျှော်မှန်းချက်ကို ပြည့်မီမှာဖြစ်ပါတယ်။

**ဒေါ်ခင်မိုးကျော် (လက်ထောက်ကထိက၊ ပညာရေး သဘောတရားဌာန မိတ္ထီလာပညာရေးကောလိပ်)**

ဒီသင်တန်းကာလ ၁၄ ရက်အတွင်းမှာ ဘာသာရပ်အလိုက်တာဝန်ယူတဲ့ ဆရာ၊ ဆရာမတွေက သင်တန်းပို့ချပေးမှာပါ။ ကျွန်မတို့ ပညာရေးသဘောတရားဌာနက Grade 2 နဲ့ပတ်သက်တဲ့ ယေဘုယျအကြောင်းအရာတို့၊ အကဲဖြတ်တာတို့ အဲ့ဒီပုံစံတွေကို တာဝန်ခံပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျန်တဲ့ဆရာမတွေကတော့ သူ့ဘာသာရပ်အလိုက် သင်ကြားသွားမှာပါ။

ဒီသင်တန်းကို ပို့ချဖို့အတွက် ဗဟိုအဆင့်နည်းပြသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး ထောက်ကြံ့မှာ ဘာသာရပ်အလိုက် တစ်ဘာသာကို တစ်ယောက်ငါးရက်စီ တက်ခဲ့ရပါတယ်။ အဲ့ဒါတက်ပြီးမှ ကျွန်မတို့ ပညာရေးကောလိပ်အဆင့်ဆိုရင်တော့ ပညာရေးကောလိပ်က ဆရာ၊ ဆရာမတွေကို ထပ်ပြီး ဆင့်ပွားပို့ချပေးပြီးပါပြီ။ အခု ဒုတိယအဆင့်အနေနဲ့ တိုင်းဒေသကြီးကို ဆင့်ပွားပို့ချခြင်းဖြစ်ပါတယ်။ ဒီသင်တန်းတွေကို ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးမှာ ပညာရေးကောလိပ် ဆရာ၊ ဆရာမအားလုံးက တာဝန်ယူပြီး တစ်နေ့တည်း၊ တစ်ချိန်တည်းမှာ ဖွင့်နေပါပြီ။

ကျွန်မတို့ရဲ့ သင်ရိုးသစ်က ၂၀၁၆-၂၀၁၇ ပညာသင်နှစ်ကနေစပြီး ပြောင်းလိုက်တယ်။ အဲ့လို ပြောင်းလိုက်တဲ့အခါမှာ Soft skill နဲ့ Hard skill ဆိုပြီး ရှိတယ်။ Soft Skill ဆိုတာကတော့ ပေါင်းသင်းဆက်ဆံရေးနဲ့ ဉာဏ အပိုင်းတွေ ပါဝင်တယ်။ Hard Skill ကတော့ စဉ်းစားတွေးခေါ်တဲ့ စွမ်းရည်ပေါ့။ အဲ့ဒီနှစ်ခုကို အခြေခံပြီး အခုသင်ရိုးသစ်က ရေးဆွဲထားတာဖြစ်ပါတယ်။ ကလေးတစ်ယောက်ဟာ ဒီသင်ရိုးအတိုင်းသွားမယ်ဆိုရင် မိဘတွေ အခုပြောပြောနေတဲ့ ကလေးတွေက မစဉ်းစားတတ်ဘူး မတွေးခေါ်တတ်ဘူးဆိုတဲ့ ဉာဏ်တွေမရှိအောင်၊ နောက်တစ်ခါ ပုံနှိပ်စာအုပ်အထူကြီးတွေ မလိုတော့ဘူး။

ကျွန်မတို့ရဲ့သင်တဲ့နည်းမှာ အခြေခံသင်ကြားခြင်းကို အခြေတည်တဲ့အတွက် တစ်ဦးချင်း ပထမဆုံး စဉ်းစားမယ်။ ပြီးရင် နှစ်ယောက်ယှဉ်မယ်။ ပြီးရင် ကိုယ့်အုပ်စုအတွင်းမှာ ဆွေးနွေးတင်ပြမယ်။ ဒါကြောင့် ကလေးတွေက ဒီသင်ရိုးအတိုင်း သင်သွားမယ်ဆိုရင် ငယ်ငယ်ကတည်းက တစ်ဦးချင်း တွေးခေါ်တတ်မယ်။ အချင်းချင်းမျှဝေမယ်။ group ထဲမှာ ပြန်ညှိနှိုင်းမယ်။ အဲလိုသွားမယ်ဆိုရင် ကျွန်မတို့ဟာ နောင်အနာဂတ်မှာ ကိုယ်ပိုင်စဉ်းစားတွေးခေါ်တဲ့ဉာဏ်ကို ပေးလိုက်ဖို့အတွက် ဒီသင်ရိုးကို ရေးဆွဲထားတာဖြစ်ပါတယ်။ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဆိုတဲ့ ဗလငါးတန်အတွက် သင်ရိုးညွှန်းတမ်းဘာသာ ၁၀ ဘာသာ လုပ်ထားပါတယ်။ အဲဒါတွေကို ကျွန်မတို့က Grade 1 ကနေ Grade 5 အထိ ဆက်သွားမှာပါ။

**ဒေါ်စန်းစန်းအေး(ကျောင်းအုပ်ဆရာမကြီး၊ အောင်မြေသာစံမြို့နယ် အမက(၁၂)ကျောင်း)**

သင်ရိုးညွှန်းတမ်းသစ် သင်တန်းတွေအတွက် KG အဆင့် စပြီးဖွင့်ကတည်းက တက်ရောက်ခဲ့ပါတယ်။ ပထမတန်းသင်ရိုးသစ်အတွက်လည်း တိုင်းဒေသကြီးအဆင့်ကို မနှစ်က တက်ရောက်ခဲ့ပါတယ်။ KG သင်တန်းမှာကတည်းက ဒီသင်ရိုးသစ်ကို ကျွန်မတို့က သဘောကျလက်ခံခဲ့တာပါ။ ကလေးတွေကို သင်ကြားတဲ့အခါမှာလည်း သင်ရိုးသစ်နဲ့ပတ်သက်ပြီး မိဘတွေကလည်း အားလုံးလက်ခံခဲ့တယ်။ နောက်တစ်ခါ Grade 1 မှာလည်း မနှစ်ကစပြီး သင်ကြားတဲ့အခါမှာ သင်ကြားတဲ့ဆရာရော၊ မိဘတွေပါ ကလေးတွေ တိုးတက်လာတာ၊ အရည်အချင်းပြည့်ဝလာတာကို အားလုံး ကျေနပ်လက်ခံခဲ့ပါတယ်။

မနှစ်ကတော့ ဘာသာရပ် ၁၀ ခု ပါတယ်။ ဒီနှစ်လည်း မနှစ်ကလိုပဲ ဖြစ်မယ်ထင်ပါတယ်။ ဒီနေ့မှစပြီး တက်ရမှာဖြစ်တာကြောင့် သင်ကြားမယ့်ဘာသာရပ်တွေကို လေ့လာရဦးမှာဖြစ်ပါတယ်။ Grade 2 သင်တန်းကို ဖွင့်လှစ်သင်ကြားပေးတာက Grade 1 နဲ့ ဆက်သွယ်ပြီး အဆင့်မြှင့်ထားတဲ့ Grade 2 သင်ရိုးသစ်ကို ကလေးတွေအတွက် သင်ကြားပေးနိုင်အောင် သင်တန်းတွေ ပို့ချပေးတာဖြစ်တဲ့အတွက် အများကြီး အကျိုးဖြစ်ထွန်းစေပါတယ်။ ကျွန်မတို့ကလည်း စိတ်ဝင်တစား ပါဝင်ဆောင်ရွက်မှ နောက်ထပ် ခရိုင်အဆင့်၊ မြို့နယ်အဆင့်တွေမှာလည်း ဆက်လက် ဆင့်ပွားသင်ကြားပေးနိုင်မှာဖြစ်ပါတယ်။ ဒုချုပ်ကြီးပြောသွားသလိုပဲ နည်းပြတွေရဲ့ ဆီမီးတွေကို ဒီသင်တန်းသား ၂၄၀ မှာ ဆက်လက်ထွန်းညှိပြီးတော့ တစ်ဦးချင်းစီမှာ အပြည့်အဝ ပါရှိအောင်လို့ ကျွန်မတို့က ယူသွားရမှာဖြစ်ပါတယ်။

**ဦးစိုးလွင်(ကျောင်းအုပ်ကြီး၊ မတ္တရာမြို့နယ် သာယာဝတီ အလကခွဲကျောင်း)**

ဒီသင်ရိုးတွေက စနစ်သစ်သင်ရိုးကို ပြောင်းလဲလာတာနဲ့အမျှ တော်တော်လေးကို ကောင်းပါတယ်။ ကျွန်တော့်အမြင်ပြောရရင် အရင်တုန်းက ကြက်တူရွေးစာကျက်နည်းနဲ့ သင်ကြားလာပေမယ့် အခုပြောင်းလဲလိုက်တဲ့ သင်ရိုးကတော့ ကလေးတွေကိုယ်တိုင်ပါဝင်ပြီး ဒီသင်ရိုးထဲမှာ စိတ်ဝင်စားတယ်။ KGမှာရော၊ Grade 1 မှာရော ပညာရေးစနစ်သစ်က တော်တော်လေးကောင်းလာပြီး အောင်မြင်မယ်လို့ ထင်ပါတယ်။ Grade 2 သင်ရိုးမှာလည်း Grade 1 သင်ရိုးလို ကလေးတွေကြိုက်နှစ်သက်မယ့် ဘာသာရပ်တွေ ပါမယ်လို့ထင်ပါတယ်။ ဘာလို့လဲဆိုရင် သင်ရိုးရဲ့ သဘောတရားကိုက တစ်ဖြည်းဖြည်းနဲ့ မြင့်မြင့်လာပြီး ကလေးတွေကို ဆွဲဆောင်နိုင်အား ပိုပြီးတော့ကောင်းလာမယ်လို့ ထင်ပါတယ်။ ဒီသင်တန်းကို ကျွန်တော်တို့ မတ် ၃၀ ရက်နေ့ကနေ မေ ၁၂ ရက်နေ့အထိ ၁၄ ရက်ကြာ တက်ရောက်ရမှာပါ။ ကျွန်တော်တို့က တိုင်းဒေသကြီးအဆင့် တက်ပြီးရင် ခရိုင်အဆင့်မှာ ပြန်ပြီးပို့ချရမယ်။ ခရိုင်အဆင့်မှာ တက်တဲ့သူတွေက မြို့နယ်အဆင့်မှာ မူလတန်းသင်အဆင့် အားလုံးကို ထပ်ပြီးပို့ချရမှာပါ။

မိဘများအနေနဲ့ ဒီသင်ရိုးသစ်ကို ပြောင်းလဲတဲ့အခါမှာ စိန်ခေါ်မှုတွေအများကြီးရှိတဲ့ အတွက် တချို့လည်း စိုးရိမ်စိတ်တွေ ရှိကြပါတယ်။ အဲ့တော့ မိဘပြည်သူအားလုံးကို ပြောချင်တာက မစိုးရိမ်ပါနဲ့၊ ဒီသင်ရိုးစနစ်ကို နိုင်ငံတော်က သုတေသနပြုလုပ်ပြီးတော့မှ ပြုစုထားတာဖြစ်တဲ့အတွက် တစ်ကယ်ကိုကောင်းတဲ့ သင်ရိုးသစ်တစ်ခုလို့ မြင်ပါတယ်။ ဒါကြောင့် မိဘများအနေနဲ့ ဒီသင်ရိုးကို စိတ်ဝင်တစားနဲ့ ဝမ်းပန်းတသာ ကြိုဆိုကြပါလို့ ပြောကြားလိုပါတယ်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နတ်တလင်းမြို့၌ ယဉ်ကျေးလိမ္မာနှင့် ကွန်ပျူတာသင်တန်းဆင်း

**နတ်တလင်း မေ ၃**

၂၀၁၇-၂၀၁၈ ခုနှစ် နွေရာသီကျောင်းပိတ်ရက်အတွင်း နတ်တလင်းမြို့နယ် လှပခြင်းကျေးရွာ၌ ဖွင့်လှစ်ခဲ့သော ဓမ္မစကူးလ် ယဉ်ကျေးလိမ္မာနှင့် ကွန်ပျူတာသင်တန်းဆင်းပွဲကို မတ် ၃၁ ရက်က အဆိုပါကျေးရွာဘုန်းကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် သင်တန်းဖြစ်မြောက်ရေးဦးစီးနာယက ဆရာတော်ဦးဝိသုဒ္ဓ (လှပခြင်းကျောင်း)က ယဉ်ကျေးလိမ္မာသင်တန်းနှင့် ကွန်ပျူတာသင်တန်းတို့သည် ဓမ္မနှင့်လောကကို ပေါင်းစည်းထားသောပညာများဖြစ်ပြီး မျိုးဆက်သစ်များအတွက် ကောင်းမွန်သောရလဒ်များဖြစ်ကြောင်း၊ ယဉ်ကျေးလိမ္မာသင်တန်း၏ အနှစ်သာရသည် လုပ်သင့်လုပ်ထိုက်သောအလုပ်ကိုသာ လုပ်ကြရန် အသိတရားများကို သင်ကြားပေးခြင်းဖြစ်ကြောင်း ဩဝါဒစကားမိန့်ကြားကာ ကွန်ပျူတာသင်တန်း ဦးဆောင်ဆရာတော် ဦးဇောတိက(အောင်တော်မူကျောင်း၊ ပေါင်းတည်)က ကွန်ပျူတာသင်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် Power Point နှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကျင်းပရာတွင် အကဲဖြတ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းမိန့်ကြားသည်။

ထို့နောက် Power Point အငယ်တန်းနှင့် အကြီးတန်းပြိုင်ပွဲ၊ ကွန်ပျူတာ ပန်းချီအငယ်တန်းနှင့် အကြီးတန်းပြိုင်ပွဲတို့တွင် ပထမဆုရသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကာ သင်တန်းသား သင်တန်းသူ အားလုံးကိုလည်း သင်တန်းဆင်းလက်မှတ်နှင့် ဗလာစာအုပ်သုံးအုပ်စီ ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းကို သင်တန်းကာလ တစ်လကြာ သင်ကြားပို့ချခဲ့ပြီး ဓမ္မစကူးလ် ယဉ်ကျေးလိမ္မာသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၆၂ ဦးနှင့် ကွန်ပျူတာ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၄၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# ကျွန်းလှမြို့တွင် စာချစ်သူအသင်းနှင့် လူငယ်အသင်းများ ဖွဲ့စည်း

**ကျွန်းလှ မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် စာချစ်သူအသင်းနှင့် လူငယ်အသင်းများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုဗဟိုပြုဌာန၌ မေ ၁ ရက်က စတင်ဖွဲ့စည်းခဲ့သည်။

အသင်းများ ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးထိန်လင်းက အသင်းဖွဲ့စည်းသည့် ရည်ရွယ်ချက်များနှင့် အသင်းများက ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် စာပေဝါသနာရှင်များနှင့် လူငယ်များက ဆောင်ရွက်ရမည့်လုပ်ငန်းများအကြောင်းကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

သူ့အတွေး သူ့အမြင်

# သံလွင်တံတား(ဘားအံ) ရေရှည်တည်တံ့ရေးအတွက် ယာဉ်များ စည်းကမ်းတကျဖြတ်သန်းရန်လို



ကရင်ပြည်နယ် ဒေသတွင်း အေးချမ်းသာယာလာ၍ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုကောင်းပြီး ခရီးသွားလုပ်ငန်းများ ပိုမိုဖြစ်ထွန်းလာကာ ယာဉ်အသုံးပြုသူ များပြားလာချိန်တွင် ပြည်နယ်တစ်ခုလုံး၏ အဓိက အရေးအပါဆုံး အထင်ကရ တံတားဖြစ်သည့် သံလွင်တံတား(ဘားအံ) ဘေးကင်းလုံခြုံစိတ်ချရရေးနှင့် ရေရှည်အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းဆောင်ရွက်သွားကြရန်မှာ သက်ဆိုင်ရာ ဌာနများသာမက တံတားအသုံးပြုသူ ပြည်သူများတွင်လည်း တာဝန်ရှိနေပါသည်။

သံလွင်တံတား(ဘားအံ)ကို ၁၉၉၇ ခုနှစ် ဩဂုတ် ၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့၍ ထိုစဉ်က မြန်မာ့ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ကြီးကြပ်စီမံတည်ဆောက်ခဲ့ပြီး ပင်မတံတား၊ ချဉ်းကပ်တံတားနှင့် တံတားအောက်ဘက်များပါမကျန် နီယွန်မီးများ ထွန်းညှိထား၍ တံတားပေါ်ဖြတ်သန်းသော ယာဉ်များနှင့် တံတားအောက်ဖြတ်သန်းသွားလာသော ရေယာဉ်များ မြင်သာထင်သာ ဘေးကင်းလုံခြုံစွာ သွားလာနိုင်သည့်အပြင် တပ်ဆင်ထားသောနီယွန်မီးများ၏ အလင်းရောင်ကြောင့် ညအချိန်များတွင် ခံ့ညားထည်ဝါလှပမှုများကိုပါ မြင်တွေ့ခဲ့ရသည်။

လက်ရှိအစိုးရလက်ထက်တွင်လည်း ကရင်ပြည်နယ်သည် ပို၍ ဖွံ့ဖြိုးတိုးတက်လာပြီး ဘားအံမြို့၏ကျက်သရေဆောင် သံလွင်တံတားကြီးကိုလည်း အမြင်တင့်ထည်ဝါစေရေးအတွက် ဆေးသုတ်ခြင်းဖြင့်လည်းကောင်း၊ နီယွန်မီးနှင့် LED ဆလိုက်မီးများဖြင့်လည်းကောင်း ထွန်းညှိပေးထားသလို လိုအပ်သော ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိရာ တံတားကြီး ရေရှည်တည်တံ့စေရေးတွင် ပြည်သူများကလည်း တံတားကြီးအပေါ်မှ စည်းကမ်းရှိစွာ ဖြတ်သန်းကြခြင်းဖြင့် ဝိုင်းဝန်းကူညီကြစေလိုကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။

ပြီးခဲ့သည့် မတ်လအတွင်းက သံလွင်တံတား(ဘားအံ)ကို ဆေးရောင်များ ပြန်လည်ခြယ်သခြင်းဖြင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခင် မွဲခြောက်ခြောက် သံချေးရောင်အနေအထားမှ ပိုမိုထည်ဝါခံ့ညားလာသည်ကို တွေ့ရသည်။

ဆေးသုတ်နေသည့်ကာလဖြစ်၍ ယာဉ်များ တံတားပေါ် ဖြတ်သန်းသွားလာရာတွင် ထိန်းထိန်းသိမ်းသိမ်း အသိစိတ်ဓာတ်ရှိရှိ မောင်းနှင်ဖြတ်သန်းရန် လိုအပ်သလို တံတား ရေရှည်တည်တံ့ရေးအတွက်လည်း ဖြတ်သန်းမောင်းနှင်သော ယာဉ်တိုင်းက စည်းကမ်းရှိကြရန်လိုအပ်ကြောင်း ယာဉ်မောင်းသူအချို့က ပြောသည်။

"မတ် ၃၁ ရက် ည ၁၀ နာရီခန့်က ကျွန်တော် ကားနဲ့ သံလွင်အနောက်ခြမ်း ဘားကပ်ဘက်ကနေ သံလွင်တံတားကိုဖြတ်ကူးတော့ တံတားအလယ်က ဆေးသုတ်ယာဉ်တွေရှိတဲ့လမ်းကြောက ဖြတ်ရတယ်၊ တစ်ဖက် ဘားအံဘက်ကတက်လာတဲ့ ယာဉ်ကြောတွေမပြတ်တော့ ဆေးသုတ်ယာဉ်နားမှာ ခဏရပ်ပြီး မေးစောင့်နေရတာပေါ့၊ တံတားပေါ်မှာ အရှိန်ပြင်းစွာ မောင်းနှင်လာတဲ့ တွဲယာဉ်နှစ်စီး ဖြတ်သန်းသွားတာ တွေ့ရတယ်၊ တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲစေဖို့ သက်ဆိုင်ရာ တာဝန်ရှိသူတွေသာမက တံတားအသုံးပြုသူ ပြည်သူကလည်း ဝိုင်းဝန်းထိန်းသိမ်းသွားဖို့ အားလုံးမှာ တာဝန်ရှိပါတယ်၊ တံတားပေါ်မှာ သတ်မှတ်တန်ချိန်၊ သတ်မှတ်မိုင်နှုန်း၊ သတ်မှတ်အကွာအဝေးနဲ့ ဖြတ်သန်းခွင့်ပြုစေချင်ပါတယ်၊ လမ်းတံတား ပညာရှင်တွေနဲ့ ပြန်လည်စစ်ဆေးသင့်တယ်လို့လည်း အကြံပြုချင်ပါတယ်"ဟု ဘားအံမြို့ခံတစ်ဦးဖြစ်သူ ကိုခင်ဝင်းက ပြောသည်။

**ခင်မောင်ဝင်း(ဓာတု)၊ ထွန်းထွန်းထွေး (ဘားအံ)**

# ငြိမ်းချမ်းရေးတွဲလက်များ ဘီးတပ်ကုလားထိုင်ရထားခရီးစဉ်အဖွဲ့ မော်လမြိုင်မြို့မှ ကရင်ပြည်နယ်သို့ ခရီးဆက်

**မော်လမြိုင် ဧပြီ ၃**

မြန်မာနိုင်ငံအတွင်း ပစ်ခတ်တိုက်ခိုက်လျက်ရှိသော တိုက်ပွဲများအဆုံးသတ်ရပ်စဲရေး တွန်းအားပေးရန်၊ တိုင်းပြည်ငြိမ်းချမ်းရေးအတွက် ဆွေးနွေးမှုစားပွဲဝိုင်းတွင် ညှိနှိုင်းအဖြေရှာစေရေး တွန်းအားပေးရန်၊ ပစ်ခတ်တိုက်ခိုက်နေသူများ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ခွင့်လွှတ်ပြီး ငြိမ်းချမ်းရေးသို့ ဦးတည်စေရေး တိုက်တွန်းနှိုးဆော်ပေးရန်နှင့် ပြည်သူလူထုအကြား လူမျိုးဘာသာမခွဲခြားဘဲ ငြိမ်းချမ်းရေးစိတ်ဓာတ်ပေါ်လွင်ထင်ရှားစေရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့ ခဝဲခြံမျက်မမြင်ကျောင်းမှ အမြင်အာရုံချွတ်ယွင်းသူများနှင့် အခြားမသန်စွမ်းသူများပါဝင်သည့် ငြိမ်းချမ်းရေး တွဲလက်များ ဘီးတပ်ကုလားထိုင် ရထားခရီးစဉ်အဖွဲ့သည် ဧပြီ ၁ ရက် နံနက် ၈ နာရီက မော်လမြိုင်မြို့သို့ ရောက်ရှိကြသည်။ **(ယာပုံ)**



### မော်လမြိုင်

ငြိမ်းချမ်းရေးတွဲလက်များ ဘီးတပ်ကုလားထိုင် ရထားခရီးစဉ်အဖွဲ့အား မော်လမြိုင်မြို့ လူငယ်သင်တန်းကျောင်းရှေ့တွင် ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကိုကိုနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လူငယ်သင်တန်းကျောင်းမှ သင်တန်းသားများနှင့် ပြည်သူလူထုများက ပန်းစည်းများဖြင့် ကြိုဆိုနှုတ်ဆက်ကြပြီး မြို့ထဲသို့ ဝင်ရောက်လာရာ ဈေးကြိုရပ်ကွက် CB Bank ရှေ့တွင် ခေတ္တရပ်နား၍ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် ဈေးကြိုရပ်မှ အထက်လမ်းမကြီးအတိုင်း စီတန်းဝင်ရောက်လာရာ ထားဝယ်တံတားလမ်းရှိ ပြည်နယ်လူမှုဝန်ထမ်းရုံးရှေ့တွင် ဌာနဆိုင်ရာများနှင့် ပြည်သူများက ကြိုဆိုနှုတ်ဆက်ကြပြီး ယင်းရုံး၌ တည်းခိုကြသည်။

### ကရင်ပြည်နယ်

ဆက်လက်၍ ငြိမ်းချမ်းရေးတွဲလက်များ ဘီးတပ်ကုလားထိုင် ရထားအဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ကို ဖြတ်ကျော်၍ ဧပြီ ၂ ရက်နံနက် ၈ နာရီတွင် ဂျိုင်း (ဇာသပြင်) ကြိုးတံတားအား ဖြတ်သန်းပြီး ကရင်ပြည်နယ်အတွင်းသို့ ရောက်ရှိလာရာ ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူး ဦးဇော်မင်းနှင့် ဝန်ထမ်းများ၊ ဇာသပြင်ကျေးရွာမှ ကျေးရွာသူ ကျေးရွာသားများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

ငြိမ်းချမ်းရေးတွဲလက်များ ဘီးတပ်ကုလားထိုင်ရထားအဖွဲ့တွင် မသန်သော်လည်း စွမ်းသည့် ဘီးတပ်ကုလားထိုင်သမား ၁၀ ဦး၊ အမြင်အာရုံမသန်စွမ်းသူ ၁၀ ဦး၊ အခြားမသန်စွမ်းသူများနှင့် ဝိုင်းဝန်းကူညီသူများ၊ အုပ်ချုပ်ရေးအဖွဲ့များ စုစုပေါင်း ၆၅ ဦး ပါဝင်ပြီး ခရီးစဉ်အစမှအဆုံး မိုင်ပေါင်း ၈၅၀ ကျော်ကို ဖြတ်သန်းကြမည်ဖြစ်ကြောင်း သိရသည်။

ငြိမ်းချမ်းရေးတွဲလက်များ ဘီးတပ်ကုလားထိုင်ရထားအဖွဲ့သည် ကရင်ပြည်နယ်အတွင်း ကော့ကရိတ်မြို့၊ မြဝတီမြို့နှင့် ဘားအံမြို့တို့ကို ဖြတ်သန်း၍ တစ်ညစီ ညအိပ်ရပ်နားပြီး ငြိမ်းချမ်းရေးတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်း၊ ငြိမ်းချမ်းရေးလိုလားသူများ၏ လက်မှတ်များရယူခြင်းနှင့် လူစည်ကားရာနေရာများတွင် ငြိမ်းချမ်းရေးပိုစတာ စိုက်ထူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မြို့နယ် (ပြန်/ဆက်)**

# ခမီတိုင်းရင်းသားစာပေသင်ကြားရေး ဆရာဖြစ်သင်တန်းဆင်း

**စစ်တွေ ဧပြီ ၃**

ရခိုင်ပြည်နယ်အတွင်းရှိ ခမီတိုင်းရင်းသားများအနေဖြင့် မိမိတို့၏ စာပေများကို တတ်ကျွမ်းနားလည်လာစေရန်နှင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု၊ ချစ်ခင်ရင်းနှီးမှု ရှိလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သော ခမီတိုင်းရင်းသားစာပေသင်ကြားရေး ဆရာဖြစ် သင်တန်းဆင်းပွဲကို စစ်တွေမြို့ ဓမ္မာမဏ္ဍိုင် ပရဟိတဘုန်းတော်ကြီးကျောင်းတိုက် ဓမ္မာရုံ၌ ဧပြီ ၁ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးလေသာကျော်၊ ပြည်နယ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းတို့က အမှာစကားပြောကြားပြီး ခမီစာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးလေကျော်အောင်က ခမီတိုင်းရင်းသားစာပေ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ခမီတိုင်းရင်းသားအားလုံးတွင် တာဝန်ရှိကြောင်း ပြောကြားသည်။ ထို့နောက် မြိုတိုင်းရင်းသားပါတီမှ ဥက္ကဋ္ဌ ဦးဇနီဖြူက ခမီတိုင်းရင်းသားစာပေ ဆရာဖြစ်သင်တန်း ဖွင့်လှစ်ပေးနိုင်ခြင်းကြောင့် ဂုဏ်ယူဝမ်းမြောက်ကြောင်းပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် ရခိုင်ပြည်နယ်အတွင်းရှိ ပေါက်တော၊ မြောက်ဦး၊ ပုဏ္ဏားကျွန်းနှင့် ဘူးသီးတောင်မြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၆၀ ဦးအား ခမီစာပေကျွမ်းကျင် ပညာရှင်များက ရက်သတ္တပတ်နှစ်ပတ်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း၊ သင်တန်းပြီးဆုံးသည့် သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတို့ဒေသများတွင် ဆင့်ပွားသင်တန်းများ သင်ကြားပို့ချသွားရမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း၌ ခမီတိုင်းရင်းသားများသည် လူဦးရေ ရှစ်သောင်းခန့်ရှိကာ ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ပျံ့နှံ့နေထိုင်လျက်ရှိပြီး အဓိကအားဖြင့် ပေါက်တော၊ မြောက်ဦး၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ကျောက်တော်၊ ဘူးသီးတောင်နှင့် အမ်းမြို့နယ်တို့တွင် နေထိုင်ကြ၍ တောင်ယာလုပ်ငန်း၊ လယ်ယာလုပ်ငန်းနှင့် ရေလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

# ဖရဲဈေးကွက်ကို ထိန်းထားနိုင်ရေးအတွက် အရည်အသွေးကောင်းမွန်ရန် လိုအပ်

**မန္တလေး ဧပြီ ၃**

မြန်မာနိုင်ငံ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ထွက်နေသော မြန်မာ့ဖရဲသီးမှာ တရုတ်ဈေးကွက်တွင် အမြင့်ဆုံးဈေးရရှိနေသော်လည်း ဖရဲသီးဈေးကွက်ရရှိထားမှုကို ရေရှည်ထိန်းထားနိုင်ရန်အတွက် တင်ပို့သည့် ဖရဲသီးများ အရည်အသွေးကောင်းမွန်ရန် လိုအပ်နေကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးမှထွက်သော ဖရဲသီးများသည် တရုတ်နိုင်ငံဈေးကွက်တွင် အမြင့်ဆုံးဈေး ရရှိနေကြောင်း နွားထိုးကြီးမြို့နယ်မှ ဖရဲစိုက်တောင်သူတို့က ဆိုသည်။ တရုတ်တို့က မြန်မာဖရဲသီးကို ပိုမိုကြိုက်နှစ်သက်၍ ဖရဲသီးတစ်လုံးလျှင် ယွမ် ၄၀၀၊ ၅၀၀ အထိ ဈေးကောင်းရခဲ့သော်လည်း မြန်မာ ဖရဲသီးကုန်သည်တို့က အကောင်းရော အညံ့ပါ ရော၍ ဈေးကွက်တင်ခဲ့သဖြင့် ကြယ်ဂေါင်မှ ဖရဲပွဲရုံတို့က ရောင်းတန်းဝင်ဖရဲများကို ပြန်ရွေးနေရသောအခြေအနေသို့ ရောက်နေကြောင်းလည်း သိရသည်။



ကြယ်ဂေါင်ရှိ ဖရဲပွဲရုံတစ်ခုမှ မြန်မာ့ဖရဲသီးများ

ကြယ်ဂေါင်သို့ မြန်မာနိုင်ငံဘက်မှ ဖရဲသီးကားများ တစ်နေ့လျှင် အစီးရေ ၃၀၊ ၄၀ ခန့် အနည်းဆုံး ဝင်ရောက်နေပြီး ဖရဲလှိုင်လှိုင်ပေါ်ချိန်တွင် ကားအစီးရေ ရာကျော် ဝင်နေသည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံ ဖရဲသီးဈေးကွက်ကို တရုတ်နိုင်ငံတွင်းနှင့် လာအိုနိုင်ငံတို့မှ စိုက်ပျိုးသောဖရဲသီးများလည်းဝင်လာပြီး မြန်မာဖရဲသီးများ ရရှိထားသည့် ဈေးကွက်ကို ဝင်လုလာနေကြောင်း ကြယ်ဂေါင်မှ ဖရဲပွဲရုံအချို့မှ သိရသည်။

သို့ဖြစ်ရာ မြန်မာဖရဲသီးများ တရုတ်ဈေးကွက်တွင် အခိုင်အမာ ဈေးကွက်ရရှိပြီး ရပ်တည်နေနိုင်ရေးအတွက် ကီလိုအလိုက် သတ်မှတ်စံချိန်ညီသော အသီးများကိုသာ တင်ပို့သင့်ကြောင်း၊ မြန်မာ့ဖရဲမှာ တရုတ်ဈေးကွက်က နှစ်ခြိုက်သော်လည်း ထိပ်စ၊ အောက်စ ရောညပ်ထည့်ပြီး မြန်မာကုန်သည်များက တင်သွင်းနေကြ၍ ဒိုင်များတွင် ရောင်းတမ်းဝင်အသီးများကို ထပ်မံရွေးချယ်ခံနေရခြင်းမှာ ဈေးကွက်အလားအလာကို ထိခိုက်စေကြောင်း၊ မြန်မာ့ဖရဲသီးများ စိုက်ပျိုးရာတွင် စိုက်နည်းစနစ် မှန်ကန်ရေး၊ တင်သွင်းသည့် အလေးချိန် ကီလို စံချိန်မီရေးနှင့် အရည်အသွေးကောင်းမွန်သော အသီးများကိုသာ တင်ပို့ရေးတို့ကို မြန်မာဖရဲသီးစိုက်ပျိုးသူတို့အနေဖြင့် ဂရုပြုကာ တရုတ်၊ လာအို ဖရဲသီးများနှင့် ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ကုန်သည်အချို့က သတိပေး ပြောကြားထားသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**

# ကန့်ဘလူမြို့၌ သွေးလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပ

**ကန့်ဘလူ ဧပြီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံ သွေးလှူဘဏ်ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ မြို့နယ်အတွင်းမှ သွေးလှူရှင်အသင်းများနှင့် သွေးလှူရှင်များအား ဂုဏ်ပြုပွဲကို ဧပြီ ၁ ရက် က ပိတောက်သိင်္ဂီခန်းမ (၂) ၌ ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲသို့ ဆေးရုံအုပ် ဒေါက်တာနေမိုးနှင့် ဝန်ထမ်းများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးအောင်မြတ်ဦး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်၊ မြို့မိမြို့ဖဥက္ကဋ္ဌ ဦးဉာဏ်မင်းထွန်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သွေးလှူရှင်အသင်းများနှင့် သွေးလှူရှင်များ တက်ရောက်ကြသည်။ သွေးလှူရှင်ဂုဏ်ပြုပွဲတွင် ခုတင် ၁၀၀ ပြည်သူ့ဆေးရုံ သွေးလှူဘဏ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာနေမိုးက "အသက်ပေါင်းများစွာကို ကယ်တင်နိုင်တဲ့သွေးဟာ လိုအပ်တဲ့အချိန်မှာ လိုအပ်နေတဲ့ လူနာတွေဆီကို အချိန်မီရရှိနိုင်ဖို့ အဓိကကူညီနေတာက သွေးလှူရှင်များကိုယ်တိုင်နဲ့ ပရဟိတ ကူညီဆောင်ရွက်နေသူများ၊ ကျန်းမာရေးဝန်ထမ်းများ ဖြစ်ပါတယ်၊ သွေးလှူရှင်များဟာ မိမိဒေသ၊ မိမိမြို့ရွာရဲ့အကျိုးကို ဆောင်ရွက်ရင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကိုလည်း တစ်ဖက်တစ်လမ်းက ကူညီနေတာဖြစ်ပြီး တစ်နည်းအားဖြင့် နိုင်ငံရဲ့အကျိုးကို တစ်ထောင့်တစ်နေရာကနေ တာဝန်ယူဆောင်ရွက်နေတာဖြစ်လို့ ပစ္စုပ္ပန်နဲ့ သံသရာမှာ ကောင်းကျိုးချမ်းသာများကို မုချမလွဲ ခံစားရမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် ခုတင် ၁၀၀ ဆေးရုံ ဓာတ်ခွဲမှူး ဒေါ်တင်မာဝင်းက သွေးလှူဒါန်းခြင်း၏ ကောင်းကျိုးများကိုလည်းကောင်း၊ ၅၂ ကြိမ် သွေးလှူဒါန်းခဲ့ပြီးသည့် ဦးဟန်ဝင်းအောင်က သွေးလှူဒါန်းသူများကိုယ်စား ပီတိစကားကိုလည်းကောင်း၊ စေတနာရှင်လူငယ် သွေးလှူအသင်း ခေါင်းဆောင် ဦးမိုးပျံက သွေးလှူရှင်အသင်းများကိုယ်စား ကျေးဇူးတင်စကားကိုလည်းကောင်း ပြောကြားသည်။ ကန့်ဘလူမြို့၌ စေတနာရှင်သွေးအလှူရှင်ပေါင်း ၅၀၀ ကျော်ရှိနေပြီဖြစ်ကြောင်းလည်း ဦးမိုးပျံ၏ ပြောကြားချက်အရ သိရသည်။

ဆက်လက်၍ သွေးအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ကျင်းပရာ တာဝန်ရှိသူများက သွေးအလှူရှင်များကိုလည်းကောင်း၊ သွေးလှူရှင်များ အချိန်ကိုက်ရရှိအောင် ကူညီဆောင်ရွက်ပေးကြသော စေတနာရှင်လူငယ် သွေးလှူအသင်း၊ GTI လူငယ်သွေးလှူအသင်း၊ အာရ်ရဗီသိပ္ပံကျောင်း သွေးလှူအသင်းနှင့် ကန့်ဘလူမြို့ မီးသတ်တပ်ဖွဲ့ သွေးလှူအသင်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# တာချီလိတ်မြို့၌ နွေရာသီအခြေခံ အားကစားသင်တန်းဆင်း

**တာချီလိတ် ဧပြီ ၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင်နှင့် မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၊ အင်းသား လူမှုကူညီရေးအသင်းနှင့် တာချီလိတ်မြို့ ကြက်တောင်ဆပ်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် နွေရာသီ အားကစားသင်တန်းဆင်းပွဲကို ဧပြီ ၁ ရက်က မြို့မအားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာမြို့နယ်ဦးစီးမှူး ဦးစိုင်းဆိုင်တစ်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းနည်းပြများ၊ သင်တန်းဖြစ်မြောက်ရေး ပူးပေါင်းပါဝင်ကူညီသူများနှင့် သင်တန်းတွင် ထူးချွန်ဆုရသူများအား ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးအေးမင်းထွဋ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် သင်တန်းသား၊ သင်တန်းသူများက ကရာတေးဒိုအားကစားနည်း၊ ဝူရှူးအားကစားနည်း၊ မြန်မာ့သိုင်းအားကစားနည်းများကို သရုပ်ပြသသည်။

အဆိုပါ အားကစားနည်းသင်တန်းများကို ကျောင်းသားလူငယ်များ နွေရာသီကျောင်းအားလပ်ရက်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ အားကစားလှုပ်ရှားမှုဖြင့် ကျန်းမာကြံ့ခိုင်လာစေရန်၊ နိုင်ငံတော်က အားထားရသည့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရန်၊ မြန်မာ့ရိုးရာ သိုင်းပညာအမွေအနှစ်များကို လက်ဆင့်ကမ်း ထိန်းသိမ်းတတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ကာ ကရာတေးဒို၊ ဝူရှူး၊ မြန်မာ့သိုင်း၊ ဘောလုံးနှင့် ဘော်လီဘော အားကစားနည်းများကို မတ် ၁ ရက်မှ ဧပြီ ၁ ရက်အထိ သင်တန်းကာလ တစ်လကြာ သင်ကြားပေးခဲ့ရာ ကျောင်းသား ကျောင်းသူ လူငယ် ၅၀၀ ခန့် တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## အမှတ်(၂)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် ဧပြီ ၃-** အမှတ်-၂လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ ကွပ်ကဲရေးမှူး ရဲမှူးချုပ်တင်ကိုကိုမှ ဦးဆောင်၍ အမှတ်-၂လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး၊ ကွပ်ကဲမှုအောက်ရှိ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ တပ်ဖွဲ့ဝင်နှင့်မိသားစုစာရေးဝန်ထမ်းများက မတ်လနောက်ဆုံးပတ်က (၃၃)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခဲ့ရာ အမှတ် ၇/၈/၁၅လုံခြုံရေးရဲတပ်ဖွဲ့ခွဲတို့မှ တပ်ဖွဲ့ဝင်စုစုပေါင်း ၉၁ ဦးက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၊ အမှတ် ၃/၉ လုံခြုံရေးရဲတပ်ဖွဲ့ခွဲတို့မှ မိသားစုဝင် ၁၂ ဦး၊ တပ်ဖွဲ့ဝင် ၂၉ ဦး၊ စုစုပေါင်း ၄၁ ဦးတို့သည် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၊ အမှတ် ၅/၆လုံခြုံရေးရဲတပ်ဖွဲ့ခွဲတို့မှ တပ်ဖွဲ့ဝင်စုစုပေါင်း ၅၀ တို့သည် သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီး၊ အမှတ် ၁၅ လုံခြုံရေးရဲတပ်ဖွဲ့ခွဲ နောက်တန်းဌာနချုပ်မှ မိသားစုဝင် လေးဦး၊ စာရေး ဝန်ထမ်းတစ်ဦး ၊တပ်ဖွဲ့ဝင် ၂၁ ဦး စုစုပေါင်း ၂၆ ဦးတို့သည် မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၊ အမှတ် -၂၂ လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှတပ်ဖွဲ့ဝင် ၂၃ ဦးတို့သည် ဘားအံပြည်သူ့ဆေးရုံကြီးတို့တွင် တပ်ဖွဲ့ဝင် ၂၁၄ ဦးနှင့် မိသားစုဝင် ၁၆ ဦး စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီး၌ မျက်စိအထူးကုဆရာဝန်ကြီး လိုအပ်လျက်ရှိ



**ညောင်ဦး မေ ၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျန်းမာရေးဦးစီးဌာန၊ ခရိုင်ပြည်သူ့ဆေးရုံကြီးမှ မြို့နယ်အတွင်းရှိ ဒေသခံကျေးလက်နေပြည်သူများနှင့် ရပ်ဝေးရပ်နီးမှ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ကုသဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ထို့အပြင် ၂၀၁၆-၂၀၁၇ ခုနှစ်မှစတင်၍ မျက်စိအမြင်အာရုံချွတ်ယွင်းသော မျက်စိဝေဒနာရှင် လူနာများအဆင်ပြေချောမွေ့စွာ လာရောက်ကုသနိုင်ရေးအတွက် မျက်စိခွဲစိတ် အထူးကုဆရာဝန်ကြီး ချထားပေးပြီး ခေတ်မီမျက်စိခွဲစိတ် စမ်းသပ်ပစ္စည်းများဖြင့် စမ်းသပ်စစ်ဆေး ခွဲစိတ် ကုသဆောင်ရွက်ပေးနေကြောင်းလည်း သိရသည်။ ယခု ၂၀၁၈ ခုနှစ်အထိ မျက်စိ အမြင်အာရုံချွတ်ယွင်းသည့် လူနာပေါင်း ၁၁၀၉ ဦးကို စမ်းသပ်ကြည့်ရှုစစ်ဆေးပေးနိုင်ခဲ့သည့်အပြင် ခွဲစိတ်ရန်လိုအပ်သည့် လူနာ ၄၅၂ ဦးအား အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်းသိရသည်။ သို့သော် ယခုလက်ရှိတွင် ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီး၌ မျက်စိအထူးကု ဆရာဝန်ကြီးမှာ အငြိမ်းစားယူသွားပြီဖြစ်၍ မျက်စိချွတ်ယွင်း လူနာများ ဆေးဝါးကုသမှု ပြုလုပ်ရန်အတွက် မျက်စိအထူးကုဆရာဝန်ကြီး မရှိသည့်အတွက် လာရောက်ပြသရာတွင် အခက်အခဲများ ကြုံတွေ့နေရပြီး လစ်လပ်နေသည့် မျက်စိအထူးကု ဆရာဝန်ကြီးတစ်ဦးအား အမြန်ဆုံးခန့်အပ်ချထားပေးနိုင်ရေး မျှော်လင့်နေကြကြောင်း ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီးသို့ မျက်စိဝေဒနာ လာရောက်ပြသသည့် လူနာများထံမှ သိရသည်။

"ကျွန်မတို့ ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံကြီးမှာ ၂၀၁၆-၂၀၁၇ ခုနှစ်က စတင်ပြီးတော့ မြို့နယ်အတွင်းရှိ ကျေးရွာများမှ မျက်စိအမြင်အာရုံချွတ်ယွင်း ဝေဒနာရှင်များကို လူမှုဝန်းကျင်မှာ မျက်စိအမြင်အာရုံ ကောင်းမွန်စွာနဲ့ သက်တမ်းစေ့ ရှင်သန်နေထိုင်သွားနိုင်ရေးအတွက် မျက်စိခွဲစိတ် အထူးကုဆရာဝန်ကြီး ဒေါက်တာတင်ကိုကိုက ခေတ်မီမျက်စိခွဲစိတ် စမ်းသပ်ပစ္စည်းများနဲ့ စမ်းသပ်စစ်ဆေးကုသမှုတွေ ဆောင်ရွက်ပေးခဲ့ပါတယ်၊ မျက်စိခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာတင်ကိုကိုရဲ့ အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်မှုကြောင့် အခုဆိုရင် ကျွန်မတို့ ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၂၀ ကျော်မှ မျက်စိအမြင် အာရုံချွတ်ယွင်းနေတဲ့ လူနာတွေနဲ့ ရပ်ဝေးရပ်နီးက လာရောက်ခွဲစိတ်ကုသကြတဲ့ လူနာစုစုပေါင်း ၁၁၀၉ ဦးအထိ စမ်းသပ်ကြည့်ရှုစစ်ဆေးပေးနိုင်ခဲ့ပြီး ခွဲစိတ်ဖို့လိုအပ်တဲ့ လူနာ ၄၅၂ ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ပါတယ်၊ နောက်ပြီး ကျွန်မတို့ ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီးမှာ နိုင်ငံတော်က ပံ့ပိုးပေးထားတဲ့ မျက်စိခွဲစိတ်ဖို့ စက်ပစ္စည်းနဲ့ ဆေးဝါးတွေလည်း အပြည့်အစုံရှိပါတယ်၊ အခုလက်ရှိမှာတော့ ကျွန်မတို့ဆေးရုံမှာ မျက်စိခွဲစိတ် အထူးကုဆရာဝန်ကြီးက အငြိမ်းစားယူသွားပြီဖြစ်လို့ မျက်စိအထူးကုခွဲစိတ်ဆရာဝန်တစ်ဦး လိုအပ်နေပါတယ်ရှင့်၊ ယခုလတ်တလော အခြေအနေမှာ မျက်စိလာပြတဲ့လူနာတွေကို ညောင်ဦးမြို့ Delight Group မျက်စိအခမဲ့ ကုသပေးရေးအဖွဲ့နဲ့ ပူးပေါင်းပြီး စမ်းသပ်ကုသမှုတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံ မျက်စိခွဲစိတ်ကုသဆောင်ရှိ သူနာပြုဆရာမကြီး ဒေါ်သင်းသင်းရီက ပြောပြသည်။

ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံကြီးတွင် မြို့နယ်အတွင်းရှိ မျက်စိ အမြင်အာရုံချွတ်ယွင်းနေသော ကျေးလက်နေပြည်သူများနှင့် ရပ်ဝေးရပ်နီးမှ ပြည်သူများကို လူမှုဘဝဝန်းကျင်၌ ရှင်သန်နေထိုင်ရာတွင် မျက်စိအမြင်အာရုံ ကောင်းမွန်စွာဖြင့် နေထိုင်သွားနိုင်ရေးအတွက် နိုင်ငံတော်က ပံ့ပိုးပေးထားသည့် မျက်စိခွဲစိတ်စက်ပစ္စည်းများနှင့် ဆေးဝါးများ ပြည့်စုံမှုရှိသော်လည်း မျက်စိချွတ်ယွင်း ဝေဒနာရှင် ပြည်သူများအနေဖြင့် မျက်စိအထူးကု ဆရာဝန်မရှိသည့်အတွက် မျက်စိဝေဒနာ လာရောက်ကုသရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်းနှင့် အဆင်ပြေစွာ ခွဲစိတ်ကုသပေးနိုင်ရေး လစ်လပ်နေသည့် မျက်စိအထူးကုခွဲစိတ်ဆရာဝန်ကြီးတစ်ဦးအား အမြန်ဆုံးဖြည့်တင်းခန့်ထားပေးရန် လိုအပ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ပြည်နယ်ဝန်ကြီးချုပ် လမ်းဦးစီးဌာန ရိပ်သာဖွင့်ပွဲနှင့် ဝိုင်းမော်မြို့နယ်ရှိ နန့်မြစ်ခတံတားသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား မေ ၃**

ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ်ဦးတူးဂျာနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ နှင့်အတူ မြစ်ကြီးနားမြို့ ရောရပ်ကွက်ရှိ လမ်းဦးစီးဌာနရိပ်သာတွင် မတ် ၃၁ ရက် နံနက် ၉ နာရီက လမ်းဦးစီးဌာနရိပ်သာဖွင့်ပွဲသို့ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာခက်အောင်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းညွန့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာချုပ်ဦးသန်းမြင့်တို့က ဖဲကြိုးဖြတ်၍ လမ်းဦးစီးဌာနဧည့်ရိပ်သာအား ဖွင့်လှစ်ပေးခဲ့ကြသည်။ အဆိုပါလမ်းဦးစီးဌာနဧည့်ရိပ်သာအား အင်ခိုင်ဘွမ် ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့ပြီး ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၂၀၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၅၅ သန်း စုစုပေါင်းခွင့်ပြုရန်ပုံငွေကျပ် ၂၇၅ သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မူလက တစ်ထပ်အဆောက်အအုံဖြစ်ပြီး အလျား ပေ ၆၀၊ အနံ ၄၅ ပေရှိ R.C နှစ်ထပ် အဆောက်အအုံအမျိုးအစားကို ပြန်လည်ဆောက်လုပ်ခဲ့သည်။

အဆိုပါနန့်မြစ်ခတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားတည်ဆောက်ရေး အထူးအဖွဲ့(၁)မှ တည်ဆောက်လျက်ရှိပြီး မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းပေါ်ရှိ တံတားအမှတ် (၂/၄၈၁) ဖြစ်ကာ အမြဲတမ်းလေးလမ်းသွား သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကြောင်း သိရှိရသည်။

**ပြည်နယ် (ပြန်/ဆက်)**





# တောင်ငူမြို့နယ် ချင်းကုန်းနှင့် အနောက်ဇီးကုန်းကျေးရွာအကြား လယ်ကွင်းအတွင်းသို့ အက်ဖ် ၇ လေယာဉ်တစ်စင်း ပျက်ကျ

**တောင်ငူ မေ ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု ချင်းကုန်း ကျေးရွာနှင့် အနောက်ဇီးကုန်းကျေးရွာ တို့အကြား လယ်ကွင်းအတွင်းသို့ တောင်ငူလေတပ်စခန်း ဌာနချုပ်မှ အက်ဖ် ၇ လေယာဉ်တစ်စင်း မေ ၃ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်က ပျက်ကျခဲ့ကြောင်း သိရသည်။

တောင်ငူလေတပ်စခန်းမှ လေယာဉ်မှူး ဗိုလ်မှူး အာကာဝင်းမောင်းနှင်သည့် အဆိုပါလေယာဉ်သည် လေ့ကျင့်ပျံသန်းနေစဉ်အတွင်း အရှေ့ဇီးကုန်းကျေးရွာပေါ် အရောက် အမြင့် မီတာ ၅၀၀ ခန့် တွင် စက်ချွတ်ယွင်းပြီး မီးပွားများလွင့်စဉ်ကာ မီးအနည်းငယ် လောင်ကျွမ်းခဲ့ပြီးနောက် ကန်တိုရေလှောင်ကန်အနီး ကွင်းအမှတ် ၅၉၀ တောင်သူ ဦးမျိုး ချင်းကုန်းကျေးရွာနေသူ ပိုင်ဆိုင်သည့် လယ်ကွင်းထဲသို့ ထိုးကျသွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❄



အချိန်အခါမဟုတ် မိုးရွာလေပြင်းတိုက်မှုကြောင့် ရန်ကုန်မြို့အတွင်း နေအိမ်အမိုးလန် သစ်ပင်ပြိုလဲခြင်းများ ဖြစ်ပေါ် စာ-၁၁

တိုက်ကြီးမြို့နယ်တွင် အရေခွံခွာ၊ နှာမောင်းဖြတ်ထားသော ဆင်သေတစ်ကောင်တွေ့ရှိ စာ-၁၂

တောင်ဘိုလီဗီးယား လျှောင် ဘရာဇီးအထိ ရိုက်ခတ်မှုကြောင့် လူများလမ်းများပေါ် ထွက်ကာ လျှောင်ဒဏ်ရှောင်ရှား စာ-၁၄

## လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် အာရှနှင့် အာဆီယံထိပ်သီးအသင်းများ ဖိတ်ကြား

ရန်ကုန် မေ ၃

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဩဂုတ်လဆန်းတွင်ကျင်းပမည့် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် အာရှနှင့် အာဆီယံဒေသတွင်း ထိပ်သီးအသင်းများအား ဖိတ်ကြားမှုများ ပြုလုပ်ထားကြောင်း သိရသည်။**



၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း တွေ့ဆုံခဲ့စဉ်။
ဓာတ်ပုံ-စိုးညွန့်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်းအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး အာရှထိပ်သီး တောင်ကိုရီးယား၊ အာဆီယံထိပ်သီး အင်ဒိုနီးရှားနှင့် ထိုင်းအသင်းတို့ကို ဖိတ်ကြားထားသည်။ ပြိုင်ပွဲကို ယူ-၂၃ ပြိုင်ပွဲအဖြစ် ကျင်းပမည်ဖြစ်ပြီး အာရှအားကစားပြိုင်ပွဲကျင်းပမည့် စည်းမျဉ်းအတိုင်း အသက် ၂၃ နှစ်ကျော်လွန်သည့် ကစားသမားသုံးဦး ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ မြန်မာအမျိုးသားဘောလုံးအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် နှစ်ပေါင်း ၂၀ ကျော်အတွင်း

*စာမျက်နှာ ၁၃ ကော်လံ ၅* ●

## ဘောလုံးအဖွဲ့ချုပ် ဖိတ်ခေါ်ဖလား ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲ ယနေ့ကျင်းပမည်ဖြစ်ပြီး ဝင်ကြေးအခမဲ့ သတ်မှတ်

**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် MFF Open Cup ဖူဆယ်ပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို မေ ၄ ရက် (**ယနေ့**)တွင် ကျင်းပမည်ဖြစ်ပြီး ဝင်ကြေးအခမဲ့ သတ်မှတ်ထားသည်။

ပြိုင်ပွဲကို အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မွန်းလွဲ ၁ နာရီတွင် တတိယနေရာလုပွဲအဖြစ် RDZ အသင်းနှင့် Titans XII အသင်း၊ ညနေ ၃ နာရီတွင် ဗိုလ်လုပွဲအဖြစ် MIC အသင်းနှင့် VUC အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လိဂ်ပြိုင်ပွဲမစတင်မီ ပရော်ဖက်ရှင်နယ်ကလပ်များနှင့်

*စာမျက်နှာ ၁၃ ကော်လံ ၃* ✻

## မြန်မာ့ရိုးရာလက်ဝှေ့ ချန်ပီယံရှစ်ပြိုင်ပွဲ၌ တရုတ်မွေထိုင်းအားကစားသမား ဝင်ရောက်ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး MMTS နှင့် H & S Group တို့က တာဝန်ယူ ဦးဆောင်ကျင်းပမည့် မြန်မာ့ရိုးရာ လက်ဝှေ့ချန်ပီယံရှစ်ပြိုင်ပွဲကြီးတွင် အာရှသိုင်းလောကတစ်ခွင်မှ ကိုယ်ခံပညာပိုင်းဆိုင်ရာ ထိပ်တန်းရပ်တည်နေသော တရုတ်နိုင်ငံမှ မွေထိုင်းအားကစားသမားတစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပသော မီဒီယာရှင်းလင်းပွဲမှ သိရသည်။

အဆိုပါ မြန်မာနိုင်ငံရိုးရာလက်ဝှေ့ ချန်ပီယံရှစ်ပြိုင်ပွဲ ( Lethwei Nation 50 Media Championship 2018 ပြိုင်ပွဲကြီးကို

*စာမျက်နှာ ၄ ကော်လံ ၁* ✽




**Lethwei Nation 50 Media Championship 2018 ပြိုင်ပွဲ တွဲဆိုင်းများ မဲနှိုက်စဉ်။** ဓာတ်ပုံ- မင်းထက်



မြန်မာ့အလင်း
ဗုဒ္ဓဟူး၊ ဧပြီ ၄၊ ၂၀၁၈

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

# မြန်မာနိုင်ငံ ငွေကြေးတည်ငြိမ်ရေးအတွက် ငွေကြေးမူဝါဒ အကောင်အထည်ဖော်နေသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လုပ်ငန်းဆောင်ရွက်ချက်များ

● မင်းမင်းဇော်(ကလေး)

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဒုတိယ(၁)နှစ်တာကာလအတွင်း အကောင်အထည်ဖော် ဆောင် ရွက်ခဲ့မှုများအပါအဝင် လုပ်ငန်းဆောင်ရွက်ခဲ့မှုများ နှင့် စပ်လျဉ်း၍ ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်။**

**မေး ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ အဓိက ဆောင်ရွက်ချက်ကို သိလိုပါတယ်ခင်ဗျာ။**

ဖြေ ။ နိုင်ငံတော်အစိုးရသစ်ရဲ့ နှစ်နှစ်တာ သက်တမ်းကာလအတွင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဟာ ငွေကြေးတည်ငြိမ်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဘဏ်ဝန်ဆောင်မှု လက်လှမ်းမမီတဲ့ ဒေသတွေက ပြည်သူတွေအတွက် (Unbanked People in remote areas) ငွေရေးကြေးရေးဝန်ဆောင်မှုတွေကို တိုးမြှင့်ရရှိစေဖို့ အရှိန်အဟုန်နဲ့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေအသစ်ကို ၂၀၁၃ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပြီးနောက်ပိုင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ သီးခြားလွတ်လပ်တဲ့ အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်ခဲ့ပြီး အဓိက ရည်မှန်းချက်ဖြစ်တဲ့ ပြည်တွင်းဈေးနှုန်း တည်ငြိမ်မှုရရှိရေးနဲ့ ထိန်းသိမ်းရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီရည်မှန်းချက်နဲ့အညီ ငွေကြေးတည်ငြိမ်ရေး (Monetary Stability)၊ ငွေရေးကြေးရေး စနစ်တည်ငြိမ်ရေး (Financial System Stability) နဲ့ ငွေပေးချေမှုနဲ့ စာရင်းရှင်းလင်းမှုစနစ်များ ဖွံ့ဖြိုးတိုးတက်ရေး (Payments and Settlement System Development) စတဲ့ ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။

**မေး ။ ငွေကြေးတည်ငြိမ်မှုအတွက် အကောင်အထည်ဖော် ဆောင်ရွက်ချက်တွေနဲ့ ဆောင်ရွက်မှုရလဒ်တွေကို ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ ငွေကြေးတည်ငြိမ်ဖို့အတွက် ငွေကြေးမူဝါဒကို အကောင်အထည်ဖော်ရာမှာ သီးသန့်ငွေကြေးပမာဏကို ရည်မှန်းချက် သတ်မှတ်ထားရှိတဲ့ ငွေကြေး မူဝါဒမူဘောင် (Reserve Money Targeting Monetary Policy Framework)ကို ကျင့်သုံးလျက်ရှိပါတယ်။ ငွေကြေးမူဝါဒ နည်းလမ်းတွေဖြစ်တဲ့ အတိုးနှုန်းမူဝါဒ(Interest Rate Policy) ချမှတ်ဆောင်ရွက်ခြင်း၊ အနည်းဆုံး သီးသန့်ငွေလိုအပ်ချက် (Minimum Reserve Requirement) သတ်မှတ်ခြင်း၊ ငွေရေးကြေးရေးဈေးကွက်မှာ စာချုပ်များရောင်းဝယ်ခြင်း (Open Market Operation)နဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်းမူဝါဒ (Foreign Exchange Rate Policy) ချမှတ် ဆောင်ရွက်ခြင်းတွေကို ကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ အတိုးနှုန်းမူဝါဒ ချမှတ်ဆောင်ရွက်ချက်နဲ့ ပတ်သက်လို့ ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ အတိုးနှုန်းမူဝါဒအနေနဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ လျှော့နှုန်းကို ၁၀ ရာခိုင်နှုန်း၊ အပ်ငွေအပေါ်ပေးရမယ့် အနိမ့်ဆုံးအတိုးနှုန်းကို ၈ ရာခိုင်နှုန်းနဲ့ ချေးငွေတွေနဲ့ စာရင်းပိုထုတ်ချေးငွေတွေအပေါ်မှာ တောင်းခံနိုင်တဲ့ အမြင့်ဆုံး အတိုးနှုန်းကို ၁၃ ရာခိုင်နှုန်း သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။



ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ အတိုးနှုန်းနဲ့ စီးပွားရေးဆိုင်ရာ ကိန်းဂဏန်းတွေရဲ့ ဆက်စပ်ဖြစ်ပေါ်နေမှုတွေကို သေချာစွာစိစစ်လေ့လာပြီး အတိုးနှုန်းကို မူဝါဒဆိုင်ရာ အတိုးနှုန်းအဖြစ် သတ်မှတ်ခြင်းအစား ဈေးကွက်ကိုထင်ဟပ်စေမယ့် အတိုးနှုန်းဖြစ်စေဖို့အတွက် အတိုးနှုန်းဆိုင်ရာ ဖြေလျှော့မှုတွေကို ဆောင်ရွက်ပေးဖို့ အစီအစဉ်တွေ ထားရှိပါတယ်။

**မေး ။ အပ်ငွေလေလံနဲ့ ချေးငွေလေလံ ခေါ်ယူခြင်းအကြောင်းကိုလည်း ရှင်းပြပေးပါ။**

ဖြေ ။ ငွေကြေးမူဝါဒ နည်းလမ်းတစ်ရပ်ဖြစ်တဲ့ အပ်ငွေလေလံနဲ့ ချေးငွေလေလံ ခေါ်ယူခြင်းတွေ ဆောင်ရွက်ရာမှာ စီးပွားရေးစနစ်ရှိ ငွေကြေးပမာဏသည် ရည်မှန်းချက်ထားရှိတဲ့ ငွေကြေးပမာဏထက် ကျော်လွန်နေမယ်ဆိုရင် အပ်ငွေလေလံ (Deposit Auction) ခေါ်ယူပြီး ပိုလျှံတဲ့ ငွေကြေးပမာဏတွေ နုတ်သိမ်းခြင်းကို ဆောင်ရွက်ပါတယ်။ အကယ်၍ စီးပွားရေးစနစ်ရှိ ငွေကြေးပမာဏသည် ရည်မှန်းချက်ထားရှိသော ငွေကြေးပမာဏအောက် လျော့နည်းပါက ချေးငွေလေလံခေါ်ယူပြီး လိုအပ်တဲ့ ငွေကြေးပမာဏ ဖြည့်တင်းခြင်းကို ဆောင်ရွက်ပါတယ်။

မြန်မာနိုင်ငံရဲ့ လက်ရှိမေခရို စီးပွားရေးအခြေအနေအရ ပိုလျှံငွေကြေးပမာဏတွေ ဖြစ်ပေါ်တဲ့အတွက် အပ်ငွေလေလံခေါ်ယူခြင်းဖြင့် ပိုလျှံငွေကြေး နုတ်သိမ်းခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။

**မေး ။ ငွေဖောင်းပွမှုနှုန်း လျှော့ချနိုင်ခဲ့ခြင်းနဲ့ ပတ်သက်လို့လဲ သိချင်ပါတယ်။**

ဖြေ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ စုစုပေါင်းငွေကြေးပမာဏနဲ့ သီးသန့်ငွေကြေးပမာဏတွေကို ငွေကြေးပမာဏရည်မှန်းချက်တွေအဖြစ် ထားရှိပြီး သတ်မှတ်ထားတဲ့ ရည်မှန်းချက် ဘောင်အတွင်းရောက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ငွေဖောင်းပွမှုနှုန်းဟာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ၉ ဒသမ ၉၉ ရာခိုင်နှုန်းရှိခဲ့ရာက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ၆ ဒသမ ၈၁ ရာခိုင်နှုန်းနဲ့ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၄ ဒသမ ၆၁ ရာခိုင်နှုန်းသို့ အသီးသီးကျဆင်းခဲ့ပါတယ်။

ဒါ့အပြင် ငွေဖောင်းပွမှုကို ဖြစ်ပေါ်စေနိုင်တဲ့ နိုင်ငံတော်ရဲ့ဘတ်ဂျက်လိုငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖြည့်ဆည်းပေးရခြင်းကို လျှော့ချနိုင်ဖို့အတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဟာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ဘဏ်တွေအပါအဝင် ငွေရေးကြေးရေး အဖွဲ့အစည်းတွေကို အစိုးရငွေတိုက် လက်မှတ်များ ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်း (Treasury Bill Auction) ကို

*အချပ်ပို(ခ)သို့*

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ သီးခြားလွတ်လပ်တဲ့ အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်ခဲ့ပြီး အဓိက ရည်မှန်းချက်ဖြစ်တဲ့ ပြည်တွင်းဈေးနှုန်း တည်ငြိမ်မှု ရရှိရေးနဲ့ ထိန်းသိမ်းရေးအတွက် ဆောင်ရွက်လျက်ရှိ**



နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဆောက်အအုံကို တွေ့ရစဉ်။

## “မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ပြည်တွင်းသုံးကျပ်ငွေရဲ့ အခန်းကဏ္ဍ တိုးတက်မြင့်မားရေး၊ ပြည်တွင်းမှာ ဒေါ်လာကျယ်ပြန့်စွာ အသုံးပြုမှု (Dollarization) မဖြစ်ပေါ်စေရေးနဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်း (Foreign Exchange Rate) တည်ငြိမ်စေရေးတို့အတွက် ငွေပေးချေမှုတွေကို နိုင်ငံခြားသုံးငွေဖြင့် ဈေးနှုန်းသတ်မှတ်ခြင်းနဲ့ သုံးစွဲခြင်းကို မပြုလုပ်ဘဲ ပြည်တွင်းသုံး ကျပ်ငွေဖြင့်သာ ပြုလုပ်ရန် ဆောင်ရွက်လျက်ရှိ”

*အချပ်ပို(က)မှ*

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့မှ စတင်၍ ဆောင်ရွက်ခဲ့ပါတယ်။ ထို့ပြင် အစိုးရငွေတိုက်စာချုပ်တွေကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်း (Treasury Bond Auction) ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ပါတယ်။

**မေး ။ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေဖို့ ဆောင်ရွက်ချက်တွေကကော ခင်ဗျာ။**

ဖြေ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ Fixed Exchange Rate System ကို ကာလကြာရှည်စွာ ကျင့်သုံးခဲ့ရာက Managed Floating Exchange Rate System ကို ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့ကစပြီး ပြောင်းလဲကျင့်သုံးခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံခြားငွေ ဈေးပြိုင်လေလံ (Foreign Exchange Auction) ကို နေ့စဉ်ဆောင်ရွက်ပြီး နေ့စဉ်ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်း (Daily Reference Exchange Rate) ကို ထုတ်ပြန်လျက်ရှိပါတယ်။ နိုင်ငံခြားငွေကြေးဈေးကွက် (Interbank FX Market) ကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လမှာ စတင်တည်ထောင်နိုင်ခဲ့ပါတယ်။

ဘဏ်တွေရဲ့နေ့စဉ်အရောင်း၊ အဝယ်စာရင်းတွေ၊ ဘဏ်တွေနဲ့ Customer တွေ အကြားနေ့စဉ် အရောင်း၊ အဝယ်စာရင်းတွေကို တစ်နေ့လျှင် (၄) ကြိမ် Manual စနစ်နဲ့ သတင်းများပေးပို့ခြင်းအစား ၂၀၁၆ ခုနှစ်၊ မတ်လကစတင်ပြီး Electronic Reporting System ကိုသုံးစွဲကာ Online မှ သတင်းပေးပို့ရတဲ့စနစ်ကို ပြောင်းလဲကျင့်သုံးနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ပြည်တွင်းသုံးကျပ်ငွေရဲ့ အခန်းကဏ္ဍတိုးတက်မြင့်မားရေး၊ ပြည်တွင်းမှာ ဒေါ်လာကျယ်ပြန့်စွာ အသုံးပြုမှု (Dollarization) မဖြစ်ပေါ်စေရေးနဲ့ နိုင်ငံခြား ငွေလဲလှယ်နှုန်း (Foreign Exchange Rate) တည်ငြိမ်စေရေးတို့အတွက် ငွေပေးချေမှုတွေကို နိုင်ငံခြားသုံးငွေဖြင့် ဈေးနှုန်းသတ်မှတ်ခြင်းနဲ့ သုံးစွဲခြင်းကိုမပြုလုပ်ဘဲ ပြည်တွင်းသုံးကျပ်ငွေဖြင့်သာပြုလုပ်ရန် ဆောင်ရွက်လျက်ရှိပါတယ်။




မြန်မာနိုင်ငံခေတ်ဦးပိုင်းကာလ သုံးစွဲခဲ့သည့် ငွေကြေးများ

ဘဏ်တွေနဲ့ ဘဏ်မဟုတ်တဲ့ Money Changer ကောင်တာတွေရဲ့ ငွေလဲကောင်တာတွေမှာ နိုင်ငံခြားငွေ ၅ မျိုးဖြစ်တဲ့ အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ၊ ထိုင်းဘတ်နဲ့ မလေးရှားရင်းဂစ်တို့ကို ရောင်းဝယ်ခွင့်ပြုထားပါတယ်။

၂၀၁၂ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေအရ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားတဲ့ လုပ်ငန်းလိုင်စင် (Authorized Dealer License) နဲ့ နိုင်ငံခြားငွေ ဝယ်ယူ၊ ရောင်းချ လဲလှယ်ပေးခွင့်လိုင်စင် (Money Changer License) တွေကို ဘဏ်များအား ခွင့်ပြုထုတ်ပေးပြီး ဘဏ်မဟုတ်တဲ့ ကုမ္ပဏီအဖွဲ့အစည်းများကိုလည်း Money Changer License တွေကို ခွင့်ပြုထုတ်ပေးလျက်ရှိပါတယ်။

အစိုးရသစ်လက်ထက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (၂) နှစ်တာ ကာလအတွင်း ဘဏ်မဟုတ်တဲ့ ကုမ္ပဏီအဖွဲ့အစည်းတွေကို Money Changer License ၉၅ ခု ခွင့်ပြုခဲ့ပြီး ကောင်တာ ၁၃၁ ခု တိုးချဲ့ဖွင့်လှစ်ခွင့်ပြုခဲ့တဲ့အတွက် ၂၀၁၈ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့အထိ ကောင်တာစုစုပေါင်း ၄၂၅ ခု ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါတယ်။




ကိုလိုနီခေတ်ကာလ မြန်မာနိုင်ငံအတွင်း သုံးစွဲခဲ့သည့် ငွေကြေးများ

**မေး ။ ဘဏ်လုပ်ငန်းကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ချက်တွေကို သိလိုပါတယ်။**

ဖြေ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ ဘဏ်မှာ ငွေအပ်နှံသူတွေရဲ့ အကျိုးစီးပွားကို အကာအကွယ်ပေးရေးနဲ့ ငွေရေးကြေးရေးစနစ်တည်ငြိမ်မှု၊ လုံခြုံမှုနှင့်ခိုင်မာမှုတွေကို ထိန်းသိမ်းဖို့အတွက် နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ ဘဏ်တွေကို ထိရောက်စွာ ကြပ်မတ်ကွပ်ကဲခြင်းနဲ့ ကြီးကြပ်စစ်ဆေးခြင်းတွေကို ဆောင်ရွက်ရာမှာ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လမှာ မတည်ငွေရင်းလုံလောက်မှုဆိုင်ရာစည်းမျဉ်း၊ ရရန်ပိုင်ခွင့်များ အမျိုးအစား သတ်မှတ်ခြင်းနဲ့ လျာထားခြင်းဆိုင်ရာစည်းမျဉ်း၊ ပမာဏကြီးမားသော ကြွေးမြီများဆိုင်ရာ စည်းမျဉ်းနဲ့ ငွေကြေး လွယ်ကူမှုအချိုးသတ်မှတ်ချက်ဆိုင်ရာစည်းမျဉ်းတို့ကို ထုတ်ပြန်ခဲ့ပါတယ်။

အဲဒီစည်းမျဉ်းတွေဟာ နိုင်ငံတကာဘဏ်များလိုက်နာရန် သတ်မှတ်ထားတဲ့ ဘာဆဲလ်စည်းမျဉ်းများ (Basel Principles) ကို လိုက်နာကျင့်သုံးဖို့ ကနဦးဆောင်ရွက်ချက်ဖြစ်သော်လည်း စည်းမျဉ်းတွေကို လိုက်နာရာမှာ ပြည်တွင်းဘဏ်တွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ အခက်အခဲမကြုံတွေ့စေဖို့ စည်းမျဉ်းများပါ သတ်မှတ်ချက်တွေကို အတိုင်းအတာတစ်ရပ်အထိ ဖြေလျှော့ပေးခဲ့ပါတယ်။

**မေး။ စည်းမျဉ်းတွေနဲ့ ပတ်သက်လို့ ဖြေလျှော့ပေးထားတဲ့ အခြေအနေတွေကိုလည်း ဆက်လက်ရှင်းပြပေးပါ။**

ဖြေ ။ စည်းမျဉ်းများလိုက်နာနိုင်ဖို့အတွက် ဖြေလျှော့ပေးမှုတွေအနေနဲ့ ၂၀၁၇ ခုနှစ်မှာ ရရန်ပိုင်ခွင့် အမျိုးအစားများသတ်မှတ်ခြင်းနဲ့ လျာထားခြင်းဆိုင်ရာစည်းမျဉ်းအရ ဘဏ်တွေရဲ့ စာရင်းရှိ စာရင်းပိုထုတ်ချေးငွေ (Overdraft) တွေကို တစ်ဆက်တည်းဖြစ်တဲ့ ရက်သတ္တနှစ်ပတ်အတွင်း စာရင်းရှင်းလင်းပြီး အပြည့်အဝပြန်လည်ပေးဆပ်ခြင်းကို နှစ်စဉ်ဆောင်ရွက်ရန် သတ်မှတ်ချက်ကို သုံးနှစ်ကာလထက်မပိုသော ကာလသတ်မှတ်ချက်ချေးငွေ (Term Loan) များအဖြစ်ပြောင်းလဲပြင်ဆင် ခွင့်ပြုခဲ့ပါတယ်။

ငွေကြေးလွယ်ကူမှုအချိုး သတ်မှတ်ချက်ဆိုင်ရာ စည်းမျဉ်းအရ ငွေကြေးလွယ်မှု အချိုးတွက်ချက်မှုဇယားမှာ ငွေဖြစ်လွယ်တဲ့ ရရန်ပိုင်ခွင့်များတွက်ချက်မှုမှာ အရင်က တစ်နှစ်ထက်သက်တမ်းပိုရှိတဲ့ အစိုးရငွေတိုက်စာချုပ်တွေကို ထည့်သွင်းတွက်ချက်ခြင်း မပြုခဲ့ပေမယ့် ငွေတိုက်စာချုပ်များတန်ဖိုးရဲ့ ၅၀ ရာခိုင်နှုန်းကို ထည့်သွင်းတွက်ချက်ခွင့်ပြုခဲ့ပါတယ်။ ဒါ့အပြင် ၂၀၁၈ ခုနှစ်မှာ ရရန်ပိုင်ခွင့်များ အမျိုးအစားသတ်မှတ်ခြင်းနှင့် လျာထားခြင်းဆိုင်ရာစည်းမျဉ်းအရ စာရင်းပိုထုတ်ချေးငွေများကို ကာလသတ်မှတ်ချက်ချေးငွေအဖြစ် ပြောင်းလဲပြင်ဆင်သတ်မှတ်ရာမှာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ဖို့အတွက် အရင်းပြန်လည်ပေးဆပ်မှုကို ဆိုင်းငံ့ကာလ (Grace Period) အဖြစ် တစ်နှစ်အထိထားရှိဖို့ ပြင်ဆင်သတ်မှတ်တဲ့ ညွှန်ကြားချက်နဲ့ ပမာဏကြီးမားသောကြွေးမြီများ ဆိုင်ရာစည်းမျဉ်းအရ ပမာဏကြီးမားသော ကြွေးမြီတွေကို ကာလသတ်မှတ်ချက်ချေးငွေ သက်တမ်း (၃) နှစ်အတွင်း လျှော့ချမယ့် အစီအစဉ် တင်ပြရမယ့်ရက်ကို ပြင်ဆင်သတ်မှတ်တဲ့ ညွှန်ကြားချက်တွေကိုလည်း ထုတ်ပြန်ခဲ့ပါတယ်။

**မေး ။ Financial Inclusion နှင့်စပ်လျဉ်းတဲ့ ဆောင်ရွက်ချက်တွေကို ပြောပြပေးပါ။**

ဖြေ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ နိုင်ငံအဝန်းရှိပြည်သူတွေအနေနဲ့ တိုးတက်ဖွံ့ဖြိုးလျက်ရှိတဲ့ ဘဏ်လုပ်ငန်း ဝန်ဆောင်မှု အသစ်တွေကို လွယ်လင့်တကူ လက်လှမ်းမီစွာ အသုံးပြုနိုင်ဖို့အတွက် တိုင်းဒေသကြီး တွေနဲ့ပြည်နယ် အသီးသီးမှာ ပုဂ္ဂလိကဘဏ်တွေရဲ့ ဘဏ်ခွဲများဖွင့်လှစ်ဆောင်ရွက်ခွင့်ပြုခြင်း၊ မိုဘိုင်းဘဏ်လုပ်ငန်း (Mobile Banking)၊ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ (Mobile Financial Services) နဲ့ ဘဏ်မဟုတ်တဲ့ ငွေရေးကြေးရေး အဖွဲ့အစည်း လုပ်ငန်းတွေကို ဆောင်ရွက်ရန် ခွင့်ပြုခဲ့ပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ အများပြည်သူတွေအတွက် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများလွယ်ကူစွာရရှိနိုင်စေဖို့ ပုဂ္ဂလိကဘဏ်တွေကို ဘဏ်ခွဲများ တိုးချဲ့ ဖွင့်လှစ်ခွင့်ပြုခဲ့ရာမှာ ၂၀၁၆ ခုနှစ်၊ မတ်လကုန်မှာ ဘဏ်ခွဲပေါင်း ၁၂၄၇ ခုရှိခဲ့ရာက (၂) နှစ်တာကာလအတွင်း ပုဂ္ဂလိကဘဏ် ၂၄ ဘဏ်မှ နိုင်ငံအဝန်းဘဏ်ခွဲပေါင်း ၃၀၆ ခုကို ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် လက်ရှိအချိန်မှာ ဘဏ်ခွဲပေါင်း ၁၆၅၃ ခုကို ဖွင့် လှစ်ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။

*အချပ်ပို (ဂ) သို့*

*အချပ်ပို(ခ)မှ*

ပြည်ပနိုင်ငံတွေနဲ့ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်များပြားလာတာနဲ့အမျှ ဘဏ်လုပ်ငန်းတွေ ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်စေဖို့အတွက် ၂၀၁၅ ခုနှစ်မှာ နိုင်ငံခြားဘဏ် ကိုးဘဏ်ကို ပြည်တွင်းမှာ ဘဏ်ခွဲဖွင့်လှစ်ခွင့်ပြုခဲ့ရာမှ ၂၀၁၆ ခုနှစ်အတွင်း နိုင်ငံခြားဘဏ် လေးဘဏ်ကို ဘဏ်ခွဲထပ်မံဖွင့်လှစ်ခွင့်ပြုခဲ့လို့ အခုအခါ ပြည်တွင်းမှာ နိုင်ငံခြားဘဏ်ခွဲ စုစုပေါင်း ၁၃ ခု ဖွင့်လှစ်ပြီး ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများပေးလျက်ရှိပါတယ်။

ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းကို ဘဏ်နဲ့ငွေရေးကြေးရေးအဖွဲ့အစည်း တွေ အပြင် မိုဘိုင်းကွန်ရက်အော်ပရေတာများကပါ ဝန်ဆောင်မှုပေးနိုင်ရေး ရည်ရွယ်ပြီး မိုဘိုင်းကွန်ရက်အော်ပရေတာနှစ်ခုနဲ့ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ခုကို မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းတွေ ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။

**မေး ။ ငွေကြေးခဝါချမှု အပါအဝင် အကြမ်းဖက် ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးအတွက် လက်ရှိဆောင်ရွက်နေမှု အခြေအနေတွေကို ပြောပြပေးပါ။**

ဖြေ ။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဟာ ငွေကြေးခဝါချမှုနဲ့ အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး(Anti-Money Laundering / Countering the Financing of Terrorism -AML/CFT) ဆိုင်ရာလုပ်ငန်းတွေကို မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်း ဆောင်ရွက်လျက်ရှိရာ အမျိုးသားအဆင့် မဟာဗျူဟာရေးဆွဲခြင်းနဲ့ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ ပြင်ဆင်ရေးဆွဲခြင်း စသည့်ကိစ္စရပ်တွေကို ဆက်စပ်ဝန်ကြီးဌာနများဖြစ်တဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးအပါအဝင် သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ငွေပေးချေမှုနဲ့ စာရင်းရှင်းလင်းမှုစနစ်တွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်နေမှု အခြေအနေကိုလည်း သိရှိလိုပါတယ်။**

ဖြေ ။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်မှာ စခဲ့တဲ့ CBM-NET (RTGS) System ကို International Standard နဲ့ အညီဖြစ်စေဖို့ နည်းပညာအကူအညီ ဒုတိယအဆင့် Second Phase ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ Japan International Cooperation Agency (JICA) တို့က ဆက်လက် အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်နဲ့ ပြည်တွင်းအခွန်များဦးစီးဌာနတို့ ပူးပေါင်းပြီး ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်ပြီး အခွန်ထမ်းများအနေ နဲ့ မည်သည့်ဘဏ်မှာ စာရင်းဖွင့်လှစ်ထားသည်ဖြစ်စေ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများရှိ ပြည်တွင်းအခွန်များဦးစီးဌာန စာရင်းသို့ CBM-NET System ရှိ Customer Credit Transfer Function ကို အသုံးပြု၍ Online မှ အခွန်ပေး ဆောင်ခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှု အခြေအနေတွေကို သိလိုပါတယ်။**

ဖြေ ။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ အပြည်ပြည်ဆိုင်ရာငွေကြေး ရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်အပါအဝင် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ (South East Asian Central Banks Centre-SEACEN Centre) တွေနဲ့ ဘဏ်လုပ်ငန်းကဏ္ဍတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အာဆီယံ ငွေရေးကြေးရေးပေါင်းစည်းရေးလုပ်ငန်းစဉ်နဲ့ အာဆီယံ+၃ (တရုတ်၊ ဂျပန်၊ ကိုရီးယား) ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်တွေကို ဒေသတွင်း နိုင်ငံများနဲ့ အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ Cryptocurrency ကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ဆုံးရှုံးနိုင်ခြေတွေကို မဖြစ်ပေါ်စေတဲ့ ဆောင်ရွက်ချက်တွေကို သိလိုပါတယ်။**

ဖြေ ။ Cryptocurrency သည် ရွှေ (သို့မဟုတ်) အခြားအရာတစ်ခုခုကို ကျောထောက် နောက်ခံထားပြီး ရိုက်နှိပ်ထုတ်ဝေတဲ့ ငွေကြေးမျိုးမဟုတ်ဘဲ သင်္ချာနည်းပညာ (Mathematical Algorithm)နဲ့ လျှို့ဝှက်သင်္ကေတသတ်မှတ်ခြင်းနည်းပညာ (Cryptography) အပေါ် အခြေခံထုတ်ဝေထားတဲ့ ဒီဂျစ်တယ်ငွေကြေး (Digital Currency) ဖြစ်ပါတယ်။

Cryptocurrency အသုံးပြုခြင်းရဲ့ အားနည်းချက်တွေမှာ တရားဝင်အသိအမှတ်ပြုထားတဲ့ငွေကြေးမဟုတ်တဲ့အတွက် ပေါ်ပေါက်လာတဲ့ဆုံးရှုံးမှုတွေကို အကာအကွယ်ပေးနိုင်မယ့် ဥပဒေဆိုင်ရာအာမခံချက်မရှိခြင်း၊ သုံးစွဲမှု၊ ဈေးကစားမှု မြင့်တက်လာခြင်းကြောင့် ရင်းနှီးမြှုပ်နှံသူတွေအတွက် ဆုံးရှုံးနိုင်ခြေ မြင့်မားခြင်း၊ Cryptocurrency ဖြစ်တဲ့အတွက် Hackers များမှ အချိန်မရွေး နှောင့်ယှက်ခိုးယူနိုင်သောကြောင့် လုံခြုံစိတ်ချရမှုမရှိခြင်းနဲ့ ငွေကြေးခဝါချမှု (Money Laundering)၊ အကြမ်းဖက်သမားများအား ငွေကြေးထောက်ပံ့ခြင်း (Terrorist Financing)၊ အခွန်ရှောင်ရှားခြင်း (Tax Evasion) နဲ့ လိမ်လည်မှုကျူးလွန်ခြင်း (Fraud) များ ပေါ်ပေါက်နိုင်ခြင်းတွေဖြစ်ပါတယ်။


လက်ရှိထုတ်ဝေအသုံးပြုလျက်ရှိတဲ့ Cryptocurrency များစွာရှိတဲ့အနက် Bitcoin ဟာ အသုံးပြုမှု အများဆုံးဖြစ်ပါတယ်။ Bitcoin နဲ့အခြား Cryptocurrency တွေသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ဆုံးရှုံးနိုင်ခြေကို ကာကွယ်ဖို့အတွက် နိုင်ငံအချို့က စည်းမျဉ်းသတ်မှတ်ချက်တွေ ထုတ်ပြန်ခဲ့ကြပါတယ်။ ဂျပန်နိုင်ငံဟာ Japan’s Service Act (2016) အရ Bitcoin နဲ့ အခြား Cryptocurrencies များနဲ့ ပေးချေမှုတွေကို တရားဝင်ငွေကြေးမဟုတ်တဲ့ ပေးချေမှုများ ဆောင်ရွက်ခြင်းဖြစ်တယ်လို့ သတ်မှတ်ခဲ့ပြီး တရုတ်နိုင်ငံ ဗဟိုဘဏ်သည် Bitcoin ရောင်းဝယ်ခြင်းကို ပုဂ္ဂလိကအဖွဲ့အစည်းတွေကို ခွင့်ပြုထားပေမယ့် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်ကစပြီး ဘဏ်ကဲ့သို့သော ငွေရေးကြေးရေးအဖွဲ့အစည်းများအား တားမြစ်ခဲ့ပါတယ်။

*အချပ်ပို (ဃ)သို့*



မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်တို့ပူးပေါင်းကျင်းပသည့် ငွေရေးကြေးရေးကဏ္ဍဆိုင်ရာ နည်းပညာအကူအညီပူးပေါင်းဆောင်ရွက်ရေး ဆဋ္ဌမအကြိမ် ညီလာခံကို ၂၄-၃-၂၀၁၈ ရက်က နေပြည်တော်၌ ကျင်းပစဉ်။ သတင်းစဉ်

❒ **မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဟာ ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအရ ဘဏ်မှာ ငွေအပ်နှံသူတွေရဲ့ အကျိုးစီးပွားကို အကာအကွယ်ပေးရေးနဲ့ ငွေရေးကြေးရေးစနစ် တည်ငြိမ်မှု၊ လုံခြုံမှုနှင့် ခိုင်မာမှုတွေကို ထိန်းသိမ်းဖို့အတွက် နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့်အညီ ဘဏ်တွေကို ထိရောက်စွာ ကြပ်မတ်ကွပ်ကဲခြင်းနဲ့ ကြီးကြပ်စစ်ဆေးခြင်းတွေကို ဆောင်ရွက်ရာမှာ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လမှာ မတည်ငွေရင်း လုံလောက်မှုဆိုင်ရာ စည်းမျဉ်း၊ ရရန်ပိုင်ခွင့်များ အမျိုးအစား သတ်မှတ်ခြင်းနဲ့ လျာထားခြင်းဆိုင်ရာ စည်းမျဉ်း၊ ပမာဏကြီးမားသော ကြွေးမြီများဆိုင်ရာ စည်းမျဉ်းနဲ့ ငွေကြေးလွယ်ကူမှုအချိုး သတ်မှတ်ချက်ဆိုင်ရာ စည်းမျဉ်းတို့ကို ထုတ်ပြန်ခဲ့ပါတယ်။**




နိုင်ငံတကာသုံး ငွေကြေးများကို တွေ့ရစဉ်။




လွတ်လပ်ရေးရပြီးခေတ် မြန်မာနိုင်ငံအတွင်း သုံးစွဲသည့် ငွေကြေးများ။




အာဆီယံသုံးငွေကြေးများကို တွေ့ရစဉ်။

*အချပ်ပို (ဂ) မှ*

ဘင်္ဂလားဒေ့ရှ်ဗဟိုဘဏ်က Virtual Currency အသုံးပြုသူတွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ Anti-money Laundering Law နဲ့ ငြိစွန်းသူအဖြစ် သတ်မှတ်ပြီး ပြစ်ဒဏ်ပေးခြင်းခံရမယ်လို့ ၂၀၁၄ ခုနှစ် စက်တင်ဘာလမှာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အိန္ဒိယဗဟိုဘဏ်ကလည်း Bitcoin အပါအဝင် Virtual Currency သုံးစွဲခွင့်ကို မည်သည့်အဖွဲ့အစည်း၊ ကုမ္ပဏီကိုမှ လိုင်စင် ထုတ်ပေးထားခြင်းနဲ့ အာဏာပေးအပ်ထားခြင်းမရှိကြောင်း ထုတ်ပြန်ခဲ့ပါတယ်။ အင်ဒိုနီးရှားဗဟိုဘဏ်က ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့မှာ ငွေပေးချေမှုများ ပြုလုပ်ရာမှာ Bitcoin အပါအဝင် Virtual Currencies များသည် တရားဝင်ငွေကြေးများ မဟုတ်ကြောင်း၊ မလေးရှားနိုင်ငံ ဗဟိုဘဏ်က Bitcoin ကို တရားဝင်ငွေကြေးအဖြစ် အသိအမှတ်မပြုကြောင်း၊ စင်ကာပူ ငွေကြေးအာဏာပိုင်အဖွဲ့က Bitcoin သည် ငွေကြေးအစစ်အမှန်မဟုတ်သည့်အတွက် သတိထား ဆောင်ရွက်သင့်ကြောင်းနှင့် Bitcoin ဖြင့် ရင်းနှီးမြှုပ်နှံမှုများသည် ဆုံးရှုံးနိုင်ခြေ မြင့်မားကြောင်းတွေကို သတိပေးချက် အသီးသီး ထုတ်ပြန်ခဲ့ကြပါတယ်။

၂၀၁၆ ခုနှစ်မှာ မြန်မာနိုင်ငံရှိ ကုမ္ပဏီတစ်ခုဟာ S-Coin ကို ဝယ်ယူရင်းနှီးမြှုပ်နှံဖို့ အများပြည်သူကို စည်းရုံးဆွေးနွေးမှုတွေ ပြုလုပ်လျက်ရှိကြောင်း သိရှိမှုအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတိပေးဆောင်ရွက်ခဲ့ရာမှာ "IT နည်းပညာ တိုးတက်လာခြင်းကြောင့် ကမ္ဘာအနှံ့၌ ငွေရေးကြေးရေးဆိုင်ရာနည်းပညာ (Financial Technology) များ အများအပြား ပေါ်ပေါက်လာခဲ့ရာ online ဖြင့် ငွေကြေးအပေးအယူ ကိစ္စရပ်များအား Internet၊ e-banking၊ i-banking၊ Mobile Banking သုံး၍ဖြစ်စေ၊ Credit Card မှဖြစ်စေ ငွေကြေးထည့်ဝင်၍ ဘဏ်လုပ်ငန်း ကဏ္ဍ (Banking Sector) ကို ဖြတ်သန်းနိုင်ပြီး တရားမဝင် ငွေကြေးစီးဆင်းမှုနှင့် ငွေကြေးခဝါချမှုများလည်း ရှိလာနိုင်သောကြောင့် ဘဏ်များအနေဖြင့် မိမိဘဏ်နှင့်ဆက်သွယ် ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း (Customer Due Diligence-CDD)ကို တိုးမြှင့်ဆောင်ရွက်ကြရန်" ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့မှာ ဘဏ်တွေကို သတိပေးအကြောင်းကြားစာ ပေးပို့ခဲ့ပါတယ်။

၂၀၁၇ ခုနှစ် ဇွန်လ ၉ ရက်နေ့မှာ ဘဏ်များအနေဖြင့် ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော ညွှန်ကြားချက်၊ လမ်းညွှန်ချက်များနှင့် အညီ AML/CFT လုပ်ငန်းစဉ်အား တိုးမြှင့်ဆောင်ရွက်ရန်၊ ငွေစာရင်းတစ်ခုအတွင်းသို့ ကျိုးကြောင်းဆီလျော်မှုမရှိဘဲ ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲဆောင်ရွက်ကြောင်း တွေ့ရှိရပါက သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှုသတင်းပေးပို့ချက်အဖြစ် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပေးပို့ရန်နှင့် ဘဏ်၏ပေါ့လျော့မှုကြောင့် AML/CFT နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် ဘဏ်ဝန်ဆောင်မှုကို ကြိမ်ဖန်များစွာ အသုံးချနေကြောင်း စစ်ဆေးတွေ့ရှိရပါက စီမံခန့်ခွဲမှုဆိုင်ရာ အရေးယူမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သတိပေး အကြောင်းကြားခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ ဆုံးရှုံးနိုင်ခြေမြင့်မားတဲ့ Bitcoin အပါအဝင် အခြားသော Cryptocurrencies များအပေါ် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းနဲ့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ဖို့ ပြည်သူများသို့ စည်းရုံးဆွဲဆောင်ခြင်းများ ပြုလုပ်ခြင်းကို တားမြစ်နိုင်ဖို့အတွက် Cryptocurrency အသုံးပြုခြင်းကို တားမြစ်ကာ တရားမဝင်ရောင်းဝယ်မှု သတ်မှတ်ပြီး AML/CFT စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်ရာရောက်ကြောင်း ကြေညာချက် ထုတ်ပြန်ခြင်းများ ပြုလုပ်သင့်ပါတယ်။ Cryptocurrency အသုံးပြုမှုများ ပြုလုပ်နိုင်တဲ့ Hardware သို့မဟုတ် Software ရောင်းဝယ်မှုတွေကို တားမြစ်ပိတ်ပင်ခြင်းနဲ့ Cryptocurrency အရောင်းအဝယ်ပြုလုပ်တဲ့ Website များ၊ မိုဘိုင်း Software များနဲ့ အခြားသော ကြားခံဝန်ဆောင်မှုပေးခြင်းများကို ထိန်းချုပ်တားမြစ်ခြင်းတွေ ဆောင်ရွက်သင့်ပါတယ်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှာ ပြုလုပ်ခဲ့တဲ့ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒါရိုက်တာများ ဘုတ်အဖွဲ့အစည်းအဝေး (Board of Directors' Meeting) မှာ Cryptocurrency နဲ့ စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါတယ်။ ယခုအခါ မိမိတို့နိုင်ငံမှာ Cryptocurrency အမျိုးအစားများနဲ့ ဆက်စပ်တဲ့ကိစ္စများကြောင့် ပြည်သူများ ဆုံးရှုံးနစ်နာခဲ့တဲ့အတွက် အလားတူ ကိစ္စရပ်တွေ ထပ်မံမဖြစ်ပွားစေဖို့ Cryptocurrencies သုံးစွဲခြင်းကို အသိအမှတ်မပြုကြောင်း ညွှန်ကြားချက် ထုတ်ပြန်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံးကို တင်ပြခွင့်ပြုချက် တောင်းခံရယူပြီး ဆောင်ရွက်ဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ မိမိရဲ့အဓိက ရည်မှန်းချက်နဲ့အညီ ရည်ရွယ်ချက်များ အောင်မြင်စေဖို့အတွက် အဓိက လုပ်ငန်းတာဝန်တွေကို ဆက်လက် ဆောင်ရွက်လျက်ရှိပါတယ်။

**ကျေးဇူးတင်ပါတယ်ခင်ဗျား။** ။

- မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်အပါအဝင် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ (South East Asian Central Banks Centre-SEACEN Centre) တွေနဲ့ ဘဏ်လုပ်ငန်းကဏ္ဍ တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိ
- အာဆီယံ ငွေရေးကြေးရေး ပေါင်းစည်းရေးလုပ်ငန်းစဉ်နဲ့ အာဆီယံ +၃ (တရုတ်၊ ဂျပန်၊ ကိုရီးယား) ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်တွေကို ဒေသတွင်း နိုင်ငံများနဲ့အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိ









အများပြည်သူအတွက် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ လွယ်ကူစွာ ဆောင်ရွက်နိုင်စေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုပေးခဲ့သည့် ပုဂ္ဂလိကဘဏ်အချို့ကို တွေ့ရစဉ်။

မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်
၂၀၁၈ ခုနှစ်၊ မေ ၉ ရက်၊ ဗုဒ္ဓဟူးနေ့

# ရန်ကုန်မြို့ပြ ရဲ့ မြင်ကွင်းအသစ်တွေနဲ့အတူ

**ဝေယံဦး**



ဓာတ်ပုံ - ကေဇင်

နေ့စဉ်နဲ့အမျှ ပြောင်းလဲမှုတွေ ဖြစ်ပေါ်နေတဲ့ ရန်ကုန်မြို့ပြရဲ့ ပုံရိပ်သစ်တွေဟာ မြင်တွေ့ရသူအဖို့ အံ့သြစရာကောင်းအောင်ဖြစ်စေတာတော့ အမှန်ပါပဲ။ လက်ရှိ အခြေအနေအရ ဆောက်လုပ်ရေးလုပ်ငန်းတွေ နွေးကွေးနေတယ်လို့ သုံးသပ်နေကြပေမယ့် ရန်ကုန်မြို့ပြမှာတော့ အချို့မြို့နယ်အတော်များများရဲ့ အထင်ကရနေရာတွေ၊ လမ်းဆုံလမ်းမတွေ၊ စီးပွားရေးအတွက် အကွက်အကွင်းကျတဲ့နေရာတွေမှာတော့ ဆောက်လုပ်စ အဆောက်အအုံအသစ်တွေ၊ ဆောက်လုပ်ဆဲ အဆောက်အအုံတွေ၊ တည်ဆောက်မှုလုပ်ငန်းတွေ ပြီးစီးတော့မယ့် အဆောက်အအုံတွေနဲ့ ရန်ကုန်မြို့ပြဟာ ရေးဆွဲနေဆဲ ရောင်စုံပန်းချီကားတစ်ချပ်ကို တွေ့မြင်ရသလိုပါပဲ။

ပြီးခဲ့တဲ့နှစ်ရက်က လှည်းတန်းအနီး စိုက်ပျိုးရေးမှတ်တိုင်မှာဆင်းကာ ဂျန်းရှင်းစကွဲကို သွားတဲ့အခါ အဲဒီဈေးရောင်းစင်တာအဆောက်အအုံရဲ့ မျက်နှာချင်းဆိုင်လမ်းတစ်ဖက်ခြမ်းမှာ တည်ဆောက်နေဆဲ အထပ်မြင့်အဆောက်အအုံနှစ်လုံးကို မြင်တွေ့ရပြီး အံ့သြနေမိပါတယ်။ ဒီဘက်ကို မရောက်ဖြစ်တဲ့အချိန်ကာလအတွင်းမှာပဲ မြင်ကွင်းက ပြောင်းလဲသွားပြီဖြစ်ပါတယ်။ အဆောက်အအုံသစ်တွေနဲ့ အဲဒီနေရာတစ်ဝိုက်ဟာ တိုးတက်ပြောင်းလဲသွားတာမို့ အတန်ကြာရပ်ကြည့်နေမိပါတယ်။

ဈေးရောင်းတဲ့သူတွေဘက်ကလည်း သန့်ရှင်းသပ်ရပ်တဲ့ဆိုင်တွေ၊ လေအေးစက်တပ်ဆင်ထားတဲ့ အရောင်းပြခန်းတွေ နဲ့ လက်ဖက်ရည်၊ ကော်ဖီဆိုင်နဲ့ စားသောက်ဆိုင်တွေက သန့်ရှင်းပြီးအဆင့် အတန်းရှိရှိနဲ့ ရောင်းချနေတဲ့ မြင်ကွင်းကိုလည်း သတိပြုမိပြန်ပါတယ်။ ဒီနေရာဟာ အရင်က တွေ့မြင်နေကြပုံရိပ်နဲ့မတူဘဲ လုံးဝကွဲပြားခြားနားသွားတာကတော့ အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။

နောက်ပြီး ကမ္ဘာအေးဘုရားလမ်းမှ စက်မှု(၁)လမ်းဘက်ကို ချိုးကွေ့လိုက်ရင်လည်း အသစ်တည်ဆောက်နေဆဲဖြစ်တဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုနဲ့ အဆောက်အအုံသစ်စီမံကိန်းတစ်ခုလည်းတွေ့မြင်ရမှာ ဖြစ်ပါတယ်။ ခေတ်မီစက်ယန္တရားကြီးတွေ၊ အဆင့်မြင့်ဝန်ချီစက်တွေ အသုံးပြုပြီး တည်ဆောက်နေတဲ့ မြင်ကွင်းဟာလည်း မကြာမီကပဲ ရုပ်လုံးပေါ်ထွက်လာလို့ အဲဒီနေရာဝန်းကျင်ဟာ ပုံရိပ်ပြောင်းလဲသွားဦးမှာ ဖြစ်ပါတယ်။

အခုဆိုရင် အဲဒီနေရာတစ်ဝိုက်မှာ ဆီဒိုးနားဟိုတယ်ရဲ့ တိုးချဲ့ အထပ်မြင့်အဆောက်အအုံသစ်ကလည်း ပြီးစီးကာ အသုံးပြုနေပြီဖြစ်သလိုလမ်းတစ်ဖက်တစ်ချက်မှာ ဗီယက်နမ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ကာ တည်ဆောက်ဖွင့်လှစ်ထားတဲ့ အထပ်မြင့်အဆောက်အအုံကလည်း ဒီနေရာတစ်ဝိုက်မှာ ထူးခြားမြင့်မားတဲ့ မြင်ကွင်းပါပဲ။



> **မြေနီကုန်းမှ ရွှေဂုံတိုင်ဘက်ကိုသွားတဲ့ လမ်းမှတ်တိုင်အနီးမှာလည်း အဆောက်အအုံစီမံကိန်းသစ်တည်ဆောက်ဖို့ စိုင်းပြင်းနေပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ နွေးကွေးတုံ့ဆိုင်းနေတယ်လို့ စီးပွားရေးပညာရှင်တွေက သုံးသပ်နေပေမယ့် ရန်ကုန်မြို့မှာတော့ ပုံမှန်ရှိနေတယ်လို့ ဆိုပါတယ်**

ဒါ့အပြင် ကမ္ဘာအေးဘုရားလမ်းနဲ့ရန်ကင်းကလေးဆေးရုံဘက်ကိုသွားတဲ့ လမ်းထောင့်မှာ တည်ဆောက်နေဆဲဖြစ်တဲ့ အဆောက်အအုံကလည်း မကြာမီကာလအတွင်းမှာ ရုပ်လုံးပေါ်လာတော့မှာ ဖြစ်တဲ့အတွက် အင်းလျားကန်အနီးမှာ မြင်ကွင်းပုံရိပ်သစ်တစ်ခု ထပ်တိုးလာဦးမှာ ဖြစ်ပါတယ်။

နောက်ပြီး မြေနီကုန်းမှ ရွှေဂုံတိုင်ဘက်ကိုသွားတဲ့ လမ်းမှတ်တိုင်အနီးမှာလည်း အဆောက်အအုံစီမံကိန်းသစ်တည်ဆောက်ဖို့ စိုင်းပြင်းနေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ နွေးကွေးတုံ့ဆိုင်းနေတယ်လို့ စီးပွားရေးပညာရှင်တွေက သုံးသပ်နေပေမယ့် ရန်ကုန်မြို့မှာတော့ ပုံမှန်ရှိနေတယ်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရဲ့ ရင်းနှီးမြှုပ်နှံမှုကိုကြည့်ရင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အများဆုံးဖြစ်နေတာ တွေ့ရမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မယ့် လုပ်ငန်းစီမံကိန်းအဆိုပြုမှုတွေဟာ ၂၀ ကျော် ရှိနေတယ်လို့ ဆိုပါတယ်။ အဲဒီစီမံကိန်းတွေကတော့ အိမ်ရာစီမံကိန်း ရှစ်ခု၊ စက်မှုဇုန်လေးခု၊ မြို့သစ်သုံးခု၊ ကုန်းတွင်းဆိပ်ကမ်းတစ်ခု၊ မိုးပျံနှစ်ထပ်လမ်း စီမံကိန်းတစ်ခု၊ ရန်ကုန်အထူးစီးပွားရေးဇုန်တစ်ခု၊ လယ်ယာစီးပွားရေးဝန်ဆောင်မှု စင်တာစီမံကိန်းစတာတွေလည်း ပါဝင်တာမို့

*အချပ်ပို(ဃ)သို့*

အချပ်ပို (ခ) — **ရန်ကုန်သင်္ကြန်နှင့် ရန်ကုန်သံချပ်အဖွဲ့များ**

အချပ်ပို (ဂ) — **မြို့တော်ရန်ကုန်နှင့် လိုအပ်နေသည့် အကြောင်းတရားများ...**

# ရန်ကုန်သင်္ကြန်နှင့် ရန်ကုန်သံချပ်အဖွဲ့များ



**ဆောင်းပါး-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-သန်းဝင်း(သန်လျင်)နှင့် သင်္ကြန်အဖွဲ့များ**

သင်္ကြန်သံချပ်များသည် ခေတ်၏ ကြေးမုံပြင်ဖြစ်သည်။ နှစ်တစ်နှစ်၏ အတိတ်နှင့်အရိပ် ဖြစ်သည်။ မှတ်ကျောက်ဖြစ်သည်။ ခေတ်စနစ်၏အမြီးအမောက်မတည့်မှု၊ အလယ် အလတ် အောက်ခြေအုပ်ချုပ်သူအဖွဲ့အစည်းတို့၏ မတော်မတရား ပြုလုပ်မှု၊ ခြစားနေမှုများအဖြစ် နှစ်တစ်နှစ်အတွင်း ပြည်သူများထိတွေ့ခံစားမှု၊ မညီမျှမှုများကို အတိုင်အဖောက်ညီစွာ လှစ်ဟ၍၊ မီးမောင်းထိုးပြခြင်းပင်ဖြစ်သည်။

သို့သော် သင်္ကြန်သံချပ်အဖွဲ့များသည် တက်လာသော အစိုးရအဖွဲ့ပေါ်မူတည်၍ မြုပ်ချည်တစ်ခါ ပေါ်ချည်တစ်လှည့် ရှိခဲ့ဖူးသည်။ အပေါင်း အနုတ်လက္ခဏာ မတူညီခဲ့သော ခရီးလမ်း အရှည်ကြီးဖြစ်ခဲ့သည်။

**ပင်**မြင့်ထက်ဆီမှ ပိတောက်ဖူးများက သင်္ကြန်မိုးကို ငံ့လင့်နေကြသည်။ သင်္ကြန်နားနီးလာသည့်တိုင် သင်္ကြန်လက်ဆောင်မိုး သို့မဟုတ် ဖက်စွတ်မိုးလေးက တစ်ပြိုက်မှပင် ရွာသွန်းခြင်း မရှိခဲ့ပေ။

သို့သော် မြန်မာရုပ်ရှင်ဂန္ထဝင်ဇာတ်ကားကြီးတစ်ကားဟု မှတ်တမ်းတင်ရမည့် "သင်္ကြန်မိုး" ဇာတ်ကားထဲမှ သင်္ကြန်သီချင်းများကိုတော့ဖြင့် ယခုရက်ပိုင်းအတွင်း ခပ်စိပ်စိပ် ပြန်လည်ကြားလာရပြီဖြစ်သည်။

သင်္ကြန်သီချင်းသံများနှင့်အတူ သံချပ်ဒိုးသံတို့ပါ ဟိုနေရာသည်နေရာတို့ဆီမှ ပျံ့လွင့်လာကြပြီဖြစ်သည်။ "ဒီအချိန်ရောက်လာရင် ကျွန်တော့်စိတ်တွေ ဖောက်ဖောက်လာတယ်" ဟု အကယ်ဒမီရုပ်ရှင်မင်းသားကြီး (ဦး)ဝင်းဦးသီဆိုခဲ့သည့် သီချင်းတစ်ပုဒ်ထဲမှ စာသားပမာ ယမန်နှစ်က ငွေကြေးမည်မျှပင် ဆုံးရှုံး ဆုံးရှုံး သတိ၍မရသော သင်္ကြန်ပိုးတို့က ရွစိရွစိဖြစ်လာကြပြီး "ဆိုင်းသံကြားရင် က ချင်လာတယ်၊ ခြေကြွပြီးရင် လက်က အလိုလိုမြှောက်ပြီးသား ဖြစ်လာတယ်၊ နှုတ်က သံချပ်စာသားတွေ ထွက်ထွက်လာတယ်"ဟု ဆိုကြသည်။

ဤသည်ကလည်း အစဉ်အလာကောင်းသော မြန်မာ့ရိုးရာ မဟာသင်္ကြန်၏ အမွေအနှစ်များဖြစ်သည်။ သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းလာသော ကျေးဇူးများကြောင့် ဖြစ်သည်။ ထို့ကြောင့် သင်္ကြန်နှင့် သံချပ်သည် ငွေအကြွေစေ့လေးတစ်စေ့ပမာ ခေါင်းနှင့် ပန်း ဘယ်သောအခါမှ ခွဲခြားဖြတ်တောက်၍ မရနိုင်၊ တစ်သားတည်း တစ်ပြားတည်း ရှိနေခြင်းသဏ္ဌာန်တပင်ဖြစ်သည်။



သံချပ်သမိုင်းကို ပြန်ကောက်ပါက "ရှေးမြန်မာဘုရင်များ လက်ထက်ကတည်းက စခဲ့တယ်လို့ ပြောလို့ရပါတယ်၊ ဘုရင်နဲ့ ပြည်သူပြည်သားတွေက အလှမ်းအကွာကြီး ကွာပါတယ်၊ ပြည်သူပြည်သားတွေရဲ့ခံစားချက်၊ လိုအပ်ချက်တွေကို ဘုရင့်နားတော်ရောက်စေဖို့အတွက် ဟစ်တိုင်တွေထားရှိရာက သံချပ်ယဉ်ကျေးမှုဆိုတာဖြစ်လာတာပါ" ဟု 'သာကီနွယ်' သံချပ်အဖွဲ့ခေါင်းဆောင် ဦးတင်အောင်၏ ပြောစကားကို မှတ်သားခဲ့ရဖူးသည်။

သံချပ်ယဉ်ကျေးမှုခရီးမှာ ထိုအချိန်မှသည် ပါလီမန်ဒီမိုကရေစီခေတ်၊ မဆလခေတ်၊ ပါတီကောင်စီခေတ်များ အထိ အလျဉ်အားကောင်းစွာ စီးမျောခဲ့သည်။

စာရေးသူသက်တမ်းအရ ပါတီကောင်စီခေတ်တွင် သင်္ကြန်သံချပ်အဖွဲ့များကို တစ်စိုက်မတ်မတ် ကြည့်ရှုလာခဲ့ရဖူးသည်။ မြို့နယ်အတော်များများတွင် ဆုပေးမဏ္ဍပ်များရှိခဲ့သည်။ စာရေးသူတို့ငယ်ငယ် ခေတ်ကပေးသော ဆုများမှာအဓိကငွေကြေးမဟုတ်ပေ။ သစ်သားနောက်ခံဒိုင်းဆုကြီးများနှင့် ငွေဖလားများဖြစ်ကြသည်။

ထိုခေတ်က ကြည့်ခဲ့ဖူးသော သံချပ်အဖွဲ့များကို မှတ်မိသမျှ စိတ်ထဲက ပြန်လည်ရေတွက်ကြည့်မိသည်။ အနန္တစွမ်းအားသျှင်၊ ပြည်တော်ချစ်မင်းသားကြီး၊ ဘုရားမကြိုက်တဲ့လူတစ်စု၊ ပြည်သူ့တရားရှင်၊ ယဉ်ကျေးမောင်၊ မောင်မောင်ဆိုလေ ထီးရိုးရှည်၊ မကောင်းသူထိပ် ကောင်းသူထိပ်၊ ဆိတ်ပါးစပ်နတ်မျက်စိ၊ ကလေးစကား၊ အရှူးပါးစပ်၊ သာကီနွယ်၊ ဆူးကြားကပူးခါး၊ ပြီးပါပြီ၊ မေ ၁၃၊ ၁၄၊ ၁၅၊ ကွက်ကျားမိုး၊ ဒိုးဒိုးဒေါက်ဒေါက်၊ ဒဲဒိုး၊ ပိတောက်တစ္ဆေ၊ နေတစ်စင်းလတစ်စင်း၊ အပ္ပမာဒေနသမ္ပာဒေထ၊ ပါးစိပါးစပ်၊ ဩော့သည်၊ ခွပ်ဒေါင်းနီ၊ အနုလုံပဋိလုံ၊ အကျည်းတန်လူတစ်သိုက်၊ ခြင်းကြားထုတ်တောက် တိရာပေါက်၊ ဟာသအကယ်ဒမီ၊ မဟာရန်ကုန် ၃၆၅၊ ပစ်တိုင်းထောင်၊ အာကာလိကော ကာလိကော စသည်တို့ဖြင့် အချို့ကို ထင်လင်းစွာ အချို့ကို မှုန်မှုန်ရေးရေးမျှသာ မြင်မိသည်။

ပြည်သူတို့၏ အရေးအဖြာဖြာကို အပြုသဘောဖြင့် ထောက်ပြသွားသည်။ သံချပ်ဖြင့် တစ်မျိုး၊ သရုပ်ဖော်ဖြင့် တစ်သွယ်တင်ပြသွားကြခြင်းဖြစ်သည်။ တစ်ဦးတစ်ယောက်အား ဦးတည်၍ ပုဂ္ဂိုလ်ရေးအပုပ်ချခြင်းမျိုး မဟုတ်ကြပေ...

၁၉၈၈ ခုနှစ်ဝန်းကျင်တွင် သံချပ်သံများ တိုးတိတ်လာခဲ့ရသည်။ သံချပ်ဒိုးသံတို့က မပီဝိုးတဝါးရှိလာသကဲ့သို့ သံချပ်လင်ကွင်းသံတို့က အက်အက်ကွဲကွဲဖြစ်လာသည်။ ပြည်သူအများနားပိတ် မျက်စိပိတ်ဖြစ်ခဲ့ရသည်။

ပါတီစုံဒီမိုကရေစီ မှုန်ပျပျခရီးအစ ၂၀၁၃ ခုနှစ်ဝန်းကျင်၌ အတိုင်အဖောက်ညီသည့် စာသားများက သံချပ်အသွင် ပြန်လည် အသက်ဝင်လာခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ သို့သော် စိစစ်မှုများရှိခဲ့ပြီးအမြီးပြတ်၊ ခေါင်းပြတ်စာသားများဖြင့် ဆားမပါသော ဟင်းပမာ သံချပ်အရသာများ ပျက်ခဲ့ရသည်။

*အချပ်ပို(ဂ)သို့*

**"သင်္ကြန်သံချပ်များသည် ခေတ်၏ ကြေးမုံပြင်ဖြစ်သည်။ နှစ်တစ်နှစ်၏ အတိတ်နှင့် အရိပ်ဖြစ်သည်။ မှတ်ကျောက်ဖြစ်သည်။ ခေတ်စနစ်၏ အမြီးအမောက်မတည့်မှု၊ အလယ်အလတ် အောက်ခြေအုပ်ချုပ်သူ အဖွဲ့အစည်းတို့၏ မတော်မတရား ပြုလုပ်မှု၊ ခြစားနေမှုများအဖြစ် နှစ်တစ်နှစ် အတွင်း ပြည်သူများထိတွေ့ခံစားမှု၊ မညီမျှမှုများကို အတိုင်အဖောက်ညီစွာ လှစ်ဟ၍၊ မီးမောင်းထိုးပြခြင်းပင်ဖြစ်"**

# ပြောင်းလဲလာသော ရန်ကုန်တက္ကစီလောက

**ရန်ကုန်**မြို့ရဲ့ နေ့စဉ် ခရီးသွားပြည်သူအရေအတွက်ဟာ နှစ်သန်းကျော်ရှိတယ်လို့ သိရပါတယ်။ ဒီထဲမှာ ဘတ်စ်ကားစီးပြီး ခရီးသွားကြသူများရှိသလို တက္ကစီစီးပြီးသွားကြသူတွေလည်း အများကြီးပါ။ တက္ကစီကတော့ သွားရမယ့်ခရီးအခြေအနေအချိန်အခါတွေမူတည်ပြီး စီးကြတာများပါတယ်။

တက္ကစီယာဉ်ဟာ မြို့ပြဖွံ့ဖြိုးတိုးတက်မှုရဲ့အစိတ်အပိုင်းတစ်ခုပါ။ ရန်ကုန်မြို့မှာကညနရဲ့စာရင်းတွေအရ မှတ်ပုံတင်ထားတဲ့ တက္ကစီ ၆၀၀၀၀ ကျော် ရှိတယ်လို့ သိရပါတယ်။ ဒါ့အပြင် ရန်ကုန်တက္ကစီမဟုတ်တဲ့တက္ကစီတွေကိုလည်း မကြာခဏတွေ့နေရပါတယ်။ ဥပမာအားဖြင့် ဧရာဝတီ၊ မွန်၊ ရှမ်း အစရှိတဲ့ နံပါတ်တွေနဲ့ ပြေးဆွဲနေကြတာပါ။ ရန်ကုန်မြို့ဟာ စီးပွားရေးမြို့တော်ဖြစ်တဲ့အလျောက် တက္ကစီစီးပြီး ခရီးသွားလာကြသူတွေလည်းများပါတယ်။ ဒါကြောင့်လည်း စီးပွားရှာရလွယ်ကူတဲ့ ရန်ကုန်မြို့ကြီးမှာ အခြားပြည်နယ်နှင့်တိုင်းဒေသကြီးက တက္ကစီတွေလည်း လာရောက်ပြေးဆွဲနေကြတာကိုး။

ဒီလိုတက္ကစီယာဉ်တွေ မှိုလိုပေါက်နေတဲ့ ရန်ကုန်မြို့ကြီးမှာ တက္ကစီတွေရဲ့ဝန်ဆောင်မှုကလည်း တိုးတက်ပြောင်းလဲလာခဲ့ပါတယ်။ ကားတွေရဲ့ကြံ့ခိုင်မှု၊ သစ်လွင်လှပမှုတွေလည်း တစ်နှစ်ထက်တစ်နှစ်တိုးတက်လာကြပါတယ်။ ခုချိန်မှာ YBS ယာဉ်လိုင်းတွေက အဲကွန်းတွေနဲ့အပြိုင် ပြေးဆွဲလာခြင်းကလည်း တက္ကစီတွေအတွက်တော့ စိန်ခေါ်မှုတစ်ရပ်ပါပဲ။ ခုလို ပူပြင်းလှတဲ့ရာသီမှာ ခရီးသွားပြည်သူတွေက အဲကွန်းဖွင့်တဲ့ တက္ကစီတွေကိုရွေးချယ်ပြီး စီးလာကြတာကိုလည်း တွေ့ရပါတယ်။ တက္ကစီလောကဟာ ဝန်ဆောင်မှုကောင်းတွေနဲ့ ပြိုင်ဆိုင်လာတာကိုလည်း သတိပြုမိပါတယ်။

ရန်ကုန်တက္ကစီတွေထဲက နည်းပညာစနစ်တစ်ခုကို အသုံးပြုထားတဲ့ Kilo Taxi Group မှ ယာဉ်မောင်း ဦးစိန်ဝင်းမောင်က အခုလိုပြောပါတယ်။

"ကျွန်တော်တို့ Kilo Taxi Group ကတော့ ကားပေါ်တက်တာနဲ့ ငွေကျပ် ၁၃၀၀ ယူပါတယ်၊ ပြီးတော့ တစ်ကီလိုကို ၃၀၀ ကျပ်နှုန်းယူပါတယ်၊ ကီလိုအနည်းအများပေါ်မူတည်ပြီး ယာဉ်စီးခကျသင့်မှာဖြစ်ပါတယ်၊ ကားပိတ်၊ ကားကျပ်၊ မီးပွိုင့်မိကြာချိန် တွေကို ထည့်ပေါင်းခြင်းမရှိတဲ့ ကီလိုစနစ်ဖြစ်ပါတယ်၊ ခရီးသည် အမှန်တကယ်သွားတဲ့ ကီလိုအပေါ်မှာမူတည်ပြီး ကျသင့်မှာ ဖြစ်ပါတယ်။

"ဒီကီလိုစနစ်အသုံးပြုပုံကတော့ ရှင်းပါတယ်၊ ယာဉ်မောင်းတွေရဲ့ မိုလ်ဘိုင်းဖုန်းတွေထဲမှာ ဒရိုင်ဘာ ဆော့ဝဲလ်ထည့်ပေးထားပါတယ်၊ ခရီးသည်က ယာဉ်ပေါ်တက်လိုက်တာနဲ့ ဖုန်းထဲက ဒရိုင်ဘာဆော့ဝဲလ်ကိုဖွင့်လိုက်မှာပါ၊ အဲဒီချိန်မှာ ဖုန်းထဲ ၁၃၀၀ ကျပ်ကို စမှတ်ပါတယ်၊ အဲဒီကနေတစ်ကီလို သွားတိုင်း ၃၀၀ ကျပ်ထပ်ပေါင်းသွားမှာ ဖြစ်ပါတယ်၊ သာမန်ခရီးတစ်ခုအတွက် ၂၀၀၀ ကျပ် ဝန်းကျင်လောက်သာ ကျသင့်မှာဖြစ်ပါတယ်၊ မောင်းနေချိန်မှာ နေ့အချိန်မှာ အဲကွန်းဖွင့်ပေးထားပါတယ်၊ ညအချိန်မှာ မလိုအပ်ရင်မသုံးပါဘူး၊ တက္ကစီတွေကိုတော့ ခရီးသည်တွေအနေနဲ့ လက်တားစနစ်နဲ့အပြင် ယာဉ်မောင်းတွေရဲ့ ဖုန်းနံပါတ်တွေကနေခေါ်ယူနိုင်မှာ ဖြစ်ပါတယ်၊ ယာဉ်မောင်းအချင်းချင်း ဖုန်းနဲ့ လမ်းညွှန်ပေးပြီး အနီးဆုံးတက္ကစီက လာရောက်ခေါ်တင်သွားမှာဖြစ်ပါတယ်"ဟု ပြောတယ်။

ရန်ကုန်မြို့မှာ နည်းပညာစနစ်တစ်ခုကို အသုံးပြုပြီး ပြေးဆွဲနေတဲ့ တက္ကစီယာဉ်တွေထဲမှာ Grab တက္ကစီလည်း ပါဝင်ပါတယ်။ ဒီတက္ကစီဟာ ပြီးခဲ့တဲ့နှစ်က ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်တိုင် နိုဗိုတယ်ဟိုတယ်မှာ အခမ်းအနားနဲ့မိတ်ဆက်ဖွင့်လှစ်ပေးခဲ့တာပါ။ စတင်ဖွင့်လှစ်ချိန်က စီးရေ ၅၀၀၀ လောက်ရှိပါတယ်။ အခုအခါမှာတော့ အောင်မြင်မှုတွေရနေတဲ့တက္ကစီယာဉ်လိုင်းတစ်ခုအဖြစ် ရပ်တည်လာနိုင်တာ တွေ့ရပါတယ်။ Grab တက္ကစီစနစ်တော့ သုံးစွဲသူတွေရဲ့ မိုလ်ဘိုင်းဖုန်းတွေထဲမှာ သူ့ရဲ့ဆော့ဝဲလ်ကို Install လုပ်ထားရမှာဖြစ်ပါတယ်။ တက္ကစီငှားရမ်းလိုသူတွေအနေနဲ့ ဖုန်းကနေ အင်တာနက်လိုင်းကိုဖွင့်ပြီး ကားခေါ်ယူခြင်းဖြစ်ပါတယ်။ ၎င်းကနေ သွားတဲ့သူရဲ့ခရီးအလိုက် ပုံသေဈေးနှုန်းသတ်မှတ်ချက်နဲ့ ဝန်ဆောင်မှုပေးနေတာ ဖြစ်ပါတယ်။ ပုံသေဈေးနှုန်းဖြစ်လို့ လူကြိုက်များပါတယ်။ ယာဉ်မောင်းတွေအနေနဲ့ ခရီးစဉ်တစ်ခုအပေါ်မှာ တောင်းချင်တိုင်းတောင်းလို့မရတဲ့သဘောပါ။ နောက်တစ်ခုကတော့ မီတာတက္ကစီပါ။ မီတာဟာလည်း စနစ်တစ်ခုနဲ့ ပြေးဆွဲနေတာပါ။ သူလည်း ဝန်ဆောင်မှုကောင်းတဲ့တက္ကစီလို့ ဆိုရမှာဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ မီတာတက္ကစီ၊ Kilo Taxi၊ Grab တက္ကစီတွေအဖြစ် ပြောင်းလဲလာခဲ့ပြီဖြစ်ပါတယ်။ သာမန်အနေအထားပြေးဆွဲရာကနေ ပိုမိုကောင်းမွန်တဲ့ဝန်ဆောင်မှုအဖြစ်နဲ့ ပြောင်းလဲလာခြင်းပါ။ ရန်ကုန်ပုံရိပ်ထဲက ပြောင်းလဲခြင်းတစ်ခုပါ။

**မြင့်မောင်စိုး**





*အချပ်ပို (ခ)မှ*

၂၀၁၆ ခုနှစ် အရပ်သားအစိုးရဖြစ်လာချိန် (NLD ပါတီ အစိုးရဖွဲ့ပြီးချိန်)၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက သံချပ်အဖွဲ့များကို စိစစ်မှုမှ လွတ်စေခဲ့သည်။ သံချပ်အဖွဲ့များ အားမာန်အပြည့်ဖြင့် သင်္ကြန်ဒိုးသံများ ပီပြင်လာသကဲ့သို့ သင်္ကြန်လင်ကွင်းသံတို့ ပိုမိုကျယ်လောင်လာခဲ့သည်။

**ကိုယ်တိုင်ဦးဆောင်**

သို့သော် နောက်တစ်နှစ်သို့မကူးခဲ့ပေ။ ၂၀၁၇ခုနှစ်၌ သင်္ကြန် သီချင်း၊ သင်္ကြန်သံချပ်စာသားများကို စိစစ်ရေးအဖွဲ့သို့ တင်ပြကြရမည်ဟု သတ်မှတ်မှုများ ရှိလာခဲ့သည်။ (အချို့အဖွဲ့များကလည်း စိစစ်ရေးသို့မတင်ပြ၊ သတ္တိရှိရှိဖြင့် ထွက်ခဲ့ကြသည်)။ ယခုနှစ် ၂၀၁၈ ခုနှစ်တွင်လည်း စိစစ်ရေးအဖွဲ့သို့ တင်ပြကြရသည်။ ခေတ်ပါးစပ်သံချပ်အဖွဲ့ခေါင်းဆောင် ဦးသန်းထွဋ်ကျော်က "အခု မတ် ၂၈ ရက်ကို နောက်ဆုံးထားတင်ရပါတယ်၊ အတော်များများလာတင်ကြပါတယ်" ဟု ဆိုသည်။ ၎င်းကပင် " ကျွန်တော်ငယ်ငယ် ပါတီကောင်စီခေတ် သံချပ်အဖွဲ့တွေ စည်ကားစဉ်ကတည်းက 'အရှူးပါးစပ်' အဖွဲ့ကစပြီး ခြေချခဲ့တာပါ၊ သမ္မတ ဦးသိန်းစိန်အစိုးရခေတ်မှာ ဆရာကြီးဦးအေးသောင်းရဲ့ သင်ကြားမှုနဲ့ 'ခေတ်ပါးစပ်' သံချပ်အဖွဲ့ကို ကိုယ်တိုင်ဦးဆောင်ခဲ့ပါတယ်၊ အခုအထိပါပဲ၊ အဖွဲ့တွေထွက်နိုင်ဖို့က အဓိက စပွန်ဆာလိုပါတယ်၊ အဖွဲ့ကြီးဆို ငွေကျပ် ၇၅ သိန်းနဲ့ ၁၀၀ အကြား ကုန်ကျမှုတွေရှိပါတယ်။ အလယ်၊ အလတ်အဖွဲ့အနေနဲ့ဆို ငွေကျပ် သိန်း ၅၀ နဲ့ ၇၅ သိန်းအကြား ကုန်ပါမယ်၊ အဲဒီငွေ ပြန်ရဖို့က မသေချာဘူး၊ ဒါကြောင့် စပွန်ဆာအပြင် သံချပ်ချစ်သူ အသိမိတ်ဆွေတွေနဲ့ မြို့နယ်ကိုပဲ အားကိုးရပါတယ်၊ ဒီနှစ်ရှုံးလို့ နောက်နှစ်မထွက်တော့ဘူးလားမေးရင် ခေါင်းခါပြရမှာပဲ၊ သင်္ကြန်ဒိုးသံကြားရင် ကိုယ်ထဲက သင်္ကြန်ပိုးတွေက ရွစိရွစိဖြစ်လာတယ်" ဟု ခံယူချက်ကို ပြောပြခဲ့သည်။

**သာယာလာ**

ပါတီကောင်စီခေတ်မှသည် ယနေ့တိုင် သင်္ကြန်သံချပ် တီးလုံးများတွင် မျောပါနေသူ...၊ အနန္တစွမ်းအားသျှင်၊ ပွဲခင်းသာ၊ သာကီနွယ်အဖွဲ့များကို ဦးဆောင်လာခဲ့သူ ဦးလှဝင်းက " သံချပ်အတွက်ဆို ထမင်းမေ့၊ ဟင်းမေ့ အရာအားလုံးကို မေ့မတတ်ပါဘဲ၊ ၁၉၇၅ ထဲက ၁၉၈၈ အထိ အခက်အခဲတွေကြားထဲက ထွက်ခဲ့တာပါ၊ အခုနှစ်တော့ ' အနန္တပွဲခင်းသာ' အမည်နဲ့ထွက်မှာပါ၊ ဇမ္ဗူဒိပ်နိမိတ်ဆောင်တာပါ၊ အနန္တဆိုတာက အဆုံးအစမရှိတာပါ၊ ပွဲခင်းသာဆိုတာက အေးချမ်းသာယာ ငြိမ်းချမ်းခြင်းပါ၊ ၂၁ ပင်လုံညီလာခံကြီး အောင်မြင်မယ်၊ ငြိမ်းချမ်းရေးတွေရရှိလာမယ်ဆိုရင် အဆုံးအစမရှိ မြန်မာပြည်ကြီးရဲ့ပွဲခင်းတွေ ၁၂ ရာသီပွဲလမ်းသဘင်ကအစ သာယာလာမယ်၊ အဲဒီအခါ စီးပွားရေးတွေ ဖွံ့ဖြိုးလာမယ်၊ ကုန်ဈေးနှုန်း တွေကျဆင်းလာမယ်၊ စားရေးသောက်ရေးအပူအပင်တွေ ကင်းလာမယ်၊ ကျန်းမာရေးဝန်ဆောင်မှုတွေ ပိုမိုတိုးတက်လာမယ်၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုပွင့်လန်းလာမယ်ဆို ကျွန်တော်တို့ မြန်မာပြည်ကြီးရဲ့ ပွဲခင်းကြီးက အဆုံးအစမရှိ သာယာလာနိုင်တော့မယ်လို့ဆိုတဲ့ အဓိပ္ပာယ်နဲ့ပါ" ဟု ရှင်းပြခဲ့သည်။

ယခုနှစ်တွင်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ သင်္ကြန်သံချပ်အဖွဲ့များ ၂၀ ထက်မနည်း လာရောက်တင်ကြသည်ဟု အနန္တပွဲခင်းသာ ခေါင်းဆောင် ဦးလှဝင်းက ဆိုသည်။

ထိုအထဲမှ " ရွှေမြန်မာ၊ ဖွမှာပဲ၊ မောင်မောင်ဆိုလေ ထီးရိုးရှည်၊ ခေတ်ပါးစပ်၊ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဒို့ပြေ ဒို့မြေ၊ ဘိုးဘွားတို့ရဲ့အမွေ မြန်မာပြည်၊ သာကီနွယ်၊ အပ္ပမာဒေန သမ္ပာဒေထ၊ သင်္ကြန်မင်းသားကြီး၊ ပြည်သူ့မော်ကွန်း၊ မြန်မာပြည်နိဒါန်း၊ ယဉ်ကျေးမောင်၊ ပဲ့တင်သံ(ဧရာဝတီတိုင်းမှ)အဖွဲ့တွေကတော့ တင်ထားပြီးပြီလို့ ကြားပါတယ်" ဟု ဦးလှဝင်းက သူမှတ်မိသမျှကို ရေတွက်ပြသွားခဲ့သည်။

**ယှဉ်ပြိုင်ခွင့်များရရှိလာ**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ယခုနှစ် မဟာသင်္ကြန်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဟု ဆိုခဲ့သည်။ မြို့နယ်တိုင်း မဏ္ဍပ်များလည်း ထိုးကြရမည်ဖြစ်ရာ သင်္ကြန်အဖွဲ့များအနေဖြင့် ယခင်နှစ်များထက် ပိုမိုဖြေဖျော်ခွင့်၊ ယှဉ်ပြိုင်ခွင့်များရရှိလာတော့မည်ဖြစ်ပေသည်။ သံချပ်ချစ်သူပြည်သူများလည်း တဝကြီးကြည့်ရှု နားဆင်နိုင်ကြတော့မည်ဖြစ်ပေသည်။



# မြို့တော်ရန်ကုန်နှင့် လိုအပ်နေသည့် အကြောင်းတရားများ . . .

**ထင်ပေါ်ဝင်း**

**ရန်ကုန်မြို့**ကြီးသည် မြန်မာနိုင်ငံ၏ လူဦးရေအထူထပ်ဆုံး မြို့ကြီးတစ်မြို့ဖြစ်သည်နှင့်အညီ နေထိုင်ကြသော ပြည်သူများမှာ တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံတို့ ပါဝင်လျက်ရှိပါတယ်။ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ ဆင်းရဲချမ်းသာ အလွှာအသီးသီး နေထိုင်ကြသည့် မြို့တော်ရန်ကုန်မှာ လူနေထိုင်မှုစရိုက်သဘာဝကလည်း ပေါင်းစုံဖြစ်နေကာ ဆင်းရဲသူရှိသလို ချမ်းသာသူလည်းရှိပါတယ်။ ပညာတတ်လူတန်းစားများ နေထိုင်ကြသလို ပညာမဲ့ လူတန်းစားများလည်း နေထိုင်ကြလျက်ရှိကာ ဥပဒေကို လေးစားလိုက်နာသူရှိသလို ဥပဒေကို တန်ဖိုးထားရကောင်းမှန်း မသိသူများလည်း ရှိနေပြန်ပါတယ်။

စဉ်းစားတွေးခေါ် လုပ်ကိုင်နိုင်သူများရှိသလို ပေးတာယူ၊ ကျွေးတာစား၊ ခိုင်းတာ လုပ်နေတဲ့ အခိုင်းခံ လူတန်းစား များလည်း ရှိနေပါသည်။ ထိုထိုသမျှသော လူတန်း စား ပေါင်းစုံတို့ဟာ မြန်မာနိုင်ငံရဲ့ အဓိကမြို့တော်ကြီးတစ်ခုဖြစ်တဲ့ ရန်ကုန်မြို့ကြီးမှာ မှီတင်းနေထိုင်နေကြတာပါ။

ထင်သာမြင်သာရှိစေသော သာဓကတစ်ခုကို တင်ပြပါမည်။ အရပ်သားအစိုးရသစ်တက်လာပြီးနောက်ပိုင်း ခရီးသည်တင်ယာဉ်လိုင်းများကို ယာဉ်လိုင်းနံပါတ်များ၊ အုပ်ချုပ်မှုပုံစံစနစ်များ အလုံးစုံပြောင်းလဲပစ်ခဲ့ပါသည်။ ပြောင်းလဲခါစက ဝေဖန်သံများ ဆူညံခဲ့သော်လည်း စနစ်မှန်သော အုပ်ချုပ်မှုပုံစံသစ်ကြောင့် ယခုအခါ အသံအားလုံးတိတ်ဆိတ်ငြိမ်သက်သွားခဲ့ပြီ ဖြစ်ပါတယ်။ သို့သော်လည်း အထက်က တင်ပြခဲ့သည့်အတိုင်း အနိမ့်အမြင့် မညီညာတဲ့ လူနေထိုင်မှုပုံစံများကြောင့် သွားချင်တဲ့လိုရာခရီးကို ချောချောမွေ့မွေ့ မရောက်ရှိဘဲ အချိန်ကြန့်ကြာနေရပါတယ်။ လေအေးစက်ဖွင့်ပေးထားတဲ့ ခရီးသည်တင်ယာဉ်ပေါ် တက်လာပြီး သဘာဝလေကိုရှူချင်လို့ ပြတင်းတံခါးဖွင့်ထားသူများကို ကြုံနေရဆဲဖြစ်ပါတယ်။ ဥပဒေအရ ခွင့်မပြုပါဘူးလို့ဆိုတဲ့ မော်တော်ဆိုင်ကယ်ကိုမှ စီးချင်သူများကိုလည်း မြို့တော်ရန်ကုန်မှာ တွေ့နေရဆဲပါ။ ခားကိုင်ရမ်းကားသူတို့ကို ဥပဒေအရ ထိန်းကွပ်ရန်နောင်ကြဉ်အောင် အပြစ်ပေးရန် လိုပါတယ်။ လူသွားလမ်း ယာဉ်သွားလမ်းများပေါ်မှာ ဖြစ်လာမယ့် အန္တရာယ်ကိုမမှုဘဲ ပိုက်ဆံဆိုတဲ့ ဝင်ငွေတစ်ခုရရှိရေးအတွက် စီးပွားရှာလမ်းဘေးဈေးသည်များကိုလည်း ယနေ့တိုင်မြင်တွေ့နေရဆဲပါ။

ဆောက်လုပ် ခွင့်နှင့် ဆောက်လုပ်ဆဲ၊ ဆောက်လုပ်ပြီး တိုက်တစ်တိုက်အပေါ်မှာသာ စိတ်ဝင်စားတဲ့ တိုက်ဆောက်သူများဟာ တိုက်ခန်းအားလုံး ရောင်းချပြီးသည်နှင့် မိမိတာဝန်ပြီးပြီဟု ယူဆထားကြဟန် တူပါတယ်။ နောက်ပိုင်းမှာပေါ်လာတဲ့ ဆေးအရောင်လွင့်ပြယ်မှုများ၊ ရေယိုစိမ့်မှုများ၊ ညောင်ပင်နွယ်ပင်ကဲ့သို့ မြို့တော်အလှအပများကို ဖျက်ဆီးမယ့်အရာတွေကို ကာကွယ်မပေးကြတော့ပါဘူး။ ပြန်လည်ပြင်ဆင်မှုမရှိတဲ့ ဆေးရောင်လွင့်တိုက်များကြောင့် ရန်ကုန်မြို့ကြီးဟာ မြို့ဟောင်းမြို့ပျက်ကြီးဘဝကို စိတ်မကောင်းစွာနဲ့ ဦးတည်နေပါတယ်။ ၂၀၁၈ ခုနှစ်၏ မတ်လ နောက်ဆုံးပတ်မှာ ကျင်းပခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှာ ၂၀၁၈ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးရဲ့ အခွန်အခ ဥပဒေကြမ်းနဲ့ ပတ်သက်ပြီး တင်ပြဆွေးနွေးကြပါတယ်။ တိုင်းဒေသကြီး အစိုးရကတင်ပြတဲ့ ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးသွားခဲ့ကြပါတယ်။ အစိုးရအဖွဲ့ကလည်း လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ဆွေးနွေးချက်များကို အလေးထားပြီး ညတွင်းချင်း ကက်ဘိနက် အစည်းအဝေးခေါ် လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ တင်ပြဆွေးနွေးချက်တွေကို ပြင်ဆင်ဖြည့်စွက်ပြီး နောက်တစ်နေ့မှာ ဥပဒေကြမ်းကို အတည်ပြုနိုင်ခဲ့ပါတယ်။ ဥပဒေကြမ်းနဲ့ ပတ်သက်ပြီး ဆွေးနွေးတင်ပြသွားကြသူများကို လေ့လာကြည့်ရာမှာ ဥပဒေကိုတိတိကျကျနဲ့ စည်းကမ်းတကျဖြစ်အောင် ကြိုးစားအားထုတ်သွားကြတာ တွေ့ရပါတယ်။ ဥပဒေရဲ့တချို့နေရာတွေမှာ အစိုးရအနေနဲ့ သို့လော သို့လော ဝေခွဲရခက်နေပေမယ့် လွှတ်တော်ကိုယ်စားလှယ်တွေကတော့ ပြတ်ပြတ်သားသား ထောက်ပြပြောဆို သွားတာ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အကြမ်းဖျင်း နားလည်လိုက်တာကတော့ ဥပဒေသာ တကယ်အသက်ဝင်လာရင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ဘာကျူးမှုရှိတော့မှာ မဟုတ်ပါဘူး။

'ဥပဒေသာ တကယ်အသက်ဝင်လာရင်' ဆိုတဲ့ စကားလုံးကို သုံးရတာလည်း အဓိပ္ပာယ်ရှိပါတယ်။ လွှတ်တော်က ဥပဒေကို ရေးဆွဲ၊ အစိုးရက အကောင်အထည်ဖော်တဲ့နေရာမှာ တကယ် အလုပ်လုပ်ရတာက ဝန်ထမ်းတွေပါ။ မည်သူမဆို ဥပဒေနဲ့ ငြိစွန်းရင် ဥပဒေအတိုင်း အရေးယူ ခံရမှာမို့လို့ပါ။ ဘယ်သူ့အားကိုးနဲ့မှ ဥပဒေ ချိုးဖောက်လို့ မရလို့ပါ။

လမ်းဘေး ဈေးရောင်းရင် စည်ပင်သာယာဥပဒေနဲ့ အရေးယူခံရမယ်။ ရန်ကုန်မြို့ထဲက လမ်းမကြီးတွေပေါ်မှာ ဆိုင်ကယ်စီးရင် ယာဉ်စည်းကမ်းဥပဒေနဲ့ အရေးယူခံရမယ်။ စည်ပင်သာယာမှာ ပိုင်ဆိုင်မှု လိမ်လျှောက်ရင် ဥပဒေနဲ့ အရေးယူခံရမယ်စသည်ဖြင့် ဥပဒေ ဥပဒေဆိုတဲ့ စကားလုံးများနဲ့ အရေးယူခံကြရမှာပါ။ လက်ရှိ အခြေအနေမှာတော့ ဥပဒေနဲ့အညီ နေထိုင်တဲ့ သူဟာ အများအတွက် ဟားစရာဟာသသရုပ်ဆောင်တွေအနေနဲ့ ရပ်တည်နေကြရတာပါ။

ဒါကြောင့် နောက်ဆုံးအချုပ်တင်ပြလိုတာက အုပ်ချုပ်သူအစိုးရအတွက် စစ်ဆေးရေးအဖွဲ့များ(Inspection Team) များ လိုအပ်နေပါတယ်။ ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ ဥပဒေကို လေးစားလိုက်နာမှုရှိ၊ မရှိ စစ်ဆေးဖို့နဲ့ တကယ်အလုပ် လုပ်၊ မလုပ် စစ်ဆေးဖို့ အဖွဲ့များ လိုအပ်နေပါတယ်။ တရားသူကြီးများ အမှုစစ်ဆေးတာ မှန်၊ မမှန် စိစစ်ဖို့ ဂျူရီအဖွဲ့များ လိုအပ်နေပါတယ်။ ။



**အရပ်သားအစိုးရသစ် တက်လာပြီးနောက်ပိုင်း ခရီးသည်တင်ယာဉ်လိုင်းများကို ယာဉ်လိုင်းနံပါတ်များ၊ အုပ်ချုပ်မှုပုံစံစနစ်များ အလုံးစုံ ပြောင်းလဲပစ်ခဲ့ပါသည်။ ပြောင်းလဲခါစက ဝေဖန်သံများ ဆူညံခဲ့သော် လည်း စနစ်မှန်သော အုပ်ချုပ်မှုပုံစံသစ်ကြောင့် ယခုအခါ အသံအားလုံး တိတ်ဆိတ် ငြိမ်သက်သွားခဲ့ပြီဖြစ်**

# ရန်ကုန်ကားဈေးကွက် သင်္ကြန်လည်မည့်ကား အရောင်းသွက်နေ

တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်

မင်းသော်

**မကြာမီ** ကျရောက်တော့မည့် မြန်မာတို့၏ ယဉ်ကျေးမှုရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ဆင်နွှဲကြရန်အတွက် မော်တော်ကားများ စိတ်ဝင်စားမှုမြင့်တက်နေပြီး အရောင်းအဝယ်လည်း ဆက်တိုက်ကောင်းမွန်နေကြောင်း ကားဈေးကွက်အတွင်းမှ သိရှိရသည်။

"သင်္ကြန်လည်ဖို့အတွက် အများစုကတော့ Light Truck ကားတွေ၊ Mini Truck ကားတွေ အများဆုံး ရောင်းနေ၊ ဝယ်နေကြတယ်၊ ဈေးကတော့ ပုံမှန်ပါပဲ၊ သက်သာသွားတာလည်း မဟုတ်ဘူး၊ မြင့်လည်း မမြင့်ဘူး၊ သို့သော် တစ်လက်ကိုင်ကားတွေကတော့ ဒီကာလမှာ အခြားကားတွေထက် ဈေးပိုရတယ်၊ မော်ဒယ်မြင့်လေ ဈေးရလေတော့ ရှိတယ်၊ သင်္ကြန်နီးတိုင်း အရောင်းအဝယ်က ပုံမှန်ဖြစ်တာပါ၊ ဒါပေမယ့် ဒီနှစ်သင်္ကြန်ကတော့ ရန်ကုန်မှာရော၊ မန္တလေးမှာပါ စည်ကားမယ့်သဘောရှိတော့ အရောင်းအဝယ်ပိုလိုက်တယ်လို့ ထင်တယ်"ဟု ကားဝယ်ရောင်း ကိုကျော်ဇေယျာဝင်းက ပြောပြသည်။

ပြီးခဲ့သည့် မတ်လကုန်အထိ အရောင်းအဝယ်မှာ ပုံမှန်သာရှိခဲ့ပြီး ဧပြီ ၁ရက်မှစတင်ကာ ပိတ်ရက်ဖြစ်သော်လည်း ဈေးကွက်အရောင်းအဝယ်ဖြစ်လာခဲ့ကြောင်း၊ အဓိကအားဖြင့် အင်ဂျင်ပါဝါ ၆၆၀ ရှိ မီနီထရပ်ကားလေးများ အရောင်းအဝယ် အဖြစ်ဆုံးဖြစ်လာခဲ့ကြောင်း သိရသည်။

"ပိုပြီး ထူးခြားတာက ဝင်ငွေခွန်ကြောင့်ပဲ ဖြစ်ပါတယ်၊ ဝင်ငွေခွန်တွေကို လျှော့ပေးဖို့ဆိုတာ ဒီနှစ်ထဲမှာ မဖြစ်နိုင်တော့တဲ့အတွက် အင်ဂျင်ပါဝါနိမ့်ကားတွေ အရောင်းအဝယ်ပြန်ဖြစ်လာတယ်လို့ထင်ပါတယ်၊ အများစုကတော့ ရန်ကုန်လိုင်စင်တွေ အရောင်းသွက်တယ်၊ သင်္ကြန်မှာ စီးကြဖို့ ရည်ရွယ်သူတွေကတော့ သက်သာတဲ့ နယ်လိုင်စင်ကားတွေကို ဝယ်ရောင်းလုပ်ကြတယ်"ဟု ဈေးကွက်ကျွမ်းကျင်သူတစ်ဦးက ပြောပြသည်။

ထို့ပြင် ရန်ကုန်ကားဈေးကွက်အတွင်း ရန်ကုန်လိုင်စင်များကို ဘီးခွန်နှုန်းထားပြောင်းလဲမည့်သတင်းများအတွက် ကားဈေးကွက်အတွင်း ဂယက်ရိုက်နေခဲ့ရကြောင်းသိရှိရပြီး ယခုကောက်ခံရန် လျာထားသည့်စနစ်သည် Road Tax ကဲ့သို့ အင်ဂျင်ပါဝါအလိုက် ပြောင်းလဲကောက်ခံရန်ရှိသည်ဟု သိရှိရသည်။

"အရင်က ကားအလေးချိန်နဲ့ကောက်ခဲ့တာ၊ အခုနှစ်မှာတော့ အင်ဂျင်ပါဝါအလိုက် ကောက်ခံမယ်လို့ သိရပါတယ်၊ အတည်ပြုချက်ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကနေ တောင်းခံရမယ်လို့ သိထားပါတယ်၊ အင်ဂျင်ပါဝါနဲ့ ကောက်မယ်လို့ သိရတဲ့အပြင် အင်ဂျင်ပါဝါ အနိမ့်ဆုံး ၆၆၀ စီစီ အောက်ကားတွေတောင် တစ်စီးကို တစ်ရက် ငွေကျပ် ၁၀၀ နှုန်းလို့ သိရပါတယ်၊ ၁၃၀၀ စီစီအောက်အတွက် တစ်ရက်ကို ငွေကျပ် ၁၅၀၊ ၂၀၀၀စီစီ အောက်ဆိုရင် တစ်ရက်ကို ငွေကျပ် ၂၀၀၊ ၄၃၀၀ စီစီအောက်ဆိုရင် တစ်ရက် ငွေကျပ် ၂၅၀ နဲ့ ဒီထက်အင်ဂျင်ပါဝါမြင့်နေရင်တော့ ငွေကျပ် ၃၀၀ ဆိုပြီး ကောက်မယ်လို့ သိရပါတယ်၊ ဒါကြောင့် အခုဘီးခွန်အတွက် တန်းစီစောင့်ဆိုင်းနေသူတွေများပြားနေပြီး ဘီးခွန်အသစ်ကို ရှောင်ရှားလိုကြတယ်" ဟု ကိုကျော်ဇေယျာဝင်းက ပြောပြသည်။ ။




## တစ်ပတ်အတွင်းကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Alphard | 2003 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၈၅ |
| CRV RD5 | 2001 | ရန်ကုန် | 2000cc | အပြင်ဈေး | ၂၅၀ |
| Kluger | 2001 | ရန်ကုန် | 2400cc | အပြင်ဈေး | ၂၈၀ |
| Fit Gp1 | 2012 | နယ် | 1300cc | အပြင်ဈေး | ၁၉၅ |
| Latio | 2007 | ရန်ကုန် | 1500cc | အပြင်ဈေး | ၁၄၀ |
| Parado | 1997 | ရန်ကုန် | 3000cc | အပြင်ဈေး | ၃၄၀ |
| Vitz | 2010 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၆၀ |
| Belta | 2010 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၈၀ |
| Mark II | 2003 | ရန်ကုန် | 2000cc | အပြင်ဈေး | ၂၆၅ |
| Hijet | 2000 | ရန်ကုန် | 660 cc | အပြင်ဈေး | ၇၅ |

အမျိုးအစား၊ အရည်အသွေးနှင့် အခြားသော ကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

**တစ်လက်ကိုင်ကားတွေကတော့ ဒီကာလမှာ အခြားကားတွေထက် ဈေးပိုရတယ်၊ မော်ဒယ်မြင့်လေ ဈေးရလေတော့ ရှိတယ်၊ သင်္ကြန်နီးတိုင်း အရောင်းအဝယ်က ပုံမှန်ဖြစ်တာပါ၊ ဒါပေမယ့် ဒီနှစ်သင်္ကြန်ကတော့ ရန်ကုန်မှာရော၊ မန္တလေးမှာပါ စည်ကားမယ့်သဘောရှိတော့ အရောင်းအဝယ် ပိုလိုက်တယ်**



***ရန်ကုန်မြို့ပြရဲ့မြင်ကွင်းအသစ်တွေနဲ့အတူ . . . မှ***

ရန်ကုန်မြို့ပြရဲ့ အနာဂတ်ဖွံ့ဖြိုးမှုပုံရိပ်တွေက အသစ်အသစ်တွေနဲ့ ဝေဖြာနေဦးမှာ ဖြစ်ပါတယ်။

ဒီလိုရန်ကုန်မြို့ရဲ့ စီမံကိန်းတွေဟာ ငွေကြေးရင်းနှီးမြှုပ်နှံမှုများစွာနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေမှာ ဖြစ်တာကြောင့် ခေတ်စနစ်နဲ့အညီ ပွင့်လင်းမြင်သာဖို့တော့ လိုအပ်တယ်လို့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အချို့က ပြောနေကြပါတယ်။ရန်ကုန်မြို့သစ်စီမံကိန်းကို အကောင်အထည် ဖော်ဆောင်ရွက်ရင်တော့ပိုပြီးပွင့်လင်းမြင်သာမှု ရှိအောင်တော့ ကြိုးစားသွားရမယ်လို့လည်း ဆိုနေပါတယ်။

ရန်ကုန်မြို့တွင်းမှာဆိုရင်လည်း ဗိုလ်ချုပ်ဈေးသစ်နေရာမှာ တည်ဆောက်ထားတဲ့ စီးပွားရေးဆိုင်ရာ အထပ်မြင့်အဆောက်အအုံ၊ ဆူးလေဘုရားလမ်းပေါ်မှာ တည်ဆောက်ထားတဲ့ ဆူးလေရှန်ဂရီလာ အထပ်မြင့်အဆောက်အအုံနဲ့ ကပ်လျက်တည်ဆောက်ထားတဲ့ အထပ်မြင့် အဆောက်အအုံသစ်တွေဟာ နိုင်ငံတကာ အဆင့်မီ မိုးပျံအဆောက်အအုံတွေ ဖြစ်တာမို့ ရန်ကုန်မြို့ဟာ ကမ္ဘာ့အဆင့်မီ မြို့ကြီးတစ်မြို့ အသွင်ကို ပီပီပြင်ပြင်ပြောင်းလဲနေတဲ့ ပုံရိပ်ပဲ ဖြစ်ပါတယ်။

ရန်ကုန်မြို့ရဲ့ နေရာအများအပြားမှာ တည်ဆောက်ရေးလုပ်ငန်းတွေနဲ့အတူ ပြောင်းလဲလာမယ့် မြို့ပြမြင်ကွင်းတွေဟာ ဒီဇိုင်းအသစ်တွေနဲ့အတူ ခံစားမှုအသစ်တွေကို ပေးစွမ်းနေဦးမှာ ဖြစ်ပါတယ်။ ။